
www.burmeseclassic.com




www.burmeseclassic.com

# စိတြအာဂ္ဂ

## သမုဒယကောရီ

စီစဉ်သူ ဦးအောင်နိုး(မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၃၆၇၀၉၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၆၇၄၁၂၀၈
ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂–လမ်း၊ ပန်းဘဲတန်း။
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၀၉၊ မတ်လ။
အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး–ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၇၅–ဘီ၊ ၃၁–လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။
ဖုန်း– ၃၈၉၄၄၀

# စိတြအာဂ္ဂ



## သမုဒယ ကောရီ

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သောအခန်းစဉ်များ


### အခန်း (၁)

- ❑ အံ့ဖွယ်တောင်ကြား - ၅
- ❑ ထူးဆန်းသောရှေးဟောင်းဒေသ - ၂၀
- ❑ ကျားနက်ရုပ်တုပိုင်ရှင်နှင့်တွေ့ဆုံခြင်း - ၆၃
- ❑ မရဏာခံတွင်းဝသို့ - ၇၉

### အခန်း (၂)

- ❑ မဟာရန်သူတော်ဒေဝီနစ်ပါး - ၉၀
- ❑ စည်းဖောက်မုဆိုး - ၁၂၁
- ❑ ကျားရဲကလဲ့စား - ၁၄၅
- ❑ ငြိမ်းချမ်းရေးသူတော်စင် - ၁၅၁
- ❑ မာယာကျော့ကွင်း - ၁၇၀
- ❑ ဝက်ဝံ့သွေးကြွေး - ၂၀၇
- ❑ လျှို့ဝှက်အကြံအစည် - ၂၁၇
- ❑ လွတ်မြောက်ခြင်း - ၂၃၅

### အခန်း (၃)

- ❑ အရိပ်ပမာလိုက်လာခြင်း - ၂၄၁
- ❑ တောတွင်းဘုရင်မ၏ယုံကြည်မှု - ၂၄၇
- ❑ လွတ်ရာလွတ်ကြောင်း - ၂၆၀
- ❑ နှုတ်ဆက်ည - ၂၆၆
- ❑ အချစ်ကိုဦးစားပေးသူ - ၂၇၂




### အခန်း [ ၁ ]

## အံ့ဖွယ်တောင်ကြား

BURMESE CLASSIC .com

တစ်နေ့သ၌ ...

ချင်းတွင်းမြစ်ဖျားပိုင်းဒေသရှိ နောက်အော်ကျေးရွာ၏ အနောက်ရူးရူး ဥမိတောနက်ကြီးထဲသို့ တောလည်ထွက်ခဲ့သော ထန်းဇော်နှင့်လုံးခေါင်တို့ လူငယ်မုဆိုးနှစ်ဦးမှာ ခါတိုင်းလို သူတို့ ထက် ဝါများစွာရင့်သော မုဆိုးကျော်ကြီးဖုန်သန်းထင် မပါလာသဖြင့် တောနက်ထဲရောက်သည့်အခါ မျက်စိလည်သွားတော့၏။

"ဟာ ... လုံးခေါင်ရေ ... ငါတို့တော့ မျက်စိလည်နေပြီကွ"

"အေးကွ ... မိုးကလည်း ညို့ပြီးမှိုင်းနေတော့ နေ

---

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ခဲတောင် မမြင်ရဘူး၊ ဘယ်အရပ်ဟာ အရှေ့အနောက်ဆို တာတောင် ခွဲခြားလို့မရတော့ဘူး ထန်းဇော်''

''ကွာ ... ဦးကြီးဖုန်သန်းထင်မပါဘဲ ငါတို့သူငယ်ချင်း နှစ်ယောက်တည်း အတတ်ဆန်းပြီး တောလည်ထွက်လာမိတာ မှားပြီထင်တယ်ကွ''

''ဒါကတော့ ဦးကြီးဖုန်သန်းထင်က နေမကောင်းဖြစ်နေ တာကိုးကွ ... ဘယ်တတ်နိုင်မှာလဲ၊ ကဲ ... ကဲ ... မိုးရွာ တော့မယ်ကွ၊ မိုးမိဖို့ လိုဏ်ဂူကောင်းကောင်းရှာကြစို့ ထန်းဇော်''

သို့ဖြင့် မုဆိုးငယ်နှစ်ဦးမှာ ဒူးလေးများကိုထမ်းလျက် သပွတ်ပင်ကြီး၏ ခြေရင်း၌ ခြေပစ်လက်ပစ်ထိုင်နားနေရာမှ ထကာ ရှေ့မှ ရိုးအလွန်တွင်တွေ့ရသော ကျောက်တောင်တန်း ကြီးရှိရာသို့ ဦးတည်လျက် မြောင်ထဲဆင်းခဲ့ကြတော့၏။

မိုးရိပ်ညို့သည်နှင့် ရေစီးသန်လာသော ရိုးလေးကို ဖြတ်ကာ ပျဉ်းမပင်အုပ်ကို ကျော်လိုက်ပြီးသည်နှင့် ကျောက် တောင်ခြေသို့ ရောက်ရှိသွားပါတော့၏။

သူတို့သည် ကျောက်တောင်ကြီးပေါ်မှ ချုံနွယ်တို့၏ အောက်ခြေကို ဓားမတိုဖြင့်ရှင်းကာ ကွေ့ပတ်ဝက်လာစဉ် မိုးစက်မိုးပေါက်တို့ တဖြောဖြော ရွာကျလာလေ၏။





''မိုးရွာပြီဟေ့၊ ဂူကလည်း အခုထိ မတွေ့သေးပါလား''

မိုးခြိမ်းသံများမြည်ဟည်းကာ လျှပ်တို့ တဖျပ်ဖျပ် လက် လာစဉ်မှာပင် ထမသိုင်းချုံတို့နောက်မှ ဂူပေါက်ဝတစ်ခုကို ထန်းဇော်တို့ တွေ့ရှိသွားကြတော့၏။

''ဟော ... ဒီမှာ ဂူပေါက်ဝတစ်ခု တွေ့ပြီဟေ့ လုံးခေါင် ရေ''

''နေဦးကွ ထန်းဇော် ... စွတ်မဝင်နဲ့၊ တော်ကြာ ဂူထဲ မှာ မြွေတွေ, ကင်းတွေ, တောပင့်ကူကြီးတွေ ရှိနေဦးမယ်''

''ရှိရှိကွာ၊ ရှိတော့လည်း ရှင်းတာပေါ့၊ မိုးက သည်း လာပြီကွ''

သို့ဖြင့် သူတို့သည် ဂူအဝမှဝင်လိုက်ပြီး ခါး၌ချိတ်ဆွဲ ထားသော ဝံသားရေအိတ်ထဲမှ မီးခြစ်နှင့် ပျားဖယောင်းတိုင် တို့အား ထုတ်ယူလိုက်ကာ ထန်းဇော်က မီးခြစ်ခြစ်လိုက်ပြီး ပျားဖယောင်းတိုင်ကြီးကို မီးထွန်းညှိလိုက်တော့၏။

ထို့နောက် သူတို့သည် ပျားဖယောင်းတိုင်၏ မီးရောင်ကို အားပြုကာ ဂူထဲသို့ဝင်ခဲ့ရာ ဂူ၏အတွင်းပိုင်းမှာ သန့်ရှင်းပြီး အတန်ကျယ်ဝန်းကြောင်း တွေ့ရလေ၏။

''လုံးခေါင်ရေ ... ဒီဂူက လိုဏ်ဂူကြီးနဲ့တူတယ်ကွ''



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ ... ရောက်တုန်းပေါက်တုန်း လိုဏ်ဂူထဲ ဝင်ကြည့်ရအောင်ကွာ၊ နေဦး ... ဂူအဝက သစ်ကိုင်းခြောက်တွေ ယူခဲ့ဦးမယ်"

သို့ဖြင့် လုံးခေါင်တို့သည် ရှည်လျားလှသော လိုဏ်လမ်းကြောင်းအတိုင်း သတိထားပြီး ဝင်ရောက်လာခဲ့ကြတော့၏။

"တော်တော်ရှည်တဲ့လိုဏ်လမ်းပါလားကွ၊ ဒီလိုဏ်လမ်းရဲ့အဆုံးဟာ ဘယ်ကိုရောက်သလဲမသိဘူး"

"ဟာ ... ရှေ့မှာ လိုဏ်အဝင်လမ်း နှစ်ခုပါလားကွ"

"အဲဒါမှ ခွပဲ၊ ငါတို့ ဘယ်လမ်းက လိုက်ကြမလဲ၊ ဒါမှမဟုတ် ဂူအဝကို ပြန်ထွက်ကြမလား လုံးခေါင်"

"နေဦးကွ ထန်းဖော် ... ဒီလိုဂူလိုဏ်ကြီးမျိုးက ထူးခြားတယ်ကွ၊ ဒီလို လူသူအရောက်အပေါက်နည်းတဲ့ ဂူလိုဏ်ကြီးမျိုးထဲမှာ အဖိုးတန် တွင်းထွက်ကျောက်တွေ၊ ရွှေတွေ တွေ့ရတတ်တယ်လို့ လူကြီးသူမတွေပြောတာ ကြားဖူးတယ်ကွ၊ လာပါကွာ ... ဆက်ပြီးဝင်ကြည့်ကြတာပေါ့"

"ဘယ်ဘက်လမ်းကို လိုက်ကြမလဲ"

"လက်ယာဘက်လမ်းပဲ လိုက်ကြတာပေါ့ကွာ"

သို့ဖြင့် လုံးခေါင်တို့သည် လက်ယာဘက်ဂူလိုဏ်လမ်းထဲ





ဝင်ရောက်လာခဲ့ကြတော့၏။ သူတို့သည် ဂူလိုဏ်၏နံရံဝယ် ဓားမြှောင်ဖြင့် အမှတ်အသားပြုကာ ခရီးဆက်ခဲ့ကြခြင်း ဖြစ်လေ၏။

သူတို့ ဂုဏ်လိုဏ်ထဲလျှောက်လာရင်း ရောမကင်းမြီးကောက်ကြီးများကို တွေ့ရရာ တောခုတ်ဓားမ၏အနှောင့်ဖြင့် ထုသတ်ရလေ၏။

တစ်ခါဝယ် တောပင့်ကူကြီးတစ်ကောင်က လုံးခေါင်၏ကျောပေါ် ခုန်ချလာရာ ...

"ဟာ"

လုံးခေါင်က အတင်းခါချလိုက်စဉ် ထန်းဖော်က ဖနောင့်ဖြင့် ပေါက်သတ်လိုက်ရလေ၏။

သူတို့သည် ပျားဖယောင်းတိုင် တစ်တိုင်ပြီးတစ်တိုင် ထွန်းညှိကာ ခရီးနှင်ခဲ့ရာမှ ဆာလောင်လာသည့်အခါ ခါး၌ချိတ်ဆွဲလာသည့် ဝါးဆစ်ဘူးထဲမှ ခေါပုဉ်ကို ထုတ်ယူကြလေ၏။ ထို့နောက် ယူဆောင်လာသည့် ထင်းခြောက်များကို စုပုံကာ မီးဖိုဖိုလေ၏။

မီးဖိုမှ မီးတောက်အရှိန်ရသည့်အခါ ဝါးဆစ်ဘူးငယ်ထဲသို့ ဘူးသီးခြောက်ရေဘူးထဲမှ ရေထည့်ပြီး ခေါပုဉ်ပါထည့်ကာ ပြုတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အသားခြောက်တို့ကို မီးကင်လေ၏။

ပြီးလျှင် သူတို့သည် ခေါပျဉ်ပြုတ်နှင့် အသားခြောက်ကင်တို့ကို စားသောက်လေ၏။

ယင်းသို့ စားသောက်ပြီးသော် ဂူလိုဏ်အတွင်းမှ အတန်ငယ်မြင့်သောနေရာရှိ ကျောက်သားဖြူဖြူ အဆင့်လေးပေါ် တက်ကာ အပန်းဖြေ နားနေအိပ်စက်လိုက်ကြတော့၏။

သူတို့သည် နေ့မှန်းညမှန်းမသိကြတော့ဘဲ အိပ်စက်လိုက်ကြရာ အိပ်ရေးဝမှပင် နိုးကြတော့၏။

အိပ်ရာကနိုးပြန်တော့ ရှေ့ခရီးဆက်ကြရာ ဂူလိုဏ်လမ်းခွဲများကို တွေ့ရသည်၌ စွတ်ရွတ်၍ဝင်ခဲ့ကြသဖြင့် နောက်ဆုံးဝယ် သူတို့သည် ဘယ်ရောက်၍ ဘယ်ပေါက်မှန်းပင် မသိတော့အောင် ဖြစ်ကြရတော့၏။

သို့ဖြင့် သူတို့သည် အချိန်ကာများစွာကြာပြီးနောက် သူတို့၌ပါလာသည့် ရိက္ခာခြောက်များရော ပျားဖယောင်းတိုင်တို့ပါ ကုန်လုလုဖြစ်သွားသည့်အခါမှပင် ...

"ဟာ ... ရှေ့မှာ အလင်းရောင်ပါလား"

သဘာဝအလင်းရောင်ကိုတွေ့ရပြီးနောက် ဂူလိုဏ်၏ထွက်ပေါက်သို့ ရောက်ရှိသွားတော့၏။

---





လုံးခေါင်တို့မှာ လိုဏ်ခေါင်းရှည်ကြီးထဲတွင် ရက်ပေါင်းမည်မျှကြာအောင် ဖြတ်သန်းလာရကြောင်း မှတ်မိခြင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဂူလိုဏ်လမ်းကြီးအတွင်း၌ နေ့နှင့်ညကို မသိရခြင်းကြောင့် ဖြစ်လေ၏။

သူတို့သည် ဆာလျှင် ပါလာသည့်ရိက္ခာခြောက်တို့ကို ပြုတ်ကာ ဖုတ်ကင်ကာဖြင့် ချွေတာစားလိုက်၊ မောပန်းနွမ်းလျစွာ အိပ်လိုက်၊ အိပ်ရာက နိုးပါက ခရီးဆက်လိုက်ဖြင့် လိုဏ်လမ်းကြီးအတွင်း ခရီးနှင်လာကြခြင်းဖြစ်ချေ၏။

ရေအတွက်မူ အခက်အခဲမရှိချေ။ ဂူလိုဏ်လမ်းကြီး၏ အချို့သောနေရာတို့မှာ အေးစိမ့်နေပြီး ကျောက်စက်ရေများ ကျဆင်းနေကာ အေးမြသည့်ရေအိုင်ငယ်များ ဖြစ်ပေါ်လျက်ရှိသဖြင့် သူတို့သည် ကျောက်စက်ကျရေတို့ကို သောက်သုံးခြင်းပြုလေ၏။ ဂူအတွင်းရှိ ကျောက်ရေအိုင်တို့တွင် ကိုယ်လက်သန့်စင်ခြင်း ပြုလေ၏။

ထင်းမှာမူ ပြတ်သွားသဖြင့် နောက်ပိုင်းဝယ် အသားခြောက်တို့ကို သည်အတိုင်း စားရလေ၏။

ယခုတော့မူ ဂူလိုဏ်ထဲမှ သူတို့ လွတ်မြောက်တော့ပြီ ဖြစ်ပါ၏။

---



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားမှုရှိသည်က သူတို့ရောက်ရှိသွားသည့်နေရာမှာ တောင်ကြားတစ်ခုဖြစ်နေပြီး အကောင်တစ်ရာခန့် ကျယ်ဝန်းသည့် တောင်ကြားထဲ၌ ကျောက်ချောင်း တစ်ချောင်းသည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသည်ကို တွေ့ရလေ၏။

လုံးခေါင်တို့မှာ ယခုအခါ နေကိုမြင်နေရပြီဖြစ်သဖြင့် အရှေ့, အနောက်, တောင်, မြောက် အရပ်လေးမျက်နှာကို ခွဲခြားသိမြင်ပြီဖြစ်ပါ၏။

"လုံးခေါင် . . ငါတို့ ဘယ်ဒေသကို ရောက်နေပြီလဲကွ"

"မသိနိုင်ဘူး ထန်းဇော်၊ ငါတို့ရဲ့ဇာတိဒေသနဲ့ အလွန်ဝေးရာကို ရောက်နေပြီထင်တာပဲကွ"

သူတို့သည် တောင်ကြားမှ အနောက်ဘက်သို့ မျှော်ကြည့်လိုက်ရာ ဟိုးအဝေး၌ ဆီးနှင်းဖုံးသည့် တောင်ထိပ်ဖြူဖြူတို့ကို တွေ့ရလေ၏။

တောင်ကြားလမ်း၏ဝဲယာမှ မတ်စောက်လှစွာသော ကျောက်တောင်ကြီးများကို မော့ကြည့်လိုက်သည့်အခါ တောင်ခါးပန်းများမှာ လွန်စွာမြင့်မားလျက် တောင်ခါးပန်းတစ်ခုနှင့်တစ်ခုမှာ တောင်ခြေချင်းကွာဝေးသည့် အကွာအဝေးထက် ပိုမိုဝေးကွာလျက်ရှိကြောင်း တွေ့ရလေ၏။





လုံးခေါင်တို့သည် ရောက်ရှိနေသည့် နေရာဒေသတို့ကို လှည့်ပတ်အကဲခတ်ကြပြီးနောက် ဘေးအန္တရာယ်ကင်းရှင်းသည်ဟု ယူဆရမှ ကျောက်ချောင်းထဲမှာ ရေဆင်းချိုးကြလေ၏။

အေးမြလှသည့်ရေကို ချိုးပြီးနောက် ထင်းခြောက်များစုကာ မီးဖိုပြီး . . .

ကျောက်ချောင်းထဲမှာတွေ့ရသည့် ကျောက်ငါးကြင်းတို့ကို အမဲလိုက်ဓားဖြင့် ခုတ်ဖြတ်ဖမ်းဆီးကာ မီးဖိုဝယ် ကင်ကြလေ၏။

ရိက္ခာခြောက်ကိုသာ စားခဲ့ရသည်မို့ လုံးခေါင်တို့မှာ ငါးကင်မွှေးမွှေးကိုစားကာ သစ်ပင်ခြေရင်းအောက်၌ အိပ်စက်လိုက်ကြရာ ညသို့ရောက်မှ နိုးလေတော့၏။

'တုံ . . တုံ . . တုံ . . တုံ . . တုံ'

"ဝေး . . ဝေး . . ဝေး . . ဝေး"

တတုံတုံ တဝေးဝေး အော်မြည်သံတို့ကြောင့် လုံးခေါင်တို့ အိပ်ပျော်နေရာမှ နိုးလာသောအခါ ဝန်းကျင်တစ်ခုလုံး မှောင်မည်းလျက်ရှိကာ တောင်ကြား၏အထက်သို့ မော့ကြည့်လိုက်သည်တွင် ကောင်းကင်ထက်၌ ကြယ်တာရာတို့ လင်းလက်နေသည်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချောင်းနံဘေး၌ သူတို့ဖိုထားသည့် မီးဖိုမှာ မီးငြိမ်းလျက်ရှိသော်လည်း တောင်ကြား၏အပေါ် တောင်ခါးပန်းတို့အထက်၌ မီးရောင်လိုလိုမြင်ရရာ လုံးခေါင်တို့ အံ့ညြသွားကြတော့သည်။

''ဟာ ... ဟိုတောင်ခါးပန်းပေါ်မှာ လူတွေရှိတယ်နဲ့တူတယ်ကွ၊ မီးရောင် မြင်ရပါလား''

''ဟုတ်တယ် ထန်းဇော်၊ တတုံတုံနဲ့မြည်ကဲ့အသံဟာ တောတွင်းလူရိုင်းတွေရဲ့ ဗုံတီးသံမျိုးပဲကွ၊ ဝေးခနဲ ဝေးခနဲ အော်သံတွေကလည်း လူရိုင်းအော်သံမျိုးတွေပဲ''

''ငါရိပ်မိပြီ လုံးခေါင် ... ငါတို့ဟာ အိန္ဒိယပြည်ဘက်က ဟိမဝန္တာတောနက်ကြီးထဲ ရောက်နေပြီထင်တယ်ကွ၊ အဲဒီ ဟိမဝန္တာတောနက်ကြီးထဲမှာ လူရိုင်းမျိုးနွယ်တွေရှိတယ်လို့ ကြားဖူးတယ်''

သူတို့သည် တောတွင်းလူရိုင်းတို့နှင့် ဆုံစည်းပါက ကံကြမ္မာကောင်းဖွယ် မမြင်သဖြင့် သူတို့ ဤတောင်ကြားထဲ၌ ရှိသည်ကို ထိုလူရိုင်းတို့ သိရှိသွားမည်စိုးသောကြောင့် အသာငြိမ်နေကြကာ ရှေ့ဘာဆက်လုပ်ရမည်ကို တွေဝေစဉ်းစားလျက်ရှိကြလေ၏။

ခု နစ် စဉ် ကြယ် တ ပေ



ထိုစဉ် ညသည် အတော်နက်လာဟန်ဖြင့် အေးစိမ့်သည်ထက် အေးစိမ့်လာပြီး လမြင့်လာသည်နှင့်တစ်ပြိုင်နက် အဝေးဆီမှ ခွေးအ,အူသံတို့ကို ကြားရလေ၏။ ပုစဉ်းရင်ကွဲအော်မြည်သံ၊ ညဥ့်ငှက်တို့၏ တစ်ချက်တစ်ချက် အလန့်တကြား အော်မြည်သံတို့ကို သဲ့သဲ့ကြားရပြီးနောက် တောတောင်တစ်ခုလုံးမှာ တိတ်ဆိတ်သွားပြီး ...

တောင်ခါးပန်းများထက်မှ လွင့်ပျံ့လာသည့် ဗုံသံ တတုံတုံကိုသာ သဲ့သဲ့ကြားနေရလေ၏။

လပြည့်ညမို့လားမသိ လမင်းကြီးကို တောင်ကြားထဲမှ လှမ်းမြင်နေရသည်။ ကောင်းကင်ယံထက်၌ လသည် ဝန်းကာဝိုင်းကာ ပြည့်ပြည့်ကြီးသာလျက်ရှိစဉ် ...

'ဝေါင်း ဝေါင်း ဝေါင်း'

''ဟာ ... ကျားဟိန်းသံတွေပါလားကွ''

ကျားဟိန်းသံတို့မှာ အစအဦးဝယ် တောနက်ထဲ ဝေးလံရာမှ ကြားရသလိုလိုရှိပြီး တဖြည်းဖြည်းဖြင့် သူတို့ရှိရာ တောင်ကြားဘက်သို့ နီးနီးလာသလိုရှိသဖြင့် လုံးခေါင်တို့နှစ်ဦးသားမှာ အနီးရှိ စင်ပြွမ်းပင်ကြီးပေါ်သို့ ကပျာကသီ ဖက်တွယ်တက်ကြရတော့၏။

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ မြင့်မားလှသည့် စင်ပြွမ်းပင်ကြီး၏ အထက်ခွဆုံသို့ ရောက်ရှိသွားချိန်၌ တောင်ကြား၏တစ်ဖက်ရှိ ကျောက်တောင်ကြီးပေါ်မှ တောကောင်ကြီးများ ဆင်းလာသည်ကို လရောင်ဖြင့် ထိတ်လန့်ချောက်ချားစဖွယ် မြင်ရလေ၏။

''ဟာ ... ကျားဖြူကြီးတွေပါလား''

အဖြူရောင်အောက်ခံဝယ် အနက်အစင်းကြီးများဖြင့် လှပလှသော ရှားပါးသတ္တဝါဖြစ်သည့် တောကောင်ကြီးများကို လုံးခေါင်တို့ အံ့သြမှင်တက်စွာ ကြည့်နေကြသည်။

တစ်ဖက်ကျောက်တောင်ပေါ်မှလည်း ချုံနွယ်ပိတ်ပေါင်းတို့ကို ကျော်ဖြတ်တိုးဝှေ့ကာ တောကောင်ကြီးများ ဆင်းသက်လာလေ၏။

ယင်းတောကောင်ကြီးများမှာမူ တစ်ကိုယ်လုံး အနက်ရောင်ရှိပြီး အနက်ရောင်အောက်ခံပေါ်၌ အဝါဖျော့ဖျော့ အစင်းကြားတို့ မထင်မရှား ဖြစ်ပေါ်လျက်ရှိရာ လုံးခေါင်တို့ တစ်သက်တာတွင် မမြင်တွေ့ဖူးသည့် ကျားနက်များဖြစ်ကြောင်း အံ့သြဖွယ် တွေ့မြင်နေရတော့၏။

ယင်းကျားနက်အုပ်စုနှင့် ကျားဖြူအုပ်စုကား ကျောက်ချောင်း၏နံဘေး မြေအပြင်ပေါ်၌ ရင်ဆိုင်တွေ့ကြပြီဖြစ်ရာ ...





တစ်ဖက်နှင့်တစ်ဖက် ကျယ်လောင်စွာမာန်ဖီလျက်ရှိကြတော့၏။

''ဝေါင်း ..ဝေါင်း ..ဝေါင်း ..ဝေါင်း''

ခဏအကြာတွင်မူ ကျားဖြူအုပ်စုနှင့် ကျားနက်အုပ်စုတို့သည် အချင်းချင်း ပြင်းထန်စွာတိုက်ခိုက်ကြလေတော့၏။

တောင်ကြားတစ်ခုလုံးမှာ တောကောင်ကြီးများ၏ ဒေါသတကြီး မာန်ဖီသံ၊ ကိုက်ခဲသံ၊ အော်ညည်းသံတို့ဖြင့် ဆူညံပွက်လောရိုက်သွားတော့၏။

လုံးခေါင်တို့မှာ သူတို့၏အောက်ခြေအပြင်၌ ပြင်းထန်စွာဖြစ်ပွားနေသည့် တောကောင်ကြီးတို့၏ရန်ပွဲကို တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးမတွေ့ဖူးကြသဖြင့် အံ့သြထိတ်လန့်ခြင်းကြီးစွာ ငုံ့ကြည့်နေမိကြလေတော့၏။

ထိုစဉ် တောင်ခါးပန်းများပေါ်မှ ကျာပွတ်ရိုက်သံလိုလို တရွှမ်းရွှမ်းအသံများ သဲ့သဲ့ကြားလာရပြီးနောက် တောကောင်ကြီးတို့မှာ သူတို့ ကုတ်ကတ်ဆင်းသက်လာရာ ကျောက်တောင်များပေါ်သို့ ချုံနွယ်ပိတ်ပေါင်းတို့အကြား တိုးဝှေ့တက်ကာ ပျောက်ကွယ်သွားကြလေတော့၏။

''လုံးခေါင်ရေ ... ဒီနေရာမှာ ထူးခြားရှားပါးသည့် တော



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကြီးတွေပေါပြီး လူရိုင်းတွေလည်း ရှိပုံရတယ်ကွ၊ ဒီနေရာဟာ ငါတို့အတွက် အန္တရာယ်ကြီးလွန်းတယ်၊ မနက်မိုးလင်းတာနဲ့ ဒီနေရာကနေ အမြန်ဆုံးစွန့်ခွာမှဖြစ်မယ်ဟေ့''

''ဟုတ်တယ် ထန်းဇော်၊ မနက်ကျရင် ရိက္ခာတွေ စုဆောင်းပြီး ငါတို့ထွက်လာရာဂူလိုဏ်ကပဲ ပြန်ဝင်ကြရအောင်ကွာ''

သို့ဖြင့် နံနက်သို့ရောက်လေလျှင် လုံးခေါင်တို့သည် ကျောက်ချောင်းထဲမှ ကျောက်ငါးကြင်းနှင့် ကျောက်ပုစွန်တို့ကို ရနိုင်သမျှဖမ်းဆီးကာ တစ်နေကုန် အခြောက်လှန်းကြလေ၏။ ထင်းခြောက်တို့ကိုလည်း ရှာဖွေစုစည်းလေ၏။

ဘူးသီးခြောက်ရေဘူးတို့ထဲသို့ စမ်းချောင်းရေ ဖြည့်လေ၏။

ကညင်ပင်ကြီးတို့ကိုရှာဖွေကာ ကညင်ဆီခဲများ စုဆောင်းလေ၏။

သူတို့သည် ညနေစောင်းသို့ရောက်သောအခါ အစစ ပြင်ဆင်စုဆောင်းပြီးပြီမို့ မူလထွက်လာရာ ဂူလိုဏ်ဝသို့ ပြန်သွားကာ ...

ဂူလိုဏ်ထဲပြန်ဝင်ပြီး ကညင်ဆီမီးရောင်ကို အားပြုလျက်

---

ခု နစ် စဉ် ကြယ် တ ပေ



အပြန်ခရီးနှင်ခဲ့တော့၏။

ယင်းသို့ ခရီးနှင်ရာတွင် အလာခရီးစဉ်၌ ကျောက်လိုဏ်ဂူ၏နံရံတစ်ဖက်ဝယ် ဓားမြှောင်ဖြင့်ခြစ်ကာ အမှတ်အသားပြုခဲ့ရာ ယင်းအမှတ်အသားပြုရာလမ်းအတိုင်း လိုက်လာခဲ့ကြခြင်း ဖြစ်သဖြင့် ဂူလိုဏ်လမ်းခွဲများ တွေ့သော်လည်း လမ်းမှားခြင်း မရှိချေ။

သူတို့ အချိန်ကာလများစွာ ဖြတ်သန်းလာခဲ့ပြီးနောက်မှာတော့ နောက်ဆုံးတစ်နေ့ဝယ် ဥမိတောသို့ ပြန်လည်ရောက်ရှိသွားပါတော့သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောရှေးဟောင်းဒေသ

''အဲဒီအဖြစ်အပျက်ကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်လောက်က ဖြစ်ပျက်ကြုံတွေ့ခဲ့ရတာပါပဲ၊ အဲဒီဦးလုံးခေါင်တို့ဟာ သူတို့သွားခဲ့ရာလမ်းအတိုင်း နောင်လာနောင်သားတွေ စူးစမ်းလေ့လာသွားရောက်ရင် အန္တရာယ်ကြုံမှာစိုးလို့ သူတို့သွားခဲ့တဲ့ ဂူလိုဏ်အဝဟာ ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူ့မှ မပြောခဲ့ကြဘူးတဲ့''

ဦးဥတ္တရသည် သူ၏စကားကို အဆုံးသတ်လိုက်ပြီးနောက် ဝါးဆေးတံကြီးကို မိန့်မိန့်ကြီး ဖွာလျက်ရှိတော့၏။

ကျွန်ုပ်နှင့်ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာရန်နိုင်စိုးတို့မှာ ဦးဥတ္တရပြောပြသော လွန်စွာဆန်းပြားသည့် အကြောင်းအရာကို





အစအဆုံး နားထောင်ပြီးနောက် သက်ပြင်းကိုယ်စီချလိုက်ကြရလေတော့၏။

ကျွန်ုပ်တို့စကားပြောနေကြသော နေရာဒေသသည်ကား မြန်မာပြည်အနောက်မြောက်ဘက်ပိုင်း အိန္ဒိယနိုင်ငံနှင့်နယ်နိမိတ်ချင်း ဆက်စပ်နေသော နာဂတောင်တန်းကြီး၏ တစ်နေရာရှိ 'နောက်အော်' ဟူသည့် တိုင်းရင်းသားကျေးရွာလေး၏အစွန်မှ တိုင်းရင်းဆေးဆရာကြီး ဦးဥတ္တရ၏ ခြေတံရှည်အိမ်လေးပေါ်ရှိ ဝရန်တာဝယ် ဖြစ်ပါ၏။

ဦးဥတ္တရ၏အိမ်သည်ကား တောင်စောင်းတစ်ခု၏ထိပ်ဝယ် ဆောက်လုပ်ထားသည်ဖြစ်ခြင်းကြောင့် တောင်စောင်း၏ အနိမ့်ပိုင်း လျှိုမြောင်တို့ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးသည် နှင်းငွေ့တို့ကို သယ်ဆောင်လျက် အိမ်၏တောင်ဘက်ရှိ ဝရန်တာပေါ်သို့ ဝေ့ခနဲ ဝေ့ခနဲ ရောက်ရှိလာလျက်ရှိတော့၏။

အချိန်မှာ နံနက်ဦးသာသာခန့်ဖြစ်သဖြင့် နေခြည်နွေးနွေးက နှင်းကာဗ္ဗလာကို ထွင်းဖောက်ကာ ကျွန်ုပ်တို့၏ကိုယ်ပေါ်သို့ ဖြာကျလျက်ရှိရာ ဝရန်တာမှဖျာကြမ်းပေါ်၌ အဖန်ရည်တစ်အိုး၊ ကောက်ညှင်းပေါင်းတစ်ပန်းကန်၊ ဆတ်သားခြောက်ဖုတ်ဆီဆမ်းတို့နှင့် ဖိမ်ကျနေသော ကျွန်ုပ်တို့ကို အနွေးဓာတ်ပေးလျက်

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိလေ၏။

ဆရာကြီးဦးဥတ္တရသည်ကား လူသူအရောက်အပေါက် နည်းလှသော ဤချင်းတွင်းမြစ်ဖျားပိုင်းဒေသ၊ တိုင်းရင်းသားတို့၏ ရွာများဝယ် အစွမ်းထက်သော ဆေးသမားတော်ကြီးအဖြစ် နာမည်ကျော်ကြားလျက်ရှိသူ ဖြစ်လေ၏။

ဦးဥတ္တရသည် လူပျိုကြီးတစ်ဦးဖြစ်ပြီး ဟုမ္မလင်းဇာတိ ဖြစ်၏။ ဆေးသမားတော်မျိုးရိုးမှ ဆင်းသက်လာသည့် ဆရာကြီး ဦးဥတ္တရမှာ ဆွေမျိုးသားချင်းများရှိရာ ဟုမ္မလင်းမှ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်ကပင် ထွက်ခွာလာခဲ့ပြီး တိုင်းရင်းသားတို့၏ တောင်တန်းဒေသတို့အပေါ် လှည့်လည်သွားလာကာ ဝါသနာ အရ ဆေးဝါးကုသနေသူဖြစ်၏။

ဦးဥတ္တရမှာ မြန်မာဘာသာစကားသာမက တိုင်းရင်း သားဘာသာစကား လေးငါးမျိုးခန့် ကောင်းစွာတတ်ကျွမ်းရာ တိုင်းရင်းသားတို့နှင့် အကျွမ်းတဝင်ရှိလှပြီး စိတ်ရင်းစေတနာ ဖြူစင်သူဖြစ်သဖြင့်လည်း တိုင်းရင်းသားတို့၏ချစ်ခင်မှုခံရသူ ဖြစ် လေ၏။

ဆရာကြီးဦးဥတ္တရမှာ ဆေးဝါးပညာသာမက ဗေဒင် ဟူးရား၊ ယတြာမန္တန်၊ နက္ခတ္တဗေဒ၊ အဂ္ဂိရတ်စသည့် လောကီ





ပညာရပ်စုံ တတ်ကျွမ်းပြီး ပညာဗဟုသုတကြွယ်ဝသူဖြစ်သဖြင့် တိုင်းရင်းသား ကျေးရွာသူရွာသားတို့၏ စီးပွားရေး၊ လူမှုရေး အခက်အခဲအတော်များများကို ဖြေရှင်းပေးနိုင်ပြီး လမ်းညွှန်ဆုံးမ မှုလည်း ပြုနိုင်သူဖြစ်သဖြင့် တိုင်းရင်းသားတို့၏ ကြည်ညိုလေး စားခြင်းခံရသူ ဖြစ်၏။

ယင်းဆရာကြီးဦးဥတ္တရနှင့် ကျွန်ုပ်တို့မိတ်ဆွေနှစ်ဦး၏ ဆုံစည်းရပုံမှာလည်း ထူးခြားလှလေ၏။ စတင်ဆုံစည်းရပုံမှာ ဤသို့ဖြစ်၏။

ရန်ကုန်မြို့ဝယ် အခြေချနေထိုင်လျက်ရှိသော ကျွန်ုပ် သည် စာရေးဆရာတစ်ဦးဖြစ်ပြီး အထူးသဖြင့် လူ့လောကကြီး အတွင်းမှ လွန်စွာထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းများကို ရှာဖွေလေ့လာရေးသားကာ စာဖတ်ပရိသတ်ကြီးအား တင်ပြလို သောဆန္ဒရှိသူ ဖြစ်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်၏မားဂရာချောက်အနီးရှိ ပျဉ်ထောင် အိမ်ကြီးသို့ လမ်းမတော်၌နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေလေး ဒေါက်တာရန်နိုင်စိုးသည် သူ၏ဖို့ဒ်ကားဟောင်းကြီးဖြင့် ရောက်ရှိ လာပြီးလျှင် ...

"ဗျို့ ... ဆရာအဂ္ဂ ... ကျွန်တော့်မှာဗျာ ... လာသာ



www.burmeseclassic.com

www.burmeseclassic.com



လာရတယ် . . . ခင်ဗျားရှိမှ ရှိပါ့မလားလို့၊ ခရီးထွက်နေတယ် ထင်တာ၊ တော်ပါသေးရဲ့ . . . အရံသင့်တွေ့လို့''

ဟု ရင်းနှီးစွာပြောပြီးလျှင် အိမ်ပေါ်သို့တက်လာတော့၏။

ဒေါက်တာရန်နိုင်စိုးမှာ အသက်သုံးဆယ်ခန့်ရှိပြီး အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ လူပုံချောချောရှိကာ အမြဲလိုလို အနောက်တိုင်းဝတ်စုံဖြစ်သော ဖရေဇာကုတ်၊ သက္ကလတ်ဘောင်းဘီရှည် ဝတ်လျက် သက္ကလပ်ဦးထုပ်ကို ဆောင်းလေ့ရှိလေ၏။

သူသည် မနုဿဗေဒဘာသာရပ်ဖြင့် အင်္ဂလန်မှ ဒေါက်တာဘွဲ့ယူခဲ့သူဖြစ်ပြီး ချမ်းသာသောမျိုးရိုးမှ ဆင်းသက်လာသူပီပီ မြန်မာနိုင်ငံသို့ပြန်ရောက်သည့်တိုင် တက္ကသိုလ်ကောလိပ်တို့တွင်လည်း ဆရာ,မလုပ်၊ အစိုးရ, ပုဂ္ဂလိကအလုပ်ဌာန တစ်ခုခုတွင်လည်း ဝင်ရောက်လုပ်ကိုင်ခြင်းမရှိဘဲ သူဝါသနာပါရာ သုတေသနလုပ်ငန်းကိုသာ ကွယ်လွန်သူမိဘများထံမှ အမွေရရှိထားသောတိုက်ခန်းဝယ် နေ့စဉ် တကုပ်ကုပ်ပြုလုပ်နေသူ ဖြစ်၏။

သူသည် ရံဖန်ရံခါဝယ် ကျွန်ုပ် အယ်ဒီတာလုပ်ကာ တည်းဖြတ်ထုတ်ဝေသည့် 'ကာဝိကြေးမုံ' မဂ္ဂဇင်း၌ လူသားမျိုးရိုးဗီဇဆိုင်ရာ အယူအဆ လေ့လာတွေ့ရှိချက် သုတေသနဆောင်းပါးတို့ကို ဝင်ရောက်ရေးသားရင်းမှ ကျွန်ုပ်နှင့် ခင်မင်ခဲ့ခြင်း





ဖြစ်လေ၏။

သူသည် သူ၏စာမူ 'ကာဝိကြေးမုံ' မဂ္ဂဇင်း၌ပါသည့်အခါ မဂ္ဂဇင်းတိုက်ရှိရာ ဒါလဟိုဇီလမ်း (ယခုမဟာဗန္ဓုလလမ်း) သို့ သူ၏ဖို့ဒ်ကားဟောင်းဖြင့် ရောက်ရှိလာပြီးလျှင် ကျွန်ုပ်ထံမှ စာမူခကို ထုတ်ယူလေ၏။

ထို့နောက် သူသည် မဂ္ဂဇင်းတိုက်ပိတ်ချိန်အထိစောင့်ပြီး ကျွန်ုပ်ကို သူ၏ဖို့ဒ်ကားဖြင့် ပန်းဆိုးတန်းနှင့် ဒါလဟိုဇီလမ်းထောင့်ရှိ ဘုံဘေရက်စတောရင့်သို့ခေါ်သွားကာ ယမကာအစုံအလင် ဖွယ်ဖွယ်ရာရာညစာတို့ဖြင့် ညှိခံကျွေးမွေးလေ့ရှိလေ၏။

တစ်ခါတစ်ရံ ထိုသို့ သူ၏ညှိခံကျွေးမွေးမှုမှာ သူရရှိသော စာမူခထက် ပိုလွန်ကုန်ကျသော်လည်း ဘိုးဘွားမိဘတို့ထံမှ အမွေအနှစ်များစွာရရှိထားကာ ရရှိထားသောအမွေအနှစ်ငွေကြေးတို့ကို မက္ကဆင့်ဘဏ်သို့အပ်ထားခြင်းဖြင့် ဘဏ်တိုး လစဉ်များစွာ ရရှိနေသူဖြစ်သဖြင့် ကုန်ကျသမျှငွေအတွက် မမှုချေ။

ကျွန်ုပ်သည် 'ကာဝိကြေးမုံ' မဂ္ဂဇင်းဝယ် အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်လျက်ရှိရာမှ ထုတ်ဝေသူတစ်ဦး၏ တိုက်တွန်းချက်ဖြင့် လုံးချင်းဝတ္ထုများရေးသားရန် အယ်ဒီတာအလုပ်မှ နုတ်ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် 'ကဝိကြေးမုံ' မဂ္ဂဇင်းဝယ် အယ်ဒီတာ မလုပ်တော့သော်လည်း ဒေါက်တာရန်နိုင်စိုးမှာ ကျွန်ုပ်အပေါ် ခင်မင်ရင်းစွဲရှိသည်နှင့်အညီ ကျွန်ုပ်၏အိမ်သို့ မကြာခဏ လာလည်လေ့ရှိလေ၏။

ဒေါက်တာရန်နိုင်စိုးမှာ ချမ်းသာသော လူပျိုချောဖြစ်သော်လည်း မိန်းမကိစ္စ၊ လောင်းကစားတို့၌ စိတ်ပါဝင်စားခြင်း မရှိဘဲ ရံဖန်ရံခါမှသာ နိုင်ငံခြားဖြစ် ယမကာတို့ကို အပန်းဖြေသည့်အနေဖြင့် သောက်သုံးလေ့ရှိကာ သူ၏အာရုံအားလုံးကို သူ၏သုတေသနလုပ်ငန်းထဲ၌သာ ထာဝရနှစ်မြှုပ်ထားသူဖြစ်လေ၏။

ကျွန်ုပ်သည်လည်း လူပျိုလူလွတ်တစ်ဦးဖြစ်သဖြင့် ဒေါက်တာ ရန်နိုင်စိုးရောက်ရှိလာသည့်အခါ သူနှင့်အတူ ပြင်ပသို့ လိုက်ပါသွားပြီး ဘုံဘေရက်စတော့ရင့်၊ ဂင်ဇာဟိုတယ်၊ စထရင်းဟိုတယ်တို့၌ ဘီယာစုပ်ရင်း၊ ယမကာမော့ရင်း၊ ညစာစားကာ အပန်းဖြေရသည်ကို သဘောကျလျက်ရှိလေ၏။

သို့ဖြင့် ကျွန်ုပ်နှင့်ဒေါက်တာရန်နိုင်စိုးတို့မှာ တစ်နေ့တခြား ပိုမိုရင်းနှီးလာရာ ငယ်ပေါင်းကြီးဖော် ညီအစ်ကိုတမျှဖြစ်လာတော့၏။





ကျွန်ုပ်နှင့်သူသည် စာအကြောင်းပေအကြောင်း၊ ဩကာသ လောကကြီးအကြောင်း၊ အနန္တစကြဝဠာအကြောင်း၊ လူသားနှင့်သက်ရှိတို့ ဤကမ္ဘာမြေပေါ်ဝယ် စတင်ပေါက်ဖွားရှင်သန်လာခဲ့ခြင်းအကြောင်းတို့ကိုသာ နေ့စဉ် ဆွေးနွေးပြောဆိုလေ့ရှိရာ . . .

တစ်နေ့တွင်မူ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဒေါက်တာရန်နိုင်စိုးသည် ကျွန်ုပ်၏အိမ်သို့ သူ၏ဖို့ဒ်ကားဟောင်းကြီးဖြင့် ရောက်ရှိလာပြီး ညှိခန်းမှ ဆိုဖာဆက်တီဟောင်းပေါ်ဝယ် ထိုင်လိုက်လေ၏။

ပြီးနောက် သူသည် သူ၏ကုတ်အင်္ကျီအောက်အိတ်ထဲမှ ဖဲပြောင်နေသော ရုပ်တုတစ်ခုကိုထုတ်ယူကာ ကျွန်ုပ်၏ရှေ့ရှိ ကျွန်းစားပွဲပုလေးပေါ်သို့ အသာတင်လိုက်လေ၏။

ရုပ်တုလေးမှာ အနက်ရောင်ကျောက်သားတစ်မျိုးနှင့် ထွင်းထုထားပြီး ပုံသဏ္ဌာန်မှာ ကျားတစ်ကောင်၏ပုံသဏ္ဌာန်ဖြစ်ချေ၏။ မာန်ဖီနေသော ကျားတစ်ကောင်၏ရုပ်တုကို လက်ရာမြောက်စွာ ထွင်းထုထားခြင်းဖြစ်ကာ ရုပ်တုလေး၏အရွယ်အစားမှာ အလျား လေးလက်မ၊ အမြင့် နှစ်လက်မသာသာ ရှိလေ၏။

"ဒီရုပ်တုလေးကို ကျွန်တော် ဗဟာန်းဘက်ကရတော့ကျူရိယို



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ ဝယ်လာခဲ့တာဗျ ဆရာအဂ္ဂရဲ့၊ လွန်ခဲ့တဲ့သုံးရက် . . . အဲ . . . ဗုဒ္ဓဟူးနေ့ ညနေဘက်က ဆိုပါတော့''

''ပြောဗျ''

''ကျွန်တော့်ရဲ့မွေးနေ့ဗုဒ္ဓဟူးနေ့မှာ ရွှေတိဂုံဘုရားသွားပြီး ပန်း,ဆီမီး,ရေချမ်း,အမွှေးနံ့သာ ကပ်လှူတယ်ဗျာ၊ စေတီတော်ရဲ့ရင်ပြင်မှာ တံမြက်စည်းလှည်းတယ်ဗျာ၊ ပြီးတော့ ဗုဒ္ဓဟူးနံထောင့်က ဖရပ်မှာ တစ်နေ့လုံး ပုတီးစိပ်တယ်ဗျာ''

''ကောင်းပါလေ့ဗျာ . . . သာဓု . . . သာဓု . . . သာဓု''

''ကျွန်တော် အဲဒီလိုကောင်းမှုကုသိုလ်တွေလုပ်ပြီး စေတီတော်ကြီးပေါ်ကနေ ဗဟန်းမုခ်ဘက် အုတ်လမ်းက ဆင်းလာခဲ့ရာက ဗဟန်း (၃) လမ်းဘက် ကျွန်တော့်ရဲ့ကားနဲ့ လှည့်အပြန် ကျူရှိယိုဆိုင်ရှေ့ရောက်တော့ ဒီဆိုင်ထဲ ဝင်မမွှေတာကြာပြီဆိုပြီး ကားကို ဆိုင်ရှေ့ရပ်လိုက်တယ် ဆရာအဂ္ဂရဲ့''

''ဟုတ်ပါပြီဗျာ . . . ဒါနဲ့ပဲ အဲဒီဆိုင်ထဲဝင်ပြီး ဒီကျားနက်ရုပ်တုကို ဝယ်ခဲ့တယ်ဆိုပါတော့''

''နေဦး . . နေဦး . . . အဲဒီလို မဟုတ်သေးဘူးဗျ၊ ကျွန်တော်ဟာ အဲဒီဆိုင်ရှေ့ရောက်ပြီး ကားပေါ်က ဆင်းလိုက်ချိန်မှာ ဆိုင်ရှင်လူဝကြီးဟာ သူ့ရဲ့မည်းမှောင်နေတဲ့ ဆိုင်ထဲကနေ အူ





လျားဖားလျားပြေးထွက်လာပြီး 'ကယ်ပါဦးဗျို့ . . . ကယ်ကြပါဦး' လို့ မျက်လုံးပြူး,မျက်ဆံပြူးနဲ့ အော်နေတယ်ဗျ''

''ကျွန်တော်လည်း ဘာဖြစ်ပါလိမ့်ဆိုပြီး ဆိုင်ရှေ့ကို ပြေးသွားခဲ့တယ် ဆရာအဂ္ဂရဲ့''

ဤနေရာအရောက်ဝယ် ဒေါက်တာရန်နိုင်စိုးသည် သူ၏ ကုတ်အင်္ကျီအောက်အိတ်ထဲမှ ၅၅၅ ပလေးယားစီးကရက်ဘူးကို ထုတ်ယူကာ စီးကရက်တစ်လိပ်ထုတ်ယူပြီး သူ၏ပိရိသေသပ်သော နှုတ်ခမ်းစွန်းဝယ် စီးကရက်ကို ဟန်ပါပါခဲလိုက်လေ၏။

ထို့နောက် သူသည် ကုတ်အင်္ကျီအိတ်ထဲနှင့် ဘောင်းဘီအိတ်တို့ထဲသို့ လက်နှိုက်ကာ ဟိုစမ်း,သည်စမ်းလုပ်နေရာ ကျွန်ုပ်မှာ စိတ်မရှည်နိုင်တော့ဘဲ စားပွဲပုလေးပေါ်ရှိ ကြေးမီးခြစ်ကြီးကို ဂျစ်ခနဲ ခြစ်ပေးလိုက်ရလေ၏။

ဒေါက်တာရန်နိုင်စိုးသည် မီးခြစ်မှ မီးညွှန့်ဝယ် စီးကရက်ကို မီးညှိကာ အားပါးတရဖွာရှိုက်လိုက်ပြီးမှ . . .

''ကျွန်တော်က ဆိုင်ရှေ့လည်းရောက်ရော 'ထောင်ကဲကြီး . . . ဘာဖြစ်တာလဲဗျ' လို့ မေးလိုက်တော့ ဆိုင်ရှင် တရုတ်လူဝကြီး အရှောင်က သူ့ရဲ့မှောင်ရိပ်လွှမ်းနေတဲ့ဆိုင်ထဲ လက်ညှိုးထိုးပြပြီး 'ဝ, . . . ဝ,ရဲ့ဆိုင်ထဲမှာ ကျား . . . ကျားဝင်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



လို့ မျက်ကလုံးဆန်ပျာနဲ့ ပြောရောဗျို့''

ဟုပြောကာ စီးကရက်ကို ဖိမ်ခံဖွာနေပြန်၏။ ကျွန်ုပ်က မျက်မှောင်ကြုတ်လိုက်ပြီး ...

''ဘယ့်နှယ် ... ကျားက ဆိုင်ထဲရောက်ရတာလဲဗျ''

ဟု ဘဝင်မကျသံဖြင့် ပြောလိုက်ရာ ဒေါက်တာရန်နိုင်စိုးက ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး ...

''ဟုတ်တယ် ဆရာသမားရေ ... ကျွန်တော်လည်း သူ့ဆိုင်ထဲ ကျားဝင်နေတယ်ဆိုတော့ ရုတ်တရက်နားမလည်နိုင်အောင်ဖြစ်ပြီး ကြောင်သွားတာပေါ့၊ ဒီတရုတ် ရူးများသွားပြီလားလို့လည်း ထင်လိုက်မိပါရဲ့ ...။

ဒါနဲ့ ... 'ဘာကျားလဲဗျ၊ ဘယ်မှာလဲ၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နဲ့နီးလို့ အဲဒီက ကျားတစ်ကောင်ကောင်များ လွတ်လာပြီး ခင်ဗျားရဲ့ဆိုင်ထဲဝင်နေတာလား' လို့ မေးရတော့တာပေါ့ ...။

ဒီတင် သူက ... 'မသိဘူး၊ ဝ မသိဘူး ... ဝ ... ဆိုင်အဝက ခုံပေါ်မှာ ထိုင်ပြီး ဝယ်သူကိုစောင့်ရင်း ငိုက်နေတုန်း ဝရဲ့ဆိုင်ထဲက ကျားဟိန်းသံကြားရတာပါပဲ' လို့ပြောတယ် ဆရာသမားရဲ့ ...။

ဒါနဲ့ ကျွန်တော်က ... 'ကဲဗျာ ... ဒီလောက်လည်း





ကြောက်မနေပါနဲ့၊ လာ ... ကျုပ်တို့ ဆိုင်ထဲ ဝင်ကြည့်ရအောင်' ဆိုပြီး ရှေ့က ဦးဆောင်လို့ သတိနဲ့ဝင်သွားလိုက်တယ်ဗျ''

ဤနေရာတွင် ဒေါက်တာရန်နိုင်စိုးသည် စကားကို ရပ်လိုက်ပြီး ...

''ပြောရတာ အာတောင်ခြောက်သွားပြီဗျာ''

ဟု ညည်းတွားသလို ပြောလိုက်ရာ ကျွန်ုပ်က စားပွဲပေါ်ရှိ ကြိမ်ရေနွေးခြင်း၏အဖုံးကိုဖွင့်ကာ ခြင်းထဲမှကြွေရေနွေးအိုးနှင့် ကြွေပန်းကန်လုံးငယ်ကို ထုတ်ယူလိုက်ပြီး ရေနွေးတစ်ခွက်ငှဲ့ပေးလိုက်ရလေ၏။

''ခင်ဗျားစကား နားထောင်ရတာလည်း ဆတ်တောက်ဆတ်တောက်နဲ့ဗျာ၊ ကဲ ... ကဲ ... ရေနွေးသောက်ပြီးရင် စကားဆက်ပါဦး၊ အဲဒီ ကျုပ်ရှိယိုဆိုင်ထဲဝင်သွားတော့ ကျားကို တွေ့ရောလားဗျ''

ဒေါက်တာရန်နိုင်စိုးသည် မျောက်ဖြူလက်ဖက်ခြောက်ခပ်ကာ နှပ်ထားသည့် ရေနွေးကြမ်းပူပူကို မှုတ်သောက်လိုက်ပြီးနောက် သဘောကျစွာရယ်ကာ ...

''ဟား ... ဟား ... ဟား ... ကျားကို တွေ့တော့ တွေ့တယ်ဗျို့၊ သက်ရှိကျားကြီးတော့ မဟုတ်ဘူး ... ဟောဒီ



www.burmeseclassic.com

www.burmeseclassic.com



ကျားပဲ တွေ့တယ်''

ဟုဆိုကာ စားပွဲခုံပေါ်မှ ကျားနက်ရုပ်လေးကို လက်ညှိုးညွှန်ပြလေ၏။

''ဘယ် ... ဘယ်လိုဗျ''

''ဒီလိုလေ ဆရာသမားရဲ့ ... ကျွန်တော်နဲ့တရုတ်အရောင်တို့ ရှေးဟောင်းပစ္စည်းတွေနဲ့ ပြည့်ကျပ်ရှုပ်ယှက်ခတ်နေတဲ့ဆိုင်ထဲ မရဲတရဲနဲ့ ဝင်ခဲ့ကြပြီး ဟိုသည် ချောင်ကြိုချောင်ကြားမှာ ရှာပေမယ့် ဘာကျားမှမတွေ့ရဘူးဗျ၊ ကျားမပြောနဲ့ ကြောင်တောင်မတွေ့ရဘူး ...။

ကျွန်တော်က ... 'ဘယ်လိုလဲထောင်ကဲရဲ့ ... ဘာကျားမှလည်း မတွေ့ပါလား၊ ခင်ဗျား အိပ်ငိုက်ပြီး အိပ်ချင်မူးတူးနဲ့ ကြားချင်ရာ ကြားခဲ့တာမဟုတ်လား' လို့ မေးလိုက်တော့ အရောင်က ... သူ ...

'အိပ်ချင်မူးတူးနဲ့ ကြားချင်ရာကြားတာမဟုတ်ဘူး၊ ကျားဟိန်းသံကို သေသေချာချာ ကြားရတာ၊ ဒီ ... ဒီဆိုင်ထဲက ကြားရတာ၊ ကြားရတာမှ နှစ်ခါတောင် ကြားရတာ' ... လို့ အခိုင်အမာပြောတယ် ဆရာသမားရဲ့ ...။

ဒါနဲ့ ကျွန်တော်လည်း စိတ်မရှည်တော့ဘဲ ... 'ထောင်





ကဲကြီး ... ခင်ဗျား ယုတ္တိမရှိတာ မပြောနဲ့၊ ကျားဟိန်းသံကြားရရင် ကျားရှိရမှာပေါ့၊ ဘယ်မှာလဲ ခင်ဗျားရဲ့ကျား' ဆိုတော့ တရုတ်အရောင်လည်း မျက်လုံးလေး ပေကလပ်ပေကလပ်နဲ့ သူ့ဆိုင်ထဲကို ဟိုသည် ဝေ့ပတ်ကြည့်ရာက သူနဲ့ အနီးဆုံးက မှန်စီရွှေချ ရှေးဟောင်းသလွန်ငယ်တစ်ခုပေါ်မှာ ရှိနေတဲ့ ဟောဒီ ကျားရုပ်တုလေးကို တုန်တုန်ယင်ယင်နဲ့ လက်ညှိုးညွှန်ပြပြီး ...

'ဒီ ... ဒီမှာ ... ကျားလေ ... ဒီကျား ... သူ ... သူ ဟိန်းတာ ဖြစ်ရမယ်'လို့ ပြောတယ်ဗျ၊ ကျွန်တော်လည်း စိတ်တော်တော် ပျက်သွားပြီး ...

'ထောင်ကဲကြီး ... ခင်ဗျား ယုတ္တိမရှိတာကို ပြောပြန်ပြီဗျာ၊ ဒီကျားရုပ်တုက ဘယ်လိုလုပ်ပြီး ဟိန်းနိုင်မှာလဲ'

လို့ ပြောတော့ သူက ...

'ဝ,ရဲ့ဆိုင်ထဲမှာ ကျားနဲ့တူတာဆိုလို့ သူပဲရှိတယ်၊ ဒီတော့ ဟိန်းချင်းဟိန်းရင် သူဟိန်းတာပဲ ဖြစ်ရမယ်' လို့ ဇွတ်ပြောပါတယ်ဗျ၊ ဒါနဲ့ ကျွန်တော်က ...

'ဒီကျားရုပ်တုက အရုပ်ပဲ ... ဟိန်းမလားဗျ၊ ဘာလဲ ... ခင်ဗျား သူ့ကို ကြောက်နေလို့လား၊ ကြောက်ပြီး သူ့ကို ခင်ဗျားရဲ့ ဆိုင်မှာ မထားချင်ဘူးဆိုရင် ကျုပ်ကို ရောင်းလိုက်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ဝယ်သွားမယ်လို့' ပြောလိုက်တယ် ဆရာအဂ္ဂရဲ့ ...။

အဲဒီအခါ တရုတ် အရှောင်က ...

'ဟာ ... ဆရာကြီးဝယ်မယ်ဆို ဝ,ရောင်းမယ်၊ ရောင်းမယ်၊ ပေးချင်သလောက်ပေးသွား' လို့ ပြောတယ်ဗျ ...။

'ဝယ်တာကတော့ ဟုတ်ပါပြီ၊ ဒီပစ္စည်းကို ခင်ဗျား ဘယ်လိုရခဲ့သလဲဆိုတာ ပြောပြပါဦး' လို့ ကျွန်တော်က ပြောတော့ ...

'အဲဒီကျားရုပ်တုကို ရွှေတိဂုံဘုရားတပေါင်းပွဲတော်တုန်းက ရခဲ့တာ' လို့ ပြောတယ်၊ ရွှေတိဂုံစေတီတည်ရှိတဲ့ သိင်္ဂုတ္တရကုန်းတော်ရဲ့ခြေရင်းမှာ ဈေးဆိုင်ကနားတွေထိုးပြီး ဘုရားပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပချိန်မှာ မြို့တကာ, ရွာတကာက ဘုရားပွဲတော်အနှံ့ ဈေးလှျောက်ရောင်းတဲ့ ဆယ့်နှစ်ပွဲဈေးသည် အုပ်စုထဲက ရှားပါးပရဆေးပစ္စည်း, ဆေးမြစ်ဆေးဥ, တိရစ္ဆာန်အဆီ, စပါးကြီးသည်းခြေ, ကျောက်သွေး စတာတွေရောင်းတဲ့ ဈေးသည်ဆီမှာ အဲဒီကျားရုပ်တုကို တွေ့ခဲ့တာတဲ့၊ မြွေအသေကောင်, မျောက်သေ, သင်းခွေချပ်အသေကောင်တွေကို ရုပ်လုံးဖော်ထားတဲ့အထဲက တွေ့ရတာတဲ့ ...။

ဆယ့်နှစ်ပွဲဈေးသည်ဆီကနေ အရှောင်က ကျားရုပ်တု





ကို ယူပြီး သေချာစစ်ဆေးကြည့်လိုက်တော့ ဟောဒီကျားရုပ်ရဲ့ အောက်မှာ ရှေးဟောင်းစာအက္ခရာတွေ တွေ့ရလို့ ... ဒါဟာ ရှေးဟောင်းရုပ်တုဖြစ်မှာပဲဆိုပြီး ဈေးညှိဝယ်ခဲ့တယ်တဲ့။

အဲဒီဆယ့်နှစ်ပွဲဈေးသည်ကလည်း မြန်မာပြည်အနောက်မြောက်ဘက် ဟုမ္မလင်းမြို့နားက မလင်းကျေးရွာမှာတည်ရှိတဲ့ မလင်းမဟာမြတ်မုနိဘုရားကြီးရဲ့ဘုရားပွဲတော်မှာ တောလည်မုဆိုးတစ်ဦးဆီက ဝယ်ခဲ့တာလို့ဆိုတယ်၊ အဲဒီမုဆိုးက ထမံသီဘက်ကလို့ ပြောတယ် ...။

အရှောင်လည်း ထမံသီဘက်က,ရခဲ့တဲ့ ရှေးဟောင်းကျားရုပ်တုဆိုတော့ ဈေးမဆစ်တော့ဘဲ သုံးဆယ်ကျပ်နဲ့ ဝယ်ခဲ့တယ်တဲ့ ...။

ဒါပေမဲ့ အဲဒီကျားရုပ်တု သူ့ဆိုင်ကိုရောက်ကတည်းက သူ့စိတ်ထဲမှာ ကျားနံ့ရသလိုလို, ကျားရုပ်တုရှိရာ ချောင်ထဲက ရိပ်ခနဲ ရိပ်ခနဲ တစ်စုံတစ်ခုကို တွေ့သလိုလို ခံစားလာရတယ်လို့ ဆိုတယ် ...။

သူဟာ ပထမတော့ သိပ်ဂရုမထားမိပေမယ့် အဲဒီနေ့က ကျားဟိန်းသံကို ပီပီသသကြီး နှစ်ခါကြားလိုက်ရမှ ချောက်ချားခဲ့ရတာတဲ့၊ ဆိုင်ထဲမှာ သက်ရှိကျား မတွေ့ရလေတော့ ဒီကျား



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုက ကျားဟိန်းသံထွက်ပေါ်လာတာပဲ ဖြစ်ရမယ်လို့ အရှောင်က ထင်နေတယ် ...။

ဒါနဲ့ပဲ အရှောင်က ...'ဆရာကီး လိုချင်ရင် ဈေးရင်းအတိုင်း ယူသွားပါဆိုပြီး အတင်းထိုးရောင်းတာနဲ့ ကျွန်တော်ဝယ်လာခဲ့တယ် ဆရာသမားရဲ့''

ဒေါက်တာရန်နိုင်စိုး၏စကားအဆုံးဝယ် ကျွန်ုပ်သည် ကျားရုပ်တုကို သေချာစွာကိုင်တွယ်ယူငင်ကြည့်ရာ ကျားရုပ်တုလေးမှာ အတော်အတန်လေးပြီး လွန်စွာသိပ်သည်းမာကျောသည့် ကျောက်သားဖြင့် လက်ရာမြောက်ထုဆစ်ထားသည်ကို တွေ့ရလေ၏။

ကျားရုပ်တု၏အောက်ခြေ၌ မြေစိုင်ခဲသဏ္ဍာန်ထုထားရာ ယင်း၏အောက်ခြေမှ ပြင်ညီဘက်ကိုကြည့်လိုက်သည်တွင် ရှေးဟောင်းသက္ကတအက္ခရာလိုလို၊ ပျူအက္ခရာလိုလိုမျိုးဖြင့် စာများ ရေးထွင်းထားသည်ကိုတွေ့ရလေ၏။

''ဟုတ်တယ် ... ဒီကျားရုပ်တုရဲ့အောက်ခြေမှာ ရှေးဟောင်းအက္ခရာတွေ ရေးထွင်းထားတယ်၊ ဒါပေမဲ့ ကျုပ်တော့ ဒီအက္ခရာမျိုး အရင်က မတွေ့ဖူးဘူး''

ဒေါက်တာရန်နိုင်စိုးက ခေါင်းညိတ်လိုက်ပြီး ပြောသည်။





''ဟုတ်တယ် ဆရာအဂ္ဂ၊ ကျွန်တော်လည်း အရင်က အဲဒီလိုရှေးဟောင်းအက္ခရာမျိုး မတွေ့ဖူးဘူး၊ ဒါကြောင့် ကျွန်တော်လည်း မဖတ်တတ်တာနဲ့ ရန်ကုန်ယူနီဗာစီတီက ဘာသာဗေဒပါမောက္ခဆရာကြီးတစ်ဦးဆီ ချဉ်းကပ်ပြီး ပြကြည့်တော့ ဒါဟာ ပျူ့ကမ်းယံတို့နဲ့ ခေတ်ပြိုင် မြန်မာပြည်နဲ့အိန္ဒိယပြည်နယ်စပ် တောတောင်ထဲမှာရှိခဲ့ဖူးတဲ့ လူမျိုးစုတစ်စုရဲ့အက္ခရာတွေဖြစ်တယ်လို့ဆိုတယ်၊ စာရဲ့အဓိပ္ပာယ်ကတော့ ...

*ငါ၏မျိုးနွယ်တို့ ... ငါ့အားသတ်ဖြတ်သည့် သမန်းဖြူတို့ကို လက်စားချေလော့၊ ငါ၏ဝိညာဉ်သည် သင့်တို့အား ကူပံ့အံ့*

ပဥ္စမသမန်းနက်

လို့ အဓိပ္ပာယ်ရတယ်လို့ဆိုတယ် ဆရာအဂ္ဂရေ''

''အင်း ... အတော်ထူးခြားတဲ့စာပဲ၊ သူက သမန်းနက်ဖြစ်ပြီး ရန်သူ သမန်းဖြူဆိုတာ ရှိသေးတဲ့သဘောပဲ''

''ဟုတ်တယ် ဆရာအဂ္ဂ ... ကျွန်တော်လည်း ကျားရုပ်အောက်က စာရဲ့အဓိပ္ပာယ်ကို သိရမှ ဒီကျားနက်ရုပ်အပေါ်ပိုပြီးစိတ်ဝင်စားသွားတယ်''

''ဒါထက် ... ခင်ဗျားရဲ့လက်ထဲရောက်မှရော ဒီကျားနက်ရုပ်တုဟာ ထူးခြားမှုတွေ ပြသေးသလားဗျ''



www.burmeseclassic.com

www.burmeseclassic.com



"ပြဘယ် ဆရာအဂ္ဂရေ ... ဆရာအဂ္ဂက ထူးထူးဆန်းဆန်းတွေဆို ဝါသနာပါမှန်းသိလို့ ဒီကျားနက်ရုပ်တုရဲ့ထူးဆန်းမှုတွေကို ပြောပြချင်လို့ ကျွန်တော် လာခဲ့တာဗျ"

ဟုပြောပြီး ဒေါက်တာရန်နိုင်စိုးမှာ ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်ပြန်၏။

"ဆိုပါဦးဗျ ... ဘာတွေထူးခြားတာလဲ"

ဟု ကျွန်တော်က စကားထောက်ပေးလိုက်ရာ ဒေါက်တာရန်နိုင်စိုးက စားပွဲပုလေးပေါ်မှ ကျားနက်ရုပ်တုကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ...

'ခဲဒီနေ့ညက လပြည့်ညဗျ ဆရာအဂ္ဂရဲ့၊ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ညပေါ့၊ ကျူရီယိုဆိုင်က ဝယ်လာတဲ့ အဲဒီကျားနက်ရုပ်တုကို ကျွန်တော့်ရဲ့အိပ်ရာခေါင်းရင်းက ဗီရိုပုလေးအပေါ်မှာ တင်ထားလိုက်တယ် ...။

အမှန်တော့ အိပ်ခါနီးအထိ အဲဒီကျားနက်ရုပ်တုကို ကျွန်တော်ဟာ မှန်ဘီလူးနဲ့ စေ့စေ့စပ်စပ်ကြည့်ရှုလေ့လာရာက မျက်စိညောင်းပြီး အိပ်ချင်လာတာနဲ့ မှန်ဘီလူးဝိုင်းနဲ့အတူ ကျားရုပ်တုကို ဗီရိုပုလေးပေါ် အလွယ်တကူတင်ထားလိုက်တာပါပဲ ..။

လရောင်ဟာ အိပ်ရာခေါင်းရင်းမှာရှိတဲ့ မှန်ပြတင်းက





နေ ကျွန်တော့်ရဲ့ကိုယ်ပေါ် ထိုးကျနေတယ်၊ ကျွန်တော်ဟာ လပြည့်ဝန်းကြီးကို ငေးကြည့်ရင်း အိပ်ပျော်သွားခဲ့တယ် ...။

အမှန်တော့ အိပ်ပျော်ခါနီးမှာ ကျားနက်ရုပ်တုလေးနဲ့ ပတ်သက်ပြီး တောင်တောင်အီအီ စဉ်းစားခန်းဝင်ခဲ့သေးတာဗျ။

ရှေးဟောင်းရုပ်တုပစ္စည်းတွေဟာ များသောအားဖြင့် ထူးခြားတဲ့ပစ္စည်းတွေ ဖြစ်တတ်တယ်၊ ဂမ္ဘီရပစ္စည်းတွေ ဖြစ်တတ်တယ်လို့ တွေးတောမိတယ် ...။

ခက်တာက ဂမ္ဘီရပညာကို ကျွန်တော် သိပ်နားလည်တာ မဟုတ်ပါဘူး၊ ရှေးဟောင်းအနုလက်ရာပစ္စည်းကို မြတ်နိုးနှစ်သက်လို့သာ ဝယ်ခဲ့တာကိုးဗျ ...။

အဲဒီညက ကျွန်တော် အိပ်ပျော်သွားတုန်းမှာပဲ အိပ်မက်တစ်ခု မက်ခဲ့တယ်၊ အိပ်မက်ထဲမှာ ကျွန်တော်ဟာ တောနက်ကြီးတစ်ခုထဲကိုရောက်နေခဲ့တယ်၊ တောထဲမှာ ကျွန်တော် ယောင်ချာချာနဲ့လျှောက်သွားရင်း ချုံတစ်ခုထဲက ကျားနက်ကြီးတစ်ကောင် ထွက်လာတာကို တွေ့ရတယ်"

ဤတွင် ကျွန်ုပ်က စကားဖြတ်ပြောလိုက်သည်။

"ဒါက ခင်ဗျား ကျားနက်ရုပ်တုကို စိတ်စွဲပြီးမက်တာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ် ဆရာအဂ္ဂ ... အဲဒီလို အိပ်မက်ထဲမှာ ကျွန်တော်ဟာ ရောမကျားနက်ကြီးနဲ့ ဆုံတွေ့ရလို့ ခြေဖျားလက်ဖျားတွေ အေးစက်သွားတုန်းမှာပဲ ကျားနက်ကြီးရဲ့ဟိန်းသံမာန်ဖီသံ ရုတ်တရက်ထွက်ပေါ်လာတယ် ...။

အဲဒီလို ကျားနက်ကြီးက မာန်ဖီပြီး ကျွန်တော့်ကို ခုန်အုပ်လိုက်တယ် ...။

ကျွန်တော်က ကြောက်လန့်တကြား ရုန်းကန်ရင်း အော်ဟစ်လိုက်တော့ ကျွန်တော့်ရဲ့အသံက ကြောင်သံဖြစ်နေတယ်၊ အဲဒီမှာပဲ ကျွန်တော်ဟာ ရုန်းကန်အော်ဟစ်ရင်း လန့်နိုးသွားတယ် ...။

ကျွန်တော့်ရဲ့တစ်ကိုယ်လုံးဟာ ချွေးတွေပြန်နေတယ်၊ လက်ဖျားခြေဖျားတွေ အေးစက်နေတယ်၊ ကျွန်တော်ဟာ သတ္တိနည်းသူမဟုတ်ပေမယ့် လူတွေဟာ အိပ်မက်တွေထဲမှာ အားငယ်တတ်တဲ့သဘာဝအတိုင်း ကျွန်တော်ဟာ အားငယ်စိုးထိတ်ရင်ခုန်စွာ နိုးလာတာဖြစ်တယ် ...။

ကျွန်တော်ဟာ နိုးနိုးချင်း ဗီရိုပုလေးပေါ်က ကျားနက်ရုပ်တုကို လှမ်းကြည့်လိုက်တော့ ကျားနက်ရုပ်တုဟာ မူလကအတိုင်း ရှိနေတာကို တွေ့ရတယ် ...။





“ကျားနက်ရုပ်တုလေးရဲ့အပေါ်ကို လရောင်က ထိုးကျနေတယ်၊ တပေါင်းလမို့ ညဥ့်နက်တော့ အေးလာတယ် ...။

အဲဒါနဲ့ ကျွန်တော်လည်း အိပ်ရာကလူးလဲထပြီး ပြတင်းတံခါးကို သွားပိတ်လိုက်တယ်၊ ပြတင်းတံခါးကို ပိတ်နေရင်းနဲ့ ကျွန်တော့်ရဲ့ကျောဘက်က ကျားဟိန်းသံ သဲ့သဲ့လေးကြားရသလိုလို ဖြစ်သွားလို့ ကျောရိုးထဲ စိမ့်ခနဲဖြစ်သွားပြီး နောက်ဘက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိတယ် ...။

ကျွန်တော့်ရဲ့နောက်ကျောဘက်မှာ ဘာမှမရှိပါဘူး၊ ကျွန်တော့်ရဲ့စိတ်ထဲကပဲ ထင်လို့လား၊ ဒါမှမဟုတ် အိပ်မက်ကို စွဲလမ်းပြီး နားထဲက ကြားချင်ရာ ကြားတာလား မသိပါဘူး။

ကျွန်တော်ဟာ ဗီရိုပေါ်က ကျားနက်ရုပ်တုလေးကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေရာက သက်ပြင်းချပြီး အိပ်ရာထက်မှာ ပြန်လှဲလိုက်တယ် ...။

အဲဒီနောက် ကျွန်တော့်ရဲ့မျက်ခွံတွေ လေးလံလာပြီး မှေးခနဲ အိပ်ပျော်သွားပြန်တယ် ...။

အဲဒီလို မှေးခနဲဖြစ်သွားတုန်းမှာ ကျွန်တော့်ရဲ့အခန်းထဲမှာ တစ်စုံတစ်ဦး လူးလာခေါက်တုံ့လျှောက်နေသလိုလို နံခေါင်းက တောကောင်ရဲ့ အနံ့ဆိုးရသလိုလိုဖြစ်လာလို့ ဖျတ်ခနဲ ပြန်နိုး



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်တယ် ...။

ဒီတင် ကျွန်တော့်ရဲ့မျက်လုံးအကြည့်ဟာ ကျားနက်ရုပ်တုဆီ ရောက်သွားပြန်တယ်၊ ကျူရီယိုဆိုင်ထဲက ကျားဟိန်းသံ ကြားရတဲ့ဆိုတာနဲ့ ကျွန်တော်အိပ်မက်မက်တဲ့ထဲက ကျားနက်ကြီးကို မြင်ယောင်လာပြီး ရင်ထဲမှာ သံသယဝင်လာခဲ့တယ်။

ဒါပေမဲ့ အဲဒီသံသယဟာ ကျွန်တော့်ရဲ့စိတ်စွဲလမ်းမှုကို အခြေခံတာပဲ ဖြစ်မှာပါလို့ ဖြေတွေးတွေးပြီး ဖွတ်မိတ်အိပ်ဖို့ ကြိုးစားရတယ် ...။

နားထဲမှာ သဲ့သဲ့ကြားနေရတဲ့အသံတွေ, နှာခေါင်းကနေ ရှူရှိုက်မိတဲ့ အနံ့တွေဟာ စိတ်ရဲ့လှည့်စားမှုလို့ပဲ ထင်မိပါတယ် ဆရာအဂ္ဂ ...။

နောက်တစ်နေ့ညကျတော့ ကျွန်တော်ဟာ ကျားနက်ရုပ်တုကို စာကြည့်ခန်းထဲက စာအုပ်ဗီရိုထဲထည့်ပြီး သိမ်းထားလိုက်တယ် ...။

ညလည်းကျရော ကျွန်တော် အိပ်မောကျနေတုန်း အိပ်မက်ထဲမှာ ကျားနက်တွေ သုံးလေးကောင်လောက် ကျွန်တော့်ကို မာန်ဖီပြီးဝိုင်းလာလို့ ကျွန်တော် လန့်ဖျပ်အော်ဟစ်ခဲ့ရတယ် ...။

ကျွန်တော် လန့်ပြီးနိုးသွားချိန်မှာ ကျားဟိန်းသံကို နား





ထဲကြားနေရဆဲဖြစ်တယ်၊ စိတ်စွဲပြီးကြားတာလားတော့ မသိဘူး။

ဘာပဲဖြစ်ဖြစ် ထူးခြားတာတော့အမှန်ပဲ ဆရာအဂ္ဂ၊ ဒါကြောင့် ဆရာအဂ္ဂလေ့လာနိုင်အောင် ဒီကျားရုပ်တု လာပြတာပါ''

ဒေါက်တာရန်နိုင်စိုး၏စကားအဆုံးဝယ် ကျွန်ုပ်သည် ကျားနက်ရုပ်တုကို သေချာစွာ ကိုင်တွယ်ကြည့်ရှုရင်းမှ ...

''အင်း ... အတော်စိတ်ဝင်စားဖို့ကောင်းတဲ့ ရုပ်တုလေးပါပဲ၊ ဖြစ်နိုင်ရင် ဒီရုပ်တုလေးကို ကျုပ် သုံးလေးရက် ယူထားချင်တယ်၊ ဒါမှ ဘယ်လိုထူးခြားသလဲဆိုတာ ကိုယ်တိုင်သိရတာပေါ့''

ဟု ပြောလိုက်ရာ ဒေါက်တာရန်နိုင်စိုးက ခေါင်းညိတ်ရင်း ပြုံးလိုက်ကာ ...

''ကျွန်တော် ဆရာအဂ္ဂဆီမှာ ဒီကျားရုပ်တုကို အပ်ထားခဲ့မှာပါ၊ တစ်ပတ်ဆယ်ရက် ယူထားပါ၊ ဘယ်လိုထူးခြားသလဲဆိုတာ ဆရာသမားကိုယ်တိုင် တွေ့သိပြီးမှ ကျွန်တော်တို့ ဒီအကြောင်းကို ဆက်ပြီးဆွေးနွေးကြတာပေါ့''

သို့ဖြင့် ဒေါက်တာရန်နိုင်စိုးသည် ကျားနက်ရုပ်တုအား ကျွန်ုပ်အိမ်၌ထားခဲ့ပြီး ဖိုဒ့်ကားကိုမောင်းကာ ပြန်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ကျားနက်ရုပ်တုကို ညှော်ခန်းမှဗီရိုကြီး အပေါ် တင်ထားလိုက်ပြီးနောက် မိမိလုပ်စရာရှိသော အလုပ်တို့ ကို လုပ်ကိုင်နေရသဖြင့် ကျားနက်ရုပ်တုကို အမှုမဲ့အမှတ်မဲ့ မေ့ထားလိုက်မိလေ၏။

ယင်းအချိန်က ကျွန်ုပ်သည် 'ကိုးမြို့ကိုးစံခါးရိုးဖလား' ဟူသော လုံးချင်းဝတ္ထု၏ဇာတ်သိမ်းခန်းကို ရေးနေသဖြင့် စိတ် အာရုံအားလုံးကို ဝတ္ထုထဲနှစ်ထားသည်ဖြစ်ရကား ညအိပ်ခါနီး အထိ စာကို ဖိရေးနေရာ နေ့လယ်ခင်းက လက်ခံရရှိထားသော ကျားနက်ရုပ်တု၏အကြောင်းကို လုံးဝမေ့လျော့လျက် ရှိပါတော့ ၏။

သို့ဖြင့် ကျွန်ုပ်သည် ဝတ္ထုဇာတ်သိမ်းကို အောင်မြင်စွာ ရေးပြီးနောက် ပင်ပန်းနွမ်းလျစွာဖြင့် ညသန်းခေါင်ယံဝယ် အိပ် ပျော်သွားပါတော့၏။

ထိုသို့အိပ်ပျော်သွားရာမှ ထူးခြားသောအိပ်မက်ကို မြင် မက်တော့၏။

အိပ်မက်ထဲဝယ် အသားမည်းမည်းနှင့် ခက်ထန်ကြမ်း ကြုတ်ဟန်ရှိသော ခပ်ထွားထွားလူရွယ်တစ်ဦးသည် ကျွန်ုပ်၏အိပ် သို့ ရောက်ရှိလာပြီးလျှင် . . .





"ကျုပ်ရဲ့ဇာတိနေရာဆီ ပြန်ပို့ပေးပါ၊ ကျုပ် လူတွေကို သွယ်ဝိုက်ပြောခဲ့ပြီးပြီ၊ ဘယ်သူမှ သဘောမပေါက်ကြဘူး"

"ကျုပ်ကို အမြန်ဆုံးပြန်ပို့ပေးပါ၊ ကျုပ်မှာ လုပ်စရာတွေ ရှိသေးတယ် . . . ပြန်ပို့ပေးပါ"

ဟု ခက်ထန်မာကျောစွာ ထပ်ခါတလဲလဲ ပြောနေရာ ကျွန်ုပ်က . . .

"ဘာတွေလာပြောနေတာလဲ . . . သွား . . . သွား"

ဟု မောင်းထုတ်ရာ အသည်းမည်းမည်းနှင့်လူမှာ ဒေါသ အကြီးအကျယ်ထွက်ပြီး တောက်ခတ်လိုက်လျက် . . .

"ကျုပ်ကို ပြန်ပို့မပေးလို့ကတော့ တစ်ယောက်ပြီးတစ် ယောက် သေပြီသာမှတ်"

ဟု ကြုံးဝါးကာ နောက်ကျွမ်းပစ်ထည့်လိုက်ရာ သူ၏ရုပ် သွင်မှာ လူစင်စစ်မှ ကျားနက်ကြီးတစ်ကောင်ဖြစ်သွားတော့၏။

ထို့နောက် ကျားနက်ကြီးသည် နှစ်ကြိမ်သုံးကြိမ် ဟိန်း လိုက်ပြီးလျှင် မီးခိုးငွေ့များထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား တော့၏။

ယင်းအိပ်မက်ကို သုံးညတိတိ ဆက်တိုက်မက်သောအခါ ကျွန်ုပ်အဖို့ လွန်စွာထူးဆန်းလှသဖြင့် နောက်ဆုံး [illegible]နံနက်၌



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရန်နိုင်စိုးကို ဖုန်းဆက်ခေါ်လိုက်ရတော့၏။

ဒေါက်တာရန်နိုင်စိုး ရောက်လာလေလျှင် ကျွန်ုပ်သည် ကျွန်ုပ်၏အိပ်မက်မက်ပုံကို ပြောပြပြီးနောက် ...

''ကျုပ်ရဲ့ဘဝတစ်လျှောက်လုံးမှာ အိပ်မက်တစ်ခုတည်းကို သုံးညဆက်တိုက် တစ်ပုံစံတည်းမက်တာ ဒီတစ်ခါပဲ ကြုံဖူးသေးတယ် ...။

ဒီတော့ ... ဒီကျားနက်ရုပ်တုဟာ နှယ်နှယ်ရရရုပ်တု မဟုတ်တာတော့ သေချာပြီ၊ ဒါကြောင့် ဒီရုပ်တုရဲ့ မူလဇာတိ ဒေသဆီသွားပို့ဖို့ ခင်ဗျားသဘောတူရင် ကျုပ်တို့ အဲဒီအရပ်ဒေသဆီ ခရီးထွက်ရအောင်ဗျာ''

ဟု ပြောပြရာ ဒေါက်တာရန်နိုင်စိုးမှာ စိတ်အားထက်သန်စွာ အားပါးတရပြုံးလိုက်လျက်မှ ...

''ဟာ ... သဘောတူပြီလား ဆရာသမားရယ်၊ ဆရာသမားဆိုလိုတာက ဒီရုပ်တုရဲ့ မူလဇာတိဒေသ ထမံသီကို သွားဖို့မဟုတ်လား၊ ကောင်းတယ် ... အဲဒီလို ဒေသရဲ့ ထူးခြားဆန်းကြယ်မှုတွေကို ကျွန်တော်လည်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာစူးစမ်းချင်နေတာ''

ဟု ပြောလိုက်ပြီးနောက် ကျွန်ုပ်တို့နှစ်ဦးမှာ ခရီးထွက်





ရန် ဆက်လက်တိုင်ပင်ဆွေးနွေးခဲ့ကြပါ၏။

သို့ဖြင့် ကျွန်ုပ်တို့ မိတ်ဆွေနှစ်ဦးမှာ ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့်လာခဲ့ကြပြီး မန္တလေးသို့ရောက်သည်တွင် အထက်ချင်းတွင်းဒေသသို့ ရွက်လွှင့်ထွက်ခွာမည့် ကုန်တင်လှေကြီးတစ်စင်းနှင့် လိုက်ပါခဲ့ရာ ရက်အတန်ကြာပြီးနောက် ...

ကျွန်ုပ်တို့သည် ချင်းတွင်းမြစ်ကမ်းစပ်ဝယ် မေးတင်လျက်ရှိသည့် အေးချမ်းဆိတ်ငြိမ်လှသော ထမံသီရွာကြီးသို့ နေဝင်ဖျိုးဖျအချိန်အခါ၌ ရောက်ရှိသွားလေ၏။

ကျွန်ုပ်တို့သည် လှေကြီးပေါ်မှဆင်းသက်ခဲ့ကြပြီးနောက် ပေရှစ်ဆယ်ခန့်မြင့်သည့် ကမ်းပါးယံကြီးပေါ်သို့ တက်ခဲ့ကြပြီး နာမည်ကျော် ထမံသီရွာကြီးထဲသို့ ဝင်ခဲ့ကြပါ၏။

ရွာသူကြီး၏အိမ်ဆီသို့ မေးမြန်းစုံစမ်းပြီး သွားရောက်ခဲ့ကြကာ ရွာသူကြီးကိုတွေ့ရသည်၌ ကျွန်ုပ်သည် စာရေးဆရာတစ်ဦးဖြစ်ပြီး ဤဒေသကိုနောက်ခံပြုကာ လုံးချင်းဝတ္ထုရှည်တစ်ပုဒ်ရေးရန် ဒေသန္တရဗဟုသုတရှာမှီးဖို့ ရောက်လာသူဖြစ်ပါကြောင်း၊ ဒေါက်တာရန်နိုင်စိုးမှာလည်း သုတေသီတစ်ဦးဖြစ်သဖြင့် သုတေသနပြုရန် လိုက်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤရွာကြီးတွင် ခေတ္တတည်းခိုခွင့်ပြုပါမည့်အကြောင်း [illegible]တောင်း



www.burmeseclassic.com

www.burmeseclassic.com



ကာ ဝယ်လာသည့်မုန့်ထုပ်အချို့ကို ရွာသူကြီးအား လက်ဆောင်အဖြစ် ပေးအပ်လိုက်ပါ၏။

သဘောကောင်းသော ရွာသူကြီးလည်း ကျွန်ုပ်တို့အား ရောဂျစ္စာ တည်းခိုခွင့်ပြုကာ လူသူမနေဘဲ လွတ်နေသည့် ရွာတောင်ဘက်စွန်းရှိ သစ်သားအိမ်ငယ်လေးဆီ သူကိုယ်တိုင် လိုက်ပို့ပေးပြီး တည်းခိုဖို့ စီစဉ်ပေးလေ၏။

သို့ဖြင့် ကျွန်ုပ်တို့သည် ထိုအိမ်လေး၌ နှစ်ရက်ခန့်နေထိုင်ကာ ထမ်သီရွာကြီးကို လေ့လာခြင်းပြုကြလေ၏။

ထမ်သီရွာကြီးတွင် တိုင်းရင်းသားပေါင်းစုံ နေထိုင်ပြီးလျှင် ရွာသူရွာသားတို့သည် လွန်စွာရိုးသားကာ အများစုမှာ လက်ဖက်၊ တောင်ယာနှင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းတို့ကို ရိုးရိုးအေးအေး လုပ်ကိုင်ကြသူများဖြစ်လေ၏။

ထမ်သီရွာမှ လက်ဖက်စိုက်ခင်းတို့သည် လွန်စွာအောင်မြင်ပြီး စပါးနှင့် တောင်ယာခင်းတို့ကိုလည်း ချင်းတွင်းမြစ်ကမ်းနံဘေး နုံးတင်မြေနုနှင့် လယ်ကွင်းများထဲတွင် စိုက်ပျိုးကြလေ၏။

ကွမ်းသီးနှင့် လိမ္မော်သီးတို့ လှိုင်လှိုင်ထွက်ရှိပြီး တစ်ရွာလုံး ရိုးသားကြိုးစားကာ အလုပ်လုပ်ကြသဖြင့် အိမ်ခြေနှစ်ရာကျော်ခန့်ရှိသောရွာကြီးမှာ သာယာစိုပြည်လျက်ရှိပါ၏။





ထမ်သီရွာနှင့် လယ်ကွင်းတို့ကို ကျော်ဖြတ်ပြီးလျှင် သားကောင်မျိုးစုံ ပေါများလှသော ထမ်သီတောကြီးကို တွေ့ရလေ၏။

ယင်းထမ်သီတောကြီးထဲ၌ ကြံ့၊ ဆင်၊ ပြောင်တို့ကဲ့သို့ သားကောင်ကြီးများ ရှိတတ်သည့်အပြင် ကျား၊ ကျားသစ်၊ ဝက်ဝံတို့လည်းရှိသဖြင့် လွန်စွာအန္တရာယ်ကြီးမားသည့် သဘာဝသစ်တောကြီးဖြစ်ကြောင်း တွေ့ရလေ၏။

ကျွန်ုပ်တို့သည် သုံးရက်ခန့်နေပြီးနောက် ထမ်သီရွာသူကြီးအား ကျွန်ုပ်တို့ယူဆောင်လာသည့် ကျားနက်ရုပ်တုကို ထုတ်ပြခဲ့ပါ၏။

"ဒီကျားနက်ရုပ်တုကို သူ့ရဲ့မူလဇာတိ ဒီဒေသမှာထားခဲ့ချင်ပါတယ်၊ ဘယ်မှာထားသင့်သလဲဆိုတာ အကြံပေးပါခင်ဗျ"

ရွာလူကြီးသည် ကျွန်ုပ်၏တောင်းပန်စကားအဆုံးတွင် ကျားနက်ရုပ်တုကို အံ့သြခြင်းကြီးစွာဖြင့် လှည့်ပတ်ကိုင်တွယ်ကြည့်ပြီးနောက် ကျွန်ုပ်ထံသို့ ပြန်ပေးလေ၏။

"ဒီ ... ဒီရုပ်တုဟာ နတ်ဒေဝါတွေနဲ့ ပတ်သက်လိမ့်မယ်ထင်တယ်၊ ကျုပ်တော့ ဒီရုပ်တုနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မပေးလိုဘူး"

"ကျုပ်တို့ရဲ့ ဒီဒေသတစ်ဝိုက်မှာ ရှေ့မီနေ[illegible] အသိ



www.burmeseclassic.com

www.burmeseclassic.com



ပညာ ဗဟုသုတ အင်မတန်ကြွယ်ဝတဲ့ ဆရာကြီးဦးဥတ္တရဆိုတာ တောင်ပေါ်ဒေသ 'နောက်အော်'ကျေးရွာမှာ နေထိုင်တယ်ဗျ''

''ဆရာကြီးဦးဥတ္တရဆီ ခင်ဗျားတို့လိုက်သွားပြီး မေးမြန်းကြည့်စေချင်တယ်''

ဟု ရွာလူကြီးကပြောပြကာ တောင်ပေါ်ဒေသသို့သွားရာ လမ်းကိုလည်း ညွှန်ပြခဲ့လေ၏။

သို့ဖြင့် ကျွန်ုပ်တို့သည် နောက်တစ်နေ့နံနက်ဝယ် ရွာသူကြီးအားနှုတ်ဆက်ပြီး ထမ်သီရွာ၏ အနောက်ဘက်တောင်ခြေရောက်သည်အထိ နွားလှည်းဖြင့် လာခဲ့ကြကာ တောင်ခြေမှနေ၍ နာဂတောင်တန်းကြီးပေါ်သို့ ခြေလျင်ချီတက်ခဲ့ကြပါ၏။

ကျွန်ုပ်တို့သည် နှစ်ရက်လုံးလုံး တောင်တန်းကြီးပေါ်သို့ တက်ခဲ့ပြီး တတိယနေ့၏နံနက်၌ သစ်ပင်ချုံနွယ်တို့ ထူပြောလှသော လျှိုကြီးတစ်ခုကိုဖြတ်ရာတွင် မန္တလေးရှိ မိတ်ဆွေမုဆိုးကြီးတစ်ဦးထံမှ ငှားရမ်းယူဆောင်လာခဲ့သည့် အမဲပစ်သေနတ်တို့ကို သတိကြီးစွာကိုင်စွဲကာ တောတိုးလာခဲ့ကြရာ ရှေ့ဆီတွင် ငယ်သံပါအောင်အော်လိုက်သော လူတစ်ဦး၏ အော်ဟစ်သံနှင့်အတူ တောကောင်ကြီးတစ်ကောင်၏ မာန်ဖီသံကိုပါ ကြားလိုက်ရတော့၏။





ကျွန်ုပ်တို့လည်း အမဲပစ်ရိုင်ဖယ်တို့ကို မောင်းတင်ကာ ကူညီရန်အလို့ငှာ ပြေးလွှားသွားရာ မြောင်အတွင်းရှိ စမ်းချောင်း၏နံဘေး၌ အသက်ဘေးနှင့်ကြုံတွေ့နေရသည့် လူသားနှစ်ဦးကို တွေ့လိုက်ရလေ၏။

ထိုလူသားနှစ်ဦးမှာ တစ်ဦးက အသက်ကြီးကြီးဖြစ်ပြီး တစ်ဦးမှာ လူငယ်မျှသာ ရှိသေး၏။ သူတို့သည် ရှမ်းဘောင်းဘီအနက်နှင့် ဂျပ်ခုတ်အင်္ကျီများ ဝတ်ဆင်ထားကြပြီး လွယ်အိတ်ဖောင်းဖောင်းကြီးများကို လွယ်ထားကြလေ၏။

သူတို့နှစ်ဦးသည် စမ်းချောင်းနံဘေးရှိ ကျောက်တုံးကြီးတစ်တုံးပေါ် ရောက်ရှိနေကြရာ ဝက်ဝံကြီးတစ်ကောင်က လက်သည်းကြီးများနှင့် ကုတ်ဖဲ့ဆွဲချရန် ကျောက်တုံးကို ပတ်ချာလည်လှည့်ပြီး ပတပ်ရပ်ကြိုးစားလျက်ရှိသဖြင့် လူ့ရင်စို့ခန့်သာမြင့်သည့် ကျောက်တုံးကြီးပေါ်မှ လူသားနှစ်ဦးမှာ အသက်အန္တရာယ်လွန်စွာနီးကပ်လျက်ရှိလေ၏။

ထိုလူနှစ်ဦးအနက် လူငယ်၏လက်ထဲ၌ အမဲလိုက်ဓားမြှောင်ကိုတွေ့ရသော်လည်း ထိုလူငယ်သည် ဓားမြှောင်ကို ကောင်းစွာ အသုံးမချတတ်ဘဲ အကြောက်လွန်လျက်ရှိ[illegible]ကယ်ပါယူပါနှင့် ငယ်သံပါအောင်သာ အော်ဟစ်လျက်ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သင်တုန်းဓားတမျှ မြည့်နေသော လက်သည်းရှည် ကောက်ကောက်ကြီးများနှင့် ကုတ်ဖွဲ့ဆွဲချရန်ကြိုးစားနေသည့် ဝက်ဝံကြီး၏ရန်မှ လွတ်ရန် ထိုသူနှစ်ဦးမှာ ကျောက်တုံးထိပ်၌ ကွေ့ပတ်ရှောင်လျက်ရှိရာ ဝက်ဝံကြီး၏လက်နှင့် မီလုမီခင်ရှိနေပြီး နောက်ထပ်ဝက်ဝံကြီးတစ်ကောင်ကလည်း တစ်ဖက် ဆင်ခြေလျောပေါ်မှ ပြေးဆင်းလာလျက်ရှိရာ ဝက်ဝံနှစ်ကောင် နှစ်ဖက်ညှပ်၍ တိုက်ခိုက်ဆွဲချပါက ရှောင်၍လွတ်တော့မည် မဟုတ်ပေ။

'ဂရား . . ဂရား'

ဟူသော ဝက်ဝံကြီးတို့၏ ကြောက်မက်ဖွယ် မာန်ဖီဟိန်းဟောက်သံကြီးများနှင့်အတူ . . .

''ကယ်ကြပါ . . . ကယ်ကြပါ''

ဟု လူငယ်၏ အော်ဟစ်အကူအညီတောင်းသံတို့ ဆူညံပွက်လောရိုက်လျက်ရှိစဉ် . . .

'ဒိုင်း . . ဒိုင်း'

ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံများ ဆူညံသွားပြီး ဝက်ဝံကြီးနှစ်ကောင်မှာ အထိတ်တလန့်ဖြစ်သွားကာ တိုက်ခိုက်မှုကို ရပ်တန့်လိုက်ကြတော့၏။

'ဒိုင်း . . ဒိုင်း'

ခု နှစ် စဉ် ကြယ် စာ ပေ



နောက်ထပ် သေနတ်ပစ်သံများ ထပ်မံထွက်ပေါ်လာသည်တွင် ဝက်ဝံကြီးနှစ်ကောင်မှာ လန့်ဖျပ်ပြီး တောနက်ထဲသို့ ပြေးဝင်သွားကြတော့၏။

ထိုအခါမှ ဘန့်ဒွေးပင်ကြီး၏ ပင်စည်ကိုကွယ်ကာ ခြောက်လုန့်ပစ်ခတ်နေကြသည့် ကျွန်ုပ်တို့သည် ယမ်းငွေ့ဝေလျက်ရှိသော သေနတ်တို့ကိုဆွဲကိုင်ကာ စမ်းချောင်းနံဘေးသို့ ဆင်းလာခဲ့ကြတော့၏။

ကျောက်တုံးပေါ်မှ လူကြီးနှင့်လူငယ်တို့လည်း မြေပြင်ဆီခုန်ဆင်းလာကြပြီး သူတို့၏အသက်အား ကယ်တင်လိုက်ကြသည့် ကျွန်ုပ်တို့နှစ်ဦးကို ကျေးဇူးတင်စကား အခါခါဆိုတော့၏။

''ကျုပ်ရဲ့နာမည်က ဦးဥတ္တရပါ၊ ဒီတောထဲမှာ ဒီကတပည့် မောင်ကျောက်မီးနဲ့အတူ ဆေးမြစ်ဆေးဥတူးဖို့လာတုန်း ခုလို ဝံရဲ့ရန်နဲ့ ကြုံရတာပါပဲ''

ဆံပင်, မုတ်ဆိတ်မွေးတို့ ဖြူဖွေးလျက်ရှိသည့် ထိုလူကြီးကို ကျွန်ုပ်သည် အံ့အားသင့်စွာငေးကြည့်လိုက်ရင်းမှ . . .

''ဩော် . . . နောက်အော်ရွာက ဦးဥတ္တရလားခင်ဗျ''

ဟု အံ့ဩဝမ်းသာစွာမေးလိုက်ရာ ဦးဥတ္တရက ပြုံးလိုက်ပြီး . . .

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ်၊ ဒီနယ်တစ်ဝိုက်မှာ ဦးဥတ္တရဆိုတာ ကျုပ်တစ်ယောက်ပဲ ရှိတာပါ''

ဟု ပြောလိုက်တော့၏။

''ဟာ . . . အခန့်သင့်လိုက်လေ ဆရာကြီးရယ်၊ ကျွန်တော်တို့ ဆရာကြီးဆီ လာတာပါ''

ကျွန်ုပ်လည်း ထမံသီရွာသူကြီးညွှန်သဖြင့် လာခဲ့ရခြင်းဖြစ်ကြောင်း အတိုချုံးရှင်းပြလိုက်ရာ ဆရာကြီးဦးဥတ္တရက ကျွန်ုပ်တို့အား လိုက်လှဲစွာကြိုဆိုစကားဆိုပြီး 'နောက်အော်'ကျေးရွာသို့ ခေါ်ဆောင်သွားတော့၏။

ကျွန်ုပ်တို့သည် နောက်အော်ကျေးရွာ၏အစွန်မှ တောင်စောင်းတစ်ခု၌ တည်ရှိသော ဦးဥတ္တရ၏ နေအိမ်ပေါ်ရောက်သည်နှင့် ခြေပစ်လက်ပစ် အနားယူလိုက်ကြလေ၏။

ဆရာကြီးဦးဥတ္တရက ခေါပျဉ်ကြော်၊ ဆတ်သားခြောက်ဖုတ်ဆီဆမ်း၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံလေ၏။

ထို့နောက် ကျွန်ုပ်တို့ထုတ်ပြသော ကျားနက်ရုပ်တုလေးကို စေ့စပ်သေချာစွာ စိမ်ပြေနပြေ ကြည့်ရှုလေ့လာလေ၏။

ဒေါက်တာရန်နိုင်စိုးက ယင်းကျားနက်ရုပ်တုလေးကို မည်ကဲ့သို့ရရှိလာပုံနှင့် သူ၏ထူးခြားသောအတွေ့အကြုံတို့ကို





ပြောပြလေ၏။

ယင်းနောက် ဆရာကြီးဦးဥတ္တရက ဤစာအုပ်၏အစ၌ ဖော်ပြခဲ့သည့် နောက်အော်ရွာသားနှစ်ဦး၏ ထူးခြားဆန်းကြယ်သောအဖြစ်အပျက်ကို ပြောပြခဲ့ခြင်းဖြစ်ပါ၏။

''ဒီရုပ်တုလေးရဲ့အောက်မှာ တွေ့ရတဲ့ ရှေးဟောင်းစာသားတွေအရဆိုရင် ကျုပ်အထင်တော့ လွန်ခဲ့တဲ့နှစ်ပေါင်းကိုးရာလောက်က ဒီဒေသအနီး ဥမိတောကြီးရှိရာအရပ်မှာ နေထိုင်ကျက်စားခဲ့ဖူးတဲ့ ဆွေမျိုးအုပ်စုတစ်စုရှိခဲ့ပြီး ရေကြည်ရာမြက်နုရာရှာရင်း ဟိုးအနောက်စူးစူး ဟိမဝန္တာဒေသဘက် ပြောင်းရွှေ့သွားရာက သူတို့ဟာ တစ်နေရာရာမှာ အခြေချပြီး နေထိုင်ပုံရတယ်ဗျ . . .။

ဘာဖြစ်လို့လဲဆိုရင် ကျုပ်တို့ရွာရဲ့အနောက်ဘက် ဥမိတောကြီးထဲမှာ အခုအထိကျန်ရစ်နေတဲ့ ရှေးဟောင်းအဆောက်အအုံအကြွင်းအကျန်အချို့မှာ ဟောဒီရုပ်တုအောက်ခြေက စာသားအက္ခရာမျိုးနဲ့ဆင်ဆင်တွေ တွေ့ရလို့ပဲဗျ . . .။

ကျုပ်ကြားဖူးသလောက် ပြောရရင် သူတို့ဟာ ကျားသတ္တဝါတွေနဲ့ အတော်ရင်းနှီးမှုရှိတယ်၊ ကျားတွေအပေါ် နိုင်နင်းမှုရှိတယ်လို့ ကြားဖူးတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဆရာကြီး ... ဒါဆို ကျွန်တော်တို့ အဲဒီဥမိ တောကြီးထဲသွားပြီး ရှေးဟောင်းအဆောက်အအုံအကြွင်းအကျန် တွေကို လေ့လာပါရစေ"

"ကောင်းပြီလေ၊ ဥမိတောဟာ ရွာနဲ့ သိပ်မဝေးလှပါဘူး၊ ရွာကရွာသားတွေ ထင်းခုတ်, ယုန်ထောင်သွားနေကျ နေရာပါပဲ၊ ဒီနေ့တော့ နားလိုက်ပါဦး၊ ဒီအိမ်မှာပဲ တည်းပါ မနက်ဖြန်တော့ ကျုပ်လိုက်ပို့ပါ့မယ်"

သို့ဖြင့် ထိုညအဖို့ ကျွန်ုပ်တို့သည် ဆရာကြီးဦးဥတ္တရ၏ အိမ်မှာပင် အိပ်စက်လိုက်ကြပြီး ...

နောက်တစ်နေ့နံနက်ဝယ် ကောက်ညှင်းပေါင်း၊ ဆတ်သားခြောက်ဖုတ်နှင့် ရေနွေးကြမ်းတို့ကို သောက်ပြီးနောက် ဦးဥတ္တရက ဦးဆောင်ကာ နောက်အော်ရွာမှ ထွက်ခဲ့ကြပါတော့၏။

ကျွန်ုပ်တို့သည် ရွာ၏အနောက်ဘက်ရှိ ဖုန်းဆိုးမြေကို နှစ်ဖာလုံခန့် ဖြတ်သန်းခဲ့ပြီးနောက် တောစပ်သို့ စတင်ဝင်ရောက်ခဲ့ရာ နေမွန်းတည့်လုလုတွင် တော၏ နက်ရှိုင်းသောအပိုင်းသို့ ရောက်စပြုလာသည်၌ ဆရာကြီးဦးဥတ္တရသည် သစ်ရွက်အချို့ကို ခူးဆွတ်လာလေ၏။

"ကျုပ်တို့ရွာက ရွာသားတွေဟာ ဒီတောထဲ ထင်းခုတ်, ယုန်လိုက်လုပ်တဲ့အခါ ဒီတောရဲ့အတွင်းပိုင်းအထိတော့ လာလေ့ မရှိဘူးဗျ"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"ဒီတောရဲ့အတွင်းပိုင်းကိုရောက်သွားတဲ့ လူအတော်များများဟာ တောမကျွမ်းရင် မျက်စိလည်တတ်တယ်ဗျ၊ သူတို့က တော်ကြာ ကျုပ်ပြောပြခဲ့သလို ဦးလုံးခေါင်တို့, ဦးထန်းဇော်တို့ ကြုံရတဲ့အဖြစ်ဆိုးမျိုး ဖြစ်မှာစိုးပြီး မလာရဲကြတာဗျ"

ကျွန်ုပ်တို့သည် စကားတပြောပြောဖြင့် လာခဲ့ရာမှ ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်စွာပေါက်ရောက်နေသည့်နေရာသို့ ရောက်ရှိသွားတော့၏။

"အဲဒီချုံကြီးတွေရဲ့အောက်မှာ ရှေးခေတ်အုတ်ကျောက်တွေနဲ့ တည်ဆောက်ထားတဲ့ အဆောက်အအုံဟောင်းတွေ ရှိလေရဲ့ဗျာ"

ဟု ဆရာကြီးဦးဥတ္တရကပြောပြီး လက်ထဲမှတောင်ဝှေးကြီးကို ဆကိုင်လျက် ရှေ့မှ ဦးဆောင်ဝင်သွားတော့၏။

"ဒီနေရာမှာ အကောင်ရှည်တွေပေါတယ်ဗျ ... သတိတော့ထား"

ဟုပြောကာ တောင်ဝှေးကြီးဖြင့် ချုံပုတ်တို့ကို ပုတ်ခတ်





ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်ရင်း အဆောက်အအုံဟောင်းထဲသို့ ဝင်ရောက်သွားရာ ကျွန်ုပ်တို့မှာ သတိကြီးစွာထားရင်း နောက်မှလိုက်ပါသွားရတော့၏။

ကျွန်ုပ်တို့သည် ရှေးခေတ်ကျောက်အုတ်တို့ဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အအုံတို့ကို လေ့လာကြည့်ရှုရာ ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံဟောင်းတို့မှာ လေးငါးဆယ်ခုခန့်ရှိပြီး အားလုံးမှာ ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးလွှမ်းခြင်းခံထားရသည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် တစ်နေရာဝယ် ဆူးနွယ်တို့ရစ်ပတ်နေသည့် အုတ်ပုံတစ်ခုကို တွေ့ရသဖြင့် လက်ထဲမှ တောခုတ်ဓားဖြင့် ဆူးနွယ်တို့ကို ခုတ်ဖြတ်ပယ်ရှင်းလိုက်ရာ အတွင်းမှ အုတ်ပုံ၏ ထူးခြားသောသဏ္ဌာန်ကို တွေ့မြင်လာရတော့၏။

''ကိုရန်နိုင်စိုးရေ ဒီမှာကြည့်စမ်းဗျို့ ... ဒါဟာ ကျားတစ်ကောင်ရဲ့ရုပ်တုပုံပဲဗျ''

''ဟုတ်တယ် အာစရိ၊ ဟောဟိုကန်ရံပေါ်မှာလည်း ကျားခေါင်းရုပ်တုတွေဗျ''

ကျွန်ုပ်လည်း ဒေါက်တာရန်နိုင်စိုးညွှန်ပြသည့် အုတ်နံရံကြီးထက်မှ ကျားခေါင်းရုပ်တုများကို မော့ကြည့်လိုက်စဉ် အုတ်နံရံ





အကျိုးအပဲ့ကြားမှ မြွေနှစ်ကောင်, သုံးကောင်ခန့် လူးလွန့်ထွက်လာကြသည်ကို တွေ့ရလေ၏။

ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့သည် နောက်သို့ဆုတ်လိုက်ကာ သစ်ကိုင်းခြောက်၊ အုတ်ခဲကျိုးတို့ဖြင့် ပစ်ခတ်ခြောက်လှန့်ရလေတော့၏။

သို့တိုင် မြွေများမှာ နောက်တွန့်သွားခြင်းမရှိဘဲ ရှေ့သို့ တရွှရွှ အော်မြည်မာန်ဖီရင်း တလွန့်လွန့်ဖြင့် တိုးလာကြလေတော့၏။

သူတို့သည် အုတ်နံရံကြီးကို တွယ်ကပ်ပေါက်ရောက်နေသော နွယ်ပင်တို့ကိုရစ်ပတ်ကာ အောက်သို့ဆင်းလာပြီး ကျွန်ုပ်တို့အား ဒေါသတကြီး ရန်ပြုရန် ကြိုးစားတော့၏။

ထိုအခါ ဆရာကြီးဦးဥတ္တရသည် ကျွန်ုပ်တို့၏ရှေ့သို့ ဖျတ်ခနဲတိုးဝင်လာပြီးလျှင် စလွယ်သိုင်းလွယ်လာသော လွယ်အိတ်ကြီးထဲမှ သစ်ရွက်အချို့ကို ဆွဲထုတ်လိုက်လေ၏။ ထိုအရွက်များမှာ တောလမ်းခရီးအတိုင်း လာကြစဉ် သူခူးဆွတ်လာသော အရွက်များပင်ဖြစ်ပါ၏။

မြွေသုံးကောင်မှာ ရှေးဟောင်းအဆောက်အအုံ၏ ကြမ်းခင်းပေါ်သို့ ရောက်ရှိသွားပြီဖြစ်ရာ တလူးလူးတလွန့်လွန့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားစဖွယ် ကျွန်ုပ်တို့ထံ လာနေကြပြီး တစ်လံသာသာ အကွာခန့်အရောက်တွင် ပါးပျဉ်းကြီးများထောင်လိုက်ကြတော့၏။

'ဖြီး ‥ ဖြီး'

''တောကြီးမြွေဟောက်တွေပဲ''

ကျွန်ုပ်တို့က မြွေကြီးများကို မျက်လုံးပြူးကာ ကြည့်နေကြစဉ် ဆရာကြီးဦးဥတ္တရသည် လက်ထဲမှသစ်ရွက်များကို မြွေဟောက်ကြီးတို့၏ ဦးခေါင်းပေါ်သို့ ကြဲပက်လိုက်တော့၏။

ထောင့်ငါးထောင့်ပါသော သစ်ရွက်စိမ်းစိမ်းတို့ဖြင့် ကြဲအုပ်ခြင်းခံလိုက်ရသည့် မြွေကြီးတို့မှာ ရှေ့သို့ဆက်မတိုးတော့ဘဲ ပါးပျဉ်းများကျသွားကာ တုတ်တုတ်မျှမလှုပ်တော့သည်ကို ထူးဆန်းစွာ တွေ့ရလေ၏။

''အဲဒါ ဘာအရွက်တွေလဲဗျ ဆရာကြီး''

''အဲဒါ မြွေနိုင်ရွက်လို့ခေါ်တယ်ဗျ၊ ဒီနေရာမှာ မြွေဆိုးတွေပေါမှန်းသိလို့ ကျုပ် ဂရုတစိုက်ရှာဖွေပြီးခူးလာတာ''

''မြွေနိုင်ရွက် …ဟုတ်လား ဆရာကြီး''

ဒေါက်တာရန်နိုင်စိုးက စိတ်ဝင်စားခြင်းကြီးစွာ မေးလိုက်လေ၏။

''ဟုတ်တယ် ဆရာလေးရဲ့ …သူ့ကို အင်္ဂလိပ်ဆရာ





တွေကတော့ 'ပဥ္စပတြ' ပင်လို့ ခေါ်ကြတယ်၊ သူ့ရဲ့အရွက်မှာ ထောင့်ငါးထောင့်ရှိပြီး အပင်က ကြောင်ပန်းပင်နဲ့တူတယ် …။

သူ့ရဲ့အပွင့်ကလည်း ထူးခြားတယ်၊ စပြီးပွင့်စမှာ အနီရောင်ပွင့်တယ်၊ နောက် အပွင့်ရင့်လာတဲ့အခါ မရမ်းစေ့ရောင် ပြောင်းသွားတယ်၊ အဲ …နောက်ဆုံးမှာတော့ သပြေရင့်ရောင် ဖြစ်သွားတော့တာပါပဲ …။

အဲဒီအပင်ကို ရွာစည်းရိုးတွေ အိမ်ဝိုင်းခြံစည်းရိုးတွေမှာ ပတ်ချာလည်စိုက်ထားရင် မြွေမလာနိုင်ဘူး၊ သူ့အရွက်နဲ့အုပ်လိုက်ရင်လည်း မြွေတွေဟာ မာန်ကျသွားပြီး တုတ်တုတ်မှ မလှုပ်တော့ဘူး၊ အရွက်ခြောက်သွားမှ သူတို့လမ်းသူတို့သွားတော့တယ်''

ဆရာကြီးဦးဥတ္တရ၏ မြွေနိုင်ရွက်အစွမ်းကြောင့် မြွေဆိုးတို့၏အန္တရာယ်ကို မှုစရာမလိုတော့ဘဲ ရှေးဟောင်းအဆောက်အအုံတို့၏ နံရံအချို့အပေါ်မှ စာသားအက္ခရာတို့ကို လေ့လာကြည့်ရှုကြရာ ကျွန်ုပ်တို့၏ ကျားနက်ရုပ်တုလေးအောက်ခြေရှိ စာသားအက္ခရာတို့နှင့် အတော်ဆင်တူနေသည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိရပါတော့၏။ ဤတွင် ဒေါက်တာရန်နိုင်စိုးမှာ ပိုမိုစိတ်ဓာတ်တက်ကြွပြီးလျှင် …

''ဟုတ်ပြီ … ဒီအတိုင်းဆို ဒီဒေသကပြောင်းရွှေ့သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဥမ်ဆွေမျိုးအုပ်စုရဲ့ အဆက်အနွယ်တွေဆီကနေ ဒီကျားရုပ်တုလေး ရောက်ရှိလာတာ သေချာသွားပြီ ဆရာကြီး၊ ကျွန်တော်တို့ သူတို့ပြောင်းရွှေ့သွားရာ ရေဆုံးရေဖျားလိုက်ကြည့်ချင်တယ်၊ လမ်းညွှန်ပြပါခင်ဗျာ''

ဟု ထပ်ခါတလဲလဲပြောရာ ဆရာကြီးဦးဥတ္တရမှာ သက်ပြင်းကြီးချပြီးနောက် ...

''ထူးခြားဆန်းပြားမှုတွေကို ဆရာလေးတို့က စိတ်ဝင်စားတယ်ဆိုပေမယ့် အန္တရာယ်များလွန်းတဲ့ခရီးမို့ ကျုပ်ကတော့ မသွားစေချင်ဘူး''

ဟု လေးလေးပင်ပင်ကြီးပြောရာ ဒေါက်တာရန်နိုင်စိုးက ပြုံးလိုက်ပြီး ...

''ဒီလောက်ဝေးလံတဲ့ခရီးကို ကျွန်တော်တို့လာခဲ့တာဟာ အဲဒီထူးဆန်းမှုတွေနဲ့ တွေ့ချင်လို့လာခဲ့တာပါပဲ ဆရာကြီး၊ ကျွန်တော်တို့ကို အဲဒီဒေသဆီသွားဖို့ လမ်းသာညွှန်ပြပါခင်ဗျာ''

ဟု ပြောလိုက်ပါတော့သည်။

* * *



## ကျားနက်ရုပ်တုပိုင်ရှင်နှင့်တွေ့ဆုံခြင်း

ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့၏ အတင်းအဓမ္မပူဆာမှုကြောင့် ဆရာကြီးဦးဥတ္တရသည် သူ၏တပည့် ကျောက်မီးနှင့် တိုင်းရင်းသားမုဆိုးတစ်ဦးကို လမ်းပြအဖြစ် ထည့်လိုက်ကာ တောင်ကြားလမ်းများမှ ဖြတ်ကျော်သွားရမည့်ခရီးကို သေချာစွာ ညွှန်ပြလိုက်တော့၏။

ကျွန်ုပ်တို့လည်း လွန်စွာနက်ရှိုင်းလှသည့် သစ်တောကြီးများအတွင်း ဖြတ်သန်းချီတက်ခဲ့ရာ သုံးရက်ခန့် ခရီးနှင်ပြီးနောက်တွင် နှစ်ချို့သစ်ပင်ကြီးများ ဖုံးလွှမ်းနေသည့် တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိသွားတော့၏။

''ကဲ .. ဆရာကြီးတို့ ... ဒီနေရာကနေ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ကို လှည့်ပြန်ခွင့်ပြုပါ၊ ဆရာကြီးဦးဥတ္တရကလည်း ဒီတောင်ကြား လမ်းအထိပဲ လိုက်ပို့ဖို့ မှာလိုက်ပါတယ်ခင်ဗျ''

ဟု မဆိုးမာဒူးကပြောရာ ကျွန်ုပ်တို့လည်း သူတို့ကို ပြန်လွှတ်လိုက်ရလေ၏။

''အင်း . . . ဆရာကြီးဦးဥတ္တရရဲ့ လမ်းညွှန်ချက်အရဆို ရင် ဒီတောင်ကြားလမ်းကဖြတ်ပြီး ခုနစ်ရက်လောက် ခရီးနှင်ရဦး မှာပဲ''

ကျွန်ုပ်တို့၌ 'နောက်အော်' ကျေးရွာမှ ဆရာကြီး ဦးဥတ္တရ ထည့်ပေးလိုက်သည့် ရိက္ခာခြောက်များ အလုံအလောက်ပါသည့် အပြင် အမဲပစ်ရိုင်ဖယ်နှစ်လက်နှင့် ကျည်အလုံအလောက်လည်း ပါလေသည်။ မကြာမီသောကာလဝယ် ကျွန်ုပ်တို့ တွေ့ဖူးချင်နေ သည့် ထူးဆန်းသောအဖြစ်အပျက်တို့ကို တွေ့ရတော့မည်ဟု မျှော်လင့်ရသဖြင့် စိတ်အားလွန်စွာတက်ကြွလျက်ရှိကြတော့၏။

တောနက်ကြီးထဲဘွင် ရာသီဥတု လွန်စွာဆိုးဝါးပြီး မိုး ကြီးလေကြီးတို့ အဆက်မပြတ်ရွာသွန်းခြင်း၊ ဆီးနှင်းတို့ ပိန်းပိန်း ပိတ် ကျရောက်လျက်ရှိခြင်းတို့ကြောင့် ကျွန်ုပ်တို့သည် ရှေ့ ဘယ်ဝယ်ဘယ်ဆီသို့ပင် ရော်ရမ်းမမြင်နိုင်အောင်ရှိတော့၏။

သို့ကြောင့် ပြင်စည်မင်းသားကြီးရေးဖွဲ့သော တောဘွဲ့





ယိုးဒယားထဲမှ 'ရော်ရမ်းမမြင်ပါ . . . မြောင်ဖီလာခြား . . . ကွမ်းရန်သွယ်သွယ် . . . ထွေတယ်မှုန်ဝေ . . . မြူခြေတိမ်စွယ် ကာ . . . ရှစ်ခွင်မင်းလွင်မှုန်ပြာ . . . ပတ်ဝန်းဘယ်ညာ လေပြည် လေညင်းလာ . . .' ဆိုသည့်စာသားထဲကကဲ့သို့ ရှိတော့၏။

ကျွန်ုပ်တို့သည် ရှည်လျားလှသော တောင်ကြားလမ်းကို ကျော်ပြီးသည်နှင့် လွန်စွာမြင့်မားသော တောင်တန်းကြီးတို့ကို စတင်တက်ရတော့၏။ ဆရာကြီးဦးဥတ္တရက တောင်ကြားလမ်းမှ နေ၍ အနောက်စူးစူးသို့သာသွားရန် လမ်းညွှန်ခဲ့သဖြင့် ကျွန်ုပ်တို့ သည် သံလိုက်အိမ်မြှောင်ကိုသုံးကာ အနောက်အစူးစူးအရပ်သို့ ဦးတည်ချီတက်ခဲ့ကြလေ၏။

ကျွန်ုပ်တို့တက်ရောက်ရသော တောင်တန်းကြီးတို့မှာ မြင့်မားသလောက် ချောက်ကမ်းပါးကြီးတို့ကလည်း လွန်စွာ နက် ရှိုင်းလှကာ ချောက်ကြီးများအောက်ဝယ် လွန်စွာရေစီးသန်သော စမ်းချောင်း၊ ရေတံခွန်တို့ ရှိကြလေ၏။

ကျွန်ုပ်တို့သည် မည်သည့်အခက်အခဲကို တွေ့ရသည်ဖြစ် စေ နောက်တွန့်စိတ်ပျက်ခြင်းမရှိဘဲ ရှေ့သို့သာတိုး၍ ချီတက်ခဲ့ရာ တောင်ကြားလမ်းကိုကျော်ဖြတ်ခဲ့ပြီးနောက် သုံးရက်ကြာခဲ့ရသော အခါ အိန္ဒိယလူမျိုးအဘိုးကြီးတစ်ဦးနှင့် တောထဲဝယ် ဆုံတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးကြီးသည်ကား လွန်စွာကြီးမားသည့် ညောင်ပင်ကြီးတစ်ပင်၏အောက်၌ တင်ပျဉ်ခွေထိုင်ပြီး ဆိတ်ငြိမ်စွာ တရားရှုမှတ်လျက်ရှိလေ၏။

သူသည် ကြေးနီရောင်ပိတ်ပိုင်းကိုသာ ခန္ဓာကိုယ် အောက်ပိုင်းတွင် ပတ်လျက်ဝတ်ထားပြီး ခန္ဓာကိုယ်အပေါ်ပိုင်းကို ဗလာကျင်းထားပြီးလျှင် ဦးခေါင်းထက်ဝယ် ဆံပင်နီကြောင်ကြောင်တို့ကို ဖြစ်သလိုထုံးထားလေ၏။

သူ၏ခန္ဓာကိုယ်မှာ လွန်စွာပိန်လှီလှရာ နံရိုးအပြိုင်းပြိုင်းကိုပင် မြင်ရလေ၏။ အသားမှာ မည်းနက်လျက်ရှိပြီး မျက်နှာတွင် ရှည်လျားသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ ရှိကြလေ၏။

သူသည် မလှုပ်မယှက် ဆိတ်ငြိမ်စွာ မျက်လွှာကိုပိတ်ပြီး တရားရှုမှတ်လျက်ရှိရာ ကျွန်ုပ်တို့လည်း သူ၏ရှေ့ မလှမ်းမကမ်းဝယ် အပန်းဖြေသည့်အနေဖြင့် ထိုင်ချလိုက်ကြလေ၏။

ကျွန်ုပ်တို့သည် ဆာဒူးကြီး၏ရှေ့တွင် တိတ်ဆိတ်စွာ ထိုင်ပြီး အပန်းဖြေလျက်ရှိစဉ် အတန်ကြာသည့်၌ ညောင်ပင်ကြီး၏အထက် ခွဆုံဆီမှ ကြီးမားလှသည့်မြွေကြီးတစ်ကောင် တရွေ့ရွေ့ လျှောဆင်း လာသည်ကို တွေ့ရလေ၏။

ထိုမြွေကြီးသည် ဆာဒူးကြီးထိုင်နေရာ အပေါ်တည့်တည့်





မှ ဆင်းသက်လာခြင်းဖြစ်ရာ ကျွန်ုပ်သည် ဆာဒူးကြီးအတွက် လွန်စွာ စိုးရိမ်သွားပြီး အမဲပစ်ရိုင်ဖယ်ကို ကောက်ကိုင်လိုက်လျက် မောင်းတင်ကာ မြွေကြီးကိုချိန်လိုက်လေ၏။

မှဆိုးဒူးထောက်အနေအထားမှ ကျွန်ုပ်သည် မြွေကြီး၏ ဦးခေါင်းပိုင်းကို သေနတ်ဖြင့် ထိုးချိန်ထားစဉ် ဆာဒူးကြီးသည် မှိတ်ထားသောမျက်လုံးတို့ကို ဖျတ်ခနဲဖွင့်လိုက်ပြီး ကျွန်ုပ်အား လက်ဖဝါးကာတားမြစ်လိုက်ကာ ...

"မိတ်ဆွေ ... သူ့ကို ရန်မမူပါနဲ့"

ဟု မြန်မာလို ပီသစွာပြောလိုက်သဖြင့် ကျွန်ုပ်မှာ အတန်ငယ် အံ့အားသင့်သွားရလေ၏။

ထိုစဉ် မြွေကြီးသည် ဆက်လက်လျှောဆင်းလာပြီး ဆာဒူးကြီး၏ကိုယ်ကို တရွေ့ရွေ့ရစ်ပတ်လျက်ရှိရာမှ မြေပြင်ပေါ်သို့ သူ၏တစ်ကိုယ်လုံးရောက်ရှိသွားပြီးနောက် ညောင်ပင်ကြီးနောက်မှချုံကြီးထဲသို့ လျှောတိုက်ဝင်ရောက်ပျောက်ကွယ်သွားပါတော့၏။

ထိုအခါမှ ဆာဒူးကြီးသည် ကျွန်ုပ်တို့အား စူးစိုက်ကြည့်လိုက်ပြီးနောက် ...

"ဝေးလံလှတဲ့ခရီးကို သင်တို့ဖြတ်သန်းလာခဲ့တဲ့ ရည်ရွယ်ချက်က ဘာပါလဲ မိတ်ဆွေတို့"

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု အိန္ဒိယတိုင်းရင်းသားအသံဝဲသော မြန်မာစကားဖြင့် စကားတစ်လုံးချင်း မေးလိုက်လေ၏။

"ကျွန်တော်တို့ အနောက်ဥမ်ဆွေမျိုးစုတွေကို တွေ့ဆုံချင်လို့ လာခဲ့ကြတာပါ ဖကီး၊ သူတို့ရှိရာကိုသိရင် လမ်းညွှန်ပေးပါခင်ဗျာ"

ဟု ကျွန်ုပ်က ချိုသာစွာပြောလိုက်ရာ ဆာဒူးကြီးသည် ကျွန်ုပ်၏ မျက်လုံးများကို စူးစိုက်ကြည့်လိုက်ပြီး မေးတော့၏။

"ဘာလဲ . . . တောရိုင်းကောင်လို အစွယ်ထက်တယ်လို့ သူတို့ကိုယ်သူတို့ ယူဆနေကြသူတွေလား"

"ဟုတ်ပါတယ် ဖကီး၊ အရှေ့ဘက်ဒေသက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ပြောင်းရွှေ့အခြေချလာကြသူတွေပါ"

ဆာဒူးကြီးသည် အတန်ကြာဆိတ်ငြိမ်နေပြီးနောက် စကားတစ်လုံးချင်း ပြောလာပြန်၏။

"သူတို့ကို ဒီဒေသမှာတော့ မနုဿဗျဂ္ဃနွယ်တွေလို့ ခေါ်ကြတယ်၊ သူတို့ဟာ မြောက်ဘက်ပိုင်းက ကျောက်တောင်နဲ့ ရေအိုင်တွေထူပြောရာအရပ်ဒေသမှာ နေကြတယ် . . .။

သင်တို့ပြောတဲ့စကားမျိုးကိုပဲ ပြောတယ်၊ ဒါပေမဲ့ သူတို့ဟာ ညီညွတ်တဲ့အုပ်စုတော့မဟုတ်ဘူး၊ အုပ်စုနှစ်စု ကွဲနေကြ





တယ်၊ သူတို့ အုပ်စုချင်း မကြာခဏတိုက်ခိုက်ကြတယ်၊ တစ်အုပ်စုနဲ့ တစ်အုပ်စုဟာ ကမ္ဘာ့ရန်ပဲ၊ ဒါပေမဲ့ တစ်ဦးကိုတစ်ဦး အပြီးတိုင် မချေမှုန်းနိုင်ကြဘူး . . .။

သမန်းနက်အုပ်စုနဲ့ သမန်းဖြူအုပ်စုဆိုပြီး ဆွေမျိုးအုပ်စုကြီး နှစ်စုကွဲနေတယ်၊ သင်တို့က ဘယ်ဆွေမျိုးအုပ်စုဆီ သွားလိုတာလဲ . . . ဘာကိစ္စရှိလို့လဲ"

ဟု မေးမြန်းလိုက်ရာ ကျွန်ုပ်က ကျားနက်ရုပ်တုလေးကို ထုတ်ပြလိုက်ပြီး . . .

"ဟောဒီကျားနက်ရုပ်တုလေးကို သူ့ရဲ့မူလဇစ်ဖ ဇာတိနေရပ်မှာ ပြန်ထားချင်လို့ လာခဲ့ကြတာပါ၊ ဒါကြောင့် ဒီကျားရုပ်တုလေးကို ပိုင်ဆိုင်သင့်တဲ့ သမန်းနက်တွေကို တွေ့ဆုံသင့်တယ်လို့ ထင်တာပါပဲ"

ဟု ပြောလိုက်ရတော့၏။

ဆာဒူးကြီးသည် ကျွန်ုပ်၏လက်ထဲမှ ကျားနက်ရုပ်တုလေးကိုတောင်းယူကာ အတန်ကြာ စေ့စပ်စွာ လှေ့လာကြည့်ရှုပြီးနောက် ရုပ်တုကိုပြန်ပေးကာ . . .

"သင်တို့ . . . အဲဒီဆွေမျိုးအုပ်စုတွေရှိရာ မသွားမီ ကျွန်ုပ်နဲ့ ခေတ္တလိုက်ခဲ့ပါဦး၊ ကျွန်ုပ် သင်တို့ကို ပြစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ထိုင်ရာမှထပြီး လှိုဏ်ခုထဲသို့ ဆင်းသက်သွားရာ ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်ကျန်ရစ်ခဲ့ကြရာမှ ကပျာကသီထပြီး ဆာဒူးကြီး၏နောက်သို့ လိုက်ပါသွားရတော့၏။

ဆာဒူးကြီးသည်ကား ကျွန်ုပ်တို့ကို လှည့်လည်းမကြည့်၊ စကားလည်း တစ်ခွန်းမျှမဆိုတော့ဘဲ ရှေ့မှသာ လျှောက်သွားလျက်ရှိရာ ကျွန်ုပ်တို့လည်း ဘာများပြစရာရှိလို့ပါလိမ့်ဟု သိချင်ဇောဖြင့် တိတ်ဆိတ်စွာ လိုက်ပါသွားရတော့၏။

သို့ဖြင့် ကျွန်ုပ်တို့သည် လှိုဏ်၏အောက်ခြေသို့ရောက်ရှိလာရာမှ ဆင်ခြေလျှောတစ်ခုကို တက်ရန်ပြင်လိုက်စဉ် ...

'ဝူး ..ဝူး'

ဟူသော ကမ္ဘာတုန်ဟည်းမတတ် အော်မြည်ဟစ်ကြွေးသံကြီးတို့နှင့်အတူ အစွယ်ဖွေးဖွေးတို့နှင့် တောဆင်ရိုင်းကြီးဆယ်ကောင်ခန့်သည် လှိုဏ်အတိုင်း ကျွန်ုပ်တို့ရှိရာဆီသို့ ပြေးလာလျက်ရှိတော့၏။

ကျွန်ုပ်တို့မှာ ဆင်အုပ် ရုတ်တရက်ရောက်ရှိလာခြင်းကြောင့် ဆင်ခြေလျှောကုန်းမြင့်ပေါ် တက်ပြေး၍လည်း လွတ်ဖွယ်မမြင်။ အနီးရှိသစ်ပင်ကြီးများပေါ်သို့ တက်ပြေးရန်လည်း အချိန်





မရတော့သဖြင့် လက်ထဲရှိ အမဲပစ်သေနတ်တို့ဖြင့်ပစ်ကာသာ ဆင်ရိုင်းတို့၏အန္တရာယ်ကို ခုခံကာကွယ်ရတော့မည်ဖြစ်ပေ၏။ သို့တိုင် ဆင်ရိုင်းအုပ်တစ်ခုလုံးကို ကျွန်ုပ်တို့ သေနတ်နှစ်လက်က လုံလောက်စွာ ကာကွယ်နိုင်မည်မဟုတ်ရာ ကျွန်ုပ်တို့မှာ ဆင်နင်းခံရပြီး သေဖွယ်ရာသာရှိပေတော့၏။

ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့သည်လည်း ဖြစ်လိုရာဖြစ်စေတော့ဟု မထူးဇာတ်ခင်းကာ အမဲပစ်သေနတ်တို့နှင့် ဆင်အုပ်ကြီးကို ထိုးချိန်လိုက်ရတော့၏။

သို့သော် ဆာဒူးကြီးသည် ကျွန်ုပ်တို့၏ရှေ့မှ ရုတ်တရက်ကာဆီးလိုက်ပြီး ဆင်အုပ်ကို မျက်နှာချင်းဆိုင် ရင်ဆိုင်လိုက်ကာ လက်ပြတားလိုက်လျက်မှ ကျွန်ုပ်တို့နားမလည်သည့် မန္တာန်တစ်ခုကို ရွတ်ဆိုလိုက်တော့၏။

ထိုရောအခါ ကျွန်ုပ်တို့ကိုတိုက်ခိုက်ရန်မူရန် ပြေးလာသော ဆင်အုပ်ကြီးမှာ ရပ်တန့်သွားကြပြီး နံဘေးဘက်သို့ ဖွဲဆင်းလျက် လှိုဏ်၏တစ်ဖက်သို့ ထွက်ခွာသွားကြတော့၏။

ထိုအခါမှ ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ သက်ပြင်းမောချလိုက်ပြီး ဆာဒူးကြီးအား ကျေးဇူးတင်စကားဆိုရန် ကြည့်လိုက်ကြရာ ဆာဒူးကြီးမှာ ကျွန်ုပ်တို့ကို လှည့်ကြည့်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ဆင်ခြေလျောကုန်းမြင့်ပေါ်သို့ တက်သွားသဖြင့် ကျွန်ုပ်တို့လည်း ကျေးဇူးတင်စကား မဆိုသာဘဲ နောက်မှ ခပ်သုတ်သုတ်လိုက်တက်ရလေတော့၏။

သို့ဖြင့် ကျွန်ုပ်တို့သည် ကျောက်တောင်ကြီးတစ်တောင်၏တောင်ခြေသို့ ရောက်ရှိသွားပြီး ဆာဒူးကြီးသည် ကျောက်တောင်ကြီးကို ပတ်သွားရာမှ ဂူဝတစ်ခုကိုတွေ့ရာ ယင်းဂူထဲသို့ ဝင်ရောက်သွားတော့၏။

ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့လည်း တစ်ဦးကိုတစ်ဦးကြည့်လိုက်ကြပြီး ပခုံးလွန့်လိုက်ကြကာ ကျောက်ဂူထဲသို့ လိုက်ဝင်ခဲ့ကြတော့၏။

ကျောက်တောင်ကြီးမှာ ကျောက်သလင်းတောင်ကြီးဖြစ်ပြီး ဂူ၏အထက်နံရံတို့ဝယ် အပေါက်များဖြစ်ပေါ်လျက် သဘာဝအလင်းရောင်တို့ ဝင်ရောက်လျက်ရှိရာ ဂူကြီး၏အတွင်းပိုင်းမှာ ဆီမီးထွန်းညှိစရာမလိုဘဲ လင်းကျင်းလျက်ရှိတော့၏။

ကျောက်လိုဏ်ဂူကြီးအတွင်း၌ သလင်းကျောက်ဖြင့် ထုဆစ်ထားသည့် မဟာသီဝရုပ်တုကြီးရှိနေပြီး ယင်းရုပ်တုကြီး၏ရှေ့ဝယ် ဟိန္ဒူယောဂီကြီးအချို့ တိတ်ဆိတ်စွာထိုင်နေကြသည်ကိုတွေ့ရလေ၏။





ကျွန်ုပ်တို့အား ခေါ်ဆောင်လာသည့် ဆာဒူးကြီးမှာ ကျောက်လိုဏ်ဂူကြီး၏ အတွင်းဘက်သို့ဝင်ရောက်ရသော လိုဏ်လမ်းအတိုင်း ခေါ်သွားရာ ကိုက်ငါးဆယ်ခန့်ရှည်လျားသည့် လိုဏ်လမ်းအဆုံးဝယ် အတန်ငယ်ကျယ်ဝန်းသည့် ကျောက်လိုဏ်ဂူတစ်ခုကို တွေ့ရလေ၏။

ယင်းကျောက်လိုဏ်ဂူ၏အလယ်တွင် ကျောက်ဖျာတစ်ချပ် ရှိပြီး ကျောက်ဖျာပေါ်၌ လူ့အရိုးစုတစ်ခုကို ပက်လက်အနေအထားဖြင့် တွေ့ရရာ ကျွန်ုပ်တို့မှာ အံ့သြသွားရတော့၏။

ယင်းအရိုးစုတည်ရှိရာ ကျောက်ဖျာ၏နံဘေးမှ ကျောက်သားပြင်ပေါ်တွင် အက္ခရာအချို့ ရေးထွင်းထားရာ ယင်းအက္ခရာတို့မှာ ကျွန်ုပ်တို့၏လက်ဝယ်ရှိသော ကျားနက်ရုပ်တုလေး၏အောက်ခြေမှ ရှေးဟောင်းအက္ခရာတို့နှင့် တစ်ထပ်တည်းတူလေ၏။

''သူဟာ သင်တို့ရဲ့လက်ထဲက ကျားနက်ရုပ်တုလေးရဲ့ ပိုင်ရှင်ပဲ''

ဟု ဆာဒူးကြီးက တည်ငြိမ်စွာပြောလိုက်ရာ ကျွန်ုပ်တို့မှာ လွန်စွာအံ့သြသွားကြရာမှ မယုံနိုင်အောင်လည်း ဖြစ်သွားရလေ၏။

''ဘယ်လို ... ဘယ်လို ... ဖကီးကြီးရဲ့ ကျွန်ုပ်တော်တို့

www.burmeseclassic.com



နားမရှင်းလို့ သေချာရှင်းပြပါဦး''

ဟု ကျွန်ုပ်က တောင်းပန်လိုက်ရာ ဆားဒူးကြီးက ကျွန်ုပ်၏မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး လေအေးအေးဖြင့် ရှင်းပြလေ၏။

''တစ်ခါတုန်းက လူသားတစ်ဦးဟာ ဒဏ်ရာဒဏ်ချက်များစွာနဲ့ ဒီလိုဏ်ဂူကြီးဆီပြေးလွှားရင်း ရောက်လာခဲ့တယ်၊ သူဟာ လိုဏ်ရဲ့အဝမှာ လဲကျသွားခဲ့တယ် ...။

ဒါနဲ့ ကျွန်ုပ်တို့လည်း သူ့ကိုပွေ့မပြီး လိုဏ်ဂူထဲသွင်းခဲ့ရာက ဆေးဝါးကုသမှုပြုလုပ်ပေးခဲ့ပေမယ့် သူ့ရဲ့ဒဏ်ရာတွေ ပြင်းထန်လွန်းလို့ သက်သာခြင်းအပ်မရှိဘူး၊ သူ့ရဲ့ဇာတာကို တွက်စစ်ကြည့်တော့လည်း မကြာခင် အသက်သေဆုံးရတော့မှာ သေချာနေခဲ့တယ် ...။

သူဟာ ကောင်းစွာသတိရလာပြီးနောက် သူ့ရဲ့အခြေအနေကို သူသိသွားပြီး ယောဂီကြီးတစ်ဦးကို ကျားနက်ရုပ်တုလေး တစ်ခု ထုဆစ်ပေးဖို့ တောင်းပန်ခဲ့တယ်၊ အဲဒီမှာ ကျုပ်တို့ထဲက ယောဂီကြီးက မဟူရာကျောက်နက်တစ်မျိုးကိုရှာပြီး သေတော့မယ့် သူ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ကျားရုပ်တုတစ်ခု ထုဆစ်ပေးခဲ့တယ် ...။





ကျားရုပ်တု ထုပြီးတဲ့နောက် ကျားရုပ်တုရဲ့အောက်ခြေမှာ သူကိုယ်တိုင် အက္ခရာတချို့ကို ရေးထွင်းခဲ့တယ်၊ ပြီးတော့ သူ နောက်ဆုံးအသက်ထွက်ခါနီး လဲလျောင်းရမယ့် ဟောဒီကျောက်ဖျာရဲ့နံဘေးမှာလည်း သူကိုယ်တိုင် အက္ခရာတွေ ရေးထွင်းခဲ့တယ်၊ သူဟာ ဖွဲ့အတော်ကြီးသူပါပဲ ...။

သူလုပ်စရာရှိတာတွေ လုပ်ပြီးတဲ့နောက် သူဟာ စိတ်လျှော့လိုက်လို့ ဘုံးဘုံးလဲသွားရတယ် ...။

ကျွန်ုပ်တို့က သူ့ကို ဒီကျောက်ဖျာပေါ်တင်ပြီး အသက်ထွက်တာကို စောင့်ကြည့်ခဲ့တယ် ...။

သူက မသေဆုံးမီ သူ့ရဲ့ ကျားနက်ရုပ်တုကို သူ့ရဲ့မျိုးနွယ်တွေရှိရာဆီ ပို့ပေးဖို့ အတန်တန်မှာခဲ့တယ် ...။

ပြီးတော့ သူသေဆုံးသွားခဲ့တယ်၊ သူက မသေဆုံးမီမှာ သူသေဆုံးခဲ့ရင် သူ့ရဲ့အလောင်းကို အုတ်ဂူသွင်းခြင်း၊ မီးရှို့ခြင်း မပြုလုပ်ဘဲ ကျောက်ဖျာပေါ်မှာ ဒီအတိုင်းထားပါလို့ တောင်းပန်သွားရှာလို့ သေသူရဲ့ဆန္ဒကို မငြင်းပယ်လိုတာနဲ့ သူ့ရဲ့ရုပ်အလောင်းကို ဒီအတိုင်းထားခဲ့ကြတာပါပဲ ...။

နောက်တော့ သူ့ရဲ့ကျားနက်ရုပ်တုလေးကို သူ့ရဲ့ဆွေမျိုးတို့ရှိရာ ပို့ပေးဖို့စီစဉ်ခဲ့ကြတယ်၊ အဲဒီအချိန်မှာ ဟိမဝန္တာတော



www.burmeseclassic.com

www.burmeseclassic.com



နက်ထဲက 'နဝတတ္တကုဋ္ဌာလ' ရေအိုင်အနီးက 'ဝေဓာယန်' ကျောက်ဂူကြီးမှာ ဆရာသခင်တို့ရဲ့ အစည်းအဝေးရှိလို့ ကျွန်ုပ်တို့ရဲ့ ဂူလိုဏ်ကြီးက ယောဂီအားလုံးဟာ ဟိမဝန္တာဆရာသခင်တို့ ဖိတ်ခေါ်ရာဆီ ခရီးထွက်ကြရတယ် ...။

ဒါကြောင့် ကျွန်ုပ်တို့ကိုယ်တိုင် ကျားနက်ရုပ်တုကို သူရဲ့ ဆွေမျိုးတို့ရှိရာ မနုဿဗျူဂ္ဂတောင်ဆီ မပို့နိုင်ဘဲ ကျွန်ုပ်တို့ရဲ့ တပည့်တစ်ဦးဖြစ်သူ ယောဂီငယ်တစ်ဦးကို ပို့ခိုင်းလိုက်တယ် ..။

ဒါပေမဲ့ အဲဒီယောဂီငယ်ဟာ သီလသမာဓိ မပြည့်စုံသေးတာမို့ အန္တရာယ်အသွယ်သွယ်ကို ဖြတ်ကျော်နိုင်စွမ်းမရှိဘဲ သဲချောင်းတစ်ခုကိုဖြတ်ကုန်း တောင်ကျရေတွေ ဝါးလုံးထိုးကျလာပြီး ရေစီးနဲ့မျောပါလို့ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့ရတယ်။

ဒါတွေဟာလည်း ကျွန်ုပ်တို့ ဟိမဝန္တာဆရာသခင်တွေဆီက ပြန်လာမှ ယောဂီငယ်ရဲ့အဖော်ကပြောပြလို့ သိခဲ့ရခြင်းဖြစ်တယ်၊ အဲဒီကတည်းက ကျွန်ုပ်တို့ရဲ့တပည့် ယောဂီငယ်ရော, အဲဒီကျားနက်ရုပ်တုလေးပါ ပျောက်ဆုံးသွားခဲ့တာ ခုမှ ကျားနက်ရုပ်တုလေးကို ပြန်တွေ့ရတာပါပဲ''

ကျွန်ုပ်သည် ဆာဒူးကြီး၏စကားကို နားထောင်ရင်းမှ စိတ်ဝယ် ဘဝင်မကျဖြစ်လာကာ ...





''နေပါဦး ဖကီးကြီးရဲ့ ... ဖကီးကြီးပြောတဲ့ ဒီအရိုးစုပိုင်ရှင်လူသား ဒီလိုဏ်ဂူကြီးဆီရောက်လာတာဟာ ဘယ်တုန်းကလဲ၊ နှစ် ဘယ်လောက်ကြာခဲ့ပြီလဲ''

ဟု မေးလိုက်ရာ ဆာဒူးကြီးက ကျွန်ုပ်၏မျက်နှာကိုစိုက်ကြည့်ရင်း အေးဆေးစွာပြောလိုက်လေ၏။

''လွန်ခဲ့တဲ့ နှစ်ပေါင်းခုနှစ်ရာလောက်ကပါ''

''ဗျာ ... နှစ်ပေါင်းခုနှစ်ရာက ... ဟုတ်လား၊ ဒါ ... ဒါဆို ဖကီးကြီးရဲ့အသက်က အနှစ်ခုနစ်ရာကျော်နေပြီပေါ့၊ ဒီလိုပြောချင်တာလား''

ကျွန်ုပ်၏ မယုံသင်္ကာသလို မေးလိုက်သောမေးခွန်းကို ဆာဒူးကြီးသည် ဖြေကြားခြင်းမပြုဘဲ ကျွန်ုပ်၏မျက်လုံးတို့ကို ရူးစိုက်ကြည့်ရင်းမှ ...

''လူတွေဟာ ကိုယ့်အလုပ်ကိုယ်လုပ်တာပဲ ကောင်းပါတယ်လေ၊ ကျွန်ုပ်အနေနဲ့ သင်တို့ရဲ့လက်ထဲမှာ ကျားနက်ရုပ်တုလေး တွေ့ရှိလို့ ပြောသင့်တာကို ခုလိုခေါ်ပြောပြီး ပြသင့်တာကို ပြတာပါပဲ၊ ယုံတာ,မယုံတာ လက်ခံတာ,လက်မခံတာက သင်တို့ရဲ့အလုပ်ပါပဲ''

ဟု ပြောလိုက်ပြီးနောက် သူနောက်သို့လိုက်ရန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ကာ လိုဏ်ဂူငယ်ထဲမှ ထွက်ခွာသွားသဖြင့် ကျွန်ုပ်တို့မှာ လိုက်ပါသွားရတော့၏။

ကျွန်ုပ်တို့သည် မူလလိုဏ်ဂူကြီးကို ဖြတ်သန်းခဲ့ပြီးနောက် ကျောက်တောင်ကြီး၏အပြင်ဘက်သို့ ပြန်လည်ရောက်ရှိသွားတော့၏။ ဆာဒူးကြီးသည် မြောက်ဘက်စူးစူးအရပ်ဆီ လက်ညှိုးညွှန်ပြလိုက်ပြီးလျှင် ...

''ဒီမြောက်စူးစူးအရပ်ကို သင်တို့သွားရင် သမန်းဖြူ့ သမန်းနက်တို့ရှိရာ မနုဿဗျူဟကျောက်တောင်တွေဆီ ရောက်ရှိပါလိမ့်မယ်၊ သင်တို့ ကံကောင်းပါစေ''

ဟု ဆာဒူးကြီးသည် လမ်းညွှန်ပြောကြားကာ ဆုတောင်းစကားဆိုပြီးလျှင် ကျောက်ဂူထဲသို့ ပြန်ဝင်သွားတော့၏။

ကျွန်ုပ်တို့လည်း ကျောက်ဂူဝဝယ် ငူငူကြီးရပ်နေရင်း ကြောင်စီစီဖြစ်ကျန်ရစ်ခဲ့ရာမှ ...

''ကဲ ကိုရန်နိုင်စိုးရေ ... ကျုပ်တို့တော့ ဖကီးကြီးပြောသလိုပဲ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ရုံ ရှိတော့တာပေါ့''

ဟုပြောလိုက်ကာ မြောက်ဘက်အရပ်သို့ ဦးတည်လျက် ဆက်လက်ခရီးထွက်ခဲ့ရပါတော့သတည်း။

* * *



မရဏာခံတွင်းဝသို့

ကျွန်ုပ်တို့သည် ဆာဒူးကြီးတို့၏ကျောက်ဂူမှ မြောက်ဘက်အရပ်သို့ တောတောင်လျှိုမြောင်တို့ကို ကျော်ဖြတ်ကာ ခရီးထွက်ခဲ့ရာ နက်ရှိုင်းလှသောတောကြီးကို ဖြတ်လာပြီးနောက် ရေအိုင်ကြီးတစ်အိုင်အနီးသို့ ရောက်ရှိလာကြတော့၏။

အချိန်မှာလည်း ညနေဆည်းဆာသို့ ရောက်လုပြီဖြစ်သဖြင့် ယင်းရေအိုင်ကြီးအနီးမှာပင် စခန်းချညအိပ်ရန် ဆုံးဖြတ်ပြီး ရှက်ဖျင်တဲငယ်ကိုထိုးလျက် မီးဖိုတစ်ဖို ဖိုလိုက်ကြတော့၏။

ကျွန်ုပ်တို့သည် မီးဖိုဝယ် ရေနွေးအိုးကျိုခြင်း၊ ထမင်းချက်ခြင်း၊ အသားခြောက်တို့ကိုကင်ခြင်း ပြုလုပ်ကြပြီးနောက် အမှောင်ရိပ်သန်းစပြုချိန်ဝယ် ညစာကို စားသောက်ကြလေ၏။

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ညစာစားပြီးနောက် ရွက်ဖျင်တဲထဲ ဝင်ရောက်အိပ်စက်ခြင်း မပြုသေးဘဲ မီးဖိုနံဘေးမှာပင် မီးလှုံနေခဲ့ကြလေ၏။ တောကြီးရိပ်မြိုင်အတွင်းမှ ညသို့ရောက်သောအခါ ရာသီဥတုက အေးစိမ့်လာပြီးလျှင် တောတောင်အတွင်းမှ ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံတစီစီကို နေရာအနှံ့မှ ကြားနေရလေ၏။

ကျွန်ုပ်သည် သေနတ်ပြောင်းတို့ကိုဖြုတ်ကာ တိုက်ချွတ်ခြင်းပြုနေပြီး ဒေါက်တာရန်နိုင်စိုးကမူ ဂျွန်ပလေးယား မုတ်ဆိတ်စီးကရက်ကို ဖွာရှိုက်ကာ ဇိမ်ယူလျက်ရှိတော့၏။

သို့ဖြင့် ညဉ့်အတော်နက်စပြုလာချိန်ဝယ် အဝေးဆီမှ တောခွေးအူသံရှည်များ ထွက်ပေါ်လာပြီးနောက်တွင် ကျားဟိန်းသံတို့ပါ ဆက်တိုက်ကြားလာရတော့၏။

ဝေါင်းခနဲ ဝေါင်းခနဲ ဟိန်းလိုက်သော ကျားဟိန်းသံတို့မှာ တစ်တောတစ်တောင်လုံးသို့ လွှမ်းလာပြီးလျှင် ကျွန်ုပ်တို့ရှိရာ ရေအိုင်အနီးသို့ တဖြည်းဖြည်းနီးကပ်လာရာ ကျွန်ုပ်ရော၊ ဒေါက်တာရန်နိုင်စိုးပါ စိုးထိတ်စွာ ခေါင်းထောင်ကြည့်လိုက်ကြကာ လက်ထဲမှ သေနတ်တို့ကို မောင်းတင်လိုက်ကြလေတော့၏။

"ဆရာအဂ္ဂ ... ကျားဟိန်းသံတွေ ဆူညံလှချည်လားဗျ၊ ဒါ ကျားတစ်ကောင်တည်းရဲ့ အသံမဟုတ်ဘူး၊ ကျားအကောင်အတော်များများ ကျွန်တော်တို့ကို ဝိုင်းလာပြီထင်တယ်၊ သတိအတော်ထားမှ ဖြစ်မယ်"

ဒေါက်တာရန်နိုင်စိုးက စိုးရိမ်တကြီးသတိပေးရင်း မီးဖိုကိုကျောပေးရပ်လိုက်ကာ နေရာအနှံ့သို့ သတိကြီးစွာထားလျက် သေနတ်ကို ဟိုချိန်သည်ချိန်လုပ်လျက် ရှိလေ၏။

ကျွန်ုပ်သည်လည်း မီးဖိုကိုကျောပေးလိုက်ပြီး သေနတ်ဖြင့် အမှောင်ထုအတွင်းသို့ ချိန်လျက်ရှိစဉ် ကျားဟိန်းသံများ ရုတ်တရက်ပျောက်သွားပြီး မြွေဝပ်ငှက်တို့ ဝေါခနဲဝေါခနဲ ထပျံသံကို ကြားလိုက်ရလေ၏။

ယင်းနောက် တောတောင်တစ်ခုလုံး ရုတ်ခြည်းငြိမ်ကျသွားရာ ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲအော်သံတို့ကိုပင် မကြားရချေ။ ထို့နောက် မကြာမီမှာပင် တောတိုးသံတို့ကို ကြား လိုက်ရပြီး အိုင်ကြီး၏နံဘေးမှ ဝါးနှစ်ရိက်ခန့်အကွာရှိ ချုံနွယ်တို့ လှုပ်ရှားသွားကာ ချုံတို့နောက်ကွယ်မှ လူရိုင်းမည်းမည်းတို့ ထွက်လာကြတော့၏။

လူရိုင်းတို့သည်ကား ဓား၊ လှံ၊ လေး၊ မြား လက်နက်တို့ ဖွဲ့ကိုင်ထားကြပြီး သူတို့၏အသားရောင်သည် မည်းနက်ကာ







www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသည့် အဝတ်အစားတို့မှာ ရှေးပျူခေတ်မှ စစ်သည်တို့၏ အဝတ်အစားတို့ဖြစ်ကြောင်း ကျွန်ုပ် သတိပြုမိလေ၏။

သူတို့သည် လူဦးရေအားဖြင့် နှစ်ဆယ်အစိတ်ခန့်ဖြစ်ကာ ရန်လိုသောမျက်နှာများဖြင့် ကျွန်ုပ်တို့ကို ဝိုင်းလာကြတော့၏။

ကျွန်ုပ်တို့၏လက်ထဲတွင် သေနတ်တို့ရှိသော်လည်း သူတို့က လေးမြားတို့နှင့်ချိန်ရွယ်ထားသဖြင့် သူတို့ကို ခုခံပစ်ခတ်ပါက အင်အားချင်းမမျှသဖြင့် ကျွန်ုပ်တို့ပင် ရှုံးနိမ့်မည်ဖြစ်ကြောင်း သိပါ၏။ သို့ကြောင့် ဤသူတို့၏ရန်မှလွတ်ရန် နည်းလမ်းကို ကျွန်ုပ် လျင်မြန်စွာစဉ်းစားရတော့၏။

ဤတွင် ကျွန်ုပ်သည် ပထမ ကျားဟိန်းသံများ ကြားရပြီးမှ ထိုလူမည်းစစ်သည်များရောက်ရှိလာခြင်းကို သတိပြုမိပြီး

''သူတို့ဟာ သမန်းနက်မျိုးနွယ်တွေပဲ ဖြစ်ရမယ်၊ ဒါဆို ကျားနက်ရုပ်လေးကို ထုတ်ပြလိုက်ရင်တော့ သူတို့အကျိုးဆောင်ဖို့ လာသူတွေဖြစ်ကြောင်း သိသွားပြီး ငါတို့ကို သတ်မှာမဟုတ်ဘူး''

ဟု ကျွန်ုပ်သည် တွေးမိလိုက်ပြီးလျှင် ဒေါက်တာရန်နိုင်စိုး ဘက်သို့ ခပ်တိုးတိုးလှည့်ပြောလိုက်ရလေ၏။

''ကိုရန်နိုင်စိုးရေ ... သူတို့ကို ယှဉ်ပြိုင်တိုက်ခိုက်လို့ မဖြစ်နိုင်မယ့်အတူတူ လက်နက်ချလိုက်ပြီး ကျုပ်တို့ရဲ့ ကျားနက်





ရုပ်တုလေး ပြလို့ စည်းရုံးလိုက်ရအောင်''

ကျွန်ုပ်၏စကားကို ဒေါက်တာရန်နိုင်စိုးက သဘောတူကာ ခေါင်းညိတ်လိုက်ပြီး သူ၏လက်ထဲမှသေနတ်ကို ဦးစွာ အောက်သို့ချလိုက်တော့၏။ ကျွန်ုပ်သည်လည်း သေနတ်ကို မြေပြင်ပေါ်သို့ ပစ်ချလိုက်ရာ လူမည်းမည်းတို့မှာ ရှေ့သို့ တစ်လှမ်းချင်း လှမ်းလာတော့၏။

မီးဖိုမှမီးရောင်သည် ထိုသူတို့မျက်နှာကို ဟပ်လျက်ရှိရာ သူတို့၏မျက်လုံးများမှာ ဒေါသဖြင့် ရဲရဲနီဖွေးလျက်ရှိကြောင်း တွေ့ရလေ၏။ သူတို့၏အသားသည် မည်းနက်လျက်ရှိပြီး မီးရောင်အောက်တွင် မျက်နှာတို့မှာ ကြောက်မက်ဖွယ်အဆီပြန်လျက် ရှိတော့၏။

ကျွန်ုပ်သည် လက်ကာပြလိုက်ပြီးနောက် ...

''ကျုပ်တို့ဟာ ခင်ဗျားတို့ရဲ့ရန်သူ မဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့အကျိုးကိုဆောင်ဖို့ လာကြတာပါဗျာ၊ မယုံရင် ခင်ဗျားတို့အတွက် ယူလာတဲ့ လက်ဆောင်ကို ပြပါ့မယ်''

ဟုပြောလိုက်ရာ သူတို့မှာ ကျွန်ုပ်၏စကားကို နားလည်ပုံ မရဘဲ မျက်နှာတို့မှာ ခက်ထန်သည်ထက် ခက်ထန်လာပြီး လေးမြားတရွယ်ရွယ်၊ ဓားလှံတရွယ်ရွယ် ဖြစ်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သူတို့ကို အတန်တန်လက်ကာပြပြီးနောက် အင်္ကျီအတွင်းအိတ်ထဲမှ ကျားနက်ရုပ်တုကိုနှိုက်ကာ လက်ဖဝါးပေါ် တင်ပြလိုက်တော့၏။

သူတို့သည် ကျွန်ုပ်၏လက်အတွင်းမှ ကျားနက်ရုပ်တုကို သေချာစွာ စူးစိုက်ကြည့်ရှုပြီးနောက် သူတို့ထဲမှ ခေါင်းဆောင်ဖြစ်ဟန်ရှိသူ အထွားကျိုင်းဆုံး စစ်သည်ကြီးက ရှေ့သို့တိုးလာပြီးလျှင် ကျားနက်ရုပ်တုကို ဆွဲယူလိုက်လေ၏။

ထို့နောက် သူသည် ကျားနက်ရုပ်တုကို လှည့်ပတ်စစ်ဆေးကြည့်ရှုနေရာမှ ကျားနက်ရုပ်တု၏ အောက်ခြေရှိစာကို ဖတ်မိသွားတော့၏။

ထို့နောက် ထိုစစ်သူကြီးသည် စူးစူးဝါးဝါးအော်လိုက်ပြီး ကျွန်ုပ်တို့နားမလည်သည့် ဘာသာစကားဖြင့် သူ၏လူတို့ကို အော်ဟစ်ပြောလိုက်ရာ ...

ကျန်စစ်သည်တို့မှာ ဒေါသတကြီး အော်ဟစ်လိုက်ကြလျက် ယခုပင် ခုတ်ထစ်သတ်ဖြတ်တော့မည့်အလား ဓားလှံတို့ကို ရွယ်ကာ ချဉ်းကပ်လာကြပြီးနောက် ကျွန်ုပ်တို့ကို ကြမ်းတမ်းစွာဆွဲယမ်းကာ လက်ပြန်ကြိုးတုပ်လိုက်ကြတော့၏။

ထို့နောက် ကျွန်ုပ်တို့၏သေနတ်တို့ကို သိမ်းဆည်းပြီး





ကျွန်ုပ်တို့အား တောနက်ထဲသို့ ဆွဲခေါ်သွားတော့၏။

ကညင်ဆီမီးတိုင်၏ အလင်းရောင်ဖြင့် ကျွန်ုပ်တို့မှာ နာရီဝက်ခန့် တောတိုးလာခဲ့ရာ ရေအိုင်ကြီးနှစ်အိုင်၏နံဘေးမှ ဖြတ်သန်းခဲ့ပြီးနောက် ကျောက်တောင်တစ်တောင်၏ခြေရင်းသို့ ရောက်ရှိသွားတော့၏။

သူတို့သည် ကျွန်ုပ်တို့ကို ကျောက်တောင်အနီးမှ သစ်သားတိုင်နှစ်တိုင်တွင် အသီးသီး ချည်တုပ်လိုက်ကြတော့၏။

ထို့နောက် ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းရှိ ကျောက်ဂူဝယ် မီးဖိုကြီးတစ်ဖို ဖိုလိုက်ကြပြီးနောက် သားရေဖြင့်ကျက်ထားသည့်ဗုံတိုတို့ကို တဂုံဂုံတီးကာ ဓားလှံတို့ကိုမြှောက်လျက် ကျွန်ုပ်တို့ကို ဝိုင်းပတ်ကခုန်ကြတော့၏။

"ဆရာသမားရေ ကြည့်ရတာတော့ ကျွန်တော်တို့ကို သတ်တော့မယ်ထင်တယ်ဗျ"

ဟု ဒေါက်တာရန်နိုင်စိုးက ပြောလိုက်ရာ ကျွန်ုပ်သည်လည်း သတ္တိမနည်းလှသူဖြစ်သော်လည်း ဘာမှရှင်းပြခွင့်မရဘဲ အသားလွတ်ကြီး အသတ်ခံရမည့်အရေးကို မခံချိမခံသာဖြစ်လျက် ရှိတော့၏။

"ဘယ်တတ်နိုင်မလဲ ကိုရန်နိုင်စိုးရယ် ... သူတို့မှ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရဲ့စကားကို နားမလည်ဘဲ ကျားရုပ်တုပြလိုက်မှ ပိုတောင်ဆိုးသွားသေးတယ်''

''သူတို့က ကျားရုပ်တုပိုင်ရှင် သူတို့ရဲ့ဘိုးဘေးကို သတ်လိုက်တဲ့အုပ်စုကလို့ ထင်သွားပြီး ပိုဒေါကန်သွားတာဖြစ်မယ် ဆရာသမားရဲ့''

ခဏအကြာဝယ် ကျောက်ဂူအတွင်းမှ အသားညိုညိုနှင့် ယောက်ျားမိန်းမ ကလေးငယ်တို့ ထပ်မံထွက်လာကြပြီး အခြားနေရာတို့မှပါ တဖွဲဖွဲလာကြရာ အနီးအနားရှိ သူတို့၏မျိုးနွယ်တူများနေထိုင်သည့် ကျောက်တောင်တို့မှ လာခဲ့ကြဟန်တူလေ၏။

ထပ်မံရောက်ရှိလာသူတို့သည် မီးဖိုကြီးနှင့် ကျွန်ုပ်တို့ကို ဝိုင်းပတ်ထိုင်ကြည့်နေကြပြီး ...

လွန်စွာမည်းနက်သည့် အသားရောင်ရှိသူ ယောက်ျားပျိုနှစ်ဦးသည် လူအုပ်ထဲမှ ခုန်ထွက်လာလျက် ဗုံသံစည်းချက်နှင့်အညီ ရှေ့ကျွမ်းပစ်လိုက်၊ နောက်ကျွမ်းပစ်လိုက် လုပ်နေတော့၏။

ထိုသူနှစ်ဦးသည် ရှေ့ကျွမ်းပစ်၊ နောက်ကျွမ်းပစ် ကစားနေရာမှ တစ်ခါတရံဝယ် ဝေါင်းခနဲဝေါင်းခနဲ ဟိန်းဟောက်လိုက်သည်မှာ ကျားတို့နှင့်တူလာလေတော့၏။

ဗုံ၏စည်းချက်သည်လည်း မြန်သည်ထက်မြန်လာပြီး





ကျားများနှယ် ရှေ့ကျွမ်းနောက်ကျွမ်းပစ်သူတို့မှာလည်း မြန်သည်ထက် မြန်လာတော့၏။

သူတို့၏ ကျားဟိန်းသံတို့သည်လည်း ကျယ်လောင်သည်ထက် ကျယ်လောင်လာကာ ကျားဟိန်းသံတို့နှင့် ပိုတူသည်ထက်တူလာတော့၏။

ထို့နောက် သူတို့သည် ကျွန်ုပ်တို့၏ရှေ့သို့ ဝှားခနဲရောက်ရှိလာကြပြီး ကျွန်ုပ်တို့၏မျက်နှာကို မျက်လုံးနီနီကြီးများဖြင့် စိုက်ကြည့်ကာ ဝေါင်းခနဲဝေါင်းခနဲ ဟိန်းဟောက်လျက်ရှိတော့ရာ မကြာမီ ခုန်အုပ်ကိုက်ခဲတော့မည့်မှာ သေချာနေတော့၏။

ကျွန်ုပ်တို့မှာ သမန်းနက်နှစ်ဦးကို စိုးထိတ်စွာကြည့်ကာ စိတ်ထဲမှ ဘုရားတလျက်ရှိတော့၏။

ထိုစဉ် သူတို့သည် ဝေါင်းခနဲဝေါင်းခနဲ ပိုမိုကျယ်လောင်စွာဟိန်းလိုက်ရာ ကျွန်ုပ်တို့အားခုန်အုပ်ရန် နောက်ဆုံးဟိန်းဟောက်ခြင်းဟု ယူဆလိုက်မိပြီး မျက်လုံးတို့ ပြာခနဲ ဖြစ်သွားတော့၏။

သို့သော် ထိုခဏမှာပင် ကျားပွတ်သံတရှမ်းရှမ်းကို ကြားလိုက်ရပြီး ဗုံသံတို့ ရုတ်တရက် တိတ်ဆိတ်သွားတော့၏။

ကျွန်ုပ်တို့၏ သမန်းနက်နှစ်ဦးမှာလည်း မာန်ဖိနေရာမှ ငြိမ်ကျသွားကာ နောက်သို့ ကိုယ်ကို ကုန်းကုန်းကွကွ ရှိသွားကြပုံ



www.burmeseclassic.com

www.burmeseclassic.com



မှာ တကယ့်ကျားများ အမြီးကုပ်ကာ နောက်ဆုတ်သွားသည့်နှယ်။

ကျွန်ုပ်တို့လည်း ကျာပွတ်သံကြားရာသို့ ကြည့်လိုက်ရာ ညိုဝင်းသော အသားအရေရှိပြီး ဗိသုကာနိုးဘုရင်မ၏ အဝတ်အစားတို့နှယ် ကျောက်မျက်ရတနာတို့ လှပစွာစီခြယ်ထားသည့် ပျို အဝတ်အစားတို့ကို ဝတ်ဆင်ထားသည့် အရပ်မြင့်မြင့် ကိုယ်လုံးတောင့်တောင့်နှင့် မိန်းမပျိုတစ်ဦးသည် ကျာပွတ်ကိုယမ်းကာ ကျွန်ုပ်တို့ရှိရာသို့ လာနေသည်ကို တွေ့ရလေ၏။

ကျွန်ုပ်က ထိုအမျိုးသမီးသည် ကျွန်ုပ်တို့အားရန်မူရန် လာနေသည်ဟုထင်လိုက်ကာ "ငါတို့တော့ ကျားကိုက်မခံရခင် ကျာပွတ်နဲ့ အဆော်ခံရဦးမယ်နဲ့တူပါရဲ့" ဟုရှုပင် တွေးလိုက်မိ၏။

သို့သော် အနီးသို့ရောက်လာမှ ထိုအမျိုးသမီး၏မျက်နှာတွင် ရန်လိုဟန်မရှိဘဲ ကျွန်ုပ်တို့၏မျက်နှာအား စိတ်ဝင်စားစွာ စိုက်ကြည့်ကာ အနီးသို့ တစ်လှမ်းချင်းလျှောက်လာရာမှ လက်ထဲမှ ကျာပွတ်ကိုပါ သိမ်းလိုက်တော့၏။

သူမသည် ကျွန်ုပ်၏ရှေ့တည့်တည့်တွင်ရပ်လိုက်ပြီး ... သူတို့၏ဘာသာစကားဖြင့် တစ်စုံတစ်ရာ မေးလေ၏။

ကျွန်ုပ်က နားမလည်ကြောင်း ခေါင်းခါပြလိုက်ပြီး စိတ်ပျက်စွာဖြင့် ...





"ကျုပ်တို့ဟာ ခင်ဗျားတို့ရဲ့ ရန်သူတွေမဟုတ်ပါဘူးဗျာ၊ မိတ်ဆွေတွေပါ"

ဟုပြောလိုက်ရာ သူမ၏မျက်နှာသည် လက်ခနဲ ဝင်းပစွာ ပြုံးသွားပြီး ...

"သြော် ... ရှင်က မြန်မာစကားတတ်တာကိုး။ မြန်မာတွေ ထင်ပါရဲ့"

ဟု သူမက မြန်မာလိုပြောလိုက်ရာ ကျွန်ုပ်မှာ လွန်စွာဝမ်းသာသွားပြီး ကျွန်ုပ်တို့၏ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ပါတော့၏။

သူမသည် သေချာစွာ နားစိုက်ထောင်နေပြီးနောက် ကျွန်ုပ်၏ စကားအဆုံးဝယ် စစ်သည်လူမည်းကြီးထံမှ ကျားနက်ရုပ်တုလေးကို တောင်းယူကြည့်ရှုစစ်ဆေးလေ၏။

ထို့နောက်မှ သူမသည် ကျေနပ်စွာပြုံးကာ ခေါင်းညိတ်လိုက်ပြီးနောက် သူမ၏လူများကို တစ်စုံတစ်ရာအော်ဟစ် အမိန့်ပေးလိုက်တော့ရာ လူမည်းစစ်သည်တို့သည် ကျွန်ုပ်တို့ရှိရာသို့ ယားဖားယားပြေးလာပြီး ကျွန်ုပ်တို့အား ချုပ်နှောင်ထားသည့် ကြိုးတို့ကို လျင်မြန်စွာ ဖြည်ပေးလိုက်ကြပါတော့သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

### မဟာရန်သူတော်ဒေဝီနှစ်ပါး

အသက်ဘေးမှ လွတ်မြောက်သွားကြပြီဖြစ်သော ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ ကျေးဇူးတင်စကားပြောကြားရန် ကာယတင်ရှင်မလေးအား လှမ်းကြည့်လိုက်ကြရာ သူမ၏နံဘေးနှင့် နောက်တော်ပါးတို့တွင် လက်နက်ကိုင်စစ်သည်များနှင့် ရံဖြွေတော် မိန်းကလေးအချို့ လိုက်ပါလျက် ကျောခိုင်းထွက်ခွာသွားကြသည် ကို တွေ့ရလေ၏။

ထိုစဉ် အခြားအသားညိုချော မိန်းကလေးတစ်ဦးသည် ပြုံးရွှင်သောမျက်နှာပေးနှင့် ကျွန်ုပ်တို့ရပ်နေရာသို့ လှမ်းလျှောက်လာပြီးလျှင် ...

''ကဲ ... ဒီကအစ်ကိုတို့ မာအိုနဲ့အတူ လိုက်ခဲ့ပါ၊ အရှင်





မက အစ်ကိုတို့ကို တည်းခိုနေထိုင်ရမယ့် ဂူစခန်းဆီ ခေါ်သွားဖို့ မှာခဲ့ပါတယ်''

ဟု ချိုသာအေးမြသောအသံကလေးဖြင့် ပြောလိုက်ရာ ကျွန်ုပ်တို့မှာ လွန်စွာအံ့သြဝမ်းသာသွားပြီးလျှင် ...

''ဩော် ... မိန်းကလေး ... မင်းလည်း မြန်မာစကား ပြောတတ်သကိုး''

ဟု ကျွန်ုပ်ကပြောလိုက်ရာ မာအိုဆိုသောမိန်းမချောလေး က သွားတက်လေးများပေါ်အောင် ပြုံးလိုက်ပြီးလျှင် ...

''ဟုတ်ပါတယ် အစ်ကိုအဂ္ဂ၊ ဒီမှာတော့ အရှင်မရယ်, ဘိုးဘိုးသက်ရှည်ရယ်, မာအိုရယ် သုံးဦးပဲ မြန်မာစကားပြော တတ်ပါတယ်၊ ကျန်သူတွေကတော့ သမန်းဆွေမျိုးနွယ်တွေကနေ ဆင်းသက်လာတဲ့ ဆွေမျိုးစုစကားကိုပဲ ပြောတတ်ကြပါတယ်''

ဟု ရှင်းပြပြီးလျှင် ကျွန်ုပ်တို့အား ကျောက်တောင်ငယ် တစ်ခုဆီသို့ ဦးဆောင်ခေါ်သွားရာ လက်နက်ကိုင်စစ်သည်နှစ်ဦး က ကညင်ဆီမီးတုတ်များမြှောက်ကိုင်ကာ ကျွန်ုပ်တို့ကို လမ်းပြ ရင်း လိုက်ပါလာခဲ့ကြတော့၏။

ဤဒေသဝယ် ကျောက်တောင် ကြီးငယ်ရှယ်လတ်အဖုံ့ ပေါ်များလှသလို ကျောက်တောင်တစ်ခုနှင့်တစ်ခုအကြားငယ် ရေ



www.burmeseclassic.com

www.burmeseclassic.com



အိုင်ငယ်တို့ရှိနေခြင်းကလည်း ထူးခြားမှုတစ်ရပ်ပင်။

မာအိုသည် ကျောက်တောင်ငယ်တစ်ခုအနီးသို့ ရောက်ရှိသွားလေလျှင် တောင်ခြေရှိ ဂူလိုဏ်အတွင်းသို့ ဦးဆောင်ဝင်သွားကာ ကျောက်ဖျာတစ်ခု၏ အနီးတွင် ရပ်လိုက်ပြီးလျှင် ကျွန်ုပ်တို့ဘက်သို့ ပြုံးရွှင်စွာလှည့်ကြည့်လျက် ...

"ဒီဂူစခန်းမှာ ဘယ်သူမှ မနေပါဘူး၊ အစ်ကိုတို့ လွတ်လွတ်လပ်လပ် နေထိုင်ပါ၊ အရှင်မက မနက်ကျမှ သူ့ရဲ့ဂူနန်းဆီ ခေါ်လာခဲ့ဖို့ မိန့်မှာသွားပါတယ်၊ အဲဒီကျရင် ဘိုးဘိုးသက်ရှည်နဲ့လည်း တွေ့ရပါလိမ့်မယ်၊ ဒီညအဖို့တော့ စိတ်အေးချမ်းသာစွာ နေထိုင်ပါ၊ ညဉ့်လည်း အတော်နက်ပြီပဲ"

ဟု ပြောလိုက်ပြီးနောက် စစ်သည်နှစ်ဦးဘက်သို့လှည့်ကာ သူမတို့၏ မူရင်းဘာသာစကားဖြင့် တစ်စုံတစ်ရာပြောလိုက်ရာ စစ်သည်တစ်ဦးက သူ၏ကညင်ဆီမီးတုတ်မှမီးနှင့် ဂူနံရံရှိ ကျောက်ဆီမီးခွက်သို့ တို့လိုက်သည်တွင် ကျောက်ခွက်ထဲမှ ကညင်ဆီခဲကြီးကို မီးစွဲလောင်ပြီး ဂူမှာ ပိုမိုလင်းထိန်သွားတော့၏။

ထို့နောက် စစ်သည်နှစ်ဦးသည် ကျောက်ဖျာနှစ်ခု၏ ခေါင်းရင်းပိုင်းငယ် လိပ်ထားသည့် အိပ်ရာလိပ်နှစ်ခုကိုဖြည်ချကာ





ကျောက်ဖျာပေါ်ခင်းလိုက်ရာ အောက်မှ သားကောင်သားရေပြားခံထားပြီး အပေါ်မှ ကတ္တီပါစအိပ်ရာခင်း ခင်းပြီးသားဖြစ်သွားသည်ကို တွေ့ရလေ၏။

ကတ္တီပါအစွပ်စွပ်ထားသည့် ခေါင်းအုံးတစ်လုံးစီပါကာ အိန္ဒိယတိုင်းထုတ် ဘာဘူစောင်တစ်ထည်စီပါ ခေါက်လျက်သားတွေ့ရသဖြင့် အတော်အတန်ဟန်ကျသည့် အိပ်ရာဖြစ်ကြောင်း ကျနုပ်ဖွယ်တွေ့ရလေ၏။

ကျွန်ုပ်သည် အိပ်ရာခင်းထားပြီးဖြစ်သည့် ကျောက်ဖျာပေါ်ဝယ် တင်ပါးလွှဲထိုင်လိုက်ရင်း မာအိုကိုမော့ကြည့်လိုက်ကာ

"မာအို ... မင်းတို့ရဲ့အရှင်မဟာ ဒီဒေသရဲ့ ဩဇာအကြီးဆုံးလား၊ ဒါမှမဟုတ် ဘိုးဘိုးသက်ရှည်ဆိုတာ ဒီဒေသရဲ့ အရှင်လား"

ဟု သိလိုသည်ကိုမေးလိုက်ရာ မာအိုက ပြုံးလိုက်ပြီး

"ဘိုးဘိုးသက်ရှည်က အရှင်မရဲ့ အတိုင်ပင်ခံအမတ်ကြီးပါ၊ အရှင်မကသာ ဒီသမန်းနက်ဒေသရဲ့ တစ်ဦးတည်းသော အရှင်သခင်မပါ၊ ဒီသမန်းနက်ဒေသကို အရှင်မ သမန်းနက်ဒေဝီက အုပ်စိုးပါတယ် ...

ဟိုး မရဏာအသူရာချောက်ရဲ့တစ်ဖက်မှာရှိတဲ့ သမန်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



ဒေသမှာတော့ သမန်းဖြူဘုရင်ဒိဗီ သေဆုံးသွားပြီမို့ သူ့ရဲ့သမီးတော် သမန်းဖြူဒေဝီက အုပ်စိုးလျက်ရှိပါတယ်''

ဟု ပြောလိုက်ရာ ကျွန်ုပ်တို့မှာ စိတ်ဝင်စားစရာ ဘုရင်မနှစ်ပါး အုပ်စိုးလျက်ရှိသော တောတွင်းဒေသသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်းနှင့် လွန်ခဲ့သော ရှေးအတိအတေမှစ၍ မဟာရန်သူဖြစ်နေကြသည့် သမန်းဖြူ . . . သမန်းနက်ဆွေမျိုးစုတို့ကို အနီးကပ်လေ့လာခွင့်ရတော့မည်ဖြစ်ကြောင်း သတိပြုမိကာ ရင်ခုန်စိုးထိတ်ခြင်းနှင့်အတူ ဝမ်းလည်းသာမိရတော့၏။

ရင်ခုန်စိုးထိတ်ရခြင်းမှာ သမန်းဖြူနှင့် သမန်းနက်တို့သည် မကြာခဏ စစ်ပွဲများ၊ တိုက်ပွဲများ ဖြစ်ပွားလေ့ရှိကြောင်း သိထားရာ သူတို့၏ပဋိပက္ခအကြား ညပ်ကာ ကိုယ်ပါခေါင်းပြတ်ရမည့်အရေးကို တွေးမိပြီး စိုးထိတ်ရခြင်းဖြစ်ချေ၏။

ဝမ်းသာရခြင်းမှာ ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ ဒေသန္တရ ဘာသန္တရ ဗဟုသုတတို့ ရှာမှီးလိုကြသည့် သုတေသီများဖြစ်ရာ ပြင်ပကမ္ဘာကြီးမှ လူသားတို့မသိရှိရသေးသော ဟိမဝန္တာတောနက်ကြီးထဲမှ ဆွေမျိုးစုတို့၏အကြောင်းကို သေချာစွာလေ့လာခွင့်ရတော့မည်ဖြစ်၍ ဝမ်းသာရခြင်းဖြစ်ပါ၏။

ထို့နောက် မာအိုသည် ကျွန်ုပ်တို့အား နှုတ်ဆက်ပြီးနောက် ကျွန်ုပ်၏မျက်နှာကို ညိုမှောင်သောမျက်ဝန်းတို့နှင့် တစ်ချက်စိုက်ကြည့်လိုက်ပြီးမှ ချာခနဲ လှည့်ထွက်သွားတော့၏။

စစ်သည်နှစ်ဦးသည်လည်း သူမ၏နောက်မှ လိုက်ပါသွားရာ သူတို့သည် မကြာမီ ဂူဝသို့ရောက်ရှိသွားပြီး မာအိုတစ်ဦးတည်း ကျွန်ုပ်တို့၏ ကျောက်တောဖ်ငယ်ကို ကျောခိုင်း ထွက်ခွာသွားတော့၏။

လက်နက်ကိုင်စစ်သည်နှစ်ဦးမှာမူ ကျွန်ုပ်တို့၏ဂူဝငယ်ထင်းခြောက်များစုကာ မီးဖိုကြီးတစ်ဖို ဖိုလိုက်လျက် မီးဖို၏နံဘေးတွင် ငုံ့ရှည်များကိုင်ကာ ထိုင်နေကြတော့ရာ . . .

ထိုအခါမှ ထိုစစ်သည်နှစ်ဦးမှာ ကျွန်ုပ်တို့၏ အိပ်ဖန်စောင့်တာဝန်ကျသူများဖြစ်ကြောင်း ရိပ်မိရတော့၏။

ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ ရိုင်းစိုင်းကြမ်းတမ်းသော သမန်းနက်တို့၏လက်အတွင်းဝယ် သေကံမရောက် သက်မပျောက် ဆိုသကဲ့သို့ သည်းထိတ်ရင်ဖိုဖွယ် ကြုံတွေ့ခဲ့ရခြင်း၊ ညဥ့်နက်လှပြီ ဖြစ်ခြင်းတို့ကြောင့် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုတိုင်ပင်ဆွေးနွေးနိုင်လောက်အောင်ပင် အင်အားမရှိကြတော့ဘဲ နွမ်းလျလွန်းလှသဖြင့် . . .

ကျောက်ဖျာအိပ်ရာပေါ်ဝယ် အသီးသီးလှဲချပြီး အိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရာ ချက်ချင်းဆိုသလို နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားကြပါတော့သတည်း။

*

ကျွန်ုပ်တို့သည် မည်မျှအိပ်ပျော်သွားကြသနည်းဟူမူ ..
နောက်တစ်နေ့နံနက် နေအတော်မြင့်မှ နိုးလေတော့၏။

ကျွန်ုပ်သည် အိပ်ရာမှနိုးနိုးချင်း ယမန်နေ့ညကကြုံခဲ့ရသည့် အဖြစ်အပျက်တို့ကို ပြန်ပြောင်းစဉ်းစားပြီးနောက် ယနေ့နံနက်ဝယ် သမန်းနက်ဒေဝီနှင့်ရော သက်တော်ရှည်ဘိုးဘိုးနှင့်ပါ တွေ့ဆုံရန် အစီအစဉ်ရှိသည်ကို သတိရသဖြင့် အိပ်ရာမှ လူးလဲထခဲ့ရလေ၏။

ကျွန်ုပ်တို့၏ ကျောက်ဆောင်ရှေ့ဘက် လျှိုအနိမ့်ထဲဝယ် ရေအိုင်ငယ်တစ်အိုင်ရှိရာ ယင်းရေအိုင်၌ ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ မျက်နှာသစ်ခြင်း၊ ခြေလက်ဆေးကြောခြင်းတို့ ပြုလုပ်ကြရလေ၏။

---

ခု နှစ် စဉ် ကြယ် တာ ပေ



ညက ကျွန်ုပ်တို့အိပ်စက်ရာဂူ၏အဝ၌ စောင့်ကြပ်ခဲ့ကြသည့် အစောင့်စစ်သည်တို့ကို မတွေ့ရတော့ဘဲ အခြားကျောက်တောင်ခြေတို့ဝယ် သွားလာလှုပ်ရှားနေကြသည့် ယောကျာ်း၊ မိန်းမ၊ ကလေးတို့ကို လှမ်းမြင်နေရလေ၏။ သူတို့သည်လည်း လှုပ်ရှားသွားလာလုပ်ကိုင်နေကြရင်းမှ ကျွန်ုပ်တို့ကို အထူးအဆန်းသဖွယ် လှမ်းလှမ်းကြည့်နေကြလေ၏။

ဤတောတွင်းဒေသတွင် ကျောက်တောင်တို့ ပေါများလှပြီး ယင်းကျောက်တောင်တို့ရှိ ဂူလိုဏ်တို့ဝယ် ထူးဆန်းသောခွေမျိုးစုတို့ နေထိုင်ကြကာ သူတို့၏ဂူများရှေ့၌ မီးဖိုများဖိုလျက် ချက်ပြုတ်သူက ချက်ပြုတ်၊ မောင်းဆုံများထဲ စပါးတို့ ခွေထည့်ကာ မောင်းထောင်းသူက ထောင်း၊ ကျောက်တောင်တို့၏နံဘေးရှိ ရေအိုင်တို့မှ ရေခပ်သူက ခပ်ဖြင့် လှုပ်ရှားလျက်ရှိကြလေ၏။

အချို့အမျိုးသမီးတို့မှာ ဂျပ်ခုတ်ထည်များကို ရင်ခေါင်းမှသည် ဒူးဆစ်အထိ ဝတ်ဆင်ထားကြပြီး ဆံပင်ရှည်များကို ဖြစ်သလို ထုံးဖွဲ့သူက ထုံးဖွဲ့၊ ဖားလျားချသူက ချထားကြလျက် နုပျိုသောမိန်းကလေးအများစုမှာမူ ဆံပင်တို့ကို ကျောနောက်ဘက်၌ တစ်ချောင်းတည်း ဖွတ်မြီးထိုးကာ ချထားသည်ကို တွေ့ရလေ၏။

---

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူမတို့အားလုံး ပျိုပျိုအိုအို ဦးခေါင်းထက်၌ ပန်းရောင်စုံတို့ကို ခွေရစ်ကာ ပန်ထားကြကာ မည်သူမျှ ဖိနပ်မစီးကြချေ။

အမျိုးသမီးအားလုံးလိုလိုမှာ အသားညိုကြပြီး ဤနေရာဒေသသည် အိန္ဒိယနှင့် ကသည်းတို့စပ်ကြားဝယ် တည်ရှိသောကြောင့်လား မသိ ... သူမတို့၏ ရုပ်အဆင်းမှာ ကုလားဆင်လေးများလိုလိုဖြစ်ကာ ကြည့်ပျော်ရှုပျော် ရုပ်ရည်ရှိသူများချည်းဖြစ်ကြလေ၏။

အမျိုးသမီးငယ်၊ အမျိုးသမီးလတ်တို့မှာ ကိုယ်လုံးကိုယ်ထည် ကျစ်လျစ်တောင့်တင်းကြပြီး သွားလာလှုပ်ရှားပုံက ဖျတ်လတ်လှ၏။

အမျိုးသားတို့မှာမူ အသားရောင်မည်းနက်လှကာ မေးရိုးကားကား၊ နှာယောင်ပွပွ၊ မျက်ခုံးထူထူကြမ်းကြမ်းများရှိပြီး ရုပ်ဆိုးလှသူများဖြစ်ကြရာ သူတို့သည် ကိုယ်လုံးကိုယ်ထည် ကျစ်လျစ်သန်မာထွားကျိုင်းကြပြီး သူတို့၏မျက်လုံးတို့က အမြဲလိုလိုရန်လိုဟန်ဖြင့် နီရဲကာ မျက်သားနီနီတို့အလယ်မှ မျက်ဆံနက်နက်မှာ စူးလက်တောက်ပြောင်နေကြလေ၏။

အမျိုးသမီးတို့က ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့ရှိရာသို့ ပြုံးစစမျက်နှာများနှင့် လှမ်းလှမ်းကြည့်ကြသလောက်





ယောကျ်ားများက ကျွန်ုပ်တို့အား ကုတ်ဖဲ့သတ်ဖြတ်တော့မည့်ဟန်ဖြင့် မျက်ထောင့်နီနီကြီးများနှင့် မကြာခဏ လှမ်းလှမ်းကြည့်လျက်ရှိကြလေ၏။

''အင်း ... ခက်တော့ခက်နေပါပြီ''

ဟု ကျွန်ုပ်က တိုးတိုးညည်းလိုက်ရာ ဒေါက်တာရန်နိုင်စိုးက လှည့်ကြည့်ပြီး ...

''ဘာဖြစ်လို့လဲ ဆရာသမား'' ဟု မေးလေ၏။

''ဘာဖြစ်ရမှာလဲ ... အမျိုးသမီးတွေက ကျုပ်တို့ကို အတော်မျက်စိကျနေကြပုံရတယ်၊ ကျုပ်တို့ရဲ့သွင်ပြင်ကလည်း သူတို့ယောကျ်ားသားတွေနဲ့ တူမှမတူဘဲကိုး၊ အထူးသဖြင့် မောင်ရင့်ကို ပိုပြီးသဘောကျနေကြပုံရတယ်၊ မောင်ရင်က ကျုပ်ထက် ဆယ်နှစ်လောက်ပိုငယ်ပြီး နုပျိုချောမောသူဖြစ်တော့ သူတို့လေးတွေ ပိုပြီးသဘောကျနေပုံရတယ်၊ အဲဒါဟာ အန္တရာယ်ပဲ''

ဟု ပြောလိုက်ရာ ...

''ဘယ်လိုအန္တရာယ်လဲ အာစရိရဲ့''

ဟု ဒေါက်တာရန်နိုင်စိုးက မေးလိုက်ပြန်လေ၏။

''ဘယ်လိုအန္တရာယ်လဲဆိုတော့ အဲဒီအမျိုးသမီးငယ်တွေက ကျုပ်တို့ကို သဘောကျလေ, ယောကျ်ားသားတွေက



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ကို ကြည့်မရလေဖြစ်နေကြပြီလေ၊ ဒါဟာ အန္တရာယ်ပဲ၊ ကျုပ်တို့ဟာ ကောင်မလေးတွေနဲ့ ကင်းကင်းဝေးဝေးနေမှ ဖြစ်မယ်''

ဟုပြောလိုက်ရာ ဒေါက်တာရန်နိုင်စိုးမှာ ခေါင်းကိုယမ်းလိုက်ပြီး ...

''ကျွန်တော်တော့ ဒီလိုမယူဆဘူး အာစရိ ... သူတို့ယောက်ျားတွေက ကျွန်တော်တို့အပေါ် မနာလိုဖြစ်ပြီး ဒုက္ခပေးလာမှာကို အာစရိ ပူပန်နေတာမဟုတ်လား၊ ကျွန်တော့်အနေနဲ့ ပြောရရင်တော့ ကျွန်တော်တို့အပေါ်မှာ မျက်နှာသာပေးပုံရတဲ့ အဲဒီအမျိုးသမီးတွေကို စည်းရုံးထားနိုင်ရင် ကျွန်တော်တို့အတွက် အန္တရာယ်အတော်များများကနေ လွတ်မြောက်နိုင်မယ်လို့ ထင်တာပဲ''

ဟု သူ၏အယူအဆကို ပြောလိုက်လေ၏။

ဤနေရာတွင် ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ သဘောထားအမြင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွားတော့၏။

ကျွန်ုပ်က ကျွန်ုပ်တို့အပေါ် ယင်းအမျိုးသမီးတို့က ပို၍ ကြည်ဖြူမျက်နှာသာပေးလေ၊ ယောက်ျားသားများက ကျွန်ုပ်တို့ အပေါ် အန္တရာယ်ပိုပြုနိုင်လေဖြစ်မည်ဟု ထင်မြင်မိပြီး ယင်း





အမျိုးသမီးတို့နှင့် ရောရောဝင်ဝင်မနေသင့်ဟု ယူဆလေ၏။

သို့သော် ဒေါက်တာရန်နိုင်စိုးကမူ ယင်းအမျိုးသမီးတို့နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပါက အရေးအကြောင်းကြုံလျှင် ကျွန်ုပ်တို့အတွက် အကူအညီပိုရနိုင်သည်ဟု ယူဆလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် ကွဲလွဲလျက်ရှိသော မိမိတို့၏ သဘောထားအမြင်တို့ကို ကျောက်ဂူထဲ ပြန်လည်ရောက်ရှိသည် အထိ ငြင်းခုန်လျက်ရှိကြလေ၏။

သို့သော် ဒေါက်တာရန်နိုင်စိုး၏အဆိုမှာ ပိုမိုမှန်ကန်ကြောင်း နောက်ပိုင်း အသက်ဘေးကြုံလာမှ ကျွန်ုပ်သိရှိကြောင်း ဝန်ခံရမည်ဖြစ်ပါ၏။

ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ အထက်ဖော်ပြပါအတိုင်း ငြင်းခုန်ပြောဆိုလျက်ရှိစဉ် မာအိုဆိုသော ညိုချောမလေးသည် စစ်သည်နှစ်ဦးနှင့်အတူ ကျွန်ုပ်တို့၏ကျောက်ဂူထဲသို့ ဝင်လာကြပြီးလျှင် ...

''ကဲ ... အစ်ကိုတို့ ... အရှင်မရဲ့ဂူနန်းဆီ လိုက်ခဲ့ပါ၊ အရှင်မနဲ့ ဘိုးဘိုးသက်တော်ရှည်တို့ကို တွေ့ဆုံရပါမယ်''

ဟု ခေါ်ငင်ခြင်း ပြုတော့၏။

ကျွန်ုပ်တို့လည်း တစ်စုံတရာ ပြောဆိုခြင်းမပြုတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မာအိုး၏ခေါင်းဆောင်ရာနောက်သို့ လိုက်ပါလာခဲ့တော့၏။

နံနက်ဦးနေခြည်သည် ကျောက်ဂူတို့၏ ဝန်းကျင်ဝယ် ဖြာထွက်လျက်ရှိပြီး အေးတစိမ့်စိမ့်ရှိလှသော တောရိပ်တောင်ရိပ်၌ အတန်ငယ်နွေးထွေးမှုကို ပေးစွမ်းလျက်ရှိနေ၍၏။

ယင်းဒေသ၏ ကျောက်တောင်ဖွေးဖွေးတို့မှာ နက်ရှိုင်းညို့မှိုင်းလှစွာသော ရောမတောနက်ကြီးထဲတွင် သီးခြားတည်ရှိလျက်ရှိရာ ယင်းတောအုပ်ကြီးများအတွင်းမှ ကျေးငှက်သာရကာတို့၏ အော်မြည်ဟစ်ကြွေးသံကိုလည်းကောင်း၊ အဝေးဆီမှ ဆတ်တစ်သံ 'ထရိန် ... ထရိုန်' ကိုလည်းကောင်း၊ ချေဟောက်သံ၊ ဘုတ်အိုသံတို့ကိုလည်းကောင်း ကြားနေရလေ၏။

လူတို့ပြုပြင်ဖန်တီးထားသည့် ကျောက်သားလှေကားထစ်များအတိုင်း အခြားကျောက်တောင်ကြီးတစ်တောင်၏ တောင်ခြေကို ပတ်တက်လာခဲ့ကြစဉ် ...

ကျွန်ုပ်သည် ကျွန်ုပ်တို့၏ရှေ့မှ ကျောက်သားလှေကားထစ်များအတိုင်း ခြေတစ်လှမ်းချင်း လှမ်းတက်သွားနေသည့် မာအို၏ နောက်ပိုင်းအလှကို အမှတ်မထင် ငေးကြည့်လိုက်မိရာ ကျွန်ုပ်၏နံဘေးမှ တူယှဉ်လျှောက်လျက်ရှိသည့် ဒေါက်တာရန်နိုင်စိုးက 'အဟမ်း ... အဟမ်း' ဟု ချောင်းဟန့်သံပေးလိုက်သဖြင့်





ကျွန်ုပ်မှာ မလုံမလဲဖြင့် သူ့ကိုငဲ့ကြည့်လိုက်မိလေ၏။

ဒေါက်တာရန်နိုင်စိုးက ကျွန်ုပ်ကို ပြုံးစိစိမျက်နှာဖြင့် လှည့်ကြည့်ရင်း ...

''မနေ့ညကတည်းက ကျွန်တော် မာအို့ကို သတိထားမိတယ်''

ဟု ပြောလိုက်လေ၏။

''ဘာကိုသတိထားမိတာလဲ''

''မာအိုက ဆရာသမားကို မျက်စိကျနေပုံရတယ်၊ မနေ့ညက ဂူထဲကပြန်ထွက်ခါနီးမှာ ဆရာသမားကို စိုက်ကြည့်သွားတဲ့ မျက်လုံးတွေကို ကျွန်တော်သတိပြုလိုက်မိတယ်၊ အဲဒီမျက်လုံးတွေထဲမှာ အရည်လဲ့နေတယ် ... ဘာပေါ်မလဲ ... ချစ်ရည်ရွှန်းလဲ့နေတယ်ဆိုသလိုမျိုး''

''ဟာဗျာ ... မဟုတ်တာ''

ဒေါက်တာရန်နိုင်စိုးက ပြုံးစစဖြင့်နောက်နေရာ ကျွန်ုပ်မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားရသေး၏။

မည်သို့ဖြစ်စေ မာအို၏အလှကိုမူ ကျွန်ုပ် မှတ်မှတ်ထင်ထင်ဖြစ်မိကြောင်း ဝန်ခံရမည်ဖြစ်၏။ ကျွန်ုပ်သည် မြန်မာနိုင်ငံနှင့်အပြားသို့ ဒေသန္တရစာဟုသုတအလို့ငှာ သွားရောက်ဖူးရာ



www.burmeseclassic.com

www.burmeseclassic.com



နယ်မြေဒေသအသီးသီးရှိ လူပျိုဖြူတို့၏ အလှမျိုးစုံကို တွေ့ဖူးခဲ့ပါ၏။

မိန်းကလေးတို့၏အလှမှာ ပန်းပွင့်တို့၏အလှနှင့် တူ၏။ ပန်းပွင့်တို့ကိုကြည့်ကာ မည်သည့်ပန်းက မည်သည့်ပန်းထက် ပိုလှသည်ဟု ပြောရန်ခက်သည့်အနေအထားများ ကြုံရတတ်၏။ ဥပမာအားဖြင့် လွန်စွာလှပသော သစ်ခွပန်းတို့ကို အလှချင်းနှိုင်းယှဉ်ရန် ခက်လှ၏။ မည်သည့်သစ်ခွပန်းက မည်သည့်သစ်ခွပန်းထက် ပိုလှပါသည်ဟုပြောရန် ခက်သည်များ ကြုံရတတ်၏။

ပို၍ထင်ရှားအောင်ဆိုရလျှင် လွန်စွာလှပသော သစ်ခွပန်းတစ်ပွင့်နှင့် လွန်စွာလှပသော နှင်းဆီပန်းတစ်ပွင့်တို့ကို ယှဉ်ကြည့်ပြီး သစ်ခွပန်းက ပိုလှသည် နှင်းဆီပွင့်က ပိုလှသည်ဟု ဆိုရန် ခက်လှ၏။

ဆိုလိုသည်မှာ လွန်စွာလှပသော ပန်းပွင့်တို့သည် သီးခြားအလှဂုဏ်ရည်များ ရှိသည်ဖြစ်ခြင်းကြောင့် မည်သည့်ပန်းက မည်သည့်ပန်းထက် ပိုလှသည်ဟု ပြောဆိုရန်ခက်လှစွာ၏။

ထို့အတူ မိန်းကလေးတို့၏အလှဗေဒကို ဖွင့်ဆိုရာ၌လည်း မည်သည့်မိန်းကလေးက မည်သည့်မိန်းကလေးထက် ပိုလှပါသည်ဟု ဆိုရန်ခက်သည်များ ကြုံရတတ်ပါ၏။





သို့ကြောင့် နေရာဒေသမျိုးစုံကို ရောက်ဖူးခဲ့သော ကျွန်ုပ်အနေဖြင့် တွေ့မြင်ဖူးသမျှ လွန်စွာလှပသည့် မိန်းကလေးတို့၏အလှကို သုံးသပ်ဝေဖန်ရာ၌ မည်သည့်အရပ်ဒေသမှ မိန်းကလေးက မည်သည့်အရပ်ဒေသမှ မိန်းကလေးထက် ပိုလှပါသည်ဟု ပြောဆိုရန်ခက်လှပေ၏။

ဥပမာအားဖြင့် ရန်ကုန်သူလှပဂေးက မန္တလေးတွင် အလှသရဖူဆောင်းသူ မိန်းမချောလေးထက် ပိုလှပါသည်ဟု ပြောရန် ခက်လှ၏။

ထားဝယ်သူလေးများက မြစ်ကြီးနားသူလေးတို့ထက် ပိုချောပိုလှပါသည်ဟုပြောရန် ခက်လှ၏။

ထို့ကြောင့် မိန်းကလေးတို့၏အလှမှာ ပန်းပွင့်တို့၏အလှနှင့် တူသည်ဟုဆိုရခြင်းဖြစ်၏။ သူမတို့ဝယ် အလှဂုဏ်ရည်အသီးသီးရှိရာ သူမတို့၌ သီးခြားစီရှိနေသော အလှဂုဏ်ရည်တို့ကို အသိအမှတ်ပြုရမည်သာ ဖြစ်ပါ၏။ သို့လျှင် ကျွန်ုပ်တွေ့ဖူးသမျှသော မိန်းမချောမိန်းမလှတို့ထဲဝယ် မာအို၏အလှသည် တစ်ဘာသာဖြစ်လျက် ရှိလေ၏။

သူမ၌ ညို့ဝန်းသောမျက်လုံးအိမ်များရှိပြီး နှာ[illegible]ကလေးစင်းကာ မျက်ခုံးနှစ်ဖက်က ထူထူဝန်းဝန်းရှိချေ၏။ သူမ၏နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းအစုံက ခပ်စူစူလေးရှိပြီး မေးကလုံးဝန်းလျက် မျက်နှာကျက လည်း သွယ်သွယ်လုံးလုံးဖြစ်ချေ၏။

ညိုစိမ့်စိမ့် သူမ၏အသားအရောင်နှင့် သူမ၏မျက်နှာ တည်ဆောက်ပုံက လှလွန်းသည်ဟုဆိုရန် ခက်လှသော်လည်း ဆွဲဆောင်မှုတစ်မျိုး ရှိနေသည်မှာ သေချာလှ၏။ သူမ၏အလှမှာ ပူလောင်မှုမရှိပါဘဲလျက် ဆွဲဆောင်မှုရှိနေခြင်းက လွန်စွာထူးခြား လျက်ရှိလေ၏။

သူမ ပြုံးလိုက်သည့်အခါတွင် သွားတက်ကလေးများပေါ် လာပြီး ပါးချိုင့်လေးနှစ်ဖက် ခပ်ယောင်ယောင်ခွက်သွားပုံက သူမ၏ ရိုးစင်းသောအလှဂုဏ်ကို တက်စေ၏။

သူမသည် ဆံပင်တို့ကိုစုသိမ်းပြီး ဦးခေါင်းထက်ဝယ် ထုံးဖွဲ့ထားကာ ကျောက်နီဆံထိုးတစ်ခု ထိုးထားသည်တွင် သူမ ၏ နားသယ်စပ်များနှင့် ကုပ်ပိုးဝင်းဝင်းတို့အပေါ်သို့ ဆံမြိတ်နွယ် အချို့က ကပိုကရိုကျနေရာ ယဉ်စစရှိလေ၏။

ဆံပင်တို့ကို နောက်လှန်ဖြီးကာ စုသိမ်းထားသဖြင့် နဖူး လေးမှာ ပြောင်လျက်ရှိပြီး ဘဲဥပုံ မျက်နှာကလေးမှာ ဝင်းဝင်း လေးပေါ်နေသည်။ ထင်ရှားပေါ်လွင်လျက်ရှိသည့် အလှမျက်နှာ ဝယ် အထင်ပေါ်ဆုံးမှာ မျက်ခုံးထူထူတန်းတန်း နှစ်ခုနှင့် မျက်





ဝန်းညိုညိုတို့ပင် ဖြစ်ပါ၏။

သူမ၏မျက်နှာအလှကို ခြုံငုံ၍သုံးသပ်ရလျှင် အရိုင်းဆန် ဆန် လှသောအလှဟု ဆိုရမည်လား မသိ။ ဆွဲဆောင်မှုရှိသည်က တော့ အမှန်ပင်ဖြစ်ပါ၏။

မာအိုသည် အခြားသော ဆွေမျိုးစုအမျိုးသမီးများကဲ့ သို့ ဂျပ်ခုတ်ထည်ကို ဝတ်ဆင်ခြင်းမရှိချေ။

သူမသည် အင်္ကျီလက်ပြတ်အနီရောင်ကို ဝတ်ဆင်ထား ပြီး ကျောက်နီခါးပတ်ကို ပတ်ထားကာ ထဘီနီညိုရောင်မှာ အိတ်ရှုံ့နှင့် တူသော ထဘီမျိုးဖြစ်၏။ သူမ၏အင်္ကျီရော ထဘီပါ အကွက်စုံ အပြောက်အမွှန်းများပါသည့် လက်ချိတ် လွန်းပျံ အထည်များဖြစ်ကာ ထဘီ၏အောက်နားမှာ ဒူးကိုဖုံးလျက် ဖိတ် ဖိတ်တောက်လှပသည့် အမြိတ်ပါရှိလေ၏။

သူမသည် လည်တိုင်ကျော့ကျော့ဝယ် ကျောက်နီလည် ဆွဲကို ဆွဲထားပြီး ကျောက်နီနားတောင်းကို နားတွင်ပန်ဆင် ထားလေ၏။

လက်ကောက်ဝတ်တို့တွင် ရွှေလက်ကောက်များနှင့် ကျောက်နီလက်ကောက်များ ရောနှောဝတ်ဆင်ထားပြီး လက်ဝဲ လက်သူကြွယ်၌ ကျောက်နီလက်စွပ်တစ်ကွင်း ဝတ်ဆင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဝတ်စားဆင်ယင်ပုံကို ခြုံငုံကြည့်ရလျှင် ရှေးဟောင်းပုရပိုက်များ၊ နံရံဆေးရေးပုံများ၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို လေ့လာဖူးသော ကျွန်ုပ်အနေဖြင့် ရှေးခတ်ပျူအမျိုးသမီး အထက်တန်းလွှာတစ်ဦး၏ ဆင်ယင်ပုံနှင့်တူသည်ဟု သုံးသပ်ရမည်ဖြစ်ပါ၏။

မည်သို့ဖြစ်စေ သူမ၏ရုပ်ရည် ကိုယ်လုံးကိုယ်ထည်နှင့် ဝတ်စားဆင်ယင်မှုတို့မှာ လွန်စွာလိုက်ဖက်ပြီး ကြည့်၍ကောင်းလှသည်ကတော့ အမှန်ပင်ဖြစ်ပါ၏။

မာဒိုသည် အစောင့်စစ်သည်လေးဦး စောင့်ကြပ်လျက်ရှိသည့် ကျောက်ဂူကြီး၏ ဂူလိုဏ်ဝဝယ် ခြေစုံရပ်လိုက်ပြီး ကျွန်ုပ်တို့အား ပြုံးချိစွာလှည့်ကြည့်ကာ ...

"ဒါဟာ အရှင်မရဲ့ဂူနန်းပါပဲ အစ်ကိုတို့၊ ဒီဂူနန်းထဲမှာ အရှင်မတစ်ဦးတည်း ရံရွေတော်တွေနဲ့အတူ စံမြန်းပါတယ်"

ကျွန်ုပ်သည် မြင့်မားမတ်စောက်စွာ တည်ရှိသည့် ကျောက်တောင်ကြီး၏အခြေရှိ အရှေ့အရပ်သို့ မျက်နှာမူထားသော ဂူလိုဏ်ဝကိုကြည့်လိုက်ရာ ဂူလိုဏ်ဝမှာ အတန်ငယ်ကျယ်ပြီး ဂူလိုဏ်ဝ၏အပေါ်၌ နွားနောက်ချိုး ကျွဲချိုး သမင်ချိုတို့တန်းစီချိတ်ဆွဲထားသည်ကိုတွေ့ရကာ ဂူအဝတွင် စစ်သည်တော်





လေးဦး လက်နက်ကိုယ်စီနှင့် စောင့်ကြပ်နေကြသည်ကို တွေ့ရလေ၏။

စစ်သည်လေးဦးမှာ အသားမည်းနက်ကာ လွန်စွာရုပ်ဆိုးသလောက် ကျွဲပေါက်ကြီးများသဖွယ် သန်မာထွားကျိုင်းလှပေ၏။ သူတို့သည် လွန်စွာခွန်အားဗလကောင်းပုံရပြီး သူတို့ကိုင်ဆွဲထားသည့် သံအဲမောင်းကြီးတို့ကပင် ပိဿာချိန်အတော်စီးပုံရလေ၏။

အနီစစ်သည်တော်ကြီးတို့၏ ကိုယ်ပေါ်ဝယ် ချပ်မိန်ညိုကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်၌ သံခမောက်တို့ကို ဆောင်းထားလျက် ပခုံးတွင် ဝတ်ရုံနီနီကြီးများခြုံကာ ကျောဘက်သို့ချထားသည်။ သူတို့၏ ဝတ်ရုံနီနီကြီးတို့မှာ လေအဟုန်ကြောင့် တလွင့်လွင့်ဖြစ်နေကြလေ၏။

ရွှေဝါရောင် နံနက်ဦးနေခြည်က သူတို့၏ခန္ဓာကိုယ်ပေါ်သို့ ထိုးကျလျက်ရှိရာ မလှုပ်မယှက်ရပ်တည်နေကြသော စစ်သည်တော်ကြီးတို့၏ သွင်ပြင်မှာ မဟူရာကျောက်ဆစ်ရုပ်တုကြီးများနှယ် ရှိဘိ၏။

ကျွန်ုပ်တို့သည် ဂူအဝတစ်ဖက်တစ်ချက်၌ နှစ်ဦးစီခွဲကာ မားမားကြီးရပ်တည်နေကြသည့် အဆိုပါစစ်သည်တော်ကြီးတို့၏



www.burmeseclassic.com

www.burmeseclassic.com



အလယ်မှ ဖြတ်သန်းကာ ဂူလိုဏ်နန်းကြီးထဲသို့ လှမ်းဝင်ခဲ့ပါတော့၏။

ဂူလိုဏ်နန်းကြီးသည်ကား ကျောက်သလင်းဂူကြီး ဖြစ်သည်နှင့်အညီ ဂူနံရံတို့သည် ဖွေးဖွေးလက်လျက်ရှိပြီး ဂူနံရံတို့၏ အပေါ်ဘက်ရှိ လေးထောင့်သဏ္ဍာန် စနစ်ကျစွာဖောက်ထားသည့် လေဝင်ပေါက်တို့မှ သဘာဝအလင်းတန်းတို့ ဝင်ရောက်လျက်ရှိသဖြင့် ဂူနံရံတို့ကို အလင်းရိုက်ပြီး ဂူလိုဏ်ကြီးတစ်ခုလုံး လင်းကျင်းလျက်ရှိတော့၏။

အနီဂူကြီး၏ နံရံတစ်ဖက်အနီးဝယ် ကျောက်စင်မြင့်ရှိပြီး ယင်းစင်မြင့်ထက်မှ ကျောက်ဖြူသားကို လှပစွာထုဆစ်ထားသည့် ကျောက်ပလ္လင်ထက်၌ သမန်းနက်ဒေဝီသည် ရာဇပလ္လင်ကြီး အပြည့်ဖြင့် ထိုင်လျက်ရှိလေ၏။

ကျွန်ုပ်သည် သမန်းနက်ဒေဝီအား ယမန်နေ့ညကတည်းက တွေ့ဖူးပြီးဖြစ်သော်လည်း ယင်းအချိန်ကမူ မိမိတို့ သေဘေးအတွက် စိတ်လွန်စွာလှုပ်ရှားနေသဖြင့် သူမ၏ရုပ်သွင်ကို သေချာစေ့စပ်စွာ လေ့လာသတိပြုမိခြင်းမရှိချေ။

ယခုကဲ့သို့ ဘေးရန်ရှင်းအေးဆေးစွာ နေ့အလင်းရောင်အောက်တွင် အနီးကပ်တွေ့ရမှ သူမ၏အလှမှာ ထူးခြားလှ





ကြောင်း သတိပြုမိရတော့၏။

သမန်းနက်ဒေဝီ၏ အသားအရောင်မှာ ညိုစိမ့်စိမ့်ရှိပြီး ခန္ဓာကိုယ်ဖွံ့ထွားကာ အသားအရေစိုပြည်လှသဖြင့် ညိုဝင်းစိုပြည်သောအသားရောင်ရှိသူဟု ဆိုရမည်ဖြစ်ပါ၏။

သူမသည် ရွှေဖြင့်ကွပ်ထားသည့် မကိုဋ်သရဖူကို ဆောင်းထားပြီး သရဖူ၏အလယ်၌ ဖျပ်ဖျပ်လက်သည့် စိန်တုံးကို မဟူရာကျောက်နက်တို့ ဝန်းခထားပုံက တစ်မျိုးထူးခြားလျက်ရှိတော့၏။

သမန်းနက်ဒေဝီမှာ ရွှေမကိုဋ်သရဖူကို ဆောင်းထားသော်လည်း ဆံပင်ကိုမူ ထုံးဖွဲ့ထားခြင်းမရှိဘဲ ကျောဘက်သို့ ဖားလျားချထားလေ၏။ သူမ၏ခန္ဓာကိုယ်ပေါ်၌ ရွှေအနားကွပ်ထားသည့် မဟူရာဆွဲကြိုး၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်၊ ခြေကျင်းတို့ကို အပြည့်ဝတ်ဆင်ထားလေ၏။

သူမ၏ ခန္ဓာကိုယ်အထက်ပိုင်းဝယ် တင်းကျပ်သောကိုယ်ရုံအင်္ကျီအနက်ရောင်ကို ဝတ်ဆင်ထားပြီး ယင်းအင်္ကျီ ကတ္တီပါစ အနက်ပေါ်၌ ပိုးမည်းတောင်စာအခွံလေးများ၊ ရွှေပိုးတုံးကောင်၏ အခွံလေးများကပ်ကာ တပ်ဆင်ချုပ်လုပ်ထားရာ ယင်းပိုးကောင်ငယ်တို့၏ မဲနယ်အရောင်၊ ကြက်နီလာအရောင်၊ နက်



www.burmeseclassic.com

www.burmeseclassic.com



ပြာမဟူရာအရောင် တောင်ပံလေးများသည် သဘာဝအလင်းတန်းတို့အောက်၌ နီသလိုလို၊ ဝါသလိုလို၊ ပြာသလိုလို၊ ရွှေရောင်လိုလို ရောင်စဉ်များ တဖျပ်ဖျပ်ထွက်ပေါ်လျက်ရှိတော့၏။

တင်းကျပ်သော ကိုယ်ရုံအင်္ကျီကြောင့် သူမ၏ မို့မောက်လုံးဝန်းသော ရင်သားတို့ ရှန်းကြွလျက်ရှိကာ ခါးသွယ်သွယ်၌မူ ရွှေခါးစည်းကြိုးကို စည်းထားလေ၏။ ရတနာမျိုးစုံစီခြယ်ထားသည့် ယင်းခါးစည်းကြိုးပြား၌ တွဲထားသည့် ရွှေခြူကလေးများ တွဲလွဲဆွဲထားသော ရွှေကြိုးမှာ ခါးမှသည် တင်ပါးနောက်သို့ ဝိုက်ဆင်းသွားသည်ကို တွေ့ရလေ၏။

သူမ၏ ရွှေခါးစည်းကြိုးမှနေ၍ ဒေါင်းမြီးသဖွယ်ဖြာကျနေသည့် အနက်ရောင်ဇာပဝါစတို့မှာ ခြေထောက်တို့၏အောက်၌ ခင်းထားသော ကမ္ဗလာကော်ဇောစိမ်းစိမ်းပေါ်သို့ ပုံကျလျက်ရှိတော့၏။

ဇာပဝါနက်နက်တို့အောက်မှ သမန်းနက်ဒေဝီ၏ ဆင်နှာမောင်းသဖွယ် အရင်း၌တုတ်ကာ အဖျားသို့သွယ်လျသွားသည့် ပေါင်တံတို့၏ ညိုညိုဝင်းဝင်းအလှကို မြင်ရသည်မှာ ပုရိသတို့အတွက် အသက်ရှူမှားလောက်စေပါ၏။

ထိုဇာပဝါနက်နက်တို့ပေါ်၌လည်း ပိုးရည်တောင်စာအခွံ၊





ပိုးမည်းတောင်စာအခွံ၊ ရွှေပိတုန်းအခွံတို့ကို ချိတ်ဆွဲတပ်ဆင်ထားရာ မဲနယ်ရောင်၊ ဣန္ဒနီလာရောင်၊ နက်ပြာမဟူရာရောင်၊ ရွှေရောင်တို့ ဖျပ်ဖျပ်ခါ လက်တောက်လျက်ရှိတော့၏။

ရွှေခါးစည်းကြိုး၏ ရှေ့တည့်တည့်တွင်မူ မဟူရာကျောက်ကို စိန်ဖြူလေးများ ဝိုင်းရံစီထားသည့် ရွှေနားကွပ်ခါးစည်းကြိုးခေါင်းရှိနေပြီး ယင်းခါးစည်းကြိုးခေါင်းမှ ဇာပဝါစအနက်တစ်စမှာ ခန္ဓာကိုယ်အရှေ့တည့်တည့်သို့ သွယ်နွဲ့စွာ ကျနေကာ ခြေဖျားတို့ရှေ့၌ ပုံလျက်သားရှိနေတော့၏။

သမန်းနက်ဒေဝီ၏ ဝတ်စားဆင်ယင်ထားမှုကို သုံးသပ်ရလျှင် ရှေးခေတ်ပျိုမိန်းမ ဘွဲ့လင်္ကာထဲကကဲ့သို့ ...

'ညှံ့နုကျောလွတ်၊ ခါးချပ်ဝတ်လျက်၊ ရစ်ပတ်ခါးကြိုး၊ မပတ်ပိုးတည့်၊ ပြောက်ထိုးသွယ်သွယ်၊ ရှုပကာယ်ဖြင့်၊ တင့်တယ်လှစွာ၊ မိကလျာတို့၊ ငါးဖြာအာရုံ၊ စောင့်ထိန်းတုံလည်း၊ မလုံတစ်ဝက်၊ လုံတစ်ဝက်နှင့်၊ တစ်ချက်မဖုံး၊ တစ်ချက်ဖုံး၍၊ နှလုံးရွှင်ပျ၊ ပုရိသတို့၊ မြင်ကစိတ်မြောက်၊ ဇောဆန်ရောက်လျက်' ... ဟူ၍ ဖွဲ့ဆိုဂုဏ်တင်ရမည်သာ ဖြစ်ပါလေ၏။

ယင်းသမန်းနက်ဒေဝီ၏ ရုပ်အဆင်းမှာ မာအိုနှင့်မတူဘဲ ဆွဲဆောင်မှုရှိသည့်တိုင် သူမ၏ဆွဲဆောင်မှုမှာ ပူလောင်သောဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှုဟုသာ ကျွန်ုပ်ဆိုချင်တော့၏။

သူမ၏နဖူးသည် ကျယ်ကာ အနည်းငယ်မောက်သယောင်ရှိပြီး ဆံနွယ်တို့ ဆံမြိတ်အဖြစ် နဖူးပြင်ပေါ် ခွေရစ်ကျနေသည့်တိုင် နဖူးပြင်၏ ခုံးခြင်း၊ ကျယ်ပြောခြင်းကို ဖုံးဖိနိုင်ခြင်း မရှိလှချေ။ သူမ၏နှာရောင်သည်မြင့်ကာ နှာရိုးသည်လည်း မြင့်ပြီး နှာခေါင်းပေါက်တို့က အတန်ငယ်ကျယ်လေ၏။

သူမ၏မျက်ခုံးမွေးတို့မှာ လွန်စွာပါးပြီး မျက်ခုံးရိုးကမူ မြင့်လျက် မျက်တွင်းအနည်းငယ်နက်ကာ မျက်မှောင်ညို့လျက်ရှိလေ၏။ သူမ၏မေးရိုးတို့သည် ထင်းထင်းပေါ်လျက်ရှိပြီး လည်တိုင်ရှည်ကာ ပါးစပ်ကျယ်လေ၏။

သမန်းနက်ဒေဝီ၏ရုပ်သွင်မှာ ခြုံငုံသုံးသပ်ရသော် ရမ္မက်ကို လွန်စွာနှိုးဆွသော ပူလောင်သည့်အလှမျိုးဟု ဆိုရမည်သာဖြစ်၏။

သူမ၏ကိုယ်လုံးကိုယ်ပေါက်ကလည်း မြင့်မားထွားကျိုင်းကာ အရိုးအဆစ်ကြီး၏။ ကော်လာရိုး (ခေါ်) လည်ဖုံးရိုးတို့ ထင်းထင်းပေါ်နေပြီး ပခုံးကျယ်ကျယ် ရင်သားတို့က ထွားမို့လှသည်။ သို့သော် ခါးသိမ်ပြီး တင်ပါးတို့ကားစွင့်သဖြင့် တောင့်တင်းလှပသည့် ကိုယ်ကာယပိုင်ရှင်ဟု ဆိုရမည်သာဖြစ်ပါ၏။

---





သူမသည် ကျောက်ပလ္လင်ထက်ဝယ် ငြိမ်သက်စွာထိုင်လျက် ဖျပ်ဖျပ်လက်သည့် မျက်ဝန်းနက်နက်တို့ဖြင့် ကျွန်ုပ်တို့နှစ်ဦးကို စိုက်ကြည့်နေစဉ် သူမ၏နှုတ်ခမ်းထောင့်စွန်းတို့က အတန်ငယ် ကော့ပျံတက်ကာ ပြုံးမှုမှုအသွင်ရှိလေ၏။

တကယ်တော့ သမန်းနက်ဒေဝီ၏ ရုပ်လက္ခဏာ ဟန်အမူအရာ မှာ သဘောကောင်းလျှင်လည်း လွန်စွာသဘောကောင်းပြီး စေတနာဗရပွဖြစ်တတ်သလောက် ရက်စက်စိမ်းကားရာရှိလျှင်လည်း ကမ်းကုန်အောင် ရက်စက်စိမ်းကားမည့်သဘောမျိုး ရှိလေ၏။

သမန်းနက်ဒေဝီ၏ကျောက်ပလ္လင်နံဘေးရှိ ကျောက်ပလ္လင်ငယ်ပေါ်တွင်မူ ဦးခေါင်းမှ ဆံပင်များရော၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်ပါးမြိုင်းမွေးတို့ပါ ဆွတ်ဆွတ်ဖြူလျက်ရှိသည့် အသက်မှန်းဆရခက်သော အဘိုးအိုတစ်ဦးက ဆိတ်ငြိမ်စွာထိုင်လျက်ရှိကာ အဘိုးအိုမှာ ရှေ့သို့ကုန်းကိုင်းလျက်ရှိပြီး သူ၏ကိုယ်ကို လက်ထဲရှိ ရှည်လျားကောက်လိမ်လျက်ရှိသည့် တုတ်ကောက်ရှည်ကြီးဖြင့် အားပြုထိန်းမတ်ထားရလေ၏။

ဝတ်ရုံနက်ကြီး ခြုံလွှမ်းထားသည့် အနီအဘိုးအိုသည်ကား သက်တော်ရှည်ဘိုးဘိုးပင် ဖြစ်ပါလိမ့်မည်။

---



www.burmeseclassic.com

www.burmeseclassic.com



သက်တော်ရှည်ဘိုးဘိုး၏ ခန္ဓာကိုယ်မှာ ပိန်လှီပြီး မျက်နှာက ရှည်မျောမျောရှိကာ ကျယ်သောနဖူး၊ မြင့်မားသည့်နှာရိုး၊ ချွန်မြသော နှာတံကောက်ကောက်တို့ ရှိလေ၏။

သူ၏မျက်ကွင်းတို့သည် လွန်စွာနက်ပြီး မျက်ခုံးဖြူဖြူတို့အောက်ရှိ မျက်တွင်းနက်နက်ထဲမှ မည်းနက်စူးလက်နေသော မျက်လုံးလေးနှစ်လုံးမှာ မြွေဟောက်၏မျက်လုံးတို့နှင့် သဏ္ဍာန်တူလေ၏။

ယင်းသက်တော်ရှည်ဘိုးဘိုးမှာ တုတ်ကောက်ကိုအားပြုထောက်လျက် ခပ်ကုန်းကုန်းထိုင်နေရာမှ စူးလက်နေသော မျက်လုံးသေးသေးလေးများနှင့် ကျွန်ုပ်တို့နှစ်ယောက်ကို စူးစိုက်ကြည့်လျက် ရှိလေ၏။

သက်တော်ရှည်ဘိုးဘိုးနှင့် သမန်းနက်ဒေဝီတို့၏ နောက်ဘက်ရှိ ကျောက်ဂူနံရံကို ကတ္တီပါလိုက်ကာကြီးများ ကာရံထားကာ အနီရောင်၊ အဝါရောင်နှင့် ပန်းရောင်ပဝါရှည်ကြီးတို့ကို ဂူမျက်နှာကြက်မှ ဂူအောက်ခြေအထိ တွဲရရွဲချထားလေ၏။

သူတို့၏ဝဲဘက်နှင့် လက်ယာဘက် ခပ်လှမ်းလှမ်းရှိ ပန်းအိုးကြီးများ၏နံဘေးဝယ် အဖြူရောင်ဇာပဝါ ဝတ်စုံပါးပါးတို့ ဝတ်ဆင်ထားသည့် လှပျိုဖြူ ရုံရှေ့တော်သုံးဦးစီ ဆိတ်ငြိမ်စွာ





ရပ်လျက်ရှိလေ၏။

မာအိုနှင့် စစ်သည်တော်နှစ်ဦးမှာ ကမ္ဗလာကော်ဇောစိမ်းခင်းထားသည့်အပေါ်ဝယ် ဒူးထောက်ထိုင်ချလိုက်ကြပြီး သမန်းနက်ဒေဝီအား အရိုအသေပြုလိုက်ကြသော်လည်း ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာမူ ကြောင်တက်တက်ရပ်လျက်သာလျှင် ဘုရင်မနှင့် သက်တော်ရှည်အမတ်ကြီးတို့အား စူးစမ်းသလိုကြည့်နေမိကြလေ၏။

သမန်းနက်ဒေဝီက လက်တစ်ဖက်မြှောက်ပြလိုက်ပြီး . . .

''သူတို့ကိုထားရစ်ခဲ့ပြီး သွားနိုင်ပြီ မာအို''

ဟု မိန့်ဆိုလိုက်ရာ မာအိုက ဦးညွှတ်လိုက်ကာ . . .

''ကောင်းပါပြီ အရှင်မ''

ဟုဆိုလျက် စစ်သည်တော်နှစ်ဦးနှင့်အတူ လိုဏ်ဂူနန်းကြီးထဲမှ ပြန်လည်ထွက်ခွာသွားတော့၏။

ထို့နောက် သမန်းနက်ဒေဝီသည် လက်ယာဘက်လက်ထဲရှိ သားမွေးယပ်ကို ဝှေ့ယမ်းလိုက်ရာ . . .

ရုံရှေ့တော်တစ်ဦးသည် သူမတို့နောက်ဘက်ရှိ အတွင်းဂူလိုဏ်ငယ်ထဲဝင်သွားပြီး ပြန်ထွက်လာသောအခါ ရွှေခွန်းချကလပ်တစ်ခုကို ကိုင်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းရွှေပိန်းချကလပ်ပေါ်တွင် ကျွန်ုပ်တို့ယူဆောင်လာခဲ့သည့် ကျောက်သားကျားနက်ရုပ်တုလေးကို တွေ့ရချေ၏။

ရုံရွှေတော်က လက်နှစ်ဖက်နှင့် ရွှေကလပ်ငယ်ကိုစုံကိုင်ပြီး ခါးညွတ်ကာ သမန်းနက်ဒေဝီအား ဆက်သလိုက်သည်တွင် သမန်းနက်ဒေဝီသည် ရွှေကလပ်ပေါ်မှ ကျားနက်ရုပ်တုကို လက်နှစ်ဖက်ဖြင့် တယုတယယူလိုက်လေ၏။

ရုံရွှေတော်က ရွှေကလပ်ကိုကိုင်လျက် နောက်သို့ဆုတ်သွားသည်တွင် သမန်းနက်ဒေဝီသည် ကျောက်ဆစ်ရုပ်ကျားနက်လေးကို တယုတယ ငုံ့ကြည့်ပတ်ကြည့်နေရာမှ ကျွန်ုပ်တို့ကို မော့ကြည့်လိုက်ပြီး . . .

''အမောင်တို့က ဒေဝီရဲ့ အတိတ်ဘဝတုန်းက ဘိုးဘေးဘီဘင်ဖြစ်တဲ့ ပဥ္စမမြောက်သမန်းနက်ဘုရင်ရဲ့ဝိညာဉ်ကို ဒီတောတွင်းဒေသအထိ ခေါ်ဆောင်လာတဲ့အတွက် ဒေဝီက ကျေးဇူးတင်လှပါတယ်၊ ဒီသမန်းနက်ဘုရင်ရဲ့အကြောင်း အမောင်တို့ ဘယ်လောက်သိထားပါသလဲ''

ဟု လေးနက်သောအသံဖြင့် မေးလိုက်လေ၏။

ဤတွင် ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ တစ်ဦး၏မျက်နှာကို တစ်ဦးကြည့်လိုက်ကြပြီးနောက် ဒေါက်တာရန်နိုင်စိုးက





ခပ်တိုးတိုးအသံဖြင့် . . .

''ဆရာသမား . . . ကျွန်တော်တို့ တွေ့ကြုံခဲ့သမျှ ပြောပြလိုက်မှ လိပ်ပတ်လည်မယ်ထင်တယ်၊ ဆရာသမားပဲ လုံးစေ့ပတ်စေ့ ပြောပြလိုက်ပါ''

ဟု အကြံပြုတိုက်တွန်းလိုက်ရာ ကျွန်ုပ်လည်း သမန်းနက်ကျားရုပ်တုလေးကို ဒေါက်တာရန်နိုင်စိုး စတင်ရရှိခဲ့သည်မှစပြီး ယင်းရုပ်တုနှင့်ပတ်သက်သည့် အတွေ့အကြုံအလုံးစုံကို သေချာစွာ တစ်လုံးချင်း ပြောပြလိုက်တော့၏။

ကျွန်ုပ်၏ ပြောပြချက်တို့ကို သမန်းနက်ဒေဝီက နားစိုက်ထောင်နေပြီးလျှင် ကျွန်ုပ်၏စကားအဆုံး၌ သက်ပြင်းချလိုက်ပြီး

''ဟုတ်ပြီ . . . အမောင်တို့ဘက်က ဒီပဥ္စမမြောက်သမန်းနက်ဘုရင်ရဲ့အကြောင်း သိသမျှပြောပြပြီးပြီဆိုတော့ ဒေဝီဘက်ကလည်း ဒေဝီရဲ့ ရှေးအတိတ် ဘိုးဘေးဘီဘင်ဖြစ်တဲ့ ပဥ္စမမြောက် သမန်းနက်ဘုရင်ရဲ့ ကြေကွဲဖွယ် ကျဆုံးခဲ့ရမှုကို ပြောပြရသေးတာပေါ့''

ဟု နာကြည်းသံဖြင့် ပြောလိုက်ပြီးနောက် . . .

''ဟေ့ . . ရုံရွှေတော်တို့ . . . ဒီကညွှေ့သည့်တော်တွေထိုင်ဖို့ ကျောက်ခုံနှစ်လုံး ယူခဲ့စမ်း''



www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်ပေးလိုက်လေလျှင် ရောင်စုံပန်းအိုးကြီးတို့နံဘေး၌ ဆိတ်ငြိမ်စွာရပ်နေကြသည့် ရံရွေတော်တို့လည်း သူမတို့၏ နောက်ဘက်ရှိ ဂူလိုဏ်ငယ်တစ်ခုထဲ ပြေးဝင်သွားကြပြီး ချက်ချင်းဆိုသလိုပင် ကျောက်ဖြူထိုင်ခုံနှစ်လုံးကို နှစ်ယောက်စီမ,လာတာ ကျွန်ုပ်တို့၏အနီး၌ ချပေးလိုက်လေ၏။

''အမောင်တို့ ... အဲဒီကျောက်ခုံတွေအပေါ်မှာ သက်သောင့်သက်သာ ထိုင်ပါ၊ ဒေဝီက ပဌမမြောက်သမန်းနက်ဘုရင်ကေရာဇ်ရဲ့ ကြေကွဲဖွယ်အဖြစ်သနစ်ကို သေချာပြောပြချင်လို့ပါ၊ ဒါဟာ ဒေဝီတို့ရဲ့ တောတွင်းဒေသဆီ ပဋ္ဌာန်းဆက်ရှိလို့ ရောက်ရှိလာတဲ့ အမောင်တို့ သိကိုးသိထားသင့်လို့ ပြောရခြင်းဖြစ်ပါတယ်''

ဟု ပြောလိုက်ရာ ကျွန်ုပ်တို့လည်း သမန်းနက်ဒေဝီတို့နှင့် မျက်နှာချင်းဆိုင်ရှိ ကျောက်ထိုင်ခုံတို့ထက်ဝယ် ထိုင်လိုက်ရပြီး သမန်းနက်ဒေဝီပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်ရပါတော့၏။

သမန်းနက်ဒေဝီပြောပြသည့် ပဌမမြောက် သမန်းနက်ဘုရင်၏ ကြေကွဲဖွယ်အဖြစ်အပျက်မှာ ဤသို့ဖြစ်ပါ၏။

❋ ❋ ❋



## စည်းပေါက်မုဆိုး

ရှေးအတိတေကာလ ...

တစ်ခုသောဆောင်းည၏ ညဥ့်သန်းခေါင်ယံအချိန်သမယဝယ် ...

လပြည့်ညမို့ လဝန်းက နှင်းမြူတို့ကြားမှာပင် ပြည့်ပြည့်ဝန်းဝန်း ထိန်ထိန်သာလျက်ရှိချေ၏။

မြင့်မားသော တောင်တန်းတောင်စွယ်များ၊ နက်ရှိုင်းသော တောအုပ်များထဲမှ ပုစဉ်းရင်ကွဲအော်သံများ၊ ပုရစ်အော်သံ၊ တောကြက်ဖတွန်ကျူးသံတို့ သဲ့သဲ့ညံထွက်ပေါ်လာပြီး အဝေး ကြားသည့် အချိန်ဝယ် ...

'ဝေါင်း ..ဝေါင်း ..ဝေါင်း'

---

ခု နှစ် စဉ့် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် ကျားဟိန်းသံတို့ တစ်ခဲနက်ထွက်ပေါ်လာကာ ခါးလျားရှည်သည့် အဝါခံပေါ်ဝယ် အနက်စင်းကြားများရှိသော တောကောင်ကြီး ခုနစ်ကောင်ခန့်သည့် တောင်သွယ်တစ်ခုပေါ်မှ တန်းစီကာ တစ်လှမ်းချင်း ဆင်းသက်လာကြပါတော့၏။

တောစပ်နှင့် လယ်ကွင်းပြင်သာခြားသော ရှေးခေတ်ရွာဟောင်းကြီးရှိ ရွာသူရွာသားတို့မှာ အေးစက်သောဆောင်းညဝယ် အိပ်စပ်မပျော်နိုင်ကြသေးဘဲ သူတို့ စိုးတထိတ်ထိတ် နားစွင့်နေခဲ့ကြသည့် ကျားဟိန်းသံကြီးများကို သဲ့သဲ့ကြားလိုက်ရသည်တွင် ...

သူတို့၏ခန္ဓာကိုယ်တို့သည် တဆတ်ဆတ်တုန်ယင်သွားကြ ပြီး မိမိတို့၏ တဲအိမ်၊ သစ်သားအိမ်တို့ထဲတွင် ရှိနေလျက်မှ နောက်ကျောမလုံသလိုဖြစ်ကာ အိမ်ခေါင်များ၊ အိမ်နံ့ဘေးထရံများဆီသို့ မျက်ကလူးဆန်ပျာကြည့်ရင်း ရင်သိမ့်သိမ့်ခုန်လျက်ရှိပါတော့၏။

ကျားဟိန်းသံတို့ကား တစ်စတစ်စ ရွာအခြေသို့တိုင်နီးလာရာ ရွာသားတို့သည် အဲမောင်း၊ လှံ၊ တုတ်၊ ဓား၊ လေးမြားတို့ ဆွဲကိုင်ရင်း မကြာမီ သူတို့ရွာအပေါ်ကျရောက်လာတော့မည့် ရောမရန်စွယ်အန္တရာယ်ကြီးကို တွန်းလှန်နိုင်ရန် အသင့်ပြင်လျက်





ရှိကြတော့၏။

သို့သော် သူတို့အပေါ်ကျရောက်လာတော့မည့် တောကောင် (ခေါ်) ကျားရဲတို့၏ရန်ကို ရွာစည်းရိုးဆီမှ ဆီးကြိုကာ စုပေါင်းကာကွယ်ရန်မှု သူတို့ လုံးဝစိတ်မကူးကြတော့ချေ။

သူတို့၏ရွာကြီးအပေါ် ကျားရဲတို့၏ရန်စွယ် ကျရောက်ခါစကမူ လူသူလက်နက်စုရုန်းပြီး ကျားရဲရန်ကို တွန်းလှန်ရန် ကြိုးစားခဲ့ကြဖူးပါ၏။

သို့သော် ကျားရဲတို့၏ကောင်ရေမှာ တစ်စထက်တစ်စ များပြားလာပြီး ရွာ၏ပတ်ပတ်လည်၌ရှိ နေရာအနှံ့အပြားမှ ရွာစည်းရိုးကို ခုန်ဝင်တိုက်ခိုက်လာသည့်အခါမှာမူ တစ်နေရာတည်းမှ စုရုံးခုခံရန် မဖြစ်နိုင်တော့ချေ။

သူတို့ ရွာစည်းရိုး၌ စောင့်ကြပ်နေစဉ် ကျားရဲတို့က ရွာထဲသို့ နောက်ပိုင်းမှဝင်ရောက်ကာ အိမ်၌ကျန်ရစ်ခဲ့သည့် မိသားစုများကို အန္တရာယ်ပြုလာကြရာ နောက်ပိုင်းဝယ် ရွာသားတို့မှာ ကျားရဲတို့၏ရန်ကို စုပေါင်းကာကွယ်ရန်ထက် မိမိတို့၏ အိမ်ရာမှာပင် စောင့်ကြပ်ပြီး ကိုယ့်မိသားစုကို ကိုယ်ကာကွယ်ရန်သာ ကြိုးစားကြတော့၏။

သို့ကြောင့် ရွာသားတို့သည် မိမိတို့၏အိမ်များအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပင် လက်နက်မျိုးစုံဆွဲကိုင်ရင်း မကြာမီကျရောက်လာတော့မည့် ကျားရဲတောကောင်တို့၏ရန်ကို ကာကွယ်ခုခံတိုက်ခိုက်ရန် စောင့်စားနေရပါတော့၏။

သူတို့၏မိသားစုဝင်များမှာလည်း ကျားရဲတို့၏ရန်ကို စိုးရွံ့ထိတ်လန့်စွာဖြင့် မျက်စိသူငယ်.နားသူငယ်ဖြစ်ကာ အိမ်၏အလယ်နေရာ၌ စုဝေးထိုင်လျက် ငြိမ်ကုပ်နေကြရင်း ကျားဟိန်းသံတို့ကိုသာ စိုးရိမ်ကြောက်လန့်ခြင်းကြီးစွာဖြင့် နားစွင့်နေရလေတော့၏။

'ဝေါင်း ..ဝေါင်း'

''ဟော ...ကျားကြီးတွေ ရွာထဲရောက်လာကြပြီ အဘ''

ကလေးငယ်တစ်ယောက်က ထိတ်လန့်စွာပြောရင်း မိခင်၏ရင်ခွင်ထဲသို့ တိုးဝင်ကာ မိခင်၏ခါးကို စိုးရိမ်စွာ ဖက်ထားလျက်မှ သူ့ဖခင်ကို အားကိုးတကြီး ကြည့်လိုက်လေ၏။

မိခင်ဖြစ်သူမှာလည်း နို့စို့ကလေးငယ်ကို ရင်ခွင်အတွင်း၌ ပွေ့ပိုက်ထားရင်းမှ နို့ညှာသားကြီးကို လက်တစ်ဖက်ဖြင့်ပွေ့ဖက်ကာ လင်ယောကျာ်းဖြစ်သူကို အားကိုးတကြီး ကြည့်လိုက်လေတော့၏။

ခု နှစ် စဉ် ကြယ် စာ ပေ



အိမ်ထောင်ဦးစီးဖြစ်သူ ယောကျာ်းသားမှာမူ နဖူးမှစို့ထွက်စီးကျလာသော ဇောချွေးတို့ကို လက်ခုံဖြင့်သုတ်လိုက်ရင်းမှ ချွေးစေးများ စိမ့်ထွက်နေသည့် လက်ဖဝါးနှစ်ဖက်ဖြင့် လှံရိုးကို တင်းကျပ်စွာဆုပ်ကိုင်ကာ အိမ်အနီးသို့ ချဉ်းကပ်လာနိုင်သည့် ကျားရဲ၏ခြေသံ၊ တိုးဝှေ့ရွေ့လျားသံတို့ကို နားစွင့်လျက်ရှိလေ၏။

သူတို့မိသားစုလေး၏ ခနိုမိုး၊ ထရံကာ အိမ်ကလေးအတွင်းဝယ် ရေနံဆီမီးခွက်၏အလင်းကသာ မှိန်ပျပျ ဖြန့်ကျက်လျက်ရှိပြီး သက်ပြင်းရှိုက်သံတို့ လွှမ်းမိုးလျက်ရှိလေ၏။

သူတို့အိမ်လေးတင် မက ...သူတို့ရွာကြီးတစ်ရွာလုံးမှာလည်း အဆိတ်ငြိမ်ကြီး ဆိတ်ငြိမ်တိတ်ဆိတ်လျက်ရှိပါ၏။

အောင်နီ၊ လွေဇော၊ ရိုးမ စသည့် ရွာ၏နာမည်ကျော် အမဲလိုက်ခွေးကြီးတို့သာမက ခွေးလေခွေးလွင့်၊ ခွေးငဲစားတို့၏ အသံကိုပင် မကြားရ။ ခါတိုင်းညဝယ် ရွာလယ်လမ်း၌ အူလိုက်၊ ဟောင်လိုက်၊ အချင်းချင်း စီစီညံအောင်ကိုက်လိုက် လုပ်လေ့ရှိကြသည့် ရွာ၏ခွေးလွင့်ခွေးလေအုပ်စုတို့ ဘယ်ဆီ အမြီးကုပ်ကာ ရောက်နေကြသည် မသိ။ ပြူစီမျှမထိုးကြတော့။

ယုတ်စွအဆုံး ခွေးသံ၊ ကြောင်သံသာမက အိမ်ခေါင်အသီးသီးမှ အိမ်မြောင်စုတ်ထိုးသံပင် မကြားရ။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးသည် မကြာမီ ရွာဆီသို့ကျရောက်လာတော့မည့် ကြီးမားလှစွာသော အန္တရာယ်ဆိုးကြီး၏ရန်ကြောင့် စိုးရိမ်ကြောက်လန့်ခြင်းကြီးစွာ အဆိတ်ငြိမ်ကြီး ဆိတ်ငြိမ်လျက်ရှိပါတော့၏။

'ဂွတ် ...'

လုံကိုင်ထားသူသည် ရုတ်တရက်ကြားလိုက်ရသော အိမ်နံဘေးမှ သစ်ကိုင်းခြောက်တစ်ခု ကျိုးသံသဲ့သဲ့ကြောင့် ခေါင်းနားပန်းကြီးသွားကာ အသံကြားရာ ခြေရင်းဘက်အိမ်ထရံဆီ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

'ဝေါင်း'

ကျယ်လောင်လှစွာသော မာန်ဖီဟိန်းဟောက်သံကြီးနှင့်အတူ ဝါးထရံသည် ဖြုန်းခနဲ ကျိုးပျက်ကွဲဟသွားပြီး ရှေးဦးစွာ တောကောင်ကြီးတစ်ကောင်၏ လက်တစ်ဖက်ကို တွေ့လိုက်ရတော့၏။ တောကောင်ကျားရဲကြီးသည်ကား အိမ်ထရံကိုဖြဲကာ ဝင်ရောက်လာချေပြီ။

''အမယ်လေး ... လုပ်ကြပါဦး''

''ကျားကြီး ... ကျားကြီး ... ကယ်ကြပါဦး''

''အား ... အဘရေ .. လုပ်ပါဦး၊ ကျားကြီးဝင်လာပြီ''





သနားစဖွယ်မိသားစု၏ ငယ်သံပါအောင် အော်ဟစ်သံများ မဆုံးမီမှာပင် တောကောင်ကြီးသည် ဝုန်းခနဲ အိမ်ထဲသို့ခုန်ဝင်လာရာ အိမ်လေးမှာ သိမ့်ခနဲတုန်သွားပြီး အိမ်ရှင်ယောကျ်ားသည်လည်း လက်ထဲမှလှံဖြင့် ကျူးကျော်ဝင်ရောက်လာသည့် အန္တရာယ်ကောင်ကြီးကို မျက်စိမှိတ်ထိုးချလိုက်တော့၏။

'ဝေါင်း'

သို့သော် ကျားကြီးသည် သူ့ဆီတန်းဝင်လာသည့် လှံတံကို လက်တစ်ဖက်ဖြင့် ပုတ်ထုတ်လိုက်ပြီးနောက် နို့ညှာကလေး၏ကုပ်ပိုးကို အတင်းဝင်ခဲကာ နောက်သို့ လျင်မြန်စွာ ပြန်ဆုတ်သွားတော့၏။

''အား''

ကလေးငယ်၏ အသည်းခိုက် နာကျင်စွာ အောဟစ်သံနှင့်အတူ မိခင်၏ လိပ်ပြာလွင့်မတတ်အော်သံ ထွက်ပေါ်လာ၏။

''အမယ်လေး ... လုပ်ကြပါဦး၊ ကိုရင်မောင် ... သားကြီးကို ကျားဆွဲသွားပြီတော့''

ကိုးတောင်ကျားကြီးသည်ကား ငရဲပွက်သလို အော်ဟစ်ရုညံနေသည့် တဲအိမ်ငယ်ထဲမှခုန်ထွက်ကာ လရောင်အောက်မှာပင် သူ၏သားကောင်ကိုကိုက်ချီရင်း ရွာလယ်လမ်းသို့ ဦးသည်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပါတော့သတည်း။

. ယင်းသို့ ရွာစွန်ရှိ တဲအိမ်လေးဝယ် ငရဲခန်းတစ်ခု ဆူညံ ပွက်လောရိုက် ဖြစ်ပျက်သွားသလို အခြားသစ်သားအိမ်တစ်အိမ်၏ သက်ကယ်မိုးအိမ်ခေါင်ပေါ်သို့ အိမ်နံဘေးရှိ သစ်တိုပင်ကြီး၏ ကိုင်းတစ်ကိုင်းပေါ်မှ တောကောင်ကြီးတစ်ကောင်က ဝုန်းခနဲ ခုန်တက်လိုက်ရာ ...

တောကောင်ကြီး၏ ကိုယ်အလေးချိန်ဒဏ်ကို မခံနိုင်ဘဲ ထုပ်တန်းကျိုးကျကာ ရောမတောကောင်ကျားရဲကြီးမှာ အိမ်အတွင်းသို့ 'ဖြောင်း' 'ဝုန်း' ဟူသောအသံတို့နှင့်အတူ ပြုတ်ကျလာသည်တွင် ...

အိမ်အတွင်းရှိ အိမ်သူအိမ်သားတို့၏ ထိတ်လန့်တကြား အော်ဟစ်သံတို့မှာ ပွက်လောရိုက်ဆူညံသွားပါတော့၏။

''အောင်မယ်လေး ... လုပ်ကြပါဦး၊ ကျားကြီး အိမ်ခေါင်မိုးကို ဖောက်ဝင်လာလို့''

''ကျားကြီး ... ကျားကြီး ... ကယ်ပါဦးဗျာ''

ထိုသို့လျှင် ယင်းရွာကြီးအပေါ် အငြိုးကြီးစွာထား ကာ ကျားရဲတောကောင်ကြီးတို့ လပြည့်ညတိုင်း ဝင်ရောက်တိုက်ခိုက်ခဲ့သည်မှာ နွေလေရူးတို့ စတင်တိုက်ခတ်စဉ်ကပင် ဖြစ်ပါ၏။





ဤသို့ ရှေးဟောင်းရွာကြီး၏ အနောက်ဘက်ရှိ သမန်းဥမ်တောကြီးအတွင်းမှ ရွာထဲဝင်ရောက်ကျူးကျော်ကာ အငြိုးအတေးကြီးစွာ ရွာသူရွာသားတို့ကို တိုက်ခိုက်သတ်ဖြတ်ကြသည့် ရောမ အန္တရာယ်ပြဿနာဆိုးကို စတင်ဖန်တီးခဲ့သူမှာ ယင်းရွာ၏ မုဆိုးကျော် တာလူးပင်ဖြစ်သည်ဟု ဆိုရပေမည်။

တာလူးမှာ ထိုရွာသား မုဆိုးကျော်ကြီးဖြစ်၏။

သူသည် တောတောင်ကိုကျွမ်းသလောက် မြားပစ်လက်ဖြောင့်သူဖြစ်ကာ သားကောင်ဟူသမျှ တွေ့မရှောင် ပစ်ခတ်သတ်ဖြတ်တတ်သော ရက်စက်ကြမ်းကြုတ်သည့် မုဆိုးဖြစ်၏။

သူသည် တစ်ကိုယ်ရေတစ်ကာယသမားဖြစ်ကာ လွန်စွာပေပေတေတေနေသူ ဖြစ်၏။ စည်းကမ်းဆိုသောစကားမှာ သူနှင့်မသက်ဆိုင်သည့်အလား သဘောထားသူဖြစ်၏။ သူသည် နေထိုင်စားသောက်ရာမှာသာ စည်းကမ်းမရှိသူ မဟုတ်၊ တောလိုက်ရာတွင်ပါ စည်းမထားသူ ဖြစ်၏။

သို့ကြောင့်လည်း တစ်နေ့သောအခါဝယ် သမန်းတောနက်ကြီးထဲ၌ လူမုဆိုးနှင့် တောမုဆိုးတို့ ဆုံတွေ့သည့်အခါ လူမုဆိုးဖြစ်သော မုဆိုးကြီးတာလူးဘက်မှ စတင်စည်းဖောက်ခဲ့မိခြင်း ဖြစ်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးတို့ တောလည်ရာတွင် စည်းတစ်ခုရှိ၏။ ယင်းစည်းမှာ နားလည်မှုဖြင့် တည်ဆောက်ထားသောစည်း ဖြစ်၏။

မုဆိုးတစ်ဦးက ဦးစွာတွေ့ထားသော သားကောင်ကို နောက်မှရောက်လာသည့်မုဆိုးက လုယူပစ်ခတ်သတ်ဖြတ်ခြင်း မပြုရသည်မှာ မုဆိုးတို့လိုက်နာအပ်သည့် စည်းပင်ဖြစ်ပါ၏။

သို့သော် တာလူးကဲ့သို့သော စည်းပျက်မုဆိုးသည်ကား ယင်းစည်းမျိုးကို စောင့်ထိန်းတတ်သူမဟုတ်၊ စောင့်စည်းစရာလည်း မလိုဟု ခံယူထားသူဖြစ်၏။

"ငါဟာ မုဆိုး၊ ဟောဒီတောကြီးထဲက တောကောင်မှန်သမျှဟာ ငါ့ရဲ့သားကောင်တွေချည်းပဲ၊ တွေ့မရှောင် တာလူးတဲ့၊ တောကောင်ဆို ကျား၊ကျားသစ်တောင် မရှောင်ဘူးဟေ့"

ဟူ၍ ကြွေးကြော်ထားသည့်အတိုင်း သူ့လိုမုဆိုးများဖြစ်ကြသည့် ကျား၊ ကျားသစ်၊ ဝက်ဝံတို့ကိုပင် မရှောင်စတမ်းတိုက်ခိုက်သတ်ဖြတ်တတ်သူ ဖြစ်ချေ၏။

ယင်းနေ့ကလည်း မုဆိုးကြီးတာလူးသည် နေထန်းတစ်ဖျားခန့်အရောက်ဝယ် တောင်ကြောတစ်ခုကို ဖြတ်ဆင်းလျက် သင်ဂဒူးပင်ကြီး၏ ပင်စည်ကိုကွယ်ကာ မြောင်အောက်မှ ရေကြည်ချောင်းဆီ သားကောင်တစ်ကောင်ကောင် ရေသောက်





ဆင်းလာခြင်း ရှိ၊မရှိ ချောင်းမြောင်းကြည့်ရှုနေလေ၏။

ယခုလို နေပြင်းပြင်းပူသော နွေရာသီနေ့လယ်ခင်းမျိုးဝယ် တောကောင်ကြီးငယ်တို့မှာ နေ၏အပူရှိန်ကြောင့် ရေငတ်ကာ ရေမြောင်း၊ အင်းအိုင်၊ ရေကြည်ချောင်းတို့တွင် ရေသောက်ဆင်းလေ့ရှိရာ ဤသည်ကို အခွင့်ကောင်းယူပြီး မုဆိုးကြီးတာလူးက ဆည်ဝမှ ကျိုင်းတစ်ကောင် ငါးစောင့်သလို စောင့်စားကြည့်ရှုလျက်ရှိခြင်း ဖြစ်ပါ၏။

ထိုစဉ် ချေငယ်တစ်ကောင်သည် မြောင်အောက်ဘက်ရှိ သပွတ်သိမ်ချုံကွယ်မှ တစ်လှမ်းချင်းထွက်လာကာ ဟိုကြည့်သည်ကြည့်လုပ်ရင်း ရေကြည်ချောင်းနံဘေးသို့ ရောက်ရှိလာသည်ကို မုဆိုးကြီးတာလူး တွေ့ရချေ၏။

ချေငယ်သည် သူ၏အန္တရာယ်ရန့်ကိုခံရင်း ဘေးဘီသို့ သတိကြီးစွာ အကဲခတ်ကြည့်လိုက်ပြီး စိတ်ချယုံကြည်ရပြီဟု ယူဆမှ ရေကြည်ချောင်းစပ်သို့ ခြေလှမ်းတစ်လှမ်းချင်း လှမ်းသွားကာ ရေကို ဆာလောင်မွတ်သိပ်စွာ သောက်သုံးလိုက်လေ၏။

မုဆိုးကြီးတာလူးသည် ချေငယ်ကိုအပိုင်ပစ်ရန် အဆိပ်လူးမြားကို လေးပေါ်တင်လျက် လေးညို့ကိုဆွဲလိုက်စဉ် . .

အဝါပေါ်ဝယ် အနက်စင်းကြားကြီးများရှိသည့် ခါးလျား

www.burmeseclassic.com



ရှည်သော တောကောင်ကြီးတစ်ကောင်သည် သပွတ်သိမ်ချုံနောက်မှ တစ်လှမ်းချင်းလှမ်းထွက်ကာ ရေကြည်ချောင်းစပ်မှ ချေငယ်ကို ခုန်အုပ်ရန် ဟန်ပြင်နေသည်ကို တွေ့လိုက်ရလေ၏။

"ဩော . . . သင်းကလည်း ချေငယ်ကို ချောင်းနေတာကိုး"

မုဆိုးကြီးတာလူးက နှုတ်ခမ်းထောင့်စွန်းများ ကွေးညွှတ်မတတ် ပြုံးလိုက်မိတော့၏။ အချိုရှာကာမှ သကာခဲနှင့် တွေ့ချေပြီ။

သူ့အနေဖြင့် တစ်ပြိုင်နက်တွေ့နေရသည့် သားကောင်နှစ်ကောင်အနက် အရေခွံ၊ အရိုး၊ အစွယ်မှစ၍ တစ်ကိုယ်လုံးတန်ဖိုးရှိလှစွာသော ကျားရဲကောင်ကိုသာ ချေငယ်ထက် ဦးစားပေးရွေးရမည်သာ ဖြစ်ပေ၏။

သို့ဖြင့် သူ၏ လေးပစ်ကွင်းကို ချေငယ်ထံမှ ကျားရဲကြီးဆီသို့ ရွှေ့ပြောင်းလိုက်တော့၏။

ဤသည်မှာပင် သူ မုဆိုးစည်းဖောက်ခြင်း ဖြစ်လေတော့၏။ အမှန်တော့ လူမုဆိုးသည် သူ၏အရင် တောမုဆိုးတောကောင်ကြီးက သားကောင်အားဖမ်းဆီးရန် ကြိုးစားပါကရှောင်လွှဲသွားရမည်ဖြစ်သော်လည်း သူက မရှောင်လွှဲသည့်အပြင်





တောမုဆိုးကိုပင် သားကောင်ပြုလုပ်ကာ ချောင်းမြောင်းပစ်ခတ်ချေရော့မည်။

ဝါရင့်မုဆိုးကြီးများ မည်သူမျှ မလုပ်သောအလုပ်ကို တာလူးကြီး လုပ်ပေရော့မည်။

'ဂွစ်'

'ဖောက်'

လေးညို့ကိုလွှတ်လိုက်သည်နှင့် ထိပ်ဖျားသံဟက်၌ အဆိပ်လူးထားသည့်မြားသည် လေကိုခွင်းကာ နီလာစင်းဟုခေါ်သော ရောမကျားကြီး၏ လက်ပြင်ကို ရှပ်မှန်သွားတော့၏။

အမှန်တော့ မုဆိုးကြီးတာလူးက ကျားမကြီး၏ လက်ပြင်နောက်ဘက်ရှိ နံကြားသို့ချိန်ကာ အပိုင်ပစ်လိုက်ခြင်းဖြစ်ချေ၏။ သို့သော် ယင်းအချိန်တွင် ကျားမကြီးက ချေကိုခုန်အုပ်ရန် ကိုယ်ကို နောက်သို့ယို့လိုက်ရာ မြားချက်မှာ ပစ်မှတ်မှ လက်မအနည်းငယ် လွဲသွားပြီး လက်ပြင်ကို ရှပ်မှန်သွားခြင်းဖြစ်၏။

'ဝေါင်း'

ကျားမကြီးသည်ကား သူ့ကို လူမုဆိုးက သားကောင်လုပ်ကာ ချောင်းမြောင်းပစ်ခတ်ပြီမှန်း ရိပ်မိကာ မာန်သွင်းအော်နှိုးဟောက်လိုက်ပြီးနောက် နောက်ကျွမ်းနှစ်ပတ်ပစ် ရှောင်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

"တောက် ... အပိုင်ပစ်ခါမှကွာ"

ကျားမကြီးသည်ကား အဆိပ်လူးမြား ရုပ်ထိသွားသဖြင့် အထိနာသွားခြင်းမရှိသော်လည်း မုဆိုးကြီးတာလူး၏ တစ်ဇွေ့ခုနှ် အဆိပ်က ပြင်းလွန်းသဖြင့် သူ၏ခန္ဓာကိုယ်၏ သွေးကြောတို့အနှံ့ အဆိပ်ပျံ့စပြုလာရာ တောင်ကြောနှစ်ခုကို ကျော်ဖြတ်ပြေးလာပြီး နောက်ဝယ် ဒယီးဒယိုင်ဖြစ်လာတော့၏။ အကယ်၍ မြားချက်မှာ ရုပ်ထိခြင်းမဟုတ်ဘဲ အသားထဲ ဒုတ်ဒုတ်ထိ စူးနစ်သွားပါက တောင်ကြောတစ်ခုကိုပင် ဖြတ်ကျော်နိုင်မည်မဟုတ်ဘဲ ဘုံးဘုံးကျ လဲသေရမည်သာ ဖြစ်ပါ၏။

ယခုတော့ တောဘုရင်ကျားမကြီးမှာ အားတင်းကာ တောင်ကြောနှစ်ခုကို ကျော်လာပြီးနောက် ကျောက်ဂူတစ်ခု၏ အဝအရောက်ဝယ် ဒယီးဒယိုင်ဖြစ်ကာ လဲကျမလိုဖြစ်သွားတော့၏။

ထိုစဉ် ကျောက်ဂူလိုဏ်ခေါင်းထဲမှ တစ်လသားအရွယ်ခန့်ရှိ ကျားပေါက်လေးနှစ်ကောင် ပြေးထွက်လာကာ မိခင် ကျားမကြီး၏နို့ကိုဆွဲရန် အလုအယက်ကြိုးစားတော့၏။ ကျားမကြီးကလည်း သူ့ကလေးနှစ်ကောင်ကို လက်ဖြင့်တွန်းကာပုတ်ကာ





ကျောက်လိုဏ်ဂူထဲသို့ အတင်းထိုးသွင်းပြီး သူကိုယ်တိုင်ပါ ဝင်နိုင်ရန် ကြိုးစားတော့၏။

ကျားမကြီးသည်ကား သူ၏နောက်ဝယ် အန္တရာယ်လိုက်ပါလာမှန်းရိပ်မိဟန်ဖြင့် သူ့ကလေးတွေကိုပါ သူတို့မိသားစု၏ ဘူမိနက်သန်ကျောက်လိုဏ်ဂူထဲသို့ အတင်းထိုးသွင်းနေခြင်းဖြစ်ပါ၏။

ထိုစဉ် ကျောက်လိုဏ်ဂူဝနှင့် ဝါးတစ်ရိုက်ခန့်အကွာရှိ ဝါးဖယောင်းရုံနောက်သို့ ရောက်ရှိလာသူမှာ မုဆိုးကြီးတာလူးပင် ဖြစ်ပါ၏။

တာလူးမဟုတ်ဘဲ အခြားမုဆိုးသာဆိုပါက ဒဏ်ရာရသွားသည့် ကျားနာ၏နောက်သို့ ယခုကဲ့သို့ မိုက်မဲစွာ လိုက်လာရဲမည် မဟုတ်ပေ။ သေကွင်းကို ပိုင်ပိုင်နိုင်နိုင်မထိဘဲ ဒဏ်ရာရရုံရသွားသည့် ကျားနာတို့မည်သည် အဘယ်မျှဆိုးကြောင်း မုဆိုးတိုင်း သိသည်သာဖြစ်ပါ၏။

သို့သော် တာလူးသည် အခြားသောမုဆိုးတို့နှင့် လားလားမျှမတူ ... တစ်မူထူးခြားသူ ဖြစ်၏။ အခြားမုဆိုးတို့ဖို့ တောသို့ဝင်လျှင် တောပိုင်တောင်ပိုင်နတ်တို့အား ထမင်းဦးခေါင်း စားဦးစားဖျား စသည်တို့ဖြင့် ပူဇော်ပသတတ်သူ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမျှ အယုံအကြည် မရှိ၊ အယူသီးခြင်းလည်း မရှိ၊ ရှောင်အပ် စောင့်ထိန်းအပ်သည်တို့ကိုလည်း နားလည်သူမဟုတ်ချေ။

သို့ကြောင့်လည်း အကြောက်အလန့်မရှိသော မုဆိုးတာလူးမှာ ကျားနာနောက်သို့ ထက်ကြပ်မကွာ လိုက်လာရဲခြင်း ဖြစ်ပါ၏။

ဒဏ်ရာပြင်းထန်ခြင်းမရှိသော်လည်း အဆိပ်က တစ်ကိုယ်လုံးကို ပျံ့နှံ့လျက်ရှိပြီမို့ တစ်ကိုယ်လုံးရှိအကြောတို့ ဆိုင်းလုလုဖြစ်နေသည့် ကျားမကြီးမှာ ကျောက်လိုဏ်ဂူထဲ ကြိုးစားဝင်နေစဉ် ...

'ဝှစ်'

'ဖောက်'

'ဝေါင်း'

မုဆိုးတာလူးပစ်လွှတ်လိုက်သည့် ဒုတိယမြောက် အဆိပ်လူးမြားမှာ သည်တစ်ချီမှာတော့ ကျားမကြီး၏လက်ပြင်နောက်ဘက်သို့ အရှိန်ပြင်းစွာ စိုက်ဝင်သွားချေပြီတည်း။

ကျားနာမကြီးမှာ နာကြည်းစွာ ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်ရင်းမှ ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်လာပြီးလျှင် ဂူအဝမှာပင် နံရံကိုမှီလျက် တဖြည်းဖြည်းလဲကျကာ အတန်





ကြာ အသက်ငင်လျက်ရှိလေ၏။

ကျားပေါက်လေးများမှာမူ သူတို့မိခင်ကြီး၏ အဖြစ်ဆိုးပုံကို ဂဃနဏသိဟန်မတူဘဲ မိခင်ကြီး၏ကိုယ်ပေါ်သို့သာ ဖက်ယက်တက်တွယ်လျက် ရှိတော့၏။

ဝါးဖုယောင်းရုံနောက်မှ ကျေနပ်စွာပြုံးရင်း လှမ်းထွက်လာသည့် မုဆိုးတာလူးမှာ ဇိဝိန်ချုပ်ကာ လုံးဝငြိမ်သက်သွားပြီဖြစ်သော ကျားမကြီးကိုရော ကျားပေါက်ကလေးများကိုပါ ကြည့်ကာ နှစ်ထောင်းအားရဖြစ်လျက် ရှိပါတော့၏။

"ဟား ..ဟား ..ဟား ..စားရက်ကြုံတော့ မုတ်ဆိတ်ကိုပါ ပျားကစွဲပြီပဲ၊ ကျားမကြီးကို ရလိုက်တဲ့အပြင် ကျားပေါက်ကလေးနှစ်ကောင်ပါ ရဦးမှာပါလား"

သူက သဘောကျစွာတွေးလိုက်ရင်းမှ ကျားပေါက်လေးများကို ခြင်းထဲထည့်ကာ ရွာဆီယူဆောင်သွားရန်ရည်ရွယ်ပြီး ဝါးစိမ်းတစ်လုံးကို အမဲလိုက်ဓားဖြင့် ခုတ်လိုက်လေ၏။

ထို့နောက် ထိုဝါးစိမ်းကို ဝါးရွက်များသပ်ချပြီးနောက် ခွဲလေ၏။ ခွဲပြီးသောဝါးခြမ်းကိုစိပ်ကာ နှီးရအောင်ဖြာလေ၏။ နှီးအဖြစ် ရသော် ခြင်းအဖြစ်ယက်လုပ်ရမည်ဖြစ်လေ၏။

ထိုသို့ မုဆိုးကြီးတာလူးသည် အမဲလိုက်ဓားမြှောင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နီးဖြာလျက်ရှိစဉ် သူ၏နောက်ဘက် ဝါးရုံတောကိုပတ်ပြီး ခြေသံမကြားအောင် လျှို့ဝှက်စွာ တစ်လှမ်းချင်းချဉ်းကပ်လာသော အန္တရာယ်အရိပ်ကို သတိမမူမိချေ။

ဝါးရုံတောကို ကျောခိုင်းပြီး နီးဖြာနေသည့် မုဆိုးကြီးတာလူး၏နောက်ဘက်မှ ချဉ်းကပ်လာသော အန္တရာယ်အရိပ်သည်ကား အောက်ခံအဝါရောင်ပေါ်ဝယ် အညိုနှင့် အနက်ဖျော့ရောင်ဖောက်ထားသော အစင်းကြောင်းကြီးတွေရှိသည့် နီလာစင်းဟုခေါ်သော ရောမကျားထီးကြီးပင် ဖြစ်ပါ၏။

ခါးလျားရှည်သော ကိုးတောင်ကျားကြီးမှာ ကျောက်ဂူအဝ၌ မုဆိုးကြီး၏လက်ချက်ကြောင့် သွေးသံရဲရဲဖြင့် လဲကျသေဆုံးနေသော ကြင်ဖော်ကျားမကြီး၏အဖြစ်ကို မြင်ပြီးဖြစ်၏။ ကျောက်ဂူထဲတွင်လည်း သူ၏သားငယ် ကျားပေါက်လေးနှစ်ကောင်ရှိသည်ကို သိပြီးဖြစ်၏။ အနီမနုဿမုဆိုး၏ ရက်စက်မှုကြောင့် သူတို့ကျားမိသားစုလေးကောင်၏ဘဝ ကြေကွဲဖွယ်ပျက်စီးရသည့်အပြင် မိစ္ဆာမုဆိုးသည် သူ၏သားနှစ်ကောင်ကိုပါ ဖမ်းဆီးယူဆောင်သွားတော့မည်ကို ခန့်မှန်းမိပြီးဖြစ်၏။

သို့လျှင် သူ၏အသိုက်အမြုံအား ပက်ပက်စက်စက် ဖြိုခွင်းသူ မနုဿမုဆိုးကို တစ်စစီဆုတ်ဖြဲလက်စားချေရမှ သူကျေနပ်နိုင်တော့မည်။





သို့ကြောင့် နီးဖြာနေသည့်မုဆိုးကို နောက်ကျောမှ အပိုင်ခုန်အုပ်သတ်ဖြတ်ရန် ဆုံးဖြတ်ပြီး မိုးခြိမ်းသံနှယ် ရင်ခေါင်းသံကြီးဖြင့် ကျယ်လောင်စွာမာန်ဖီကာ လျှပ်တစ်ပြက် ခုန်အုပ်လိုက်တော့၏။

'ဝေါင်း'

မုဆိုးကြီးတာလူးကား ဝါရင့်မုဆိုးကြီးဖြစ်၏။ သူသည် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာစိတ်ရှိသူ မုဆိုးဖြစ်သော်လည်း သူ့ရသတ္တိ လွန်စွာရှိကာ သတိလည်းကြီးသူဖြစ်သည့်အပြင် သူကိုယ်တိုင် တောကောင်တစ်ကောင်နှယ် လျင်မြန်သန်မာကြမ်းတမ်းစွာ သတ်ပုတ်တိုက်ခိုက်နိုင်စွမ်းရှိသူ ဖြစ်၏။

သို့ကြောင့်လည်း တစ်ချိန်က လုံတစ်စင်းဖြင့် ဝံတစ်ကောင်ကို တစ်ကောင်ချင်း တစ်ဦးချင်း ရင်ဆိုင်စီးချင်းထိုးကာ တိုက်ခိုက်အနိုင်ယူဖူး၏။

တောဝက်ကို အမဲလိုက်ဓားမြှောင်တစ်ချောင်းနှင့် ရင်ဆိုင်ကာ အပိုင်တိုက်ဖူး၏။

သို့ကြောင့်လည်း ဤရိုးမတစ်ကြောဝယ် မုဆိုးကြီးတာလူး၏အမည်မှာ အကျော်ဒေးယျဖြစ်နေခြင်းဖြစ်၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း သူ၏နောက်ကျောဆီမှ ရုတ်တရက်လှုပ်ရှားသံနှင့်အတူ နားကွဲမတတ် ကျားဟိန်းသံကြီးကို ကြားလိုက်ရရာ သူသည် သတိရှိသူပီပီ ရှေ့သို့ ကိုယ်ကို ဆတ်ခနဲကုန်းကာ နောက်မှတိုက်ခိုက်လာသည့်အန္တရာယ်ကို ရှောင်လိုက်ရင်း သူ၏ကိုယ်ကို လက်ယာဘက်သို့ လျင်မြန်စွာ စောင်းလှည့်လျက် လက်ထဲမှ အမဲလိုက်ဓားမြှောင်ဖြင့် နောက်ပြန်တွက်ထည့်လိုက်၏။

မုဆိုးကြီးတာလူး၏တုံ့ပြန်လှုပ်ရှားမှုက မယုံနိုင်လောက်အောင် မြန်ဆန်လွန်းသဖြင့် ကိုးတောင်ကျားကြီးမှာ သူ၏ရည်မှန်းချက်အတိုင်း မနုဿမုဆိုး၏ကျောပြင်ပေါ်သို့ ခုန်အုပမိခြင်းမရှိဘဲ ရည်မှန်းချက်လွဲချော်သွားရာ သူ၏လက်ယာဘက်လက်တစ်ဖက်ကသာ မုဆိုး၏ကျောပြင်ကို ကုတ်ထည့်လိုက်မိတော့၏။

ကျားကြီး၏ထက်မြလှသော လက်သည်းကြီးများ၏အရှိန်အဟုန်ကြီးမားစွာ ကုတ်ဖဲ့ခံလိုက်ရမှုကြောင့် မုဆိုးကြီးတာလူး၏ လက်ဝဲဘက်ကျောတစ်ခြမ်းမှာ အသားထစ်များအမြှောင်းလိုက်ပဲ့ပါသွားကာ သွေးခြင်းခြင်းရဲသွားသကဲ့သို့ မုဆိုးကြီးတာလူး အမဲလိုက်ဓားမြှောင်ဖြင့် နောက်ပြန်တွက်ထည့်လိုက်





မှုကြောင့် ကျားကြီး၏ပမ်းဗိုက်ကို ထက်မြနေသောဓားသွားက ကန့်လန့်ဖြတ် ဖြတ်ဆွဲလိုက်ရာ ဝမ်းဗိုက်မှာ ဟက်တက်ကွဲထွက်သွားပြီး သွေးတို့ ဖြန်းခနဲ ပန်းထွက်သွားတော့၏။

'ဝေါင်း'

ကိုးတောင်ကျားကြီးမှာ နာကြည်းစွာဟိန်းလိုက်ပြီး ရှေ့သို့ ကျွမ်းပစ်လျက် ရှေ့ရှိ ဝါးသပွတ်ချုံနွယ်တောထဲ ပြေးဝင်ပျောက်ကွယ်သွားပါတော့၏။

မုဆိုးကြီးတာလူးသည် လက်တစ်ဖက်က မြေပြင်ထက်ထောက်ထားရင်း ကုန်းကွကွကြီးဖြစ်ကျန်ရစ်ခဲ့၏။ သူ၏ကျောမှပြင်းပြသောနာကျင်မှုကြောင့် ခန္ဓာကိုယ်က တဆတ်ဆတ်တုန်လျက်ရှိပြီး ဒေါသတို့က ရင်ဝယ် ဗလောင်ဆူသွား၏။

သူ့ကြောင့် သေဆုံးသွားရသည့် ကျားမကြီးအတွက်ကြင်ဖော်ကျားထီးကြီးက သူ့ကို အသေအကြေတိုက်ခိုက်သွားခြင်းဖြစ်ကြောင်း သူသိ၏။

''တောက် ‥ မိစ္ဆာကျားတွေ တွေ့ကြသေးတာပေါ့ကွာ''

သူသည် ဒေါသတကြီးတောက်ခတ်လိုက်ရင်း မြေပြင်မှကြုံးထလိုက်ကာ သွေးစက်လက်ဖြစ်နေသော အမဲလိုက်ဓားမြှောင်ကို တင်းကျပ်စွာဆုပ်ကိုင်လျက် ကျားမိသားစု၏ဂေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ကျောက်လိုဏ်ဂူဆီသို့ ကုန်းကုန်းကွကွဖြင့် တစ်လှမ်းချင်း ဒယီးဒယိုင် လျှောက်လာခဲ့လေတော့၏။

သူသည် ကျားမကြီး လဲကျသေဆုံးနေသည့် ကျောက်ဂူဝသို့ရောက်လာရာ ကျောက်ဂူဝ၏နံရံကို လက်တစ်ဖက်ဖြင့် ထောက်ပြီး ကိုယ်ကိုထိန်းလိုက်ကာ ဂူထဲသို့ စူးစူးရဲရဲကြည့်လိုက်၏။ ကျာဆီမှ တစစ်စစ် နာကျင်လျက်ရှိသော ပြင်းပြသည့် ဝေဒနာကြောင့် သူ၏မျက်လုံးအကြည့်တို့က ဝေဝါးလျက်ရှိကာ လူက ဒယီးဒယိုင် ဖြစ်လျက်ရှိလေ၏။

သို့သော် သူသည် ဖွဲကြီးသူ၊ ဒေါသကြီးသူဖြစ်သည့်အားလျော်စွာ အံကိုတင်းတင်းကြိတ်ပြီး ဂူထဲ တစ်လှမ်းချင်းဝင်ခဲ့ရာ နက်ရှိုင်းခြင်းမရှိလှသည့် ကျောက်ဂူအတွင်းသို့ ဂူဝမှ သဘာဝအလင်းရောင် ဝင်နေသဖြင့် ကျောက်ဂူ၏ အတွင်းနံရံထောင့်ဝယ် ကုပ်ကုပ်လေးကပ်နေကြသည့် ကျားပေါက်လေးနှစ်ကောင်ကို တွေ့ရပါချေ၏။

"ဟင်း ဟင်း . . . တွေ့ကြသေးတာပေါ့ကွာ၊ ငါ့ကိုဒုက္ခပေးသွားတဲ့ ကျားမိစ္ဆာတွေ . . . မျိုးပြုတ်ဖို့သာ ပြင်ပေတော့"

မုဆိုးကြီးတာလူးမှာ ဒေါသကြီးစွာဖြင့် ရှေ့သို့လှမ်းလိုက်ပြီး လက်ထဲမှ သွေးစွန်းဓားဖြင့် ကျားပေါက်ကလေးတစ်ကောင်၏





ဝမ်းဗိုက်ကို ထိုးချလိုက်၏။

ထိုကျားပေါက်လေးက နာကျင်စွာအော်လိုက်စဉ် နောက်တစ်ကောင်က ကြောက်လန့်တကြားဖြင့် ကွေ့ရှောင်ပြေးရန် ကြိုးစားတော့၏

အနို့ကျားပေါက်လေးကိုလည်း တာလူးအလွတ်မပေးဘဲ ဓားမြှောင်ဖြင့် ကျောပေါ်ထိုးစိုက်ချလိုက်တော့၏။

ကျောက်ဂူ၏ကြမ်းပြင်ပေါ်သို့ သွေးသံရဲရဲဖြင့် ကျားပေါက်လေး လဲကျငြိမ်သက်သွားမှ သူ၏သွေးစွန်းဓားကို မုဆိုးကြီးတာလူးက ဆွဲနှုတ်ယူလိုက်ပြီး . . .

"ဟား . . ဟား . . ဟား . . မှတ်ထားကွ . . . တွေ့မရှောင် တာလူးတဲ့၊ ကျားသော့၊ ခြင်္သေ့သော ရှောင်လိမ့်မယ် မထင်နဲ့၊ မိစ္ဆာကောင်တွေ မျိုးပြုတ်မယ်မှတ်ကွ . . . ဟေ့"

မုဆိုးကြီးတာလူးမှာ ဝမ်းခေါင်းသံကြီးနှင့် ကြုံးဝါးလိုက်ပြီးနောက် သွေးစွန်းဓားမြှောင်ကိုဖွဲကိုင်ကာ ကျောက်ဂူထဲမှ ဒယီးဒယိုင်ဖြင့် ထွက်လာပြီးလျှင် သမန်းတောကြီးထဲမှ အားတင်းလျက် ကုန်းကုန်းကွကွ ထွက်ခွာသွားတော့၏။

သူသည် ဖွဲကြီးသူပီပီ ကျောပြင်မှသွေးတို့ ဒလဟောစီးကျနေသဖြင့် အားယုတ်လျော့လာသည့်တိုင် ခြေလှမ်းတို့ကိုဖွဲ့ခတ်



www.burmeseclassic.com

www.burmeseclassic.com



ကာလှမ်းရင်း ရွာဆီ ဦးတည်လာခဲ့ရာ ...

နေဝင်ရီတရောအချိန်၌ ရွာတံခါးအနီးသို့ ရောက်လာတော့၏။

ရွာပြင်လယ်ကွင်းထဲဝယ် ရိုးပြတ်တို့အား မီးရှို့နေကြသည့် ရွာသားတို့က သူ့ကိုတွေ့သွားတော့ရာ ...

"ဟာ ... တာလူး ... တာလူးကြီးပါလား"

"ဟိုက် ... ငါတို့ရဲ့ မုဆိုးကျော်တာလူးကြီး ဒဏ်ရာတွေရလာတယ်ဟေ့"

"တာလူး ... တာလူး"

သူ၏အမည်ကိုအော်ခေါ်ကာ ပြေးလာကြတော့၏။ သူ၏ရွာသားအချို့ကို ဝေဝါးသောမျက်ဝန်းတို့ဖြင့် အားယူကြည့်လိုက်ပြီးနောက်မှာတော့ ...

တာလူးမှာ ကန်သင်းရိုးတစ်ခုအပေါ်ဝယ် ကန့်လန့်ဖြတ်လဲကျ သတိလစ်သွားပါတော့၏။

* * *

BURMESE CLASSIC .com



# ကျားရဲကလဲ့စား

မုဆိုးကြီးတာလူးတစ်ယောက် သမန်းတောကြီးထဲမှ ကျားရဲတို့နှင့် ပြဿနာဖြစ်ခဲ့သောနေ့မှာ နွေနှောင်းကာလ၏ လပြည့်နေ့တစ်နေ့ပင် ဖြစ်ပါ၏။

ယင်းလပြည့်နေ့ညတွင်ကား ညဉ့်ဦးယံကတည်းက ရွာအနောက်ပိုင်း ရိုးပြတ်လယ်ကွင်းများအလွန်ရှိ သမန်းတောကြီးထဲမှ ကျားဟိန်းသံများကို ကြားခဲ့ကြရရာ ယင်းကျားဟိန်းသံများအနက် နာနာကြည်းကြည်းဟိန်းလိုက်သော ကျားကြီးတစ်ကောင်၏ ဝမ်းခေါင်းသံကြီးကို အပီပြင်ဆုံးကြားကြရလေ၏။

'ဝေါင်း .. ဝေါင်း .. ဝေါင်း ..'

ကျောပြင်တစ်ခြမ်းလုံး စုတ်ပြတ်ကာ ဒဏ်ရာပြင်းထွာရခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော မုဆိုးကြီးတာလူးမှာကား ဒဏ်ရာအရှိန်ဖြင့် ကယောင်ကတမ်း အော်ဟစ်ညည်းတွားကာ အဖျားတက်လျက်ရှိတော့၏။ သူ့အား ရွာသူရွာသားတို့က ရွာ၏တစ်ဦးတည်းသော တိုင်းရင်းဆေးဆရာ ဆရာညိုကိုပင့်ကာ ကုသပေးရာ သူ၏ဒဏ်ရာမှာ ပြင်းထန်လွန်းရကား ဆရာညိုဆေးစည်းကုသနေသည့်ကြားမှ သွေးတို့ စိမ့်ထွက်နေဆဲရှိလေ၏။

ညဦးယံသို့ရောက်စပြုတော့ တာလူးမှာ နှုတ်ခမ်းများဖြူဖျော့ပြီး မျက်ဖြူလန်ကာ တစ်ချက်တစ်ချက် သတိလစ်လစ်သွားပြန်၏။

"သူ့ရဲ့ကျောတစ်ပြင်လုံးမှာ အသားတွေမရှိတော့ဘူး။ အထဲကနံရိုးဖြူဖြူတွေတောင် ပေါ်နေပြီ၊ သူ့ရဲ့ဒဏ်ရာက ကြီးမားလွန်းတော့ သွေးတိတ်အောင် ကျပ်လည်းမတတ်နိုင်တော့ဘူး"

ဆရာညိုက ခေါင်းခါလက်လျှော့စပြု၏။ လူကြမ်းကြီးတာလူးမှာ ယခုတော့ သွေးထွက်လွန်ကာ အနာရှိန်ကြောင့် အဖျားတက်လျက် ကယောင်ကတမ်းအော်ဟစ်လျက် ရှိတော့၏။

"မိစ္ဆာကျားတွေ ... မိစ္ဆာကောင်တွေ ... သင်းတို့ကို ငါ မျိုးဖြုတ်ပစ်လိုက်တာကို သင်းတို့မကျေနပ်ဘူး။ သင်းတို့က ငါ့ကို ကလဲ့စားချေချင်တယ်တဲ့ ...။





ဟား ... ဟား ... ဟား ... တာလူးက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးကွ ... ဟား ... ဟား ... ဟား ...။

ကျားမကြီးနဲ့ ကျားပေါက်စလေးနှစ်ကောင်ကို ငါသတ်ပစ်လိုက်ပြီ၊ ကျားထီးကြီးရဲ့ ဗိုက်ကိုလည်း ဓားနဲ့ခွဲထည့်လိုက်ပြီ၊ သင်းတို့ ဘာတတ်နိုင်သေးသလဲ ... ဟား ... ဟား ... ဟား"

ထိုစဉ် ကျားဟိန်းသံတို့ တောစပ်ဆီမှ ဆက်ကာဆက်ကာ ထွက်ပေါ်လာတော့၏။

'ဝေါင်း .. ဝေါင်း .. ဝေါင်း ..'

"ဟော ... သူတို့လာပြီ၊ သူတို့ လက်စားချေဖို့လာနေပြီ ... ကြားလား ... ကြားကြလား၊ ဝမ်းဗိုက်ကွဲသွားတဲ့ တောကောင်ကြီးက သူ့မယားနဲ့ သားနှစ်ကောင်အတွက် သွေးကြွေးဆပ်ဖို့ လာနေပြီ ... မကြောက်နဲ့ ... သင်းတို့ကို သတ်သင်ပစ်ကြ၊ သင်းတို့ တောကောင်တွေကို မျိုးဖြုတ်ပစ်ကြ"

မုဆိုးကြီးတာလူးမှာ မျက်လုံးကြီးပြူး၊ အံကြိတ်ကာကြုံးဝါးရင်းမှ မျက်ဖြူလန်ကာ သတိလစ်သွားပြန်ပါ၏။

"ငနဲက အတော်ဖမ်းနေပြီကွ၊ ကိုယ်ကလည်း ပူလိုက်တာမှ မီးခဲအတိုင်းပဲ"

"ရှိးမှရှိးရဲ့လား ဆရာညို၊ တောတောင်ထဲမှာ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



နတ်ကျားကြီးတွေကို သွားပြစ်မှားလို့ တောစောင့် တောင်စောင့်
နတ်မင်းကြီးတို့က ဖမ်းစားပြီထင်တယ်၊ ဒီကောင်ကြီးကြည့်ရတာ
အပမှီလာသလိုပဲ''

''ဟုတ်တယ်တော့၊ ကျုပ်လည်းမသင်္ကာဘူး၊ တာလူး
ကြီးက ဘာမှအယုံအကြည်ရှိတာ မဟုတ်ဘူး၊ တစ်ခုခုတော့
တလွဲလုပ်လာခဲ့ပြီထင်တယ်''

အယူသီးသော ရွာသူရွာသားအချို့က ထင်မြင်ချက်
အမျိုးမျိုးပေးလာကြ၏။ တာလူးကြီး အပူကြီးကာ ကယော
ကတမ်းအော်ဟစ်လေ တောစပ်ဆီမှ ကျားဟိန်းသံတို့ ညံလာလေ
ဖြစ်ကာ ရွာသူရွာသားတို့မှာလည်း ခြေမကိုင်မိ လက်မကိုင်မိဖြ
တုန်လှုပ်ချောက်ချားလာကြတော့၏။

'ဝေါင်း ‥ ဝေါင်း ‥'

''ဟာ … ကျား … ကျားတွေ ရွာထဲဝင်လာကြပြီ
ထင်တယ်''

''အို … လုပ်ကြပါဦး … နတ်ကျားကြီးတွေ လိုက်
လာကြပြီနဲ့ တူတယ်တော့''

လူနာသတင်းလာမေးကြသည့် ရွာသူရွာသားတို့
ယောက်ယက်ခတ်အော်ဟစ်ကာ ရွာစွန်ရှိ မုဆိုးကြီးတာလူး၏အိမ်





ပေါ်မှ ခုန်ချပြီး သူတို့အိမ်ဆီ အမြန်ဆုံးပြန်ပြေးကြစဉ် …

'ဝေါင်း ‥ ဝေါင်း ‥'

ရွာထဲသို့ တကယ်ပင်ဝင်လာပြီဖြစ်သော တောကောင်
ကြီးတို့နှင့် ပက်ပင်းဆုံပြီး တိုက်ခိုက်ခြင်းခံရတော့၏။

'ဝေါင်း'

''အောင်မယ်လေးဗျ''

'ဝေါင်း'

''ကယ်ကြပါဦးတော့ … ကျား … ကျား …''

တစ်ရွာလုံး ငရဲပွက်သလို ဆူညံသွားတော့၏။

ရွာသားအချို့ကမူ ဓားလှံတို့ဆွဲကိုင်ကာ ကျားရဲတို့ကို
ခုခံကြလေ၏။

မနုဿလူသားတို့နှင့် ကျားရဲကြီးတို့၏ တိုက်ပွဲကား
ကြမ်းတမ်းကာ ကြောက်မက်ဖွယ်ကောင်းလှစွာ၏။

ရွာသူရွာသားအချို့မှာ ကျားရဲတို့၏တိုက်ခိုက်ခြင်းခံရကာ
သွေးသံရဲရဲဖြင့် လဲကျသေဆုံးရသလို အချို့မှာ ကျားရဲကောင်ကြီး
တို့၏ ကုပ်ကိုခဲကာ ချီသွားခြင်းကို ခံရလေ၏။

ညဥ့်သန်းခေါင်ယံဝယ် ကြောက်မက်ဖွယ်တောကောင်
ကြီးတို့ အောင်မြင်စွာ ပြန်လည်ဆုတ်ခွာသွားရာ ရွာသူရွာသား



www.burmeseclassic.com

www.burmeseclassic.com



ငါးဦး သေဆုံးကျန်ရစ်ပြီး ကလေးငယ်တစ်ဦးနှင့် ရွာသူတစ်ဦး ရွာသားအဘိုးတစ်ဦးတို့ ပျောက်ဆုံးသွားတော့၏။

ဝမ်းဗိုက်၌ ဒဏ်ရာပြင်းစွာရထားသည့် ကိုးတောင်ကျား ထီးကြီးတစ်ကောင်မှာ ရွာသားတို့၏လှံချက်ကိုမိကာ သွေးအိုင်ထဲ ဝယ် လဲကျကျန်ရစ်ခဲ့ပြီး ယင်းကျားထီးကြီးမှာ မုဆိုးကြီးတာလူး၏ ကျောကို ကုတ်ခြစ်တိုက်ခိုက်ခဲ့သော ကျားကြီးဖြစ်ကြောင်း သူ၏ လက်သည်းများကြားဝယ် ညပ်နေဆဲရှိသည့် တာလူး၏ အင်္ကျီ အပိုင်းအစတို့ကို ကြည့်ခြင်းအားဖြင့် ရွာသူရွာသားတို့ သိနိုင်ကြ ပါ၏။

မုဆိုးကြီးတာလူးသည်ကား ယင်းည ကျားတို့နှင့် ရွာသူ ရွာသားတို့ တိုက်ပွဲဖြစ်နေစဉ်မှာပင် သူ၏တဲအိမ်လေးပေါ်ဝယ် သေဆုံးခဲ့ပြီ ဖြစ်ပါ၏။

ပြဿနာကိုစခဲ့သူကား သေဆုံးသွားခဲ့ပြီဖြစ်ပါ၏။

သို့သော် မုဆိုးကြီးတာလူးကြောင့် စတင်ဖြစ်ပေါ်ခဲ့ရ သော သမန်းတောကြီးထဲမှ ကျားရဲတို့နှင့် ရွာသူရွာသားတို့၏ ငြိုးမာန်ဖွဲ့မှုပဋိပက္ခကား ယင်းနေ့လပြည့်ညမှပင် စတင်ခဲ့ရပါ ချေတော့၏။

* * *



## ငြိမ်းချမ်းရေးသူတော်စင်

ယင်းသို့လျှင် လပြည့်ညတိုင်း သမန်းတောကြီးထဲမှ ကျားရဲတို့သည် တောင်ခြေရွာကြီးဆီ အငြိုးကြီးစွာရောက်ရှိ လာကာ တိုက်ခိုက်ကြသလို ...

တောင်ခြေရွာကြီးမှ ရွာသူရွာသားတို့ကလည်း ယင်း ကျားရဲတို့ကို စိတ်နာကာ ခုခံတိုက်ခိုက်လာခဲ့ကြသည်မှာ နှစ် ပရိစ္ဆေဒများစွာ ကြာခဲ့ပြီဖြစ်ပါ၏။

ယင်းသို့ သမန်းကျားတို့နှင့် ယင်းရွာသူရွာသားတို့ သွေးချောင်းစီးလျက်ရှိသည့်ကာလ တစ်ခုသော လပြည့်ကျော် တစ်ရက်၏ နံနက်ဝယ် ပိတ်ဖြူနုံငယ်စကို ခန္ဓာကိုယ်အောက် ပိုင်း၌ ပတ်ထားကာ ပိတ်ဖြူတစ်စကို ပခုံးထက်တင်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးကြီးတစ်ဦးသည် သမန်းရွာထဲသို့ မန္တာန်တစ်ခုရွတ်ဆိုလျက် ဝင်ရောက်လာလေ၏။

ဆာဒူးကြီး၏နောက် နှစ်လံကွာခန့်တွင်မူ ကိုးတောင် ကျားကြီးတစ်ကောင်မှာ ကြောင်တစ်ကောင်အလား ဣန္ဒြေရစွာ တစ်လှမ်းချင်းလှမ်းကာ လိုက်ပါလာသည်ကို ရွာသူရွာသားတို့ တွေ့ကြရရာ အထိတ်ထိတ်အလန့်လန့် ဖြစ်ကုန်ကြတော့၏။

"ဟာ ... ကျားကြီး ... ကျားကြီး"

"အောင်မယ်လေး လုပ်ကြပါဦး၊ ဆာဒူးကြီးနောက်မှာ ကျားကြီးတစ်ကောင်ပါလာလို့"

ရွာလယ်လမ်းပေါ်ရှိ ရွာသူရွာသားတို့မှာ သူတို့၏အိမ်ဝိုင်း များထဲ ဝင်ပြေးကြကာ ကလေးငယ်တို့မှာလည်း ငယ်သံပါအောင် အော်ရင်း နီးရာအိမ်ပေါ် တက်ပြေးကြတော့၏။

"ဟာ ... ဟုတ်တယ်ဟေ့၊ ဆာဒူးကြီးရဲ့နောက်မှာ ကျားကြီးတစ်ကောင် ပါလာပါလား"

"တောက် ... ခွေးမသားကျား၊ နေ့ဘက်ကြောင်တောင် ရွာထဲ ကျူးကျော်ဝင်လာရတယ်လို့ ... လာကွာ ... ဝိုင်းချကြ မယ်"

"ဟုတ်တယ် ... လာ .. လာ ... ဝိုင်းဆော်ကြမယ်"





ရွာသားအချို့မှာ အဲမောင်းလုံခြားတို့ ဆွဲကိုင်ကာ စုရုန်း စုရုန်းဖြင့် ရွာလယ်လမ်းဆီပြေးထွက်လာပြီး ဆာဒူးကြီးနှင့် ကျား ကြီးကို ဝိုင်းလိုက်ကြတော့၏။

ဆာဒူးကြီးက ရွာကာလသား လူရွယ်လူလတ်တို့ကို လက်ဝါးတစ်ဖက်ထောင်ပြကာ တားဆီးလိုက်ပြီး ...

"အို အမောင်လုလင်တို့ ... တစ်စုံတစ်ရာ ရန်မပြု ပါနှင့်၊ မေတ္တာထားပါ၊ ကျုပ်ဟာ ဘေးသင့်နေတဲ့ သင်တို့ရဲ့ ရွာဆီ အေးငြိမ်းစေဖို့ မေတ္တာဓာတ်ကို သယ်ဆောင်လာသူသာ ဖြစ်ပါတယ်"

ဦးခေါင်းရှိ ဆံကျစ်၊ မုတ်ဆိတ်ပါးမြိုင်းမွေးတို့ပါ ဆွတ် ဆွတ်ဖြူလျက်ရှိကာ ကြေးနီရောင်အသားအရေရှိသော ဆာဒူး ကြီးမှာ အခြားဆာဒူးတို့နှင့်မတူဘဲ ဥပဓိရုပ် ထူးခြားကောင်း မွန်သူဖြစ်ကြောင်း ရွာသားတို့ သတိမူမိချေ၏။ သူ၏စကားသံ ကလည်း အသံသြဇာရှိကာ တည်ကြည်လေးနက်မှုရှိကြောင်း သတိပြုမိလေ၏။

သူတို့ဒေသမှာ နယ်စပ်နှင့်နီးသဖြင့် အိန္ဒိယပြည်ဘက် ဟိမဝန္တာတောတောင်တို့ဘက်မှ ဆင်းသက်သည့် ဆာဒူးကြီး အချို့ ရွာထဲဝင်လာကာ အလှူခံသည်ကို ရံဖန်ရံခါ ကြုံရလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာ ထိုဆာဒူးတို့နှင့် ယခုဆာဒူးကြီးမှာ သွင်ပြင်လက္ခဏာ၊ အသံ ဩဇာတို့ ကွာခြားလှကြောင်း ရွာသားတို့ သတိထားမိပါ၏။

ဤတွင် ရွာ၏ ကာလသားခေါင်းဆောင်ဖြစ်သော ရန်ကူးက လှံကိုလက်ထဲတွင်ဆကိုင်ပြီး ရှေ့တစ်လှမ်းထိုးထွက်လာရာမှ ...

"ဆာဒူးကြီး ... မေတ္တာစာတ်ကို သယ်ဆောင်လာတယ်ဆိုပြီး ဘာဖြစ်လို့ ကျုပ်တို့ရွာရဲ့ မဟာရန်သူဖြစ်တဲ့ ဒီကျားကြီးကို ခေါ်လာရတာလဲ ...။

ဒီကျားရဲကောင်တွေရဲ့ ကျူးကျော်ရက်စက်မှုကြောင့် ကျုပ်ရဲ့ညီနဲ့ အဖေ သေခဲ့ရပြီးပြီ၊ ဒီကောင်တွေကို ကျုပ် ဘယ်တော့မှမကြေဘူး၊ ခင်ဗျား ရှေ့ကဖယ်ပါ၊ ဒီကျားကောင်ကို ကျုပ်သတ်ရမှ ကျေနပ်မယ်"

မျက်လုံးအစုံဝယ် ဒေါသအရောင်များ ဖျပ်ဖျပ်လက်နေသည့် ရန်ကူးက တင်းမာခက်ထန်စွာ ပြောလိုက်ရာ ဆာဒူးကြီးက ဖလ်ဂေါ်လီလုံးနှယ် လက်ပြောင်ကာ အရည်လဲ့နေသည့် မျက်လုံးကြည်ကြည်တို့နှင့် ရန်ကူးအား စိုက်ကြည့်လိုက်ပြီး ...

"ဒေါသကိုလျှော့ပါ အမောင်လုလင်၊ ကျားရဲတို့ကြောင့် သင်တို့ရဲ့ သွေးသားဆွေမျိုးရင်းတို့ သေဆုံးခဲ့ရသလို သင်တို့ကြောင့်လည်း ဒီကျားရဲတို့ရဲ့ သွေးသားဆွေမျိုးရင်းတွေ သေဆုံးခဲ့ရပြီးဖြစ်တယ်ဆိုတာကို ဆင်ခြင်ပါ၊ ဒါဟာ ဘာကြောင့်ဖြစ်ရတာလဲဆိုတော့ ကျားရဲတို့နဲ့ သင်တို့ရဲ့အကြားမှာ မေတ္တာစာတ်မရှိဘဲ ပူပြင်းစူးရှတဲ့ အာဃာတအမုန်းတရားသာ ရှိလို့ဖြစ်ပါတယ် ...။





အဲဒီအာဃာတအမုန်းတရား လောင်မီးတို့ကို သင်တို့ မငြိမ်းသတ်သရွေ့ မုန်းစရှည်ပြီး နှစ်ဦးနှစ်ဖက် အကျိုးပျက်ဖို့သာ ရှိတော့တယ်၊ ခုတောင် ကျားတို့လည်း ကောင်ရေ ယုတ်လျော့လာသလို သင်တို့ရွာလည်း ကျားရဲတို့ရဲ့ရန်ကို အစဉ်စိုးထိတ်နေရလို့ လယ်ထဲယာထဲ ရဲရဲမဆင်းဝံ့၊ တောတောင်ထဲ သစ်ဝါးထင်းတို့မှ ဝင်မရှာရဲ၊ လပြည့်ညတိုင်းဆို စိုးတထိတ်ထိတ်နဲ့နေရပြီး တချို့ဆို ရွာမှာမနေဝံ့တော့လို့ ရွာကိုစွန့်ပြေးကြတာနဲ့ ရွာပျက်လုလုဖြစ်နေပြီမဟုတ်လား ...။

ကျွန်ုပ်က ဒါတွေကိုသိလို့ ဟိမဝန္တာဆရာသခင်တို့ရဲ့ လမ်းညွှန်ချက်နဲ့အညီ သင်တို့ဒေသဆီ အရောက်လာခဲ့ရတာပါပဲ အမောင်တို့ ...။

ကျွန်ုပ်ဟာ ဩကာသလောကကြီးထဲမှာ သက်ရှိသတ္တဝါအားလုံး ငြိမ်းချမ်းနေကြတာကို လိုလားသူမို့ ခုလို မေတ္တာစာတ်ကို သင်တို့ဆီ သယ်ဆောင်လာရခြင်းဖြစ်တယ်၊ ဒီဒေသမှ ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



ဟိမဝန္တာအရပ်သို့ရောက်လျှင် ဟိမဝန္တာ၏ အနက်ရှိုင်းဆုံးအပိုင်း မှာရှိတဲ့ 'နဝတတ္တ' ရေအိုင်အနီးက ဂူကြီးဂူငယ်တို့မှာ 'ယထာ သန္တာတိဂူတင်' ရာသက်ပန်ဆောင်တော့မှာမို့ 'ယထာသန္တာတိ ဂူတင်' မဆောင်မီ သင်တို့ဒေသဆီ လာပြီး သတ္တဝါတို့အတွက် ကျွန်ုပ်နိုင်သရွေ့ဝန်ကို လာထမ်းခြင်းဖြစ်ပေတယ်''

(ယထာသန္တာတိဂူတင်ဆိုသည်မှာ သူတော်စင် များသည် အမိဋ္ဌာန်ထားသောနေရာဒေသတွင် သာ နေထိုင်ခြင်းဂူတင် ဖြစ်ပါ၏။ စာရေးသူ)

အေးမြကြည်လင်သောအသံဖြင့် ပြောကြားသော ဆာဒူး ကြီး၏စကားကို ကြားလေလျှင် ရွာသူရွာသားတို့မှာ တွေဝေသွား ပြီး ဆာဒူးကြီးနှင့် ကိုးတောင်ကျားကြီးကိုသာ မျက်လုံးအကြောင် သားဖြင့် ငေးငိုင်ကြည့်နေမိကြလေ၏။

ရန်ကူးက လုံအသွားကို မြေပြင်ဝယ် ထောက်လိုက်ပြီး

''ဆာဒူးကြီးက ကျုပ်တို့ရဲ့ရွာထဲ ကျုပ်တို့ရဲ့ရန်သူ ဒီ ကျားရဲကောင်ကို ခေါ်လာပြီး ဘာလုပ်မှာတုံး''

ဟု မေးလိုက်ရာ ဆာဒူးကြီးက ပြုံးလိုက်ပြီး ...





''သင်တို့ ရွာသူရွာသားတွေနဲ့ ဟောဒီကျားရဲတို့ကို ဆွေ မျိုးကဲ့သို့ ရင်းနှီးမှုရစေဖို့ ဖန်တီးရအောင် ကျွန်ုပ်လာရခြင်း ဖြစ်တယ်''

ဟု လေအေးအေးဖြင့်ပြောလိုက်ရာ ရန်ကူးနှင့် ရွာကာလ သားတို့မှာ နဝေတိမ်တောင်ဖြစ်သွားရလေ၏။

''ဘယ်လို ... ဘယ်လို ... ဆာဒူးကြီးရဲ့စကားကို ကျုပ်တို့နားမလည်ပါလား။ ဘယ်လိုရင်းနှီးမှုရစေဖို့ ဖန်တီးမှာလဲ ... ရှင်းရှင်းပြောပါဗျာ''

''အို အမောင်လုလင် ... အပြောထက် အလုပ်နဲ့ပဲ ကျွန်ုပ်သက်သေပြလိုပါတယ်၊ သင်တို့ထဲက ရဲစွမ်းသတ္တိရှိပြီး ကျွန်ုပ်ရဲ့ကျွဲ, သမာဓိ, စေတနာနဲ့ ကတိစကားတို့ကို ယုံကြည် သူလေးငါးဆယ်လောက် သမန်းတောထဲသို့ ကျွန်ုပ်တို့နှင့်အတူ လိုက်ခဲ့ပါလော့ ...။

သင်တို့နဲ့ ဟောဒီကျားရဲတို့ ရင်းနှီးခင်မင်စေဖို့ ကျွန်ုပ် စီမံဖန်တီးပေးလိုပါတယ်၊ ရင်းနှီးခင်မင်သွားရင် ရန်သူဖြစ်စရာ မလိုတော့ဘူး၊ ရင်းနှီးခင်မင်သွားရင် ကျားရဲတွေကလည်း သင် တို့ကို ရန်မူမှာ မဟုတ်တော့ဘူး၊ ကျားရဲတို့ကို ကြောက်စရာ, ရှုံ့စရာလည်း မလိုတော့ဘူး၊ ကျားရဲတို့ကလည်း သင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရန်ငြိုးဖွဲ့စရာမလိုတော့ဘူး၊ လပြည့်ညမှာ သွေးစွန်းရတဲ့ ပဋိပက္ခမျိုးလည်း ရှိတော့မှာမဟုတ်ဘူး ...။

ဒါကြောင့် ကျွန်ုပ်ရဲ့စေတနာကို ယုံကြည်စွာ ကျွန်ုပ်ရဲ့နောက်ကို ယခုပင် လိုက်ခဲ့ပါတော့၊ သင်တို့ကို ဟောဒီကျားရဲတို့ လုံးဝ အန္တရာယ်မပြုစေရဘူးလို့ ကျွန်ုပ် အာမခံကတိပေးပါတယ်။

ကျွန်ုပ်ဟာ မေတ္တာဓာတ်နဲ့ သတ္တဝါတို့ရဲ့ ဒေါသသွေးကို အေးငြိမ်းပြေပျောက်စေနိုင်စွမ်းသူဖြစ်ပါတယ်၊ ကျွန်ုပ်ရဲ့ မေတ္တာစွမ်းအင်ကို သင်တို့ယုံကြည်စေဖို့ ဤကျားရဲတောကောင်ကြီးအား သင်တို့ရဲ့ရှေ့မှောက်သို့ အိမ်မွေးကြောင်တစ်ကောင်နှယ် သိမ်မွေ့သောအသွင်ဖြင့် ကျွန်ုပ် ခေါ်ဆောင်ပြခြင်း ဖြစ်ပေတယ်။

ကျွန်ုပ်ရဲ့ မေတ္တာစွမ်းအင်နဲ့ ကတိစကားတို့ကို ယုံကြည်ပါက ယခုပင် မဆိုင်းမတွလိုက်ခဲ့ကြလော့''

ဆာဒူးကြီးသည် သူ၏ရှည်လျားသော လက်နှစ်ဖက်ကို ညင်သာစွာ ဝှေ့ယမ်းပြလိုက်ပြီးနောက် လာရာလမ်းကို လှည့်ပြန်ကာ မန္တာန်ရွတ်ဆိုလျက် လျှောက်လှမ်းသွားတော့၏။

ကိုးတောင်ကျားကြီးလည်း ဆာဒူးကြီး၏နောက်ပါးမှ ထက်ကြပ်မကွာ လိုက်သွားတော့၏။ ငေးငေးငိုင်ငိုင်ကျန်ရစ်သူက ရန်ကူးနှင့် ရွာကာလသားတို့ပင် ဖြစ်ပါ၏။





ရန်ကူးသည် ဆာဒူးကြီး၏စကားတို့ကို အပြန်ပြန် အလှန်လှန် တွေးတောဆင်ခြင်ပြီးနောက် သူ၏လူများဘက်သို့ လှည့်ကြည့်ကာ ...

''ကဲ ...မင်းတို့ ဘယ်လိုသဘောရသလဲ၊ ငါတော့ ဆာဒူးကြီးရဲ့စကားကို ယုံကြည်မိတယ်၊ သူဟာ အစွမ်းသိဒ္ဓိရှိတဲ့ သူတော်စင်ကြီးဖြစ်တာ သေချာတယ်၊ ဒါကြောင့်လည်း တောကောင်ကြီးကို ငါတို့ရဲ့ရွာထဲအထိ ခေါ်လာနိုင်တာပေါ့၊ သူဟာ သူ့ရဲ့မေတ္တာဓာတ်စွမ်းပကားနဲ့ ငါတို့ကို တောကောင်ကျားကြီးတွေနဲ့ ငြိမ်းချမ်းရေးရစေဖို့ ဖန်တီးပေးနိုင်မယ်ထင်တယ်''

''ဒီတော့ ငါတို့ တောထဲလိုက်သွားရအောင် ... ဘယ့်နှယ့်လဲ''

ဟု မေးလိုက်သည်။ ထိုအခါ ရန်ကူး၏ လူများကလည်း တောထဲလိုက်ပါသွားရန် သဘောတူလိုက်ကြလေ၏။

*



www.burmeseclassic.com

www.burmeseclassic.com



ရန်ကူးတို့လူစုမှာ ဆာဒူးကြီးတို့၏နောက်မှ ဝါးတစ်ရိုက် ခန့်ခွာပြီး လိုက်ပါသွားရာ တောင်ခြေတောအုပ်ကြီးထဲသို့ ရောက်ရှိသွားတော့၏။

တောထဲသို့ တပြည်းပြည်းတိုးဝင်လာရာ နက်ရှိုင်းသည်ထက် နက်ရှိုင်းလာပြီး တောကြီးတစ်ခုလုံးမှာ ထူးထူးခြားခြား တိတ်ဆိတ်လျက်ရှိချေ၏။

အဝေးဆီမှ ဒေါင်းငှက်တို့ တွန်ကျူးသံ၊ မျောက်မောင်းမ အူသံသဲ့သဲ့တို့ကိုသာ ရံဖန်ရံခါ ကြားရလေ၏။

သူတို့သည် နေ့ဝက်ခန့် ခရီးနှင်ပြီးနောက် မြောင်တစ်ခုကို ကျော်ဖြတ်ပြီးသည်နှင့် ဇရာမကျောက်တောင်ကြီးတစ်လုံး၏အခြေသို့ ဆိုက်ရောက်သွားပါတော့၏။

ယင်းကျောက်တောင်ကြီး၏အခြေ၌ ကြီးမားသော ကျောက်ဂူကြီးတစ်လုံးရှိပြီး ဆာဒူးကြီးက ဂူအဝမှ ဦးဆောင်ဝင်သွားတော့၏။

ရန်ကူးတို့လူစုမှာ တစ်ဦး၏မျက်နှာကို တစ်ဦးကြည့်လိုက်ကြပြီးနောက် ဂူထဲသို့ဝင်လိုက်သွားကြတော့၏။

ကျောက်ဂူကြီး၏အတွင်းပိုင်းမှာ မှောင်လျက်ရှိပြီး အသင့်ရှိနေသည့် ကညင်ဆီမီးခွက်များကို မီးထွန်းညှိရန် ဆာဒူးကြီးက ညွှန်ကြားရာ ရန်ကူးတို့လူစုမှာ ဂူဝအနီးမှ ကျောက်မီးခတ်ကိုအသုံးပြုပြီး မီးပွင့်စေလျက် ဝါဂွမ်းစကို မီးကူးစေရလေ၏။

ဝါဂွမ်းစကိုမီးစွဲသွားမှ ကညင်ဆီမီးတိုင်တစ်တိုင်နှင့် မီးကူးစေရပြီး ထို့နောက်တွင် ကညင်ဆီမီးခွက်များကို လိုက်လံထွန်းညှိရတော့၏။

ကညင်ဆီမီး၏အလင်းကြောင့် ဂူကြီးတစ်ခုလုံး လင်းကျင်းသွားရာ အတောင်နှစ်ဆယ်နီးပါး ပတ်လည်ခန့်ကျယ်ဝန်းသည့် တဝဂူကြီးဖြစ်ကြောင်း တွေ့ရလေ၏။

ဆာဒူးကြီးက ဘာသာစကားတစ်မျိုးဖြင့် သူ၏တောကောင်ကြီးကို အမိန့်ပေးလိုက်သလို ပြောလိုက်ရာ တောကောင်ကြီးမှာ နားလည်ဟန်ဖြင့် ဂူထောင့်တစ်နေရာ၌ သွားဝပ်ကာ အမြီးကို ဂူကြမ်းပြင်နှင့် တဘုတ်ဘုတ်ပုတ်ခတ်လျက် ရှိတော့၏။

"ကဲ . . . သင်တို့ထဲကနှစ်ဦးဟာ နွယ်တစ်ခွေသွားခုတ်ပြီ၊ ယူခဲ့ပါ၊ ကျန်လူတွေက လက်နက်ဟူသမျှကို ဟောဟိုဂူထောင့်မှာ သွားပုံထားလိုက်ပါ"

ရန်ကူးတို့လည်း ဆာဒူးကြီးညွှန်ကြားသမျှ ပြုလုပ်ရတော့၏။

ရန်ကူးတို့အဖွဲ့ထဲမှ ကာလသားနှစ်ဦးမှာ ဂူအပြင်သို့







www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။ ရန်ကူးနှင့် ကျန်ကာလသားတို့က သူတို့စွဲကိုင်ထားသော လက်နက်များနှင့် ခါး၌ချိတ်ဆွဲထားသော ပွဲကွပ်၊ တောလိုက်ဓားမြှောင်တို့ကို ဂူထောင့်တစ်နေရာ၌ သွားရောက်စုပုံထားလိုက်ရတော့၏။

"ကဲ ... ပြီးရင် သင်တို့ဟာ ကျွန်ုပ်နဲ့အတူ ဟောဟိုကျောက်စင်မြင့်ပေါ် တက်ရောက်ရမယ်၊ ကျွန်ုပ်က ဦးစွာတက်ပြီးမှ သင်တို့တက်လိုက်ခဲ့ပါ"

ဆာဒူးကြီးက လူနှစ်ရပ်ကျော်ခန့်မြင့်သည့် သဘာဝကျောက်စင်မြင့်ကြီးကို လက်ညှိုးညွှန်ပြပြီး ပြောလိုက်ရာ ရန်ကူးတို့မှာ ယင်းကျောက်စင်မြင့်ကြီးပေါ်သို့တက်ရန် နည်းလမ်းရှာကြည့်လိုက်ကြလေ၏။

"ကျောက်နံရံကြီးက အဖုအထစ်မရှိဘဲ ဒီလောက်ချောနေတာ ကုတ်စရာ,တွယ်စရာမရှိနဲ့ ဘယ်လိုတက်ရမှာပါလိမ့်"

"အေးလေကွာ ... လှေကားတွေဘာတွေလည်း မရှိဘူး"

ရန်ကူးတို့အချင်းချင်း ခပ်တိုးတိုးပြောနေကြစဉ် ဆာဒူးကြီးသည် ကျောက်စင်မြင့်ပေါ်သို့ သာသာလေးခုန်ကာ တက်သွားသည်ကို အံ့သြစဖွယ် တွေ့ရလေ၏။





"ဟာ ... ဒီလောက်အမြင့်ကြီးကို အသာလေး ခုန်တက်သွားပါလား"

ရန်ကူးတို့ အံ့အားတသင့် မော့ကြည့်လျက်ရှိစဉ် ဂူအပြင်သို့ထွက်သည့် လူငယ်နှစ်ဦး ဂူထဲပြန်ဝင်လာရာ သူတို့နှင့်အတူ နွယ်ကြိုးတစ်ခွေ ပါလာလေ၏။

ဆာဒူးကြီးက ကျောက်စင်မြင့်ပေါ်မှ ငုံ့ကြည့်ကာ ...

"ကဲ ... အဲဒီနွယ်ကြိုးခွေကို ပစ်တင်လိုက်ကြပေတော့၊ ပြီးတော့မှ အဲဒီနွယ်ကြိုးကို ခိုဆွဲလို့ သင်တို့တက်ခဲ့ကြပေတော့"

ရန်ကူးတို့လည်း ဆာဒူးကြီး၏ညွှန်ကြားချက်အတိုင်း နွယ်ကြိုးခွေကို ကျောက်စင်မြင့်ဆီ ပစ်တင်ပေးလိုက်ရာ ဆာဒူးကြီးက ဖမ်းဆုပ်ယူလိုက်လေ၏။

ထို့နောက် ဆာဒူးကြီးမှာ နွယ်ကြိုး၏အစတစ်ဖက်ကို ဆုပ်ကိုင်ထားလျက်မှ ကျန်တစ်စကို အောက်သို့ပြန်ပစ်ချပေးလိုက်လေ၏။

"ကဲ ... ကျွန်ုပ် နွယ်ကြိုးကို တင်းနေအောင် ဆွဲထားမယ်၊ သင်တို့ တစ်ယောက်စီ ခိုတွယ်ပြီးတက်ခဲ့ကြပေတော့"

ရန်ကူးတို့လည်း ဆာဒူးကြီး၏အမိန့်အတိုင်း နွယ်ကြိုးကိုတစ်ယောက်စီ ခိုတွယ်တက်ကြတော့ရာ ဆာဒူးကြီးမှာ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



စင်မြင့်ပေါ်မှ နွယ်ကြိုး၏အဖျားကို ဆုပ်ကိုင်တောင့်ထားလေ၏။

ရန်ကူးတို့မှာ သူတို့၏ကိုယ်အလေးချိန်ကိုမမှုဘဲ ကျောက်စင်မြင့်ပေါ်မှ တောင့်ခံဆွဲထားနိုင်သည့် ဆာဒူးကြီး၏အတွင်းအားကို လွန်စွာအထင်ကြီး လေးစားသွားတော့၏။

ရန်ကူးတို့သည် တစ်ယောက်ပြီးတစ်ယောက် နွယ်ကြိုးကိုခိုလျက် တက်ခဲ့ကြရာ မကြာမီ အားလုံး ကျောက်စင်မြင့်ပေါ်သို့ ရောက်ရှိသွားတော့၏။

ထိုအခါမှ ဆာဒူးကြီးသည် ကျောက်စင်မြင့်၏ အစွန်းတစ်ဖက်နား၌ တင်ပျဉ်ခွေထိုင်လျက် ရန်ကူးတို့ကိုလည်း သူ့ဘက်မျက်နှာပြုကာ ထိုင်စေလေ၏။

ရန်ကူးတို့လည်း နှစ်တောင်ကျော်ကျော်ခန့်သာ ကျယ်သည့် ကျောက်အဆင့်ပေါ်ဝယ် အဆင်ပြေသလို ရှေ့နောက်စီကာ တင်ပျဉ်ခွေထိုင်လိုက်ရတော့၏။

''သင်တို့ကို ကျွန်ုပ် ဤကျားဂူကြီးထဲ ခေါ်လာရတာဟာ သင်တို့နဲ့ ကျားသတ္တဝါတို့ကြားက ရန်ဟူသမျှ ငြိမ်းစေဖို့ပဲဖြစ်တယ် ...။

သက်ရှိသတ္တဝါမှန်သမျှမှာ လောဘ, ဒေါသ, မောဟဆိုတာတွေ ရှိတယ်၊ အဲဒီ လောဘ, ဒေါသ, မောဟတွေကြောင့်ပဲ





ပြဿနာတွေ, အမုန်းတရားတွေ, ရန်ငြိုးရန်စတွေ ဖြစ်ပွားရတာပဲဖြစ်တယ် ...။

အဲဒီ လောဘ, ဒေါသ, မောဟ မီးသုံးမီး တောက်လောင်နေသရွေ့ ဩကာသလောကကြီးဟာ ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ဘူး ...။

ဩကာသလောကကြီး ငြိမ်းချမ်းဖို့ လောဘ, ဒေါသ, မောဟမီးတွေကို ငြိမ်းသတ်နိုင်ရမယ်၊ အဲဒီမီးတွေကို အဘယ်အရာနဲ့ ငြိမ်းသတ်မလဲဆိုရင် မေတ္တာတရားနဲ့သာ ငြိမ်းသတ်လို့ရမှာဖြစ်တယ်၊ ဒီတော့ သင်တို့ဟာလည်း ကျားသတ္တဝါတွေအပေါ် မေတ္တာတရား ပွားများပြီး ငြိမ်းချမ်းမှုကို ရယူရမှာဖြစ်တယ်။

တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို သင်တို့က သူတို့အပေါ် မေတ္တာထားမှ သူတို့ကလည်း သင်တို့ရဲ့အပေါ်မှာ မေတ္တာထားလာကြမှာဖြစ်တယ်၊ မေတ္တာဆိုတဲ့ ရေစင်အေးရှိနေရင် လောဘ, ဒေါသ, မောဟမီးတွေ တောက်လောင်တော့မှာ မဟုတ်ဘူး၊ အဲဒီမီးတွေ မတောက်လောင်တော့ရင် ပြဿနာတွေ, အမုန်းတွေ, ရန်ငြိုးရန်စတွေလည်း ပပျောက်သွားမှာအမှန်ပဲ ...။

ကဲ ... သူတို့ မကြာခင် ဒီဂူကြီးထဲ ဝင်ရောက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သင်တို့လည်း သူတို့ကိုရည်မှန်းပြီး 'မေတ္တာသဟဂတေန စေတသာ' ကျင့်ဝတ်သီလကို ဆောက်တည်ကြလော့''

ဆာဒူးကြီး ထိုသို့ဆိုမိန့်နေစဉ်မှာပင် ဂူကြီး၏အပြင်ဘက်မှ ကျားဟိန်းသံများ သဲ့သဲ့ကြားလာရတော့၏။

တောကောင်ကြီးတို့၏ ဟိန်းဟောက်သံတို့မှာ တစ်စထက်တစ်စ ကျယ်လောင်လာပြီး မကြာမီမှာပင် တောကောင်ကြီးများ တစ်ကောင်ပြီးတစ်ကောင် ဂူကြီးထဲသို့ ဝင်ရောက်လာကြတော့၏။

တောကောင်ကျားသတ္တဝါကြီးများကား လူစိမ်းအနံ့ ရသည်ထင့်။ ကျောက်စင်မြင့်ပေါ်သို့ မော့ကြည့်ကြပြီးလျှင် လွန်စွာဒေါသကြီးသွားကြကာ တဝေါင်းဝေါင်း ဟိန်းဟောက်ရင်း ကျောက်စင်မြင့်ပေါ်သို့ ခုန်တက်ရန် ကြိုးစားတော့၏။

ကျားကြီးတို့၏ဟိန်းဟောက်သံကြောင့် ဂူကြီးတစ်ခုလုံးမှာ သိမ့်သိမ့်တုန်ဟည်းလျက်ရှိပြီး တော်ရုံသတ္တိနည်းသူတို့ဆိုပါက ထိတ်လန့်ကာ အသည်းနှလုံးတို့ တစ်စစီ လွင့်စဉ်ထွက်သွားဖွယ် ရှိချေ၏။

ကျားသတ္တဝါကြီးတို့မှာ သူတို့၏ဂူကြီးထဲ ကျူးကျော်ဝင်ရောက်လျက်ရှိသည့် လူသားတို့ကို တွေ့မြင်နေရပြီး ယင်း





လူသားတို့ရှိသော ကျောက်စင်မြင့်ထက်သို့ ခုန်တက်ဖို့ကြိုးစားရာ မမီမကမ်းဖြစ်နေသဖြင့် ပိုမိုဒေါကန်လျက်ရှိတော့၏။

သို့ဖြင့် ကျောက်ဂူကြီးတစ်ခုလုံးမှာ ကျားကြီးတို့၏ ဒေါသတကြီး ဟိန်းဟောက်သံများ၊ တဝုန်းဝုန်းခုန်တက်သံ၊ ပြုတ်ကျသံများဖြင့် လျှောင်တော်လည်းသလို ပွက်လောထ ဆူညံလျက် ရှိတော့၏။

ဆာဒူးကြီးသည်ကား ကျားသတ္တဝါကြီးများ ပြောင်းဆန်နေကြသည်ကို အလေးမူခြင်းမရှိဘဲ ရန်ကူးတို့ကို အေးငြိမ်းစွာ စိုက်ကြည့်ရင်းမှ ...

''ကဲ ... အချိန်တန်ပြီ၊ 'မေတ္တာသဟဂတေနစေတသာ' ကျင့်ဝတ်သီလ ဆောက်တည်ဖို့ ကျွန်ုပ်ရွတ်ဆိုသည့်အတိုင်း သင်တို့လိုက်ဆိုပါလော့''

ဟု ဆိုမိန့်ကာ ရှေ့မှရွတ်ဆိုပြတော့၏။

''မေတ္တာသဟဂတေန–မေတ္တာနှင့်အတူတကွဖြစ်သော၊ စေတသာ–စိတ်ဖြင့်၊ သဗ္ဗပါဏဘူတေသု–အလုံးစုံသောသတ္တဝါတို့အပေါ်၌၊ ဖရိတွာ–ပျံ့နှံ့၍၊ ဝိဟရဏံ–နေထိုင်ခြင်းကို၊ သမာဒိယာမိ–ကောင်းစွာဆောက်တည်ပါ၏''

ရန်ကူးတို့ လိုက်လံရွတ်ဆိုပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သင်တို့ အနက်ကိုသိပြီးဖြစ်လို့ ယခု ပါဠိလို တစ်ရာ့ရှစ်ခေါက် ရွတ်ရမယ်၊ အဲဒီလိုရွတ်ရင်း သင်တို့ရဲ့စိတ်ထဲမှာ ကျားသတ္တဝါတို့ရဲ့အပေါ် အမှန်စင်စစ် မေတ္တာထားတဲ့စိတ်ကို မွေးမြူပွားများပါလော့"

ဆာဒူးကြီးက အထက်ပါအတိုင်း ဆိုမိန့်ပြီးနောက် အောက်ပါပါဠိကိုရွတ်ဆိုရာ ရန်ကူးတို့လည်း လိုက်လံရွတ်ဆိုရတော့၏။

"မေတ္တာသဟဂတေန စေတသာ၊ သဗ္ဗပါဏဘူတေသု၊ ဖရိတွာ၊ ဝိဟာ ရဏံ၊ သမာဒိယာမိ"

ယင်းသို့လျှင် (၁၀၈)ခေါက်ကိတိရွတ်ဆိုရင်း ရန်ကူးတို့လည်း ကျားသတ္တဝါကြီးတို့အပေါ် မေတ္တာပွားများနိုင်ရန် စိတ်မှ ရည်သန်ကြိုးစားကြတော့၏။

သူတို့၏ ပါဠိရွတ်ဆိုသံများ ထွက်ပေါ်လာသည့်တွင် တစ်ခေါက်ထက်တစ်ခေါက် ကရုဏာသံမိုပါလာသည်နှင့်အမျှ ဂူအောက်ဘက်မှ ကျားသတ္တဝါကြီးတို့၏ဟိန်းဟောက်သံတို့ တဖြည်းဖြည်း ပါးလျားလျော့ပါးသွားတော့ကာ အတန်ကြာသည်၌ မည်သည့်အသံမျှ မကြားရတော့ချေ။

ဆာဒူးကြီး၏ ညွှန်ကြားပြသမှုဖြင့် ရန်ကူးတို့သည်

---

ခု နစ် စဉ် ကြယ် စာ ပေ



'မေတ္တာသဟဂ တေနစေတသာ' ကျင့်ဝတ်သီလကို ဆောက်တည်ပြီးနောက် နွယ်ကြိုးတို့ကို နိုတွယ်လျက် ဂူကြမ်းပြင်သို့ ဆင်းသက်လာကြသည့်အခါတွင် ဂူကြမ်းပြင်ပေါ်၌ ငြိမ်သက်စွာ ဝပ်ဆင်းနေကြသော တောကောင်ကြီးများမှာ ရန်ကူးတို့ကို ရန်မမူ တော့ရုံမက သူတို့၏မျက်လုံးအကြည့်များ၌ ရန်လိုခြင်းအရိပ်အယောင်တို့ လုံးဝမရှိတော့ဘဲ ငြိမ်းချမ်းအေးမြသောအသွင်သာရှိကြောင်း အံ့ဩဖွယ်တွေ့ရလေတော့၏။

"သြော် ... ဒီသတ္တလောကကြီးမှာ မေတ္တာတရားရဲ့ အစွမ်းဟာ အံ့ဩဖွယ်ကောင်းလောက်အောင် စွမ်းရည်ထက်မြက်လှပါလား၊ ငါတို့ဟာ အခုအချိန်ကစပြီး ဒီတောကောင်မျိုးနွယ်တို့ကို ရန်သတ္တုမပြုတော့ဘဲ ဆွေမျိုးရင်းချာလိုပဲ သဘောထားတော့မယ်"

ရန်ကူးတို့ အထက်ပါအတိုင်း ဆုံးဖြတ်လိုက်ကြပြီးနောက် တွင်တော့ ကျားဂူကြီးထဲတင်မက ဥမင်တောကြီးတစ်ခုလုံး ငြိမ်းချမ်းအေးမြသွားပါတော့သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com




ရန်ကူးတို့လူစုသည် ရွာဆီသို့ပြန်ရောက်လာသည့်အခါ သူတို့၏အတွေ့အကြုံတို့ကို ရွာလူကြီးများနှင့် ရွာသူရွာသားတို့အား ပြောပြကြလေ၏။

ထို့နောက် ဆာဒူးကြီးသင်ကြားပေးလိုက်သော 'မေတ္တာသဟာဂတေန စေတသာ' ကျင့်ဝတ်သီလဆောက်တည်နည်းကို ရှင်းပြပြီး မေတ္တာသဟဂတေန စေတသာ အစချီသော ပါဠိပုဒ်ကို ရွတ်ဆိုပြလေ၏။

ရွာလူကြီးတို့နှင့် ရွာသူရွာသားတို့လည်း သူတို့၏ ရန်သူဖြစ်သော တောကောင်ကြီးတို့အပေါ် မေတ္တာပွားများခြင်းဖြင့် ငြိမ်းချမ်းမှုရနိုင်ကြောင်း သဘောပေါက်သွားကာ ...





ရန်ကူးတို့နှင့်အတူ တစ်ရွာလုံး မေတ္တာသဟဂတေန စေတသာ ကျင့်ဝတ်သီလပုဒ်ကို ဆောက်တည်ကြလေတော့၏။

ယင်းအချိန်မှစပြီး ဥမိတစ်ရွာလုံးမှာ တောကောင်ကြီးတို့၏ရန်မှ လွတ်ကင်းသွားတော့၏။

ထို့နောက် နှစ်များစွာကြာသည့်အခါ သူတို့သည် အစာရေစာပေါများသော ဥမိတောထဲသို့ ပြောင်းရွှေ့အခြေစိုက်ကြပြီး နှစ်အတော်ကြာသည့်၌ ကပ်ရောဂါများကျရောက်ကာ အဖျားအနာထူပြောလာသဖြင့် အနောက်ဘက်အရပ်သို့ ရွှေ့ပြောင်းသွားကြရာမှ နောက်ဆုံးတွင် ဟိမဝန္တာဘက် ရောက်ရှိသွားကြချေ၏။

ထိုအခါ သူတို့ဆွေမျိုးအုပ်စုထဲမှ အကြီးအကဲအား ဘုရင်အဖြစ်တင်မြှောက်ကာ သီးခြားကမ္ဘာတည်ဆောက်နေထိုင်ခဲ့ကြတော့၏။ ယင်းသို့ နှစ်ပေါင်းများစွာ နေလာခဲ့ကြရာမှ ...

တစ်ရံရောအခါဝယ် ဘုရင်၏မိဖုရားနှစ်ပါးဖြစ်သော နန်ရှားဒေဝီနှင့် အမ်းလုံဒေဝီတို့မှာ မသင့်မတင့်ဖြစ်ကာ ဘုရင်ဖြစ်သူနတ်ရွာစံချိန်ဝယ် အချင်းချင်း တိုက်ခိုက်ရန်သတ္တုပြုကြလေတော့၏။

ဤတွင် ရှုံးနိမ့်သွားသော အမ်းလုံဒေဝီနှင့် နောက်လိုက်နောက်ပါတို့မှာ ခွဲထွက်ကာ ဟိမဝန္တာတောင်စဉ်ဖြစ်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



မရဏာအသူရာချောက်ကြီးထဲ ဆင်းခဲ့ကြပြီးလျှင် ချောက်၏တစ်ဖက်မှ ကျောက်တောင်တို့၌ စခန်းချကြလေတော့၏။

နန်ရှားဒေဝီမှ ဆင်းသက်ပေါက်ဖွားလာသူတို့သည် အသားဖြူဆွတ်သဖြင့် သမန်းဖြူဟူ၍လည်းကောင်း၊ အမ်းလုံဒေဝီမှ ပေါက်ဖွားဆင်းသက်လာသူတို့မှာ အသားညိုသဖြင့် သမန်းနက်ဟူ၍လည်းကောင်း ခေါ်တွင်ကြလေ၏။

သမန်းဖြူနှင့်သမန်းနက်တို့မှာ ယခင်က ဆွေမျိုးတစ်စုတည်းမှ ပေါက်ဖွားလာခဲ့ကြသော်လည်း နောက်ပိုင်းဝယ် နယ်မြေအပိုင်စားဒေသများ ခွဲခြားထူထောင်ပြီး တစ်အုပ်စုနှင့် တစ်အုပ်စု မဟာရန်သူများ ဖြစ်လာခဲ့ကြလေ၏။

သမန်းဖြူနှင့် သမန်းနက်တို့မှာ ကျယ်ပြောလှသော အသူရာချောက်ကြီး ကြားမှာခံနေသဖြင့် တစ်ဦး၏ဒေသသို့ တစ်ဦးက ကူးလူးကာ အလွယ်တကူ စစ်ပြုနိုင်ခြင်းမရှိသော်လည်း ရံဖန်ရံခါတွင်မူ အသူရာမရဏာချောက်ကြီးကို ခဲရာခဲဆစ်ကွေ့ပတ်တက်ကာ တိုက်ခိုက်လေ့ရှိပေ၏။

သို့သော် တစ်ဦးကိုတစ်ဦး အပြတ်အသတ် ချေမှုန်းနိုင်ခြင်းမရှိဘဲ တစ်ဦးက ထိုးစစ်လာဆင်လိုက် တစ်ဦးက ခုခံကာ ကွယ်ချေမှုန်းလိုက်ဖြင့်သာ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့် ဖြစ်





နေခဲ့သည်မှာ နှစ်များစွာကြာခဲ့ချေပြီ။

ပဋ္ဌမမြောက်သမန်းနက်ဘုရင်၏ လက်ထက်အရောက်တွင်မူ ယင်းဘုရင်သည် စွန့်စားခြင်းကိုနှစ်သက်သူ လူစွမ်းကောင်းဘုရင်ပီပီ သမန်းဖြူတို့၏ဒေသသို့ တစ်ဦးတည်း လျှို့ဝှက်သွားရောက်ကာ သမန်းဖြူတို့၏အနေအထားကို ထောက်လှမ်းစုံစမ်းရန် ကြံစည်စိတ်ကူးလေ၏။

"သမန်းဖြူတို့ရဲ့ ပျော့ကွက်ဟာကွက်နဲ့ သူတို့ကိုအလစ်မှာ ဝင်ရောက်တိုက်ခိုက်ပြီး သူတို့ဒေသကို သိမ်းပိုက်နိုင်မယ့် စစ်ဆင်ရေးလမ်းကြောင်းတွေကို ရှာဖွေရမယ် အမတ်ကြီးရင်ဒူး၊ ဒီတော့ . . . ကျုပ် လျှို့ဝှက်သွားရောက် ထောက်လှမ်းစုံစမ်းတုန်းမှာ အမတ်ကြီးကပဲ ဒီဒေသကို အုပ်ချုပ်စောင့်ရှောက်ထားပါ၊ ကျုပ်ရဲ့မိဖုရားနဲ့ သားတော်,သမီးတော်တို့ကို ဂရုစိုက်ပါ"

"စိတ်ချပါ အရှင် . . . ကျွန်တော်မျိုးကြီး တာဝန်ကျေရပါစေ့မယ်"

ပဋ္ဌမမြောက်သမန်းနက်ဘုရင်သည် သူ၏ပိုင်နက်နယ်မြေဒေသကို သူ့ကိုယ်စား စီမံအုပ်ချုပ်စောင့်ရှောက်ရန် သူ၏လူယုံတော်အမတ်ကြီးရင်ဒူးအား အပ်နှံထားခဲ့ပြီးနောက် သမန်းဖြူဒေသသို့ဦးတည်ကာ တစ်ဦးတည်းလျှို့ဝှက်စွာ ခရီးနှင်ခဲ့လေတော့၏။



www.burmeseclassic.com

သမန်းဖြူတို့ဒေသနှင့် သမန်းနက်တို့ဒေသမှာ အလယ်ခေါင်၌ ကြီးမားကျယ်ပြန့်သော ရောမချောက်ကြီးခံနေရာ ယင်းချောက်ကြီးကို တံတားထိုး၍ကူးရန်လည်း မဖြစ်ချေ။

သို့ကြောင့် တစ်ဦး၏ဒေသသို့ တစ်ဦးက ချီတက်သွားရောက်လိုပါက သွားရန် တစ်ခုတည်းသောလမ်းမှာ မရဏအသူရာချောက်ကြီးထဲ အောက်ခြေရောက်သည်အထိဆင်းကာ ယင်းချောက်ကြီးထဲမှ တစ်ဖက်ဒေသရှိရာသို့ ခဲရာခဲဆစ် ပြန်တက်ရန်ပင် ဖြစ်ပါ၏။

သို့သော် သမန်းဖြူတို့ဘက်ကရော သမန်းနက်တို့ဘက်ကပါ ယင်းသို့ ရန်သူတက်လာနိုင်သည့်လမ်းကြောင်းတို့ကို ပိတ်ဆို့ စောင့်ကြပ်ထားကြရာ တော်ရုံဖြင့် တစ်ဦး၏နယ်မြေသို့ တစ်ဦးက ကျူးကျော်ရန် မလွယ်ချေ။

ထို့ကြောင့် ရန်သူသမန်းဖြူတို့နယ်မြေထဲ လျှို့ဝှက်ဝင်ရောက်ထောက်လှမ်းရန် ကြံရွယ်ထားသည့် ပဌမမြောက်သမန်းနက်ဘုရင်မှာ သူ၏ဦးနှောက်ကို ဉာဏ်လွှာသုံးပြီး သမန်းဖြူတို့အဆီးအတားကို လွန်မြောက်ရန် ကြိုးစားရတော့၏။

သို့ဖြင့် သူသည် ဦးစွာ မရဏအသူရာချောက်ကြီးထဲ အဝတ်ထုပ်တစ်ထုပ်ကိုထုပ်ကာ ဆင်းသက်ခဲ့တော့၏။ ယင်းသို့





ဆင်းသက်ရာတွင် သူ၏ရဲမက်စစ်သည် သမန်းနက်အစောင့်အကြပ်တပ်မှူးတို့ မသိရှိစေရန် ကင်းစခန်းများမရှိသည့် စောက်နက်သော ချောက်၏အပိုင်းမှ အသင့်ယူဆောင်လာသော ကြိုးခွေကိုချကာ ကြိုးကိုအားပြုဆင်းသက်ခဲ့ခြင်းဖြစ်၏။

သူသည် ပေနှစ်ရာကျော်နက်သည့် အသူရာချောက်ကြီးထဲ ခဲရာခဲဆစ်ဆင်းသက်ခဲ့ပြီးနောက် ချောက်၏အောက်ခြေသို့အရောက်ဝယ် သမန်းဖြူတို့၏ အစေးဆုံးကင်းစခန်းများရှိနိုင်သည့်ဘက်သို့ မြောင်ကြားလမ်းအတိုင်းလာခဲ့ရာ တစ်နေရာအရောက်ဝယ် သဲချောင်းငယ်သို့ ရေသောက်ဆင်းသည့် ချေငယ်တစ်ကောင်နှင့် တိုးလေ၏။ ထိုအချိန်ဝယ် မြောင်အတွင်း၌ ကျက်စားနေသည့် ကိုးတောင်ကျားကြီးတစ်ကောင်မှာ ချေငယ်အားချောင်းမြောင်းလျက်ရှိရာ သမန်းနက်ဘုရင်၏အရိပ်ကို ဖျတ်ခနဲတွေ့ ရသည်နှင့် ချေငယ်လန့်ဖျပ်ပြေးထွက်သွားတော့၏။

ထိုအခါ မိမိ၏အစာ လွတ်သွားရသဖြင့် ဒေါသတကြီးဖြစ်သွားသော ကိုးတောင်ကျားကြီးမှာ နှောင့်ယှက်လာသူကို မပြီးတိုက်ခိုက်သတ်ဖြတ်ရန် သမန်းနက်ဘုရင်ဘက်သို့ ချာခနဲလှည့်ကာ မာန်ဖီဟိန်းဟောက်လိုက်လေ၏။

'ဝေါင်း'

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com



သို့သော် ယင်းကိုးတောင်ကျားကြီးမှာ သမန်းနက်ဘုရင်အားတွေ့သည်နှင့် ရန်ပြုလိုသော ဒေါသအရိပ်အရောင်တို့ကင်းပသွားကာ ရှောင်ထွက်သွားတော့၏။

သမန်းနက်ဘုရင်လည်း ပြုံးကာ သူ့ခရီးကို သူဆက်ခဲ့လေ၏။ သို့ဖြင့် သမန်းနက်ဘုရင်သည် ချောက်၏အခြေတစ်နေရာသို့ အရောက်ဝယ် ကမ်းပါးအမြင့်ပေါ်သို့ မော့ကြည့်လိုက်တော့၏။

''အင်း . . . ဒီနေရာဟာ သမန်းဖြူတို့ကင်း အဝေးဆုံးတည်ရှိနေရာ ဖြစ်လောက်တယ်၊ ဒီနေရာဟာ ခါတိုင်းစစ်ချီရာလမ်းကြောင်းနဲ့ ဝေးကွာလွန်းတဲ့နေရာမို့ ကင်းစိပ်စိပ်ချထားမှာမဟုတ်ဘူး၊ ဒီနေရာက ချောက်ကမ်းပါးပေါ် တက်မှပဲ''

ပဥ္စမမြောက် သမန်းနက်ဘုရင်သည် ယင်းသို့တွေးပြီးသူလွယ်လာသည့် အဝတ်ထုပ်ကို ဖြည်လိုက်လေ၏။

ထိုအခါ အဝတ်ထုပ်ထဲမှ ကျားတစ်ကောင်၏ အရေပြားတစ်ချပ်မှာ ဦးခေါင်းအရေခွံနှင့်တကွ ထွက်ပေါ်လာခဲ့တော့၏။

သမန်းနက်ဘုရင်မှာ အကြံအစည်ရှိသူဖြစ်သဖြင့် ရောဂါတစ်ခုကြောင့် သေဆုံးသွားသော ကျားတစ်ကောင်၏အရေကို ဦးခေါင်းအရေပြားပါပါအောင် ဆုတ်ယူထားခဲ့ခြင်းဖြစ်လေ၏။





သူသည် ကျားအရေကို သူ၏ကိုယ်ထက်၌ခြုံလိုက်ပြီးဦးခေါင်းအရေကို သူ၏ခေါင်း၌စွပ်လိုက်ကာ ခါး၌ ဓားမြှောင်တစ်ချောင်းကိုသာချိတ်ဆွဲပြီး ချောက်ကြီးထဲမှ တွယ်တက်ခဲ့တော့၏။

သူသည် တောတွင်းသားတစ်ဦးပီပီ ကျွမ်းကျင်စွာ ကုပ်ကပ်တွယ်တက်ခဲ့ရာ သာမန်လူတစ်ဦးထက် ပိုမိုကျွမ်းကျင်လျင်မြန်စွာ တက်နိုင်လေ၏။

သို့ဖြင့် ပဥ္စမမြောက်သမန်းနက်ဘုရင်သည် ချောက်ကမ်းပါး၏ထိပ်ပိုင်းသို့ရောက်လာရာ သမန်းဖြူကင်းစခန်းတစ်ခုမှ ကင်းသမားတို့က လှမ်းတွေ့သွားတော့၏။

''ဟေ့ . . ဟိုမှာ ချုံနောက်ကထွက်လာတာ ဘာလဲကွ''

ကင်းသမားတို့က လေးနှင့်ချိန်ကာ လှမ်းကြည့်လိုက်ကြစဉ် သမန်းနက်ဘုရင်သည် ကုန်းကွကွအနေအထားဖြင့် ချုံပုတ်နှစ်ခုအကြားသို့ ဣန္ဒြေရရဖြတ်သွားရာ သူ၏ကိုယ်ပေါ်၌ ကျားရေခြုံထားသဖြင့် . . .

''ကျားတစ်ကောင်ပါကွ''

ဟု စတင်မြင်လိုက်သော ကင်းသမားက မှတ်ချက်ချလိုက်တော့၏။

လေးနှင့်ရွယ်ထားသူတို့လည်း လေးကင်းတို့ကိုပြန်ချကာ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းမှုတ်ထုတ်လိုက်စဉ် ချုံကွယ်နောက်မှ ကျားဟိန်းသံ ထွက်ပေါ်လာလေ၏။

'ဝေါင်း'

''ဒီကျားရဲတွေကလည်း ချောက်အောက်လည်း မနေရ၊ ချောက်အလယ်ပိုင်းလည်း မနေရ၊ ချောက်အပေါ် တက်တက်လာပြီး သားကောင်ရှာတတ်တဲ့ ကောင်တွေပဲ၊ တော်သေးတာပေါ့ကွာ ... ဒီကောင်တွေနဲ့ ငါတို့သမန်းတွေဟာ အဆွေခင်ပွန်းဖြစ်နေလို့ပဲ၊ နို့မို့ သူတို့သောင်းကျန်းပုံနဲ့ဆို ငါတို့နဲ့ တချိန်းချိန်းချနေရမှာပဲ''

ဟု ညည်းညူသလိုပြောလိုက်လေ၏။

''ဟား .. ဟား .. ဟား .. ငါတို့က ကျားရဲတွေကိုကျတော့ မိတ်ဆွေသားချင်းဆိုပြီး ခွင့်လွှတ်ထားတယ်၊ ငါတို့နဲ့ တကယ်ဆွေမျိုးတော်စပ်ခဲ့တဲ့ သမန်းနက်တွေကိုကျတော့ ရန်သူလိုသဘောထားနေကြပါလားကွ၊ ဒါတော့ မဟုတ်သေးပါဘူး .. ဟား .. ဟား .. ဟား''

''ဟော့ ... လုယော် ... မင်းပြောတဲ့ သမန်းနက်တွေနဲ့ အဆွေအမျိုး တော်စပ်ခဲ့တယ်ဆိုတာက ဟိုးရှေးပဝေသဏီ နှစ်ပေါင်းများစွာကပါကွ၊ ငါ့အဘိုးက ပြောဖူးတယ် .. တကယ်တော့





ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးတိုင်း, လူအုပ်စုတိုင်း, ဆွေမျိုးအုပ်စုတိုင်းဟာ တစ်ဦးနဲ့တစ်ဦး တစ်ချိန်မဟုတ်တစ်ချိန်ကတော့ အဆွေအမျိုးတော်စပ်ခဲ့ကြတာချည်းပဲတဲ့ကွ ...။

အထူးသဖြင့် ငါတို့အာရှဒေသကလူမျိုးတွေ, လူအုပ်စုတွေ, ဆွေမျိုးအုပ်စုတွေဟာ မွန်ဂိုလွိုက်စ်ဆိုတဲ့ လူမျိုးနွယ်စုကြီးတစ်စုတည်းကနေ ဆင်းသက်လာတယ်လို့ ပြောတယ်ကွ၊ ပြီးတော့မှ အဲဒီလူမျိုးနွယ်စုကြီးထဲကနေ ဆွေမျိုးအုပ်စုလိုက်,အုပ်စုလိုက်ဟာ ရေကြည်ရာမြက်နုရာဒေသတွေဆီ ရွှေ့ပြောင်းနေထိုင်ကြရာက ရောက်ရာအရပ်မှာ ရွာတွေ, မြို့ပြတွေ တည်ထောင်ပြီး အခြေချခဲ့ကြတယ် ...။

အဲဒီနောက် နိုင်ငံတွေ, တိုင်းပြည်တွေ ဖြစ်ပေါ်လာပြီး မိမိတို့ အခြေချကျင်လည်ရာဒေသရဲ့ ရာသီဥတု, ရေမြေသဘာဝ အနေအထား, အသက်မွေးဝမ်းကြောင်းမှုအပေါ် မူတည်ပြီး အသားအရောင်တွေ ဘာသာစကားတွေ ယဉ်ကျေးမှုတွေ ကွဲပြားကုန်တာတဲ့ ... ငါ့အဘိုးမသေခင်က ပြောသွားဖူးတယ် ...။

ဒီတော့ ငါတို့သမန်းဖြူတွေနဲ့ သမန်းနက်တွေ တစ်ချိန်က ဆွေမျိုးတော်စပ်ခဲ့တယ်ဆိုတာ ဆန်းတာမှတ်လို့ကွာ၊ ငါတို့ဟာ တစ်ချိန်က ဆွေမျိုးတော်စပ်ခဲ့ပေမယ့် အခုအချိန်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ရန်ဖြစ်နေတာ သေချာတယ်ကွ ...။

သမန်းနက်တွေကလည်း မြေဩဇာပိုကောင်းပြီး အမဲလိုက်စရာ သားကောင်ပေါ်များတဲ့ ငါတို့သမန်းဖြူတွေရဲ့ဒေသကို သူတို့ မူလကပိုင်ဆိုင်ခဲ့တာဆိုပြီး လာလုယက်တိုက်ခိုက်လိုကြတယ် ...။

ငါတို့သမန်းဖြူတွေကလည်း ငါတို့ဆွေမျိုးစုတွေရဲ့ဘဝ ငြိမ်းငြိမ်းချမ်းချမ်းနေဖို့ဆိုတာ သမန်းနက်တွေမရှိမှ ဖြစ်မယ်လို့ယူဆပြီး သမန်းနက်တွေကို ဒီဒေသဝန်းကျင်ကနေ အပြီးတိုင်မောင်းထုတ်လိုက်ချင်တယ်၊ ဒါမှမဟုတ် သူတို့ကို အပြီးတိုင် ရှင်းလင်းပစ်လိုက်ချင်တယ် ...။

ဒီလိုနဲ့ အဲဒီလိုရန်လိုမှုတွေကြောင့် သမန်းနက်တွေနဲ့ ငါတို့သမန်းဖြူတွေ စစ်ပွဲတွေ့တိုက်ပွဲတွေ ဖြစ်လာခဲ့ကြရတာ ခု ငါတို့ရဲ့ သမန်းဖြူဘုရင်ကြီးယောတီရဲ့ လက်ထက်အထိပါပဲကွာ''

''အေး ... ယုဂန် ... မင်းပြောတဲ့အတိုင်း ငါတို့ရဲ့ သမန်းဖြူဘုရင်ကြီးယောတီရဲ့လက်ထက်မှာ စစ်ပွဲသုံးကြိမ်ပဲ ဖြစ်ဖူးသေးတယ်နော်၊ ဒါပေမဲ့ ခုအချိန်မှာ ငါတို့ရဲ့ဘုရင်ကြီးက အိုမင်းစပြုပြီကွ၊ သမန်းနက်တွေဘက်မှာတော့ လူလတ်ပိုင်း





အရွယ် သန်မာဖျတ်လတ်ပြီး သူ့ရဲကောင်းသတ္တိစွမ်းရည်မျိုးနဲ့ ပြည့်စုံတဲ့ ပဥ္စမမြောက်သမန်းနက်ဘုရင် အုပ်စိုးနေတယ်လို့ ငါ သတင်းကြားရတယ် ...။

အဲဒီပဥ္စမမြောက် သမန်းနက်ဘုရင်ဟာ တိုက်ရည်ခိုက်ရည်ကောင်းပြီး စစ်ဗျူဟာကျွမ်းကျင်သူလို့ ကျော်ကြားတယ်တဲ့ကွ ယုဂန်ရဲ့''

''ဟုတ်တယ် အိုက်ကူ၊ အိန္ဒိယဘက်ကနေ ဒြာဝိဒိယန်တွေ သူတို့သမန်းနက်ဒေသဆီ ကျူးကျော်တိုက်ခိုက်လာတုန်းက အဲဒီပဥ္စမမြောက်သမန်းနက်ဘုရင် ဦးဆောင်ပြီး ခုခံတိုက်ခိုက်လိုက်တာ ဒြာဝိဒိယန်တွေ အထိနာဆုတ်ပြေးသွားခဲ့ရတယ်တဲ့ကွ၊ အဲဒီဒြာဝိဒိယန်တွေဟာ လင်္ကာဒီပဘုရင် ရာဝဏလို့ခေါ်တဲ့ ဒသဂီရိရဲ့ အမျိုးအနွယ်တွေတဲ့ကွ၊ စစ်ရေးစစ်ရာ တိုက်ရည်ခိုက်ရည်ကျွမ်းကျင်ပြီး အင်မတန် ကြမ်းတမ်းရက်စက်တယ်ဆိုပဲ''

''ဟုတ်ပ ယုဂန်၊ ပဥ္စမမြောက် သမန်းနက်ဘုရင်ဟာ အဲဒီလို တိုက်ရည်ခိုက်ရည် စွမ်းရည်ထက်မြက်တဲ့ ဒြာဝိဒိယန်တွေကိုတောင် ခွေးပြေးဝက်ပြေးပြေးအောင် နှိမ်နင်းနိုင်တယ်ဆိုတော့ ကျုပ်တို့သမန်းဖြူတွေကို လာတိုက်ခိုက်ရင် သူ့ရဲ့ရန်ကိုကာကွယ်ဖို့ ခက်တယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ကျုပ်လည်း အဲဒါကိုပဲ စိုးရိမ်နေတာ၊ ပဋ္ဌမမြောက် သမန်းနက်ဘုရင်သာ ကျုပ်တို့သမန်းဖြူတွေကို လာတိုက်ခိုက်ရင် သူတို့ရဲ့ရန်ကို တွန်းလှန်နိုင်ဖို့ အတော်ခက်မယ်၊ ခက်တာက ကျုပ်တို့ရဲ့ဘုရင်ကြီးမှာ မားမားမတ်မတ်ရပ်တည်မယ့် သားတော် ရှိတာမဟုတ်ဘူး၊ ဘုရင်ကြီးမှာ သမီးတော်မင်းသမီးလေး မာယာပဲ ရှိတာ"

"အေးဗျာ . . . ဘာပဲပြစ်ဖြစ် ကျုပ်တို့မှာ ပဋ္ဌမမြောက် သမန်းနက်ဘုရင်ရဲ့ သတင်းတွေကြားကြားနေရပြီး သူ့ရဲ့ရန်ကိုပဲ ကြောက်နေရလို့ ခုဆို ကင်းတွေတောင် ဒီဘက်ကမ်းပါးတစ်လျှောက် ထပ်တိုးပြီး ချထားရတာမဟုတ်လား၊ သမန်းနက်ဘုရင်သာ လောကကြီးထဲမှာမရှိရင် သိပ်ကောင်းမှာပဲဗျာ"

သမန်းဖြူကင်းသမားတို့၏ အထက်ဖော်ပြပါအတိုင်း ပြောဆိုနေမှုများကို ချုံကွယ်တစ်ခုထဲမှကြားနေရသည့် သမန်းနက်ဘုရင်က ပြုံးလိုက်ပြီးနောက် . . . ချုံတို့ကြားထဲမှတိုးရင်း နွယ်ဒန်းပင်တစ်ပင်မှ တွဲလောင်းကျနေသည့် နွယ်တစ်ချောင်းကို အားပြုကာ ကမ်းပါးထက်သို့ တက်လာခဲ့တော့၏။

သူသည် ကမ်းပါးထက်သို့ရောက်သည်နှင့် ကျားရေခွံကြီးကို ခွာချလိုက်ပြီး သမန်းဖြူတို့ မှီတင်းနေထိုင်ရာ ကျောက်





တောင်များ၏အခြေသို့ ကျောက်တုံးကျောက်တောင်တို့ကို ကွယ်လျက် လျှို့ဝှက်စွာ ချဉ်းကပ်လာခဲ့စဉ်မှာပင် ညနေရီစောင်းက ဩကာသလောကတစ်ခုလုံးကို အမှောင်ဖုံးစ ပြုလာပါတော့၏။

သမန်းနက်ဘုရင်သည် ကျောက်ဆောင်ကျောက်တုံးတို့၏ မှောင်ရိပ်ကိုကွယ်လျက် သမန်းဖြူတို့၏လှုပ်ရှားမှုကို ချောင်းမြောင်းကြည့်ရှုနေရာ သမန်းဖြူတို့မှာ ကျောက်တောင်တို့၏ ဝန်းကျင်၏ ကညင်ဆီမီးတိုင်တို့ကိုထွန်းညှိပြီး ဟိုမှသည်မှ ရှုပ်ယှက်ခတ် သွားလာလှုပ်ရှားလျက်ရှိသည်ကို တွေ့ရလေ၏။

"သင်းတို့ ပျားပန်းခပ် လှုပ်ရှားသွားလာနေပါလား၊ ကော်ရှ . . . ပျော်ပွဲရွှင်ပွဲတစ်ခုခုကျင်းပဖို့ ပြင်ဆင်နေကြပုံပဲ"

သမန်းနက်ဘုရင် တွေးထင်ထားသည့်အတိုင်းပင် သမန်းဖြူတို့မှာ သမန်းနက်တို့ကို သူတို့ဒေသမှ မောင်းထုတ်နိုင်ခဲ့ခြင်း အောင်ပွဲအထိမ်းအမှတ် မီးပုံပွဲကြီးကျင်းပရန် ပြင်ဆင်နေကြလေ၏။

သူတို့သည် သူတို့၏ဘုရင်ကြီးစံမြန်းရာ အကြီးဆုံးကျောက်တောင်ခြေရှိ ဂူလိုဏ်နန်းကြီးရှေ့ဝယ် ရောမမီးပုံကြီးတစ်ပုံကို ပြုလုပ်လိုက်ကြတော့၏။

မီးပုံကို မီးရှိန်ကောင်းအောင် ထင်းချောင်းကြီးများ ထိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် သူတို့တောလိုက်၍ရထားသော သားကောင်တို့၏ အသားခြောက်တို့ကိုကင်ကြလျက် ဗုံတို့ကိုတီးခတ်ကာ မီးပုံကြီးကို ဝိုင်းပတ်ကကြပေ‌ာ့၏။

'ဒုံဒုံ ‥ ဒုံဒုံ ‥ ဒုံဒုံ'

စည်းချက်ကျကျ ဗုံတိုသံနှင့်အညီ သမန်းဖြူလုလင်ပျို လုံမပျိုတို့သည် တစ်ဦးကိုတစ်ဦး လက်ချင်းတွဲလျက် မီးပုံကြီးကို ပတ်ကာ ပတ်ကာ ကခုန်ကြလေ၏။

ယင်းကပွဲကြီးကို ကျောက်ပလ္လင်ကြီးထက်မှ ရှုစားနေသည်က သမန်းဖြူဘုရင်ကြီး ယောတီပင်ဖြစ်ပါ၏။ ဘုရင်ကြီး ယောတီ၏နံဘေးမှ ကျောက်ဖြူသားထိုင်ခုံထက်ဝယ် ကြန္ဒြေရရ ထိုင်နေသူလေးမှာ သမန်းဖြူမင်းသမီးလေး မာယာယောတီပင် ဖြစ်ပါ၏။

သမန်းဖြူမင်းသမီးလေး မာယာယောတီမှာ အဖြူလွလွ ဇာဝတ်စုံဖားဖားကြီးကို လှပစွာဝတ်ဆင်ထားပြီး နားဝယ် ပုလဲနားကပ်၊ လည်၌ ပုလဲလည်ဆွဲနှင့် ပုလဲလက်စွပ်တို့ကို ဝတ်ဆင်ထားရာ ဇာဝတ်စုံ၏ အဖြူလွလွအရောင်၊ ပုလဲရတနာတို့၏ ဖြူဖွေးသောရောင်စဉ်များနှင့် မင်းသမီးလေး၏ ဖြူဆွတ်သော အသားအရေတို့မှာ ကညင်ဆီမီးရောင်အောက်ဝယ် လိုက်ဖက်





တင့်မောလှပေ၏။

သူမ၏မျက်နှာဝင်းဝင်းလေးမှာလည်း တုလွတ်ကင်းအောင် လှပလွန်းရကား မှောင်ရိပ်ထဲမှစောင့်ကြည့်မိသူ သမန်းနက်ဘုရင်၏ ရွှေရင်ကို ပြင်းစွာခုန်စေခဲ့ပြီ ...

"လှလိုက်တဲ့ မင်းသမီးလေးပါလား ... ကြည့်စမ်းပါဦး၊ ငါ့ရဲ့ ရန်သူတော်သမန်းဖြူမင်းသမီးလေးဟာ ထိရက်ကိုင်ရက်စရာ မရှိအောင် လှပလွန်းသူလေးပါလား၊ သူလေးကို ရန်သူအဖြစ် ငါဘယ်လိုသဘောထား ရက်စက်လို့ရနိုင်ပါ့မလဲ"

ပဌမမြောက် သမန်းနက်ဘုရင်ကာ သမန်းဖြူမင်းသမီးလေး၏ အလှကွန်ယက်ဝယ် ငြိတွယ်မိပြီး သူ၏မူလရည်မှန်းချက်အစီအစဉ်များပင် မေ့ပျောက်ကာ သမန်းဖြူမင်းသမီးလေး၏ အချစ်ကို ရယူပိုင်ဆိုင်လိုစိတ်တို့သာ ရင်ဝယ်တရှိန်းရှိန်းတဖွားဖွား ဖြစ်ပေါ်လာပါတော့၏။

သို့ဖြင့် သမန်းဖြူတို့သည် မီးပုံကြီးကိုလှည့်ပတ်ကကာ အသားကင်တို့ကိုစားသောက်ကြရင်း ပျော်ရွှင်စွာ အောင်ပွဲသဘင်ကြီး ဆင်နွှဲလျက်ရှိရာမှ တံပိုးခရာသံများ ရုတ်တရက် ထွက်ပေါ်လာချိန်ဝယ် ... အော်ဟစ်ဆူညံစွာ ကခုန်နေခြင်းတို့ကို ချက်ချင်းရပ်တန့်လိုက်ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တံပိုးခရာသံတို့ တိတ်သွားချိန်ဝယ် သမန်းဖြူမင်းသမီးလေး မာယာယောတီသည် ထိုင်နေရာမှထရပ်လိုက်ပြီး သူမ၏ သွယ်ပျောင်းဖွေးနုနေသော လက်နှစ်ဖက်ကို နံဘေးသို့ဆန့်တန်းလိုက်ရာ သူမ၏ ဇာဖြူဝတ်စုံပါးပါး၏ အနားသားတို့မှာ လေဝယ် ဖျတ်ဖျတ်လွင့်လျက်ရှိတော့၏။

သမန်းဖြူတို့သည် သူတို့၏မင်းသမီးလေးကို ဒူးတစ်ဖက်ထောက်ထိုင်ကာ အရိုအသေပြုလိုက်ကြစဉ်မှာပင် မင်းသမီးလေး၏ သန္တာနှုတ်ခမ်းများမှ သာယာကြည်အေးသော စကားမိန့်မြွက်သံကို ကြားနာကြရလေ၏။

"မာယာရဲ့ ဆွေမျိုးစုဝင်တို့ ... သင်တို့ကို မာယာရဲ့ ခမည်းတော် ဘုရင်ကြီးရဲ့ကိုယ်စား ကျွန်ုပ်မာယာက ဒီအောင်ပွဲအထိမ်းအမှတ်အခမ်းအနားမှာ အရေးပါတဲ့စကားတစ်ခွန်း မှာကြားလိုတယ် ...။

ကျွန်ုပ်ရဲ့ခမည်းတော်ဘုရင်ကြီး အသက်အရွယ်ကြီးရင့်ပြီး လူကြီးရောဂါဝေဒနာ စွဲကပ်နေလို့ လှုပ်ရှားမှု၊ အားထုတ်မှုမပြုနိုင်ပေမယ့် သင်တို့ရဲ့အကျိုးကိုရွက်ဆောင်ဖို့ ခမည်းတော် ဘုရင်ကြီးရဲ့ကိုယ်စား ကျွန်ုပ်မာယာတစ်ယောက်လုံး ရှိပါသေးတယ်"

"ဝေး .. သခင်မလေးမာယာ .. သခင်မလေးမာယာ"





မင်းသမီးလေးမာယာ၏ စကားတစ်ပိုဒ်အဆုံးဝယ် ဆွေမျိုးစုဝင်တို့မှာ ဝမ်းသာအားတက်စွာ အော်ဟစ်မြည်ကြွေးလိုက်တော့၏။

"ဒီမရဏအသူရာချောက်ရဲ့တစ်ဖက်မှာ ကျွန်ုပ်တို့ရဲ့ရန်သူ ပဥ္စမမြောက်သမန်းနက်ဘုရင်ဟာ မကြာခင် ကျွန်ုပ်တို့ဒေသဆီ ကျူးကျော်တိုက်ခိုက်ဖို့ အစီအစဉ်ရှိတယ်လို့ သတင်းကြားရတယ် ...။

ပြီးတော့ အဲဒီပဥ္စမမြောက် သမန်းနက်ဘုရင်ဟာ တိုက်ခိုက်မှုစွမ်းရည် အင်မတန်မြင့်မားတယ်လို့လည်း သတင်းကြားရတယ်၊ သူဟာ ကျွန်ုပ်တို့ရဲ့ အဓိကရန်သူပဲ၊ သူဟာ ဒြာဝိဒ်ယန်တွေကို ချေမှုန်းသလို ကျွန်ုပ်တို့ကို ချေမှုန်းလာနိုင်တယ် ...။

ဘာပဲဖြစ်ဖြစ် အဲဒီပဥ္စမမြောက် သမန်းနက်ဘုရင်ရဲ့ ရန်စွယ်ကို ကျွန်ုပ်ကိုယ်တိုင်ဦးဆောင်ပြီး ကာကွယ်ပေးမယ်၊ သင်တို့တွေ ဘာမှအားမငယ်ကြပါနဲ့၊ တစ်ချိန်တုန်းက သူတို့တွေအားလုံးကို ကျွန်ုပ်တို့ရဲ့ဒေသကနေ အောင်မြင်စွာ မောင်းထုတ်နိုင်ခဲ့သလို ပဥ္စမမြောက် သမန်းနက်ဘုရင်ရဲ့တပ်တွေ ကျူးကျော်လာရင်လည်း အောင်မြင်စွာ မောင်းထုတ်နိုင်စေရမယ်လို့ ဒီအောင်ပွဲအထိမ်းအမှတ် ပွဲသဘင်ကြီးမှာ ကျွန်ုပ် မာယာမင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



က ကတိပြု တာဝန်ယူ ပြောကြားလိုက်ပါတယ်''

''ဝေး ... ဒါမှ ငါတို့ရဲ့မင်းသမီးလေးကွ''

''ငါတို့ရဲ့မင်းသမီးလေး မာယာယောတီ သက်တော်ရာကျော် ရှည်ပါစေ၊ အသားနက်ဘုရင်ကို အောင်နိုင်ပါစေ''

ဆွေမျိုးစုဝင်တို့၏အော်မြည်ဟစ်ကြွေးသံတို့ ဘဝဂ်ညံ့သွားသည်ကို မှောင်ရိပ်ထဲမှစောင့်စားကြည့်ရှုနားထောင်ရင်း ပဋ္ဌမမြောက် သမန်းနက်ဘုရင်မှာ သဘောကျစွာပြုံးလိုက်မိတော့၏။

''ဩော် ... မင်းသမီးလေး မာယာရယ် ... မင်းလေးက မောင်တော့်အပေါ် အနိုင်လိုချင်နေတာလား၊ ဟင်း .. ဟင်း .. မောင်တော်ကလည်း မင်းလေးရဲ့အချစ်ကိုသာ ရမယ်ဆိုရင် မင်းလေးရဲ့ဦးခေါင်းထက်မှာ အောင်မြင်မှုသရဖူကို ဆောင်းပေးချင်သူပါကွယ်''

သမန်းနက်ဘုရင်သည် အသားဖြူမင်းသမီးလေး၏ အလှကို ငေးငေးငိုင်ငိုင်ရှုစားရင်း အချစ်လှိုင်းတို့ ရင်ဝယ် တဖျတ်ဖျတ်ရိုက်ခတ်လျက်သာ ရှိတော့၏။

သို့ဖြင့် ညဥ့်နက်လာသည်တွင် ဆွေမျိုးစုဝင်တို့သည် သူတို့၏ အောင်ပွဲသဘင်ကို ရုပ်သိမ်းလိုက်ပြီး ဘုရင်ကြီးယောတီအား သက်တော်စောင့်စစ်သည်တို့က ဘုရင်၏ဂူနန်းထဲသို့





တွဲကာ လိုက်ပို့လိုက်ကြလေ၏။

မင်းသမီးလေး မာယာယောတီမှာမူ သူမ၏ရံရွေတော် အပျိုစင်လုပျိုဖြူများနှင့်အတူ သူမစံမြန်းရာ ကျောက်သလင်းဖြူ ဂူနန်းဆောင်သို့ ထွက်ခွာသွားပြီး ကျန်သော ယောက်ျား,မိန်းမတို့မှာ သူတို့၏ မှီခိုနေထိုင်ရာဂူများဆီ အလျှိုအလျှို ထွက်ခွာသွားကြတော့၏။

သူတို့သည် သူတို့ဒေသ၏ပတ်ပတ်လည် ချောက်ကမ်းပါးတစ်လျှောက်ဝယ် ကင်းများအထပ်ထပ်ချထားသဖြင့် ချောက်ကမ်းပါးပေါ်မှ ကျောက်ဂူနန်းများတွင်မူ အစောင့်အကြပ် သိပ်မချထားတော့ချေ။ ဘုရင်ကြီး၏ ဂူနန်းရှေ့မှာသာ စစ်သည်လေးဦး စောင့်ကြပ်လျက်ရှိလေ၏။ သို့သော် ယင်းစစ်သည်တို့မှာလည်း အောင်ပွဲသဘင်ကျင်းပစဉ်က သေရည်အရက်များသောက်စားထားသဖြင့် မူးယစ်ကာ ညဥ့်သန်းခေါင်ကျော်လာသည့်တွင် ဇက်ကျိုးကျကုန်တော့၏။

ယင်းတို့အားလုံး တိတ်ဆိတ်ငြိမ်သက်သွားမှ ပဋ္ဌမမြောက် သမန်းနက်ဘုရင်မှာ ကျားတစ်ကောင်၏ လျင်မြန်ခြင်းမျိုးဖြင့် မင်းသမီးလေး၏ ဂူနန်းအနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ဝယ် ခန္ဓာကိုယ်ကို ပြားချပ်နေအောင်ဝပ်တွားရင်း ဂူနန်းထဲသို့ တိတ်တဆိတ်ဝင်ရောက်လာခဲ့တော့၏။

ညဥ့်သည် နှင်းမှုန်နှင်းစက်တို့ကြောင့် အေးစိမ့်လျက်ရှိပြီး ပုစဉ်းရင်ကွဲအော်သံ၊ ပုရစ်အော်သံ တစီစီမှလွဲ၍ အခြားအသံများ တိတ်ဆိတ်နေကာ လေတိုးသံ၊ သစ်ရွက်တို့ရိုက်ခတ်သံကိုသာ သဲ့သဲ့ကြားရလေ၏။

မင်းသမီးလေးမာယာ၏ ကျောက်သလင်းဖြူ ဂူနန်းထဲဝယ် ကညင်ဆီမီးတိုင်တစ်တိုင်သာ ထွန်းညှိထားသဖြင့် မျက်နှာကြက်ဂူအမိုးဖြူဖြူမှ တွဲရရွဲချထားသည့် လိုက်ကာကြီးများ နောက်ဝယ် အမှောင်ရိပ်တို့ ကြီးစိုးလျက်ရှိလေ၏။

ပဋ္ဌမမြောက် သမန်းနက်ဘုရင်မှာ ဂူဝမှ ဝပ်တွားဝင်လာရင်း ကညင်ဆီမီးရောင်ဖျော့ဖျော့အောက်မှာ တွေ့မြင်နေရသည့် ကျောက်သလင်းဂူနန်းကို မျက်လုံးဝေ့ကြည့်လိုက်လေ၏။

ပေနှစ်ဆယ်ပတ်လည်ခန့်ရှိသော ကျောက်သလင်းဂူထဲ ချောပြောင်နေသည့် ဂူကြမ်းပြင်ပေါ်မှ ကော်ဇောအနီထက်ဝယ် ရုံရွှေတော်လှပျိုဖြူတို့မှာ အတုန်းအရုန်း ဖြစ်သလို လဲလျောင်း အိပ်ပျော်နေကြလေ၏။

ယင်း ပင်မဂူ၏ နံရံတစ်ဖက်ဝယ် အတွင်းဂူတစ်လုံး၏





အဝကိုတွေ့ရပြီး ဂူအဝကို ဇာပဝါ ကာထားလေ၏။

သမန်းနက်ဘုရင်သည် လိုက်ကာကြီးများနောက်မှ မှောင်ရိပ်ကွယ်ကိုခိုရင်း အတွင်းဂူအဝအနီးသို့ တရွေ့ရွေ့ချဉ်းကပ် လာလိုက်ပြီးနောက် . . .

ပန်းနုရောင်ဇာပဝါစကို အသာလှပ်ကာ အတွင်းသို့ ကဲကြည့်လိုက်လေ၏။

အတွင်းဂူမှာ ဆယ်ပေပတ်လည်ခန့်သာ ကျယ်ဝန်းပြီး သဘာဝလိုဏ်ဂူဖြစ်ပုံမရဘဲ လူတို့တမင်ဖန်တီးတူးဖော်ထားပုံ ရလေ၏။ ယင်းလေးထောင့်စပ်စပ် အတွင်းဂူထဲဝယ် ရွှေပိန်းချ ခုတင်ညောင်စောင်းတစ်ခုရှိပြီး ယင်းခုတင်ညောင်စောင်းအပေါ်၌ ကတ္တီပါအိပ်ရာခင်းထားကာ ကြမ်းပြင်မှာ မွေးပွကော်ဇောကို ခန်းလုံးပြည့်ခင်းထားလေ၏။

အခန်းထဲ၌ ဆီမီးထွန်းညှိထားခြင်းမရှိဘဲ အပြင်ဘက် ပင်မဂူလိုဏ်တွင် ထွန်းညှိထားသော ကညင်ဆီမီးတိုင်မှအလင်း ကသာ ဇာပဝါစတို့ကိုဖြတ်သန်းကာ သဍ္ဍာလီခန်းဆောင်ထဲဖြာ ကျနေရာ သဍ္ဍာလီခန်းဆောင်ထဲ၌ အလင်းရောင်မှိန်မှိန်သာ ရှိလေ၏။

ယင်းအလင်းမှိန်မှိန်အောက်မှ သဍ္ဍာလီညောင်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ထက်ဝယ် ဖြူဝင်းမွတ်နေသည့် မင်းသမီးလေး မာယာယောတိမှာ အချိုးအစားကျနစွာသော ခန္ဓာကိုယ်လေးက လဲလျောင်းလျက်ရှိလေ၏။

အိစက်နေသော ဖဲခေါင်းအုံးထက်ဝယ် ဦးခေါင်းလေးကို မှေးမှီပြီး တစောင်းအနေအထား အိပ်စက်နေသည့် မင်းသမီးလေး၏ ဖြူဝင်းသောအသားရောင်မှာ အလင်းမှိန်မှိန်အောက်တွင် ရွှေရောင်ပြေးလျက် မွတ်မွတ်စင်နေပါ၏။

ခန္ဓာကိုယ်ကို ကတ္တီပါမွေ့ရာပေါ်ဝယ် ဖြေလျော့ခွေကာ လဲလျောင်းထားသည်ဖြစ်၍ ဇာဝတ်စုံဖြူလွလွအောက်မှ သူမ၏ ဖွံ့ထွားလှပသော ခန္ဓာကိုယ်လေး၏ လှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့သည် ရင်သပ်ရှုမောဖွယ်၊ ရင်ခုန်လှုပ်ရှားဖွယ် စွဲဆောင်မှုအပြည့်ဖြင့် မထိရက်မတို့ရက်စရာ လှပစွာတည်ရှိနေပါ၏။

ပဋ္ဌမသမန်းနက်ဘုရင်မှာ သူ၏တစ်သက်တာဝယ် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော ဣတ္ထိယမိန်းမသားတစ်ဦး၏အလှကို အလင်းမှိန်မှိန်အောက်တွင် တွေ့မြင်နေရသဖြင့် မှင်တက်မိကာ သတိလက်လွတ် ငေးငိုင်ကြည့်နေမိတော့၏။ မင်းသမီးလေး၏ အလှမှာ သူတွေ့မြင်ခံစားသုံးသပ်ဖူးသော အသားညို သမန်းနက်မိန်းမပျိုတို့နှင့် အကွာခြားကြီးကွာခြားလျက်ရှိတော့၏။





သမန်းနက်ဘုရင့်မှာ ခဏအကြာတွင်မှ သတိဝင်လာပြီး သက်ပြင်းရှိုက်ကာ မင်းသမီးလေး၏ သဋ္ဌာလီခန်းဆောင်ထဲ ခြေလှမ်းဖွဖွဖြင့် လှမ်းဝင်လိုက်တော့၏။

မွှေးရနံ့တို့ သင်းထုံလျက်ရှိသော သဋ္ဌာလီခန်းဆောင်ထဲဝယ် ငေးငူငူကြီးရပ်ရင်း သမန်းနက်ဘုရင်မှာ မင်းသမီးလေးမာယာ၏အလှကို အနီးကပ်ရှုစားရင်း ရင်တဒိန်းဒိန်းခုန်လျက်ရှိသော်လည်း ငတ်မက်ခြင်းပြင်းစွာ အဓမ္မသိမ်းပိုက်လိုသည့်စိတ်မရှိဘဲ မြတ်နိုးစွာ ချစ်ကြင်နာစိတ်သာ ဖြစ်ပေါ်လျက်ရှိတော့၏။

တကယ်တော့ သူသည် သူတို့ဆွေမျိုးစုဝင်များ၏ မဟာရန်သူတော် သမန်းဖြူတို့၏ ဘုရင်မလောင်းလျာ မင်းသမီးလေး၏ အနီးဆုံးသို့ လျှို့ဝှက်စွာရောက်ရှိနေခြင်းဖြစ်၏။ သူတို့၏ နန်းညွှန့်နန်းလျာ သမန်းဖြူမင်းသမီးလေးကိုသာ ယခုနေ သူလုပ်ကြံသတ်ဖြတ်နိုင်လျှင် သူတို့ကိုဦးဆောင်နိုင်မည့်ခေါင်းဆောင်မဲ့သွားမည်သာဖြစ်၏။

သမန်းဖြူဘုရင်ကြီးယောတိမှာ အသက်အရွယ်ကြီးရင့်ပြီး နာမကျန်းဖြစ်နေရာ ဘုရင်ကြီးကမူ သူတို့ကို ဦးဆောင်နိုင်ဖွယ် မရှိချေ။

သို့ကြောင့် သူ့အနေဖြင့် ဤမင်းသမီးလေးကို လုပ်ကြံ



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်လိုက်နိုင်ပါက မကြာမီဆင်နွှဲမည့် သူတို့၏ထိုးစစ်မှာ မုချအောင်ပွဲခံရမည်သာ ဖြစ်ပေ၏။

သို့သော် ခက်သည်က သူသည် ဤမင်းသမီးလေးကို သတ်ဖြတ်လုပ်ကြံဖို့နေနေသာသာ ထိရက်ကိုင်ရက်ခြင်းပင် မရှိချေ။ အကယ်၍များ တစ်စုံတစ်ခုသောအန္တရာယ် မင်းသမီးလေး အပေါ် ကျရောက်လာလျှင်ပင် သူက အသက်စွန့် ကာကွယ်ပေးလိုက်မည်သာ ဖြစ်တော့၏။

ကညင်ဆီမီး၏ အလင်းမှိန်မှိန်အောက်မှာ မြင်တွေ့နေရသော လှပသည့်မင်းသမီးလေး၏ မျက်နှာရွှေလ ရွှန်းပပကို ငေးကြည့်ရင်း သူ၏ရင်ထဲဝယ် အချစ်စိတ်တို့ တဖွားဖွားဖြစ်ပေါ်လျက်ရှိကာ ရင်ခုန်ကြည်နူး ငေးငိုင်လျက်ရှိစဉ် ...

"အောင်ပွဲ ... အောင်ပွဲ ... သခင်မလေးမာယာ ... သခင်မလေးရဲ့အောင်ပွဲ"

ဟူသော အော်သံစူးစူးလေးတစ်ခု အပြင်ဘက်ဂူလိုဏ်ခန်းဘက်မှ ရုတ်တရက်ထွက်ပေါ်လာသဖြင့် သမန်းနက်ဘုရင်မှာ ဖျတ်ခနဲ စောင်းငဲ့ကြည့်လိုက်မိသည်။

အပြင်ဘက်ဂူလိုဏ်နန်း၏ကြမ်းပြင် ကော်ဇောနီပေါ်ဝယ် ဖြစ်သလိုလဲလျောင်း အိပ်စက်ပျော်နေသည့် ရုံရွှေတော် အပျိုစင်





တစ်ဦး၏ ဇယောင်ယမ်းအော်ဟစ်လိုက်သံပင် ဖြစ်ပါ၏။

သမန်းနက်ဘုရင်၏ အာရုံမှာ အော်သံကြားရာဘက် ရောက်ရှိသွားစဉ်မှာပင် ...

မင်းသမီးလေး၏မျက်လွှာ ဖျတ်ခနဲပွင့်လာပြီး သမန်းနက်ဘုရင်၏ခါးဝယ် ချိတ်ဆွဲထားသောဓားမြှောင်ကို ရုတ်ခနဲ ဆွဲထုတ်လိုက်ကာ ဓားဦးဖြင့် သမန်းနက်ဘုရင်၏လည်မျိုကို ထောက်ထားလိုက်တော့၏။

သမန်းနက်ဘုရင်မှာ မယုံနိုင်လောက်အောင် လျင်မြန်စွာ လှုပ်ရှားလိုက်သည့် မင်းသမီးလေးကို အံ့အားသင့်စွာ လှည့်ကြည့်လိုက်သည်။

"သင် ဘယ်သူလဲ၊ သင် ဒီနန်းဆောင်ထဲ စဝင်လာကတည်းက ကျွန်ုပ်မြင်တယ်၊ သင် ဘယ်သူလဲ၊ ဘာသဘောနဲ့ ကျွန်ုပ်ရဲ့ခန်းသဘ္ဘာထဲ ဝင်လာရတာလဲ"

မင်းသမီးလေးမာယာ၏ ခက်ထန်သော်လည်း တိုးလျသည့် စကားအဆုံးဝယ် ပဋ္ဌမမြောက်သမန်းနက်ဘုရင်သည် ပြုံးလိုက်ပြီး ...

"မာယာ ... မင်းဟာ တို့မျှော်လင့်ထားတာထက် ပိုပြီး လျင်သူလေးပါလား၊ ကျုပ်ဟာ မင်းချေမှုန်းချင်နေတဲ့ ပဋ္ဌမ



www.burmeseclassic.com

www.burmeseclassic.com



မြောက် သမန်းနက်ဘုရင်ပါပဲ''

ဟု တည်ငြိမ်စွာပြောလိုက်ရာ မင်းသမီးလေးမှာ လွန်စွာထိတ်လန့်အံ့ဩသွားပြီး ထိုင်တစ်ဝက် လဲလျောင်းတစ်ဝက် အနေအထားမှ ဖျတ်ခနဲလူးလဲထပြီး ခုတင်ညောင်စောင်းပေါ်မှ ဆင်းလိုက်တော့၏။ သို့သော် သူမက သမန်းနက်ဘုရင်၏လည်မျိုကို ဓားဦးဖြင့် ထောက်ထားဆဲဖြစ်၏။

''သင်ဟာ အတင့်ရဲလှချည်လား ... ဘယ်လိုလုပ်ပြီး ကျွန်ုပ်တို့ရဲ့ကင်းတွေကို ဖြတ်ကျော်လာနိုင်သလဲ''

သမန်းဖြူမင်းသမီးလေးက မယုံနိုင်သလို အံ့ဩစွာမေးလိုက်ရာ သမန်းနက်ဘုရင်သည် နှုတ်ခမ်းထောင့်စွန်းများကွေးတွန့်ကာ မထေမဲ့မြင်ပြုံးလိုက်ပြီး ...

''ဒီကမ္ဘာလောကကြီးမှာ ကျုပ်လုပ်လို့မရတဲ့ အလုပ်ဆိုတာ ဘာမှမရှိဘူး၊ မင်းတို့ရဲ့ လုံခြုံလှပါတယ်ဆိုတဲ့ ကင်းတွေကို ဖြတ်သန်းပြီး ညဥ့်ဦးယံကကျင်းပခဲ့တဲ့ မင်းတို့ရဲ့ မဟာအောင်ပွဲအခမ်းအနားကြီးကိုလည်း ကျုပ်တွေ့မြင်ပြီးပါပြီ၊ အဲဒီအခမ်းအနားမှာပဲ မင်းရဲ့ ရွှေမျက်နှာဝင်းပပကို စတင်မြင်တွေ့ဖူးပြီး ကျုပ်ရဲ့ရင်ထဲမှာ မြတ်နိုးချစ်ကြင်နာစိတ်တွေ တဖွားဖွားဖြစ်ပေါ်လာလို့ မင်းရဲ့ခန်းသဍ္ဍာထဲ အရောက်လှမ်းဖို့ ကျုပ်စိတ်ဆုံးဖြတ်ခဲ့





တယ်လေ ...။

ဒီလိုနဲ့ မင်းလေးရဲ့ ခန်းသဍ္ဍာထဲရောက်ခဲ့ပြီး မင်းလေးရဲ့ မျက်နှာရွှေလ ရွှန်းပပကို ငေးကြည့်ရင်း အချစ်ရေလျဉ်ကြောမှာ မျောပါခံစားနေရတုန်း မင်းလေးက ကျုပ်ရဲ့အငိုက်ကို ရုတ်တရက် ဖမ်းနိုင်ခဲ့တာပဲလေ''

ဟု စကားကို ခပ်ဖြည်းဖြည်းပြောရင်းမှ မထေမဲ့မြင်ပြုံးလိုက်ပြန်ကာ ...

''ခုလည်း တို့ရဲ့လည်မျိုကို မင်းဓားနဲ့ထောက်ထားပေမယ့် ပိုင်ပြီလို့တော့ မထင်နဲ့နော်၊ ဘယ်လိုအကြပ်အတည်းကြားကမဆို တို့က ရုန်းထွက်လွတ်မြောက်နိုင်သူပဲ၊ ဒါပေမဲ့ မင်းရဲ့လက်ထဲက တို့ရုန်းထွက်နိုင်သည့်တိုင် မင်းကိုတို့က မြူမှုန်လေးတစ်မှုန်လောက်တောင် အန္တရာယ်မပြုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တို့ရဲ့ဘဝတစ်သက်တာမှာ ဘယ်သူ့ကိုမှမချစ်ဖူးတဲ့ အချစ်မျိုးနဲ့ တို့က မင်းကို ချစ်နေလို့ပဲ''

ဟု မထေမဲ့မြင်ပြုံးရင်း လေသံအေးအေးဖြင့်ပြောနေသည့် သမန်းနက်ဘုရင်၏မျက်နှာကို စိုက်ကြည့်ရင်း သမန်း[illegible] မင်းသမီးလေးမာယာ၏ စိတ်ထဲဝယ် ချောက်ချားတုန်[illegible]၏။

နှာရောင်ပွပွ၊ ပါးစပ်ပြဲပြဲ၊ နှုတ်ခမ်းထူ[illegible]မေးရိုးကား



www.burmeseclassic.com

www.burmeseclassic.com



ကားနှင့် ကြေးနီရောင်အသားအရေရှိသည့်အထဲ မျက်ခုံးမွေးထူထူ တို့အောက်မှ ပြုံးကျယ်ကာ တဖိတ်ဖိတ်လက်တောက်နေသော မျက်လုံးအစုံမှာ ဘီလူးသရဲနှင့်တူသလို ထင်မိ၏။

လက်ဘဒီပပြည့်ရှင် ရာဝဏ (ခေါ်) ဒသဂီရိ၏မျိုးနွယ် ဒြာဝိဒီယန်တို့ကဲ့သို့ ကြမ်းတမ်းရက်စက်သော ဘီလူးသဘက်နှင့် တူသော စစ်သည်များကိုပင် ချေမှုန်းတွန်းလှန်နိုင်ခဲ့သည့် ပဋ္ဌမ မြောက် သမန်းနက်ဘုရင်ကို မာယာ လျှော့မတွက်ရဲချေ။

သူ၏လည်မျိုကို မိမိက ဓားဖြင့်ထောက်ထားသည့်တိုင် အနီလူကြမ်း လူစွမ်းကောင်းကြီးမှာ သူ၏လည်မျိုကို သားမြီးငှက် တောင်ဖြင့် ထောက်ထားသည့်အလား သဘောထားပုံရလေ၏။ အနီလူစွမ်းကောင်းဘုရင်အတွက် ဓားမှာ သားမွေးငှက်တောင် လောက်သာ ဂရုစိုက်ဖွယ်ရှိလိမ့်မယ် ထင်၏။

မိမိက ယခုနေ ဂူနန်းအပြင်ဘက်မှ အိပ်ဖန်စောင့်စစ် သည်တော်များ သက်တော်စောင့်ရဲမက်များကို အော်ဟစ်ခေါ် လိုက်သည်နှင့် သမန်းနက်ဘုရင်က သူမ၏လက်အတွင်းမှ တစ်မုဟုတ်ချင်းရုန်းထွက်ကာ အန္တရာယ်တစ်ခုခု တုံ့ပြန်ပြုလာ နိုင်၏။ ထောက်ထားသောဓားဦးဖြင့် သူ့လည်မျိုကို ထိုးသတ်ဖို့ ဆိုသည်မှာလည်း သမန်းနက်ဘုရင်၏မျက်လုံးတို့က သူမကို





တစ်ရံမလပ် စိုက်ကြည့်နေသည်ဖြစ်ရာ သူမ တစ်စုံတစ်ရာ လှုပ်ရှားလိုက်သည်နှင့် သမန်းနက်ဘုရင်က ချက်ချင်းတုံ့ပြန်ခြင်း ပြုပေလိမ့်မည်။

သည်တော့ အခြားနည်းတစ်နည်းဖြင့် သမန်းနက်ဘုရင် ကို ဗျူဟာပြောင်း လှည့်ဖြားအနိုင်ယူရန် စိတ်ဝယ်ကြံလိုက်ပြီး နှုတ်ခမ်းထောင့်စွန်းလေးများ ကွေးတက်သွားသည့်အထိ လှပစွာ ပြုံးလိုက်ကာ ဓားကိုင်ထားသောလက်ကို ခပ်ဖြည်းဖြည်း အောက် သို့ချလိုက်လျက် ...

"ဒီထိအောင် စွန့်စားဝင်ရောက်လာနိုင်တဲ့ မောင်တော် ရဲ့စွမ်းပကားကို တွေ့ရကတည်းက နှမတော်လည်း မောင်တော်ရဲ့ ယောကျ်ားပီသတဲ့စွမ်းရည် သတ္တိဗျတ္တိကို လေးစားပြီးသားပါရှင်"

ဟု နူးညံ့စွာပြုံးရင်း ပြောလိုက်ကာ ဓားမြှောင်ကို ဓား အိမ်ထဲသို့ ပြန်လည်ထိုးသွင်းပေးလိုက်လေ၏။ ပြီးတော့ သူမက သမန်းနက်ဘုရင်ကို ပြုံးမှုမှုလေး စိုက်ကြည့်လိုက်ပြီး ...

"မောင်တော်နဲ့ပတ်သက်ပြီး ချီးကျူးစကား နှမတော် ကြားထားခဲ့တာ မလွန်ပါဘူး၊ နှမတော်မှာလည်း ဒီလိုစွမ်းပကား ထက်မြက်တဲ့ ယောကျ်ားကောင်း၊ ကြင်ဖက်အဖော် လိုနေတာကို ... သိရဲ့လား ...။



www.burmeseclassic.com

www.burmeseclassic.com



မာယာရဲ့ခမည်းတော်ကြီးက အိုမင်းပြီး နာမကျန်းဖြစ်နေလို့ ထီးနန်းအရိုက်အရာကို နှမတော်ရဲ့လက် လွှဲပေးချင်နေတာ ကြာလှပြီလေ၊ ဒါပေမဲ့ နှမတော်မှာ မိန်းမသားဖြစ်တဲ့အပြင် ယောကျ်ားကောင်း ကြင်ဖော်မဲ့နေသူမို့ ထီးနန်းကိုစိုးစံဖို့ ထိုက်တန်ပါ့မလား၊ ဟောဒီဒေသကို နိုင်နင်းအောင် အုပ်ချုပ်နိုင်ပါ့မလားလို့ စိုးရိမ်သောကဖြစ်နေရတာ မောင်တော့်ရဲ့ ...။

မောင်တော်သာ နှမတော်ကို တကယ်ချစ်ကြင်နာလို့ နှမတော်နဲ့ မောင်တော် ရွှေလက်တွဲခွင့်ရလိုက်ရင် ထီးနန်းကို နှမတော် ရဲရဲကြီး လွှဲပြောင်းယူဝံ့မှာပဲ ... သိလား...။

မောင်တော်နဲ့လက်ဆက်ပြီးရင်တော့ နှမတော်ရဲ့ထီးနန်းဟာ မောင်တော်ရဲ့ထီးနန်းပဲပေါ့ ... မဟုတ်ဘူးလား''

မင်းသမီးလေး မာယာက ပြုံးမှုံမှုံလေးပြောရင်း သမန်းနက်ဘုရင်၏ လက်ဖဝါးနှစ်ဖက်ကို သူမ၏ ဖော့ဖယောင်းလို ပျော့ပျောင်းသော လက်လေးနှစ်ဖက်ဖြင့် ဆုပ်ညှစ်လိုက်လေ၏။

သမန်းနက်ဘုရင်မှာ လှပသောမင်းသမီးလေးထံမှ လိုက်လျောချိုသာသောစကားကို လွယ်ကူစွာကြားရလိမ့်မည်ဟု မမျှော်လင့်ခဲ့ရာ ယခုလို မင်းသမီးလေးက သူ့ကို အားကိုးအထင်ကြီးစွာ ရွှေလက်တွဲဖို့ပင် စကားဆိုလာသည့်တွင် အိပ်မက်မက်





သည့်နှယ် ကြည်နူးပီတိဖြစ်စွာ ခံစားနေရလေ၏။

သူ့လက်နှစ်ဖက်ကို ထွေးဆုပ်ထားသည့် မင်းသမီးလေး၏ လက်ဖဝါးနှစ်ဖက်ကလည်း ပိုးသားလို နူးညံ့နွေးထွေးလှရာ ယင်းဖောဌဖအတွေ့အာရုံသည်ပင် သူ့နှလုံးကို ဒိုင်းဒိုင်းခုန်စေခဲ့ပြီမို့ မှင်တက်မိစွာ ကျေနပ်နှစ်သိမ့်နေမိတော့၏။

သူက တံတွေးကိုမျိုချလိုက်ပြီး ...

''တကယ် ... တကယ်ပြောတာလား မာယာရယ်၊ မင်းလေးရဲ့ ရင်ထဲက ဆန္ဒအမှန်ကို တကယ်ပဲ ထုတ်ဖော်ပြောနေတာလား''

ဟု တုန်ယင်လှိုက်လှဲစွာ သူ့ရဲ့ကောင်းဘုရင်က မေးလိုက်မိလေ၏။

မင်းသမီးလေးမာယာက လှပတောက်လက်စွာ ပြုံးလိုက်ပြီး ...

''တကယ်ပေါ့ မောင်တော်ရယ်၊ မောင်တော်စဉ်းစားကြည့်လေ ... မောင်တော့်ဆွေမျိုးစုတွေနဲ့ နှမတော်ရဲ့ ဆွေမျိုးစုတွေဟာ ရှေးဘိုးဘေးလက်ထက်ကတည်းက နှစ်ပေါင်းများစွာ တစ်ဦးကိုတစ်ဦး ရန်လိုတိုက်ခိုက်နေရတာ ငြီးငွေ့စရာကောင်းလှပါပြီ မောင်တော်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ နှမတော်နဲ့ မောင်တော်ရဲ့လက်ထက်မှာ ရွှေလက်တွဲ နှစ်ပါးဂဟေဆက်ပြီး ရွှေလမ်းငွေလမ်းဖောက်လိုက်ရရင် နှစ်ဘက်ဆွေမျိုးစုဝင်တို့လည်း တစ်ဦးကိုတစ်ဦး ရန်သူလို သဘောထားစရာမလိုဘဲ အားလုံးပျော်ရွှင်စွာ လက်တွဲပြီး စည်းစည်းလုံးလုံးနဲ့ ပျော်ရမှာပဲမဟုတ်လား မောင်တော် . . .။

နှမတော်တို့ရဲ့ တကယ့်ရန်သူဟာ တိုင်းတစ်ပါးသား နယ်ချဲ့ ဗြာဝိဒိယန်တို့ပဲဖြစ်ပါတယ် မောင်တော်ရဲ့၊ သူတို့ကိုပဲ နှမတော်တို့က ရန်သူအဖြစ် သတ်မှတ်ခုခံ တိုက်ခိုက်ချေမှုန်းရမှာမဟုတ်လား၊ နှမတော်တို့ရဲ့ စည်းလုံးညီညွတ်မှုအားနဲ့ နယ်ချဲ့ မိစ္ဆာ ဗြာဝိဒိယန်တွေကို တိုက်ခိုက်ချေမှုန်းရရင် ဘာဖြစ်လို့ အောင်ပွဲမဝင်နိုင်ရမှာလဲ . . . မဟုတ်ဘူးလား''

ဟု ပြောလိုက်ရာ မင်းသမီးလေးမာယာ၏ ပြောဆိုမှုများမှာ နှစ်သက်လက်ခံနိုင်ဖွယ်ဖြစ်နေသဖြင့် ပဋ္ဌမမြောက် သမန်းနက်ဘုရင်က သဘောကျစွာ အားပါးတရ ပြုံးလိုက်ကာ ဝမ်းသာအားရ ပြန်ပြောလိုက်လေ၏။

''နှမတော်ရယ် . . . နှမတော်ဆီက ဒီလို ရွှေလမ်းငွေလမ်းခင်းတဲ့ စကားကိုကြားရတာ မောင်တော် ဝမ်းသာလိုက်ပါဘိ၊ မောင်တော်လည်း နှမတော်နဲ့ စိတ်ဝမ်းညီပါတယ် နှမတော်ရယ်၊ မောင်တော်နဲ့ နှမတော် ရွှေလက်တွဲပြီး ဆွေမျိုးစုနှစ်စုတို့ကို ပြန်လည်ပေါင်းစည်းပြီး ဆွေမျိုးစုကြီးတစ်ခုအဖြစ် တည်ရထောင်ရအောင် . . . ဟုတ်ပြီလား''

''ကောင်းပါလေ့ မောင်တော်ရယ်၊ ကဲ . . . ကဲ . . . ခုအချိန်ကစပြီး မောင်တော်နဲ့ နှမတော်ဟာ ဘဝကြင်ဖော်အဖြစ် ရွှေလက်တွဲမယ့် ချစ်သူတွေဖြစ်သွားပြီ၊ ရန်သူ မဟုတ်တော့ဘူး၊ ဒါကြောင့် ဒီသလွန်ညောင်စောင်းထက်မှာ နှမတော်နဲ့အတူ အေးအေးလူလူစံမြန်းပြီး ရှေ့အနာဂတ်ခရီးအတွက် ဆွေးနွေးပြောဆိုတိုင်ပင်ရအောင်လား မောင်တော်''

မင်းသမီးက အပြုံးလှလှလေးဖြင့်ပြုံးပြကာ သူမ၏ သလွန်ညောင်စောင်းပေါ်ထိုင်ခိုင်းရာ သမန်းနက်ဘုရင်မှာ သူမနှင့်အတူ ထိုင်လိုက်ရလေ၏။

မင်းသမီးလေးမာယာက သမန်းနက်ဘုရင်ကို ပြုံးထေ့ထေ့ လေးကြည့်လိုက်ပြီး . . .

''မောင်တော်ဟာ မရဏအသူရာချောက်ကြီးကို ကင်းအထပ်ထပ်ကျော်ဖြတ်ပြီး တက်လာရတာ ပင်ပန်းနွမ်းနယ်မှာပဲနော်၊ ဒီတော့ မောင်တော် အမောအပန်းဖြေပြီး နှမတော်နဲ့ စကားပြောဆိုရာမှာ နှုတ်သွက်လျှာသွက်ရှိလာစေဖို့ အသင့်ရှိပြီး





ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ယမကာများနဲ့ တိုက်ကျွေးဝတ်ပြုပါရစေရှင်''

ဟု ချိုသာကြည်မြသော အသံလေးဖြင့်ပြောကာ သူမ၏ သလွန်ညောင်စောင်း ခေါင်းရင်းနံဘေးရှိ ကျောက်ကလပ်ပေါ်မှ အသူရာရေတံခေါင်းကို လှမ်းယူလိုက်ပြီး ယွန်းခွက်တစ်ခုထဲသို့ ငှဲ့ထည့်လိုက်လေ၏။

''ဒီယမကာဟာ အေးမြလှတဲ့ဒီဒေသမှာ နှမတော်တို့လို မိန်းမပျိုလေးတွေ အချမ်းခံနိုင်ဖို့ ဖော်စပ်ထားတဲ့ ယမကာအပျော့စားပါ မောင်တော်၊ မောင်တော်တို့လို ယောကျ်ားရင့်မ,ကြီးတွေအတွက်တော့ သီတာရေစင်လောက်ပဲ ရှိမှာပါ ...။

ဒါပေမဲ့ ဒီယမကာရည်ထဲကို ဟောဒီစပျစ်ရည် ညှစ်ထည့်ပြီးသောက်ရင်တော့ တကယ့်ယမကာရဲ့ မူးယစ်တဲ့အရသာကို မောင်တော်ခံစားရမှာပါ''

မင်းသမီးလေးမာယာမှာ ပြောပြောဆိုဆိုဖြင့် ကျောက်ကလပ်ပေါ်ရှိ ကျောက်ခွက်ထဲမှ စပျစ်သီးနီညိုရောင် လုံးလုံးလေးများကို ဖြုတ်ယူလိုက်ပြီး ဖြူလွှလွှလက်ချောင်းလေးများဖြင့် စပျစ်သီးတို့ကိုညှစ်လိုက်ရာ စပျစ်သီးတို့မှ နီညိုရောင်အရည်များမှာ ယွန်းခွက်ထဲသို့ တတောက်တောက်ဖြင့် ကျသွားတော့၏။

''ကဲ ... ရော့ ဒီယမကာကို အမောပြေသောက်လိုက်ပါ





မောင်တော်''

ဖော့ဖယောင်းလို သွယ်ပျောင်းသော လက်ချောင်းလေးများနှင့် ယမကာခွက်ကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ သမန်းနက်ဘုရင်ကို ကမ်းပေးလိုက်ရာ သမန်းနက်ဘုရင်မှာ ယမကာခွက်ကို လှမ်းယူလိုက်ပြီးနောက် သူ့ကို ညို့ပြုံးဖြင့်ကြည့်နေသည့် မင်းသမီးလေးမာယာ၏ မျက်နှာလှလှလေးကိုငေးကြည့်ရင်း ယမကာရည်ကို တစိမ့်စိမ့်မော့လိုက်တော့၏။

အေးစက်ကာ ချိုမြနေပြီး အတန်ငယ်ဖန်သော ယမကာရည်တို့ လည်ချောင်းထဲသို့ အဆက်မပြတ်စီးဝင်သွားပြီးနောက် မကြာမီမှာပင် ပဌမမြောက်သမန်းနက်ဘုရင်မှာ ချာချာလည်အောင် မူးယစ်ရီဝေလေတော့၏။

''အား ... မူးလိုက်တာ နှမတော်ရယ်''

ဟု လျှာလေးအာလေးဖြင့်ပြောကာ နံဘေးသို့ယိုင်သွားသည့် သူ၏ကိုယ်ကို မင်းသမီးလေးမာယာက လက်မောင်းဖြင့်ထွေးဖက်လိုက်ပြီး ...

''အို ... မောင်တော် အတော်မူးသွားသလား''

ဟု တိုးလျလျမေးလိုက်လေ၏။

''မူးတယ် ... အရမ်းမူးတာပဲ၊ ယမကာတွေသောက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ တစ်ခါမှ မမှုးဖူးဘူး၊ ဒီတစ်ခါ အမှုးဆုံးပဲ''

အာလေးလျှာလေးဖြင့်ပြောရင်း သူ့ခန္ဓာကိုယ်က မင်းသမီးလေးမာယာ၏ ရင်ခွင်ထဲသို့ ခွေညွှတ်ကျလာတော့၏။

မင်းသမီးလေးမာယာက လှောင်ပြုံးဖြင့် သမန်းနက်ဘုရင်၏မျက်နှာကို စိုက်ကြည့်နေရာမှ ဟားတိုက်ရယ်လိုက်လေတော့၏။

''ဟား ‥ ဟား ‥ ဟား ‥ မှူးမှာပေါ့ သမန်းနက်ဘုရင်ရယ်၊ သင်နဲ့ ကျွန်ုပ်တို့ဆွေမျိုးစုတွေ မတည့်သလို စပျစ်ဖြူတစ်မျိုးနဲ့ ချက်လုပ်ထားတဲ့ ယမကာရည်ထဲ စပျစ်နက်ရည် ညှစ်ထည့်လိုက်ရင် ကိုးတောင်ကျားကိုတောင် မှူးစေသတဲ့ ‥‥ သိရဲ့လား၊ ဒါကိုသိလျက် သင့်ကို မာယာသုံးပြီးတိုက်တာလို့ မှတ်လိုက်ပေတော့ ‥ ဟား ‥ ဟား ‥ ဟား''

ပဋ္ဌမမြောက် သမန်းနက်ဘုရင်မှာ အမှုးလွန်ကာ သတိလစ်လုလုဝယ် ချစ်သောမင်းသမီးမာယာယောတီ၏ ဟားတိုက်လှောင်ရယ်သံကို နောက်ဆုံးကြားလိုက်ရပါတော့သတည်း။

* * *



ဝက်န္တသွေးကြွေး

အမှုးလွန်ကာ အိပ်ပျော်သွားသော သမန်းနက်ဘုရင်မှာ အိပ်မက်ဆန်းတစ်ခု မက်လျက်ရှိလေ၏။

အိပ်မက်ထဲဝယ် သူသည် စမ်းချောင်းလေးတစ်ခု၏ နံဘေးသို့ ရောက်ရှိနေပြီး စမ်းချောင်း၏တစ်ဖက်ကမ်းမှ ကျောက်တုံးမြင့် တစ်တုံးပေါ်ဝယ် ဖြူလွလွဝတ်စုံမါးပါးလေးကို ဝတ်ဆင်ထားသည့် မင်းသမီးလေးမာယာကို တွေ့လိုက်ရလေ၏။

မင်းသမီးလေးမာယာက သူ့ကိုပြုံးကြည့်ရင်း လက်ယပ်ခေါ်လျက်ရှိလေ၏။

''မောင်တော် ‥‥ လာလေ ‥‥ လာလေ ‥‥ စမ်းချောင်းလေးကို ဖြတ်ကူးခဲ့ပါ''

---

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူက မာယာ့ကိုလက်ပြလိုက်ပြီး စမ်းချောင်းငယ်ကို ဖြတ်ကူးလိုက်၏။

ခြေမျက်စိသာသာမျှသာနက်သော စမ်းချောင်းကို ဖြတ်ကူးနေစဉ် မင်းသမီးလေးထံမှ ရယ်သံကြားသဖြင့် မော့ကြည့်လိုက်ရာ မင်းသမီးလေးက ချောင်း၏အထက်ဘက်သို့ လက်ညှိုးညွှန်ပြလျက်ရှိသဖြင့် သူကလှည့်ကြည့်လိုက်လေ၏။

ထိုစဉ် ကြီးမားသောရေလုံးကြီးက ချောင်းအထက်ဘက်မှ ဝေါခနဲလိမ့်ဆင်းလာပြီး သူ့ကို အရှိန်ပြင်းစွာ ပစ်ဆောင့်တော့၏။

'ဗွမ်း'

အေးစက်သောရေတို့နှင့် ထိတွေ့လိုက်ရမှ သူလန့်ဖျပ်ပြီး လူးလွန့်ရုန်းကန်ထလိုက်တော့၏။ တကယ်တော့ သူ အိပ်မက်မက်ရာမှ လန့်နိုးလာခြင်းပင်။ သူလူးလဲထရန် ကြိုးစားလိုက်စဉ် သူ့ပတ်လည်မှ ရယ်သံများကြားရသဖြင့် ကြည့်လိုက်ရာ သူ့ရှေ့ဝယ် လက်ပိုက်ရပ်နေသော မင်းသမီးလေး မာယာယောတီ . . . ။

သူ့ကို ရေဖြင့်လောင်းလိုက်ဟန်ရှိသော ဘူးသီးခြောက်ရေဘူးကြီးတစ်ဘူးကို ကိုင်ထားဆဲ စစ်ကဲကြီးတစ်ဦးနှင့် မှူးမတ်





များ၊ ရံရွေတော်များက သူ့အဖြစ်ကိုဝိုင်းကြည့်ကာ ဟားတိုက်ရယ်နေကြောင်း တွေ့ရလေ၏။

သူက ဒေါသထွက်ပြီးရုန်းလိုက်မှ သူ၏ခြေလက်အားလုံးကို ကြိုးတို့ဖြင့် တုပ်နှောင်ထားမှန်း သိလိုက်တော့၏။

"ဟား . . ဟား . . ဟား . . ရုန်းမနေပါနဲ့ သမန်းနက်ဘုရင်၊ သင့်ကို ကျွန်ုပ်က မာယာကျော့ကွင်းနဲ့ အပိုင်ချုပ်နှောင်ထားလိုက်ပြီးပါပြီ . . ဟား . . ဟား . . ဟား"

"မင်း ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ မာယာ"

သမန်းနက်ဘုရင်က ဒေါသတကြီးအော်မေးလိုက်ရာ မင်းသမီးလေးမာယာက လှောင်ပြုံးပြုံးလိုက်ကာ . . .

"ဘယ်လိုလုပ်ရမှာလဲ သမန်းနက်ဘုရင်ရဲ့ . . . နယ်မြေကျူးကျော်ဝင်ရောက်လာတဲ့ ကျားတစ်ကောင်ကို ဘယ်မုဆိုးက လွှတ်ပေးရိုး ထုံးစံရှိလို့လဲ၊ ညွှတ်ကွင်းထဲဝင်လာတဲ့ သင့်ကိုလည်း ကျွန်ုပ်က မာယာကျော့ကွင်းနဲ့ ချည်နှောင်ပြီး သုတ်သင်ရှင်းလင်းပစ်ရုံ ရှိတော့တာပေါ့ . . ဟား . . ဟား . . ဟား"

ဟု ရယ်သွမ်းသွေးလိုက်ရာ သမန်းနက်ဘုရင်မှာ ဒေါသကြီးစွာထွက်ကာ လွန်စွာနာကြည်းသွားပြီး . . .

"ယုတ်မာတဲ့ အသားဖြူမ . . . နင်နဲ့ နင်တို့ဆွေမျိုးစု



www.burmeseclassic.com

www.burmeseclassic.com



ဝင်တွေရဲ့ ရက်စက်ယုတ်မာမှုတွေကို ငါသေသွားရင်တောင် ငါ့ရဲ့ဆွေမျိုးနွယ်တွေက သွေးကြွေးဆပ်မယ်လို့ မှတ်ထားလိုက် . . . သိရဲ့လား''

''နင်တို့ကို သွေးကြွေးဆပ်စေရမယ် . . . သွေးကြွေးဆပ်စေရမယ်''

ဟု နာကြည်းစွာ အဆက်အပြတ် ဟစ်ကြွေးလျက်ရှိရာ ပဥ္စမမြောက် သမန်းနက်ဘုရင်၏ နာကြည်းကြေကွဲစွာသော ဟစ်ကြွေးသံမှာ ဂူလိုဏ်ကြီးထဲဝယ် ပဲ့တင်ထပ်မဆုံး ဖြစ်နေပါတော့သတည်း။

*

ထိုနေ့ညလွန်မြောက်ပြီး နောက်နေ့တစ်နေ့လုံးဝယ် ပဥ္စမမြောက် သမန်းနက်ဘုရင်အား ဘုရင်ကြီး၏ဂူနန်းရှေ့ရှိ ကျောက်တိုင်တွင် ကြိုးများဖြင့်ချည်တုပ်ကာ စစ်သည်အစောင့်အကြပ်များချထားလျက် တစ်နေ့လုံး အစာငတ်ရေငတ်ထားပြီး ညဦးသို့





ရောက်သော် ဂူနန်းရှေ့၌ ရောမမီးဖိုကြီး ဖိုလေ၏။

ထို့နောက် ရွာသူရွာသားတို့သည် အောင်စည်အောင်မောင်း စည်တိုတို့ကို တီးခတ်ကာ မီးပုံကြီးကိုရော အကျဉ်းသားဖြစ်သည့် သမန်းနက်ဘုရင်ကိုပါ ဝိုင်းပတ်ကာ ကလေ၏။

သူတို့၏ အောင်ပွဲခံ ရိုးရာတေးသံတို့ကို ဗုံတိုတို့ စည်းချက်နှင့်အညီ မြောက်ကြွမြောက်ကြွဖြင့် ဆူညံစွာကခုန်ကြရာ ဘုရင်ကြီးသည် ကျောက်ဖြူပလ္လင်တော်မှ သဘောကျစွာ ရှုစားလျက်ရှိလေ၏။

မင်းသမီးလေး မာယာယောတီမှာ သူမခမည်းတော်၏နံဘေးရှိ ကျောက်သလင်းဖြူခုံထက်ဝယ် အဖြူလွလွဇာဝတ်စုံကိုဝင်မြန်းကာ သူမ၏လက်ထဲမှ လုံတို၏အသွားကို မြေမှာထောက်ထားရင်း မကြာခဏဆိုသလို အကျဉ်းသား သမန်းနက်ဘုရင်ထံ လှောင်ပြုံးပြုံးကြည့်လျက်ရှိလေ၏။

ပဥ္စမမြောက် သမန်းနက်ဘုရင်မှာ သူ့ရင်ထဲမှ တကယ်ချစ်မိသော မင်းသမီးလေး၏ လှောင်ပြုံးဒဏ်ကို မခံနိုင်ဖြစ်ပြီး ရင်ထဲဝယ် ကြေကွဲနာကြည်းခြင်းနှင့်အတူ ဒေါသသွေးတို့ လှိုက်ဆူလာတော့၏။

ဤသူတို့၏ အောင်ပွဲအခမ်းအနားကြီး မပြီးဆုံးမီမှာပင်



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေးကိုယ်တိုင် သူမ၏လက်စွဲတော် ဆင်စွယ်ရိုးတပ် လှံတိုဖြင့် ပစ်ကာအဆုံးစီရင်ခြင်းကို ပဥ္စမမြောက်သမန်းနက် ဘုရင် ခံရတော့မည်ဖြစ်၏။

ချစ်ရသူလေး၏လက်ဖြင့် အဆုံးစီရင်ခြင်းခံရလျှင် သူ့ အဖို့ ဝမ်းနည်းကြေကွဲစရာ ထပ်ဆင့်ဖြစ်ပေါ်လာဦးမည်သာ။

ဤအဖြစ်မျိုး သူ အရောက်မခံနိုင်ပါ။

သူသည် ဤအနှောင်အဖွဲ့မှ လွတ်လိုသည်။

မရဏာသေမင်း၏ခံတွင်းမှ လွတ်လိုသည်။

ရန်သူတို့ကို လက်စားချေတိုက်ခိုက်လိုသည်။

ရန်သူမင်းသမီးလေးမာယာကို မရရအောင် အဓမ္မ သိမ်း ပိုက်ပြီး ရန်သူတို့အပေါ် အောင်ပွဲခံလိုသည်။

ယင်းသို့သော ဆန္ဒ၊ ဒေါသတို့သည် ရင်ထဲဝယ် ပွက် ပွက်ဆူလာပြီး သူ၏သွေးသားတို့ ပြောင်းလဲလာသလို ခံစားရ၏။

သူ၏စိတ်ဝယ် တောကောင်တစ်ကောင်၏အားမာန် များ သွင်းလိုက်ပြီး မျက်နှာကိုမော့ကာ လပြည့်ဝန်းကို စူးစူးစိုက် စိုက် ကြည့်လိုက်၏။

ထိုခဏမှာပင် သူ၏သွေးတို့သည် ဆူပွက်သည်ထက် ဆူပွက်လာပြီး ခန္ဓာကိုယ်အနှံ့ရှိ ကြွက်သားများ၊ အကြောများမှ





လွန်စွာသန်မာလာလျက် သူ၏လက်ချောင်းတို့က သံမဏိလို မာကျောလာတော့၏။ သူက သန်မာလှသောလက်ချောင်းများကို ကုပ်ကွေးကာ ချုပ်ထားသောကြိုးထုံးကို ဖြည်လေ၏။

လက်နောက်ပြန်ကြိုးတုပ်ခံထားရသည့် သူ၏လှုပ်ရှားမှု ကို ရန်သူတို့ သတိမူမိခြင်းမရှိချေ။

တိုစဉ် လွန်စွာမြူးထူးသော တေးသွားအလိုက်ကို ပြောင်းဆိုကာ ဗုံတို့၏စည်းချက်ကလည်း လွန်စွာမြန်လာပြီး ကကွက်တို့ကလည်း လွန်စွာလှုပ်ခတ်မြူးကြွလာရာ မင်းသမီး လေးအပါအဝင် အားလုံး၏အာရုံက ကခုန်နေကြသည့် စစ်သည် များနှင့် လှုပ်ရှားဖြူတို့ထံ အလုံးစုံရောက်ရှိသွားတော့၏။

ယင်းခဏမှာပင် ကြိုးထုံးတစ်ခုသည် ပြေသွားလေ၏။

ကြိုးထုံးတစ်ထုံးပြေသည်နှင့် နောက်ကြိုးထုံးကိုဖြည်ရန် မခက်ခဲလှတော့ချေ။

ကြိုးထုံးများ တစ်ထုံးပြီးတစ်ထုံးပြေသွားစဉ်မှာပင် ပဥ္စမ မြောက် သမန်းနက်ဘုရင်၏စိတ်မှာ လွန်စွာတက်ကြွအားတက် သွားပြီး အားရပါးရ အော်ဟစ်ဟိန်းဟောက်လိုက်ရာ ...

'ဝေါင်း .. ဝေါင်း'

ဟူသည့် လွန်စွာကျယ်လောင်သော ကျားဟိန်းသံတို့



www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ်ထွက်ပေါ်လာကာ ခြေထောက်မှကြိုးကို ဆောင့်ရုန်းလိုက်ပြီး သမန်းနက်ဘုရင်သည် ကျားတစ်ကောင်ကဲ့သို့ ရှေ့ကျွမ်းပစ် ခုန်ထွက်လိုက်လေ၏။

ယင်းသို့ ကျားဟိန်းသံပြုကာ ခုန်ထွက်ရင်း အနီးဆုံး ကျောပေးကခုန်နေသည့် ရန်သူစစ်သည်၏ကျောကုန်းကို လက်တစ်ဖက်ဖြင့် ကုတ်ဆွဲလိုက်ရာ ယင်းရန်သူစစ်သည်၏ ကျောကုန်းသားမှာ အလွှားလိုက်ကွာကျလျက် သွေးဆို့ ရဲပဒေါင်းခတ်ထွက်လာတော့၏။

''အား''

ကျားဟိန်းသံ၊ စစ်သည်၏ အော်ဟစ်သံကြောင့် အောင်ပွဲခံနေကြသူအားလုံးမှာလည်း ဖျတ်ခနဲလှည့်ကြည့်လိုက်စဉ်မှာပင် ... သမန်းနက်ဘုရင်မှာ နောက်စစ်သည်တစ်ဦး၏ကျောပေါ် ခုန်တက်ကာ ကုပ်ကိုခဲလိုက်တော့၏။

'ဝေါင်း'

''အား''

ထိုခဏအတွင်းမှာပင် ကျားဟိန်းသံ၊ လူတို့အော်ဟစ်သံတို့ ဆူညံပွက်လောရိုက်သွားတော့ကာ ရန်သူစစ်သည်တို့ကလည်း ဓားလှံတို့ဖြင့် တိုက်ခိုက်တော့၏။

---

ခု နှစ် စဉ် ကြယ် စာ ပေ



ပဉ္စမမြောက်သမန်းနက်ဘုရင်မှာ ကျားတစ်ကောင်နှယ် ရှေ့ကျွမ်းနောက်ကျွမ်းပစ်ပြီး ရန်သူစစ်သည်တို့ကို တိုက်ခိုက်ရာ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေချိန်ဝယ် စူးစူးဝါးဝါး အော်သံလေးတစ်ခု ထွက်ပေါ်လာတော့၏။

''ပဉ္စမမြောက် သမန်းနက်ဘုရင်''

မင်းသမီးလေး မာယာယောတီ၏ အော်ခေါ်လိုက်သံကြောင့် ပဉ္စမမြောက်သမန်းနက်ဘုရင်မှာ တိုက်ခိုက်မှုကို ရပ်ပြီး ချာခနဲလှည့်ကြည့်လိုက်စဉ် ...

မင်းသမီးလေး မာယာယောတီက သူမ၏ လက်ထဲမှ လက်စွဲတော် ဆင်စွယ်ရိုးတပ်လှံတိုကို လျှပ်တစ်ပြက် ပစ်လွှတ်လိုက်တော့၏။

'ဗိုး ... ဒုတ်'

လှံတိုသည် လေကိုခွင်းပြီး ပဉ္စမမြောက်သမန်းနက်ဘုရင်၏ရင်ဝယ် ထိုးစိုက်သွားတော့၏။

သမန်းနက်ဘုရင်သည် ကြေကွဲနာကြည်းသော မျက်လုံးတို့ဖြင့် မင်းသမီးလေးအား စိုက်ကြည့်လိုက်ပြီးနောက် ရင်ဝမှ လှံတိုကိုဆွဲထုတ်ပြီး လျှပ်တစ်ပြက် ပြန်ပစ်ထည့်လိုက်တော့၏။

'ဗိုး'

---

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လုံတိုသည် လေကိုခွင်းလျက် မင်းသမီးလေး၏နံဘေးတစ်တောင်အကွာခန့်မှ ဖြတ်သန်းသွားပြီး ဘုရင်ကြီးယောတီ၏ ရင်ဝကို ထွင်းဖောက်ကာ ကျောက်ပလ္လင်၏တံကဲကို စိုက်ဝင်လေ၏။

"အို ... ဖခမည်းတော်"

မင်းသမီးလေးမှာ ခမည်းတော်၏အဖြစ်ဆိုးကို တွေ့သွားရာမှ ဒေါသတကြီးဖြင့် ပဋ္ဌမမြောက်သမန်းနက်ဘုရင်အား လက်ညှိုးညွှန်ပြလိုက်ကာ သူမ၏စစ်သည်တို့ကို အော်ဟစ်အမိန့်ပေးလိုက်တော့၏။

"သတ် ... သူ့ကိုသေအောင် ဝိုင်းသတ်ကြစမ်း"

ထိုအခါ သူမ၏စစ်သည်တို့က ဝိုင်းဝန်းထိုးခုတ်ကြရာ ပဋ္ဌမမြောက်သမန်းနက်ဘုရင်မှာ ရှောင်ရှားရန်ကြိုးစားသည့်ကြားမှ ဓားချက်လှံချက်များစွာထိတော့၏။

နောက်ဆုံးဝယ် သူသည် ကျားဟိန်းသံနှယ် နာကြည်းစွာ ဟိန်းလိုက်ကာ ရှေ့ကျွမ်းသုံးလေးပတ်ပစ်ပြီး ညအမှောင်၏ သစ်တောများနောက်သို့ ခုန်ဝင်ပျောက်ကွယ်သွားလေတော့သတည်း။

* * *



လျှို့ဝှက်အကြွင်းအစည်

"ပဋ္ဌမမြောက်သမန်းနက်ဘုရင်ရဲ့ ကြေကွဲစရာအဖြစ်အပျက်ကတော့ အဲဒါပါပဲ အမောင်တို့"

သမန်းနက်ဒေဝီသည် သူမ၏စကားကို အဆုံးသတ်လိုက်ပြီးနောက် ...

"အဲဒီအဖြစ်အပျက်တွေဟာ နှစ်ပေါင်းများစွာကြာခဲ့ပေမယ့် မင်းသမီးမာယာရဲ့ လှည့်စားခံရတဲ့ ပဋ္ဌမမြောက်သမန်းနက်ဘုရင်ရဲ့ ကြေကွဲစရာအဖြစ်ဆိုးကို ဒေဝီတို့ဆွေမျိုးစုဝင်တွေဟာ သားစဉ်မြေးဆက် မမေ့နိုင်ခဲ့ကြပါဘူး ...။

တကယ်တော့ ဒေဝီတို့ရဲ့ ဘိုးဘေးဘီဘင်တစ်ဦးဖြစ်တဲ့ ပဋ္ဌမမြောက်သမန်းနက်ဘုရင်ဟာ ရန်သူမင်းသမီးလေးရဲ့ လှည့်

---



www.burmeseclassic.com

www.burmeseclassic.com



ကွက်၊ ရက်စက်မှုကို ဘယ်လိုခံခဲ့ရသလဲဆိုတာကို ဒေဝီတို့သိရတာဟာ ရှေးအတီအတေက သမန်းဖြူအမတ်ကြီးရေးစပ်ခဲ့တဲ့ မာယာဒေဝီလင်္ကာရှည်ကြီးကို ကြားသိရလို့ဖြစ်ပါတယ် ...။

အဲဒီအမတ်ကြီး 'ယောကေဟိ'ဟာ သူတို့ ဆွေမျိုးစုဝင်တို့ရဲ့ရာဇဝင်မှာ ထင်ရှားလှတဲ့ မာယာဒေဝီဘုရင်မအကြောင်း ကဗျာလင်္ကာရှည်ကြီး ရေးဖွဲ့ထားခဲ့တာကို ဒေဝီတို့ ဖတ်ရတဲ့အခါမှာ အဲဒီလင်္ကာရှည်ကြီးထဲမှာ ပဌမမြောက်သမန်းနက်ဘုရင်ကို သူတို့ရဲ့ဘုရင်မ မာယာဒေဝီက ဘယ်လိုလှည့်ဖြားချေမှုန်းခဲ့တယ်ဆိုတာ အသေးစိတ်ရေးဖွဲ့ထားတာ တွေ့ရတယ်လေ ...။

ရာမ, လက္ခဏ, သီတာဒေဝီ, ဒသဂီရိ, တြိဂမ္ဘီတို့ရဲ့ ဇာတ်ကြောင်းကို ရှေးအိန္ဒိယစာဆိုကြီးဖြစ်တဲ့ 'ဝါလမိကိ'ရဲ့ 'ရာမယန' လင်္ကာရှည်ကြီးထဲမှာ နောင်းလူတို့ဖတ်ရပြီး သိရသလိုပါပဲ အမောင် ...။

မာယာဒေဝီလင်္ကာရှည်ကြီးဟာ သူတို့ဆွေမျိုးစုဝင်တိုင်း အလွတ်ရနေကြတဲ့ လင်္ကာရှည်ကြီးဖြစ်ပါတယ်၊ သူတို့ဘက်ကနေ ဒေဝီတို့ ဆွေမျိုးစုတွေဘက်ကို ကူးပြောင်းလာသူတွေကတစ်ဆင့် အဲဒီလင်္ကာရှည်ကြီးကို ကြားသိရတာပါ''

ဟု ရှည်လျားစွာရှင်းပြရာ ကျွန်ုပ်က မျက်ခုံးပင့်လိုက်





ပြီး ...

''အဲဒီလို သူတို့ဘက်ကနေ သည်မှာဘက် ကူးပြောင်းရောက်ရှိလာသူတွေရှိတယ် ... ဟုတ်လား ဒေဝီသခင်မ''

ဟု မေးလိုက်ရာ သမန်းနက်ဒေဝီက ပြုံးလိုက်ပြီး ...

''ရှိတာပေါ့ အမောင်၊ သူတို့တွေဟာ အင်မတန်မှ အသားအရောင်ခွဲခြားသူတွေဖြစ်တယ်၊ သူတို့ဆွေမျိုးစုတွေထဲက အသားညိုသူပါလာပြီး အဲဒီအသားညိုသူက ပေါက်ဖွားလာတဲ့ အသားညိုတို့ကို သမန်းညိုလို့သမုတ်ကြပြီး သူတို့သမန်းဖြူတွေလောက် မမြင့်မြတ်ဘူးဆိုပြီး နှိမ်ချီးဆက်ဆံတတ်ကြတယ်လေ။

အဲဒီတော့ သမန်းညိုတွေဟာ သူတို့ကိုစိတ်နာပြီး ဒေဝီတို့ သမန်းနက်တွေဘက် ကူးပြောင်းလာတော့တာပေါ့၊ သူတို့ဆီကတစ်ဆင့် မာယာဒေဝီလင်္ကာရှည်ကြီးကို ကြားသိရပြီး ပဌမမြောက် သမန်းနက်ဘုရင်ရဲ့ ကြေကွဲဖွယ်ဇာတ်သိမ်းကို သိခဲ့ရတာပါ ...။

အဲဒီတုန်းက ဒေဝီတို့ရဲ့ ဘိုးဘေးဘီဘင် ပဌမမြောက် သမန်းနက်ဘုရင်ဟာ ရန်သူတွေကြောင့် ဒဏ်ရာအနာတရ ဖြစ်ပြီး ထွက်ပြေးရာက ဆာဒူးကြီးတွေရဲ့ ကယ်တင်ခြင်းခံရပြီး ဆာဒူးကြီးတွေရဲ့ဂူမှာပဲ သေဆုံးသွားခဲ့ရတာကို ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ သူဟာ သူ့ကိုလုပ်ကြံသတ်ဖြတ်ခဲ့တဲ့ ရန်သူတွေကိုစိတ်နာပြီး နောင်လာနောက်သား ဆွေမျိုးစုဝင်တွေက လက်စားချေဖို့ ဒီကျားနက်ရုပ်တုလေး ထုလုပ်လို့ ကမ္ပည်းရေးထိုးမှာကြားခဲ့တာပါပဲ ...။

နောက်တော့ သူ့ရဲ့ဝိညာဉ်ပါ ဒီကျားရုပ်တုလေးမှာ စွဲလမ်းကပ်ငြိခဲ့ပုံရတယ် အမောင် ...။

ဒါကြောင့်လည်း ဒီကျားနက်ရုပ်တုလေးနဲ့ပတ်သက်ပြီး အမောင်တို့ ထူးခြားတဲ့အတွေ့အကြုံတွေ တွေ့ကြုံရပြီး ဒီအထိရောက်လာကြရတယ် မဟုတ်လား''

ဟုပြောလိုက်ပြီးနောက် ပြုံးလိုက်ပြန်ကာ ...

''ကဲ ...ကဲ ...ဒီနေ့တော့ ဒီလောက်ပါပဲ၊ ဒီကျားနက်ရုပ်တုလေးနဲ့ပတ်သက်ပြီး ပဋ္ဌမမြောက်သမန်းနက်ဘုရင်ရဲ့အဖြစ်အပျက်ကို ပြောပြချင်လို့ ခေါ်ရတာပါ၊ ခုအချိန်ကစပြီး အမောင်တို့ ဒေဝီတို့ရဲ့ ဒေသအတွင်းမှာ လွတ်လပ်စွာ နေလို့ရပါပြီ၊ လိုအပ်တာရှိရင် မာအိုကိုပြောပါ ...မာအိုက လိုအပ်တာဆောင်ကြဉ်းပေးပါလိမ့်မယ်''

ဟူ၍ သမန်းနက်ဒေဝီထံမှ ခွင့်ပြုချက်ရသည်နှင့် ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ ကျောက်ခုံများထက်မှ ထပြီး





မိမိတို့၏ ဂူရှိရာသို့ ပြန်လာခဲ့ကြတော့၏။

ကျွန်ုပ်တို့၏ဂူသို့ ပြန်လည်ရောက်ရှိပြီး မကြာမီမှာပင် မာအိုနှင့် ပျိုမြူတစ်သိုက်သည် စားသောက်ဖွယ်ရာတို့ကို သစ်သားဗျပ်တို့နှင့်ထည့်ကာ ယူဆောင်လာသလို ကျွန်ုပ်တို့၏ ကျောပိုးအိတ်များကိုပါ ယူလာပေးလေ၏။

''ကျုပ်တို့ရဲ့ လက်နက်တွေကော မာအို''

''အစ်ကိုအဂ္ဂတို့ရဲ့ လက်နက်တွေကိုတော့ အစ်ကိုအဂ္ဂတို့ကို ဖမ်းမိမိချင်း မကြာမီမှာပဲ စစ်သည်တော်တွေက ရန်သူ့လက်နက်ဆိုပြီး အသူရာချောက်ကြီးထဲ ပစ်ချလိုက်ပါပြီ၊ ဒီကျောပိုးအိတ်တွေတော့ ကျန်ခဲ့လို့ ခုလိုလာပို့တာပါ''

မာအိုက ပြုံးချိုစွာပြောပြီးနောက် စားသောက်ဖွယ်ရာတို့ကို မြိန်ယှက်စွာစားသုံးရန် လောကွတ်စကားပြောပြီး သူမ၏အဖွဲ့နှင့်အတူ ပြန်လည်ထွက်ခွာသွားတော့၏။

ဒေါက်တာရန်နိုင်စိုးက ပခုံးတွန့်ပြလိုက်ပြီး ...

''ဆရာသမားရေ ...ကျွန်တော်တို့တော့ အမဲပစ်ပြောင်းရှည် သေနတ်တွေရော, ပစ္စတိုတွေရော, အမဲလိုက်ဓားမြှောင်တွေပါ မရှိတော့ပါလားဗျ။ ခုမှ ခရုဆံလွတ် ငှက်တောင်ကျွတ် ဖြစ်ပြီ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းညူလိုက်လေ၏။

''ဘာပဲဖြစ်ဖြစ် ခုအထိတော့ သူတို့တစ်တွေရဲ့ ကျုပ်တို့အပေါ်ဆက်ဆံရေးက ကောင်းမွန်ချောမွေ့နေတယ်၊ ကျုပ်တို့မှာ လက်နက်မရှိလည်း သူတို့ရဲ့ရန်ကို ပူစရာမလိုပါဘူး၊ အရေးကြီးတာက ကျားရုပ်တုပေးပို့တဲ့ ကျုပ်တို့ရဲ့တာဝန်ကျေပြီးမှ ဒီကနေ အမြန်ဆုံးပြန်ခွင့်ရဖို့ပဲ အရေးကြီးတယ်''

ဟု ကျွန်ုပ်က ပြောလိုက်ရပါတော့၏။

*

ဤသို့ဖြင့် ကျွန်ုပ်တို့မှာ အဆိုပါလိုဏ်ဂူနန်းမှာပင် လေးငါးရက်ခန့် စားလိုက်အိပ်လိုက်ဖြင့် နေထိုင်လာခဲ့ပြီးနောက် . . . တစ်နေ့ညနေရီဝယ် မာအိုက လုပ်ဖျိုဖြူများနှင့် အတူ ကျွန်ုပ်တို့၏ညစာကို လာပို့ပြီးနောက် လုပ်ဖျိုဖြူများပြန်သွားရာ မာအိုမှာ ကျန်ရစ်ခဲ့ပြီး ဂူလိုဏ်အတွင်းမှ ကညင်ဆီကျောက်ခွက်ဝယ် မီးထွန်းညှိပေးလျက် ရှိလေ၏။





ဤတွင် ကျွန်ုပ်နှင့် မာအိုမှာလည်း စကားပြောဆိုဆက်ဆံရာမှ အတော်အတန်ရင်းနှီးပြီးဖြစ်ရာ သူမကို ကျွန်ုပ်တို့၏ လွတ်ရာလွတ်ကြောင်းအတွက် စကားစကြည့်လိုက်လေ၏။

''မာအို . . . ကျုပ်တို့ရဲ့ မူလဝတ္တုရားဖြစ်တဲ့ ကျားနက်ရုပ်တုလေးကို သူ့ရဲ့မူလဒေသဆီ ပို့ပြီးပြီမို့ ကျုပ်တို့ကို ပြန်ခွင့်ပေးဖို့ သမန်းနက်ဒေဝီကို လျှောက်တင်ပေးပါလား''

မာအိုက ကျွန်ုပ်၏ စကားအဆုံးဝယ် ခေါင်းယမ်းလိုက်ပြီး . . .

''ဒါတော့ အရှင်မက ခွင့်ပြုမှာမဟုတ်ဘူး အစ်ကိုအဂ္ဂ၊ မာအိုတို့ရဲ့တောတွင်းဒေသဆီ ရောက်ရှိလာသူဟာ ဘာအကြောင်းကြောင့်ပဲလာလာ ပြန်ခွင့်မရှိပါဘူး . . .။

မာအိုတို့ရဲ့ဆွေမျိုးနွယ်တွေဟာ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်ပြတ်ပြီး ဆွေမျိုးစုအလိုက် သီးခြားနေသူတွေသာ ဖြစ်ပါတယ်၊ ဒါကြောင့် ပြင်ပကမ္ဘာက ရောက်ရှိလာသူမှန်သမျှကို သတ်ဖြတ်ပစ်လေ့ရှိပါတယ်၊ အစ်ကိုအဂ္ဂတို့ကိုတော့ ခြွင်းချက်နဲ့ အသက်ချမ်းသာပေးပြီး ခုလိုပြုစုစောင့်ရှောက်ထားတာပါ . . .။

မာအိုတို့မှာဖြင့် ပြင်ပကမ္ဘာနဲ့ ဆက်သွယ်မှုဆိုလို့ ဘိုးဘိုးသက်ရှည်တစ်ဦးပဲရှိတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



ဒီဒေသကနေ ဘိုးဘိုးသက်ရှည်တစ်ဦးတည်းကိုပဲ ထွက်ခွာခွင့် ပြန်လာခွင့်ပြုထားတယ်၊ ဘိုးဘိုးသက်ရှည်ဟာ ပုံသဏ္ဌာန် အမျိုးမျိုးရုပ်ဖျက်ပြီး ပြင်ပကမ္ဘာဆီ သွားတယ်၊ ပြင်ပကမ္ဘာကနေ သတင်းစကားတွေနဲ့ ထူးခြားတဲ့ပစ္စည်းတွေ သယ်သယ်လာတယ်၊ အဲဒီဘိုးဘိုးသက်ရှည်တစ်ဦးပဲ ယုံကြည်ကိုးစားရသူမို့ တာဝန်ပေး ထားလိုက်ခြင်းဖြစ်တယ်''

ဟု ရှင်းပြရာ ကျွန်ုပ်မှာ စိတ်ပျက်စွာ ခေါင်းကိုခါယမ်း ကျန်ရစ်ခဲ့ရပါတော့၏။

*

ကျွန်ုပ်သည် ဤတောတွင်းဒေသမှ ထွက်ခွာခွင့်မရသဖြင့် လွန်စွာစိတ်ပျက်လျက်ရှိသော်လည်း ဒေါက်တာရန်နိုင်စိုးမှာမူ ယောက်ယက်ခတ်လှုပ်ရှားကာ သမန်းနက်ဒေဝီနှင့်အတူ ညနေတိုင်း ချောက်ကမ်းပါးစွန်းအတိုင်း လမ်းလျှောက်လျက် ဆည်းဆာ၏အလှကို ရှုစားလိုက်၊ နေ့လယ်နေ့ခင်းများဝယ် ကျောပိုးအိတ်





ထဲမှ အဝေးကြည့်မှန်ပြောင်းကိုထုတ်ယူကာ ကျောက်တောင်များပေါ် တက်သွားပြီး ဟိုကြည့်သည်ကြည့်လုပ်လိုက်၊ သူမတို့၏ စစ်သည်များထံမှ လေးမြားပစ်ခတ်နည်းကို သင်ယူလိုက်၊ ထိုစစ်သည်တို့၏ လက်နက်ထုတ်လုပ်ရာ ပန်းပဲဖိုကျောက်ဂူဆီ သွားလိုက်ဖြင့် အလုပ်ရှုပ်လျက်ရှိတော့၏။

ကျွန်ုပ်မှာမူ တစ်ယောက်တည်း ယောင်ချာချာဖြစ်လျက်ရှိရာ မာအိုက ကျွန်ုပ်ရှိရာသို့လာပြီး အာလာပသလ္လာပပြောဖော်ရသဖြင့် တော်သေးသည်ဟု ဆိုရချေမည်။

အသားညိုချောမလေး မာအိုမှာ စကားပြောရင်း တစ်ချက်တစ်ချက်ဝယ် သံယောဇဉ်မျက်ဝန်းညိုညိုတို့နှင့် စိုက် စိုက်ကြည့်ပါက ကျွန်ုပ်မှာ ရင်ခုန်လှုပ်ရှားသွားရသော်လည်း ကျွန်ုပ်သည် သူတို့တောတွင်းဒေသ တောကြီးမျက်မည်း၌ ဘဝကိုမမြှုပ်လိုဘဲ မူလဒေသဆီ ပြန်လိုသည်ဖြစ်ရကား သံယောဇဉ်အငြိအတွယ်မခံနိုင် ဖြစ်နေရလေ၏။

ကျွန်ုပ်သည် မူလဒေသသို့သာ အမြန်ဆုံးပြန်လျက် မြန်မာပြည်အစွန်အဖျား နယ်ခြားတစ်ဖက်ရှိ ဟိမဝန္တာတောနက်ကြီးထဲမှာ ထူးဆန်းစွာကြုံတွေ့ရသည့် သူမတို့၏အကြောင်းကိုသာ ဂမ္ဘီရဝတ္ထုတစ်အုပ် ရေးထုတ်လိုသောဆန္ဒရှိရာ မာအိုက သံယော



www.burmeseclassic.com

www.burmeseclassic.com

ဇဉ်စကား ရေလာမြောင်းပေးပြောဆိုလာတိုင်း စကားကို လိုက်လှဲ ပြောခဲ့ရသည်ချည်း ဖြစ်ပေတော့၏။

ကျွန်ုပ်သည် မာအို၏ သံယောဇဉ်စက်ကွင်းမှ လွတ်မြောက်အောင် ရှောင်ထွက်နိုင်သည့်တိုင် ဒေါက်တာရန်နိုင်စိုး တစ်ယောက် သမန်းနက်ဒေဝီ၏ မာယာကျော့ကွင်းမှ လွတ်အောင်ရုန်းထွက်နိုင်ပါ့မလားဟု ကျွန်ုပ်မှာ စိုးရိမ်ပူပန်နေရလေ၏။

လှပစွာဝတ်စားထားသည့် သမန်းနက်ဒေဝီမှာ ဒေါက်တာရန်နိုင်စိုးအား သူမထံ ညနေတိုင်းလာစေလျက် အသူရာ ချောက်ကမ်းပါးအတိုင်း စကားစမြည်ပြောသည့်အခါ သူမ၏ မျက်ဝန်းညိုညိုတို့မှာ ချစ်ရည်ရွှန်းလဲ့စွာဖြင့် ဒေါက်တာရန်နိုင်စိုးကို စိုက်စိုက်ကြည့်ရာ ဒေါက်တာရန်နိုင်စိုးမှာ မည်သို့ခံစားရသည် မသိ . . . ကျွန်ုပ်မှာမူ ကုန်းကမူလေးတစ်ခုခုထက်မှ သူတို့ကို လှမ်းကြည့်ရင်း ရင်ခုန် စိုးထိတ်နေရတော့၏။

"အင်း . . . သမန်းနက်ဒေဝီဟာ ဒေါက်တာရန်နိုင်စိုးကို အကျကြီး ကျနေပုံပဲ၊ ငါ့လူကလည်း ဖြူဖြူချောချောကိုး၊ သူတို့ယောက်ျားသားတွေနဲ့တော့ ဥပမိရုပ်က ကွာမှကွာပဲ . . .။

ဒီတော့ သမန်းနက်ဒေဝီ စွဲလမ်းမယ်ဆိုလည်း စွဲလမ်းစရာပဲ၊ ခက်တာက အဲဒီလိုစွဲလမ်းရာက ဒေါက်တာရန်နိုင်စိုးကို





အဓမ္မလက်ထပ်ပြီး သူ့ရဲ့ကြင်ယာတော် တင်မြှောက်လိုက်ရင်တော့ ငါတို့နှစ်ယောက်စလုံး ဒီတောတွင်းဒေသကနေ တစ်သက်လုံးခွာလို့ရမှာ မဟုတ်တော့ဘူး . . . ခွတော့ကျနေပါပြီ"

ကျွန်ုပ်သည် ဒေါက်တာရန်နိုင်စိုးအတွက် တစ်နေ့တခြား ပူပန်သည်ထက် ပူပန်လျက်ရှိစဉ် . . . တစ်နေ့ နေ့လယ်ခင်းဝယ် ဒေါက်တာရန်နိုင်စိုးမှာ မှိုရသည့်ပြုံးစိစိမျက်နှာမျိုးဖြင့် ကျွန်ုပ်တို့၏ဂူလိုဏ်ထဲသို့ဝင်လာရာ ကျွန်ုပ်မှာ သူ့အပေါ် စိတ်အချဉ်ပေါက်နေသူပီပီ ဘုတောလိုက်မိတော့၏။

"ဘယ်လိုလဲ ကိုရန်နိုင်စိုး . . . ဒီလိုတောခေါင်ခေါင်ကြီးထဲမှာ တစ်ဘဝတာလက်တွဲဖို့ ကြင်ဖော်ရပြီဆိုပြီး အတော်ပျော်နေမှတ်တယ်၊ မောင်ရင့်ကြည့်ရတာ ကရင် ထန်းလျက်ဒိုးတွေ့သလိုပါလား၊ ပြုံးစိစိနဲ့ ကိုယ့်ကိုယ်ကိုယ် အတော်သဘောကျနေတယ် မှတ်တယ်"

ဟု အငေါ်တူးလိုက်ရာ ဒေါက်တာရန်နိုင်စိုးက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး လေသံတိုးတိုးနှင့် ပြုံးစိစိပြောလေ၏။

"ဟုတ်တယ် အာစရိရေ . . . ကျွန်တော့်ရင်ထဲမှာ တစ်သက်မှ တစ်ခါ စွဲလမ်းချစ်မြတ်နိုးရသူလေးကို တွေ့ထားပြီဗျ . . . သိလား"



www.burmeseclassic.com

www.burmeseclassic.com



''ဘာ ‥ ဘာ ‥ ဘာ ‥ ကျုပ်က အရွဲ့တိုက်ပြီးပြောတာကို မောင်ရင်က အဟုတ်မှတ်နေတယ်ပေါ့ … ဟုတ်လား၊ ကျုပ်ထင်တဲ့အတိုင်းပါပဲလား … ခုတော့ မောင်ရင်ဟာ ဥဒေါင်းမင်း ညွှတ်ကွင်းမိသလို သမန်းနက်ဒေဝီရဲ့ မာယာညွှတ်ကွင်းမိပြီး ရုန်းမထွက်နိုင်တော့ဘူးမဟုတ်လား''

ကျွန်ုပ်၏စကားကြောင့် ဒေါက်တာရန်နိုင်စိုးမှာ ရုတ်တရက်ကြောင်သွားပြီးမှ မပြုံးဘဲ ဝါးလုံးကွဲရယ်လိုက်ကာ …

''ဟား ‥ ဟား ‥ ဟား ‥ အာစရိထင်တာ မှားနေပြီဗျ၊ လွဲနေပြီ ‥ ဟား ‥ ဟား ‥ ဟား''

ဟု ရယ်သွမ်းသွေးလိုက်ပြီးမှ ဂူဝသို့ လှမ်းအကဲခတ်လိုက်ပြီးနောက် လေသံကိုနှိမ့်ကာ …

''ကျွန်တော်သဘောကျနေတဲ့ မဒီဟာ သမန်းနက်ဒေဝီ မဟုတ်ဘူး အာစရိရဲ့၊ သမန်းဖြူဒေဝီ … သမန်းဖြူဒေဝီ … သိရဲ့လား''

ဟုဆိုလိုက်ရာ ကျွန်ုပ်မှာ မျက်လုံးပြူးပြီး ပါးစပ်ဟသွားရလေတော့၏။

''ဘယ်လို … ဘယ်လို … သမန်းဖြူဒေဝီ … ဟုတ်လား၊ ချောက်ကမ်းပါးကြီးရဲ့တစ်ဖက် ဟိုဘက်ဒေသက သမန်း





ဖြူဘုရင်မလား''

''ဟုတ်တယ်လေ''

''ကျားသားမိုးကြိုး … မောင်ရင်က သမန်းဖြူဘုရင်မကို တွေ့ဖူးလို့လား၊ ကြုံဖူးဆုံဖူးလို့လား ‥ သူ့ကိုကြိုက်ရအောင်''

''အာစရိရဲ့ လူလစ်လို့ နေ့ခင်းပိုင်းအချိန်မှာ ကျွန်တော် ကျောက်တောင်တွေပေါ် ဟောဒီအဝေးကြည့်မှန်ပြောင်း တယ်လီစကုပ်ကိုယူပြီး တက်တက်သွားတာဟာ အလကားသွားတာ မဟုတ်ဘူးဗျ … သိရဲ့လား၊ ချောက်ရဲ့တစ်ဖက်က ဒေသကို လေ့လာဖို့ သွားကြည့်တာ …။

မှန်ပြောင်းနဲ့ ချောက်တစ်ဖက်က ဒေသကိုကြည့်ရင်း တစ်နေ့မှာတော့ သမန်းဖြူဘုရင်မကို မြင်လိုက်ရတယ်ဗျ …။

အဲဒီလို စတွေ့မြင်လိုက်ကတည်းက သူ့ကို ကျွန်တော် သိပ်ကိုစွဲလမ်းချစ်မြတ်နိုးသွားမိရတယ် …။

အာစရိသိတဲ့အတိုင်း ကျွန်တော်ဟာ အရင်က မိန်းမတွေကို စိတ်ဝင်စားတဲ့သူ မဟုတ်ဘူး၊ ခုတော့ ဘယ်လိုဖြစ်တယ် မသိဘူး ‥ သမန်းဖြူဒေဝီကို တွေ့လိုက်ရကတည်းက ကျွန်တော့်ရဲ့ရင်ဟာ တဒိန်းဒိန်းခုန်ပြီး သိပ်ကိုစွဲလမ်းသွားပါတော့တယ်ဗျာ … တကယ် … တကယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟု တယ်လီစကုပ်ကို ကိုင်မြှောက်ပြရင်း မချိုမချဉ်မျက်နှာဖြင့်ပြောကာ ကျောက်သလင်းခုတင်ထက်ဝယ် လူးလိမ့်နေတော့၏။

ကျွန်ုပ်မှာ သူ့နံဘေးမှ ခါးထောက်ရပ်ကြည့်ကာ ...

"အင်း ... မောင်ရင်ဟာ ဒီလိုနည်းနဲ့ အချစ်နတ်ဖမ်းစားခံခဲ့ရတာကိုး၊ ခုမှ ခက်ပြီ ... သမန်းနက်ဒေဝီကလည်း မောင်ရင့်ကို တစ်ဖက်သတ် သဘောကျနေလို့ လက်လွှတ်ခံမှာ မဟုတ်ဘူး ...။

မောင်ရင်ကလည်း ရတာမလို လိုတာမရဆိုသလို သွားဖို့ရာတောင် မဖြစ်နိုင်တဲ့ ချောက်ကမ်းပါးတစ်ဖက် ဒေသက သမန်းဖြူဘုရင်မကိုမှ တမ်းတမ်းစွဲဖြစ်ရတယ်လို့"

"ခုမှ ခက်ပြီ ... ခက်ပြီ"

ဟု ကျွန်ုပ်က ညည်းညူလိုက်ရာ ဒေါက်တာရန်နိုင်စိုးမှာ ကျောက်သလင်းခုတင်ပေါ် လဲလျောင်းနေရာမှ ဖျတ်ခနဲလူးလဲထလိုက်ပြီး ...

"ဒီမှာအာစရိရဲ့ ... ဘာမှမခက်စေရဘူး၊ သမန်းနက်ဒေဝီရဲ့လက်ကလွတ်အောင် ရုန်းထွက်ပြီး ချောက်တစ်ဖက်က ဒေသဆီ သွားဖို့ ကျွန်တော် အားလုံးစီစဉ်ပြီးပြီ"





ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ ပိုမိုအံ့ဩသွားရလေတော့၏။

"ဘယ်လို ... ဘယ်လို ... ကျုပ်ကို ရှင်းအောင်ပြောစမ်းပါဦး ကိုရင်ရဲ့ ... သမန်းနက်ဒေဝီရဲ့လက်က ဘယ်လိုရုန်းထွက်နိုင်မှာလဲ၊ ခုဆို သမန်းနက်ဒေဝီက ကျုပ်တို့ထွက်ပြေးမှာစိုးလို့လားမသိဘူး ... အသူရာချောက်ကမ်းပါးအောက်ခြေနဲ့ အနောက်ဘက်တောင်ခြေတောတန်းတစ်လျှောက် ကင်းတွေ ထပ်ထပ်ချထားလိုက်ပြီ ကိုရင်ရဲ့"

"ဘယ်လိုပဲ ကင်းတွေချချလေ ... ကျွန်တော်တို့က အသူရာချောက်ရဲ့တစ်ဖက်ဆီ ချောက်ကမ်းပါးကြီးကို ဖြတ်ကူးသွားမှာပဲဟာ"

"ပိုလို့မဖြစ်နိုင်သေးတယ် ... အဲဒီလောက်ကျယ်တဲ့ ချောက်ကမ်းပါးကြီးကို မောင်ရင် ဘယ်လိုလုပ်ကူးမလဲ၊ တံတားထိုးလို့လည်း မရ၊ ကြိုးကွင်းနဲ့ပစ်ကူးလို့လည်း မရနဲ့ ဘယ်လိုကူးမှာလဲ ... ပြောပါဦး၊ စိတ်ကူးမယဉ်နဲ့နော်"

"ဟင်း .. ဟင်း .. အာစရိက ကျွန်တော့်ကို လျှော့တွက်တာကိုး၊ ကျွန်တော်က သမန်းနက်ဒေဝီကို အချိတ်ပေါင်းပြီး လွတ်ရာလွတ်ကြောင်းအတွက် လျှို့ဝှက်ကြံစည်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီဗျ . . . သိရဲ့လား၊ လေးသည်တော်တွေနဲ့ပေါင်းပြီး လေးကို ကောင်းကောင်းပစ်တတ်အောင်သင်တယ်၊ ပန်းပဲဖိုက ကောင် တွေနဲ့ပေါင်းပြီး အကောင်းဆုံး လေးနဲ့မြားကို ပြုလုပ်တယ်၊ ပြီးတော့ သံချိတ်ကောက်တစ်ခုကို ကိုယ့်ဘာသာ ပန်းပဲဖိုမှာ ပြုလုပ်ပြီး ဘယ်သူမှမသိအောင် ဒီကျောက်တောင်ရဲ့နောက်ဘက် ကချုံထဲမှာ ဝှက်ထားတယ် . . .။

အရေးအကြီးဆုံးက သမန်းနက်ဒေဝီဆီက ခြောက်လုံး ပြူးသေနတ်ကို ခိုးယူဖို့ပဲကျန်တော့တယ်''

ဒေါက်တာရန်နိုင်စိုး၏စကားကြောင့် ကျွန်ုပ်မှာ လွန်စွာ အံ့သြသွားရလေ၏။

''ဘယ်လို . . ဘယ်လို . . ခြောက်လုံးပြူး . . ဟုတ်လား၊ သမန်းနက်ဒေဝီက ခြောက်လုံးပြူးကို ဘယ်လိုရတာလဲ၊ သူက ဘယ်သူ့ကိုပစ်ဖို့လဲ''

''ဒီလိုအာစရိရဲ့ . . . သက်တော်ရှည်ဘိုးဘိုးဟာ တစ်နှစ် ကို တစ်ခါဆိုသလို ပြင်ပကမ္ဘာဆီကို ခရီးထွက်လေ့ရှိတယ်၊ ပြီးခဲ့တဲ့ အခေါက်က အဲဒီလိုသွားပြီး အပြန်မှာ ခြောက်လုံးပြူး တစ်လက်ကို ဘယ်ကဘယ်လို ဝယ်လာမှန်းမသိဘူး၊ သူ့ရဲ့ အတူပါလာပြီး ဘုရင်မကို ဆက်သတယ်လေ . . .။

---

ခု နှစ် စဉ် ကြယ် စာ ပေ



သမန်းနက်ဒေဝီကလည်း သူ့ရဲ့ဂူလိုဏ်အောက်က မြေ တိုက်ခန်းထဲမှာ ခြောက်လုံးပြူးပစ် လေ့ကျင့်နေခဲ့တာ ခုဆို အတော်လက်ဖြောင့်နေပြီ၊ သူ့ရဲ့ အဓိကပစ်မှတ်ကတော့ သမန်း ဖြူဘုရင်မပဲပေါ့၊ သမန်းဖြူဒေဝီဟာ တစ်ခါတလေ သူ့ရဲ့ဂူနန်း ထဲကထွက်ပြီး ငှက်ကလေးတွေကို အစာကျွေးလေ့ရှိတယ်၊ အဲဒီအချိန်ဟာ နေ့လယ်ခင်း မရောက်တရောက်အချိန်မှာပဲ၊ အဲဒီအချိန်မှာ ခြောက်ကမ်းပါးရဲ့ ဒီဘက်ကနေ သမန်းနက် ဒေဝီက ခြောက်လုံးပြူးနဲ့ သေချာချိန် ပစ်လုပ်ကြံဖို့ ကြံစည်နေ တာပဲ၊ သမန်းဖြူဒေဝီမရှိမှ သူတို့ရဲ့ဒေသကို တက်သိမ်းပိုက်ဖို့ လွယ်ကူမှာဖြစ်တယ်လေ . . .။

အဲဒီရည်ရွယ်ချက်နဲ့ သူက ခြောက်လုံးပြူးပစ်လေ့ကျင့် နေတာ ခုဆို အတော်လက်ဖြောင့်နေပြီ၊ မြားတစ်ပစ်အကွာအဝေး ကျော်တဲ့ ပစ်မှတ်ကို ခြောက်လုံးပြူးနဲ့ပစ်ရင် အသားလေးထိနိုင် တယ် မဟုတ်လား၊ သူဟာ မကြာခင်မှာ ခြောက်လုံးပြူးနဲ့ပစ်ပြီး သမန်းဖြူဒေဝီကို လုပ်ကြံတော့မှာ အမှန်ပဲ . . .။

သူ မလုပ်ကြံနိုင်မီ သူ့ခြောက်လုံးပြူးကို ခိုးယူမှဖြစ် မယ့် အာစရိရဲ့၊ ကျွန်တော်တော့ ဒီညပဲ အဲဒီကိစ္စအကောင် အထည်ဖော်ချင်တယ်''

---

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီးနောက် သူလုပ်မည့်လုပ်ငန်းစဉ်တို့ကို ကျွန်ုပ်အား အသေးစိတ်ပြောပြလေ၏။

* * *



## လွတ်မြောက်ခြင်း

သို့ဖြင့် ညသို့ရောက်ရှိလာသောအခါဝယ် ကျွန်ုပ်သည် ညဥ့်သန်းခေါင်ယံကျော်သည်နှင့် ဂူလိုဏ်ထဲမှ လျှို့ဝှက်စွာထွက်ကာ ကျွန်ုပ်တို့ဂူရှိရာ ကျောက်တောင်၏ နောက်ဘက်ရှိ ချုံတောများဆီ လာခဲ့လေ၏။

အတန်ကြာသောအခါတွင် ဒေါက်တာရန်နိုင်စိုးမှာ မောင်ရိုပ်ကိုခိုကာ ကျွန်ုပ်ရှိရာ ကျောက်တောင်နောက်ပိုင်းသို့ ရောက်ရှိလာတော့၏။

''သေနတ်ရခဲ့ရဲ့လား''

''ရခဲ့တယ် အာစရိ ... ဒီမှာလေ''

ပြောရင်း ဒေါက်တာရန်နိုင်စိုးက ခြောက်[illegible]ပြူးသေနတ်



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းလေးကို ထုတ်ပြသည်။

"သမန်းနက်ဒေဝီနဲ့ ကျွန်တော် ညစာအတူစားရင်း ယမကာတွေ သူပိုသောက်မိအောင် စကားကို လှည့်ပတ်ပြော အာရုံပြောင်းပြောင်းပြီး သူ့ရဲ့ခွက်ထဲ ယမကာတွေ စွတ်ထည့်ပေးလိုက်တယ် ...။

သူအတော်မူးမှ သူ့ရဲ့ခန်းဆောင်ဆီလိုက်ပို့ပြီး ချော့သိပ်လိုက်ရတယ် ...။

သူအိပ်မောကျသွားမှ သူ့ရဲ့အိပ်ရာခေါင်းအုံးအောက်မှာထားတဲ့ ဒီခြောက်လုံးပြူးကို ယူခဲ့ရတာ"

"ကဲ ... ကျွန်တော်တို့ရဲ့လုပ်ငန်း စကြစို့"

ဒေါက်တာရန်နိုင်စိုးမှာ ပြောပြောဆိုဆိုဖြင့် ချုပုတ်ထဲဝယ် ဝှက်ထားသော သံချိတ်ကောက်ကို ယူလိုက်လေ၏။

ထို့နောက် သံချိတ်ကောက်ကို မြား၏ထိပ်ဖျားသံဟက်တွင် တွဲချည်လိုက်ပြီးလျှင် အသင့်ပါလာသည့်ကြိုးခွေမှ အစတစ်စကို သံချိပ်ကောက်၏နောက်ဘက်မှ သံကွင်း၌ ချည်လိုက်လေ၏။

အားလုံးအဆင်သင့်ဖြစ်သော် ကျွန်ုပ်တို့သည် မှောင်ရိပ်ကွယ်ရာ ချောက်ကမ်းပါးအစွန်းသို့ လှမ်းလာခဲ့ကာ ချောက်ကမ်း





ပါး၏တစ်ဖက်ရှိ သစ်ပင်ကျောက်လုံးများဆီ ဦးတည်လျက် ဒေါက်တာရန်နိုင်စိုးက လေးညို့ကိုတင်လိုက်တော့၏။

'ထောင်း'

လေးညို့ကိုလွှတ်လိုက်သည်တွင် ဒေါက်တာရန်နိုင်စိုး စပါယ်ရှယ်ပြုလုပ်ထားသည့် လေးနှင့်မြား၏အစွမ်းကြောင့် မြားမှာ သာမန်မြားတစ်ပစ်အကွာထက်ဝေးသည့် ချောက်ကမ်းပါးတစ်ဖက်သို့ ရောက်ရှိသွားတော့၏။

ထိုအခါမှ ကျွန်ုပ်တို့သည် ကြိုးကို သည်မှာဘက်မှ ဆွဲကြည့်ရာ သံချိတ်ကောက်မှာ ချောက်တစ်ဖက်မှ ကျောက်တုံးကျောက်ဆောင်တစ်ခု၌ ငြိသွားတော့၏။

ဒေါက်တာရန်နိုင်စိုးမှာ ကြိုးကို တင်းနေအောင်ဆွဲပြီးနောက် သည်ဘက်မှ အစကို သစ်ပင်တစ်ပင်၏ပင်စည်တွင် သေချာစွာ ရစ်ပတ်တုပ်နှောင်လိုက်တော့၏။

ကြိုးတန်းတင်းသွားသည်တွင် ကျောပိုးအိတ်လွယ်ထားသော ဒေါက်တာရန်နိုင်စိုးမှာ ဂူထဲမှယူလာသည့် ဝက်ဝံသားရေပြားငယ်တစ်ချပ်ကို ကြိုးပေါ်တင်လိုက်ပြီးနောက် အပေါ်မှ လက်နှစ်ဖက်ဖြင့်အုပ်ကိုင်ကာ သူ၏ကိုယ်ကို ကြိုးအတိုင်း လျှောချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရန်နိုင်စိုးမှာ ကြိုးတန်းကိုခိုရင်း ချောက်တစ်ဖက်သို့ ရွေ့လျားပါသွားတော့သည်တွင် ကျွန်ုပ်၏နံဘေးရှိ ချုံအကွယ်မှ ဓူလေးသည်တော်တစ်ဦး ရုတ်တရက်ထွက်လာကာ ဒေါက်တာရန်နိုင်စိုး၏ကျောပြင်သို့ ချိန်လိုက်တော့၏။

ကျွန်ုပ်မှာ ဒေါက်တာရန်နိုင်စိုးအတွက် လွန်စွာစိတ်ပူသွားကာ ...

"မလုပ်နဲ့ ... မလုပ်ပါနဲ့"

ဟု လေသံတိုးတိုးဖြင့် တားမြစ်လိုက်စဉ် လေးသည်တော်သည် ကျွန်ုပ်ဘက်သို့ ဆတ်ခနဲလှည့်ကာ လေးဖြင့်ချိန်လိုက်တော့၏။

"ဟင် ... မာအို"

"မာအို ... မလုပ်ပါနဲ့ မာအိုရယ်၊ ကျုပ်တို့ကို ကျုပ်တို့ရဲ့ မူလဒေသဆီ ပြန်ခွင့်ပြုပါ"

ကျွန်ုပ်သည် အံ့သြစွာကြည့်ရင်းမှ တောင်းပန်စကားဆိုလိုက်ရာ မာအိုသည် ကျွန်ုပ်ကို လေးဖြင့်ချိန်ထားရာမှ မျက်နှာဝယ် ကြေကွဲရိပ်သမ်းသွားပြီး လေးကို အောက်သို့ချလိုက်လေ၏။

"အစ်ကိုအဂ္ဂ ... မာအို့ကို တကယ်ခွဲသွားတော့မယ်ပေါ့နော်"





သူမက ကွဲအက်ဆို့နင့်စွာပြောရင်း ရှေ့သို့တိုးလာရာ ကျွန်ုပ်က သူမကိုထွေးဖက်လိုက်ပြီး သူမ၏နဖူးပြင်လေးကို ကြင်နာစွာ ဖွဖွနမ်းလိုက်ကာ ...

"ခွင့်လွှတ်ပါ ညီမရယ် ... အသွင်မတူရင် အိမ်သူမဖြစ်ဘူးတဲ့၊ ဒီလို တောတောင်နက်နက်ထဲမှာ ထာဝရမနေနိုင်သူမို့ ကျုပ်ကို ပြန်ခွင့်ပြုပါကွယ်၊ မင်းလေးရဲ့ကျေးဇူးကို တစ်သက်လုံးမမေ့ပါဘူး ညီမရယ်"

ဟု တိုးလျစွာပြောလိုက်ရာ မာအိုသည် မျက်ရည်ဥတို့ သီသီဝေ့လျက်ရှိသော မျက်ဝန်းအစုံဖြင့် ကျွန်ုပ်ကို အတန်ကြာစိုက်ကြည့်နေပြီးမှ မျက်ရည်ပေါက်ကြီးများ ပါးပြင်ထက်သို့ ပိုးပိုးပေါက်ပေါက်ကျလာသည်တွင် လေးနှင့်မြားကို ပစ်ချလိုက်ပြီး မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ငိုထွက်ပြေးသွားတော့၏။

ကျွန်ုပ်လည်း သက်ပြင်းချလိုက်ပြီးနောက် ဝက်ဝံသားရေပြားချပ်ငယ်ကို ကြိုးတန်းပေါ်၌တင်လိုက်ကာ ထိုအပေါ်မှ လက်ဖဝါးနှစ်ဖက် အုပ်ကိုင်လျက် ကြိုးတန်းအတိုင်း လျှောချလိုက်တော့၏။

ကျွန်ုပ်၏ခန္ဓာကိုယ်မှာ ကြိုးတန်းတစ်လျှောက် တွဲ



www.burmeseclassic.com

www.burmeseclassic.com



လောင်းလျှောဆင်းသွားရာ အသူရာတမျှနက်သော ချောက်မည်းမည်းကြီးကို အောက်ဘက်၌ အသည်းအေးစဖွယ် တွေ့ရလေ၏။

ရှည်လျားသည့်ကြိုးတန်းအတိုင်း ဆင်းသွားပြီးနောက် တစ်ဖက်ချောက်ကမ်းပါးဆီအရောက်ဝယ် ဒေါက်တာရန်နိုင်စိုးက ကျုပ်ကို ဆီးဖက်ထားလိုက်တော့၏။

ကျွန်ုပ်တို့ ဤကဲ့သို့ ချောက်ကမ်းပါးကြီးကို အောင်မြင်စွာ ကူးပြီး ခဏမှာပင် အချက်ပေးတံပိုးခရာသံများကို ကြားလိုက်ရပါတော့သတည်း။

* * *



အခန်း ( ၇ )

## အရိုင်ပမာလိုက်လာခြင်း

အချက်ပေးတံပိုးခရာသံများ နေရာအနှံ့ ထွက်ပေါ်လာပြီး ခဏအတွင်းမှာပင် သမန်းဖြူစစ်သည်တို့သည် ကျောက်တောင်တို့အကြားမှ ခား၊ လှံ၊ လေး၊ မြားများစွဲကိုင်ကာ အလျှိုအလျှို ထွက်လာလျက် ကျွန်ုပ်တို့ကို ဝိုင်းလိုက်တော့၏။

ဒေါက်တာရန်နိုင်စိုးက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး လက်ကာပြလိုက်ကာ . . .

''ဒီမှာ ကျွန်တော်တို့ဟာ ခင်ဗျားတို့ရဲ့ ရန်သူမဟုတ်ပါဘူး၊ မိတ်ဆွေတွေပါ၊ သမန်းနက်တွေရဲ့ အကျဉ်းသားအဖြစ်က ရုန်းထွက်ပြေးလာခဲ့ကြသူတွေပါ''

ဟု အော်ဟစ်ပြောဆိုလိုက်စဉ် . . .

---

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



''ဘာပဲဖြစ်ဖြစ် သင်တို့ရဲ့လက်တွေကို မြှောက်ထားလိုက်ပါ၊ သင်တို့ကို ကျုပ်တို့မယုံဘူး၊ သင်တို့ကို ကျုပ်တို့ရဲ့ ဘုရင်မရှေ့မှောက် ပို့ရမယ်''

ဟူသော မြန်မာစကားဖြင့် အော်ပြောလိုက်သံတစ်ခု စစ်သည်တို့၏အုပ်စုထဲမှ ထွက်ပေါ်လာရာ သူတို့ မြန်မာစကားတတ်သဖြင့် တော်သေးသည်ဟုအောက်မေ့ကာ ကျွန်ုပ်တို့မှာ လက်နှစ်ဖက်ကို မြှောက်ထားလိုက်ကြရတော့၏။

ဤတွင် စစ်သည်နှစ်ဦးသည် ကျွန်ုပ်တို့၏အနီးသို့ ချဉ်းကပ်လာပြီးနောက် ဒေါက်တာရန်နိုင်စိုး ပခုံးထက်လွယ်ထားသည့် လေးနှင့်မြားကျည်တောက်ကို ဖြုတ်ယူလိုက်ကာ ကျွန်ုပ်တို့နှစ်ဦး လွယ်ပိုးလာသည့် ကျောပိုးအိတ်တို့ကိုပါ ဖြုတ်ယူသိမ်းဆည်းလိုက်လေ၏။

ထိုစဉ် ကျယ်ပြန့်သော ချောက်ကမ်းပါးကြီး၏တစ်ဖက်ရှိ မာအိုတို့၏ ကျောက်တောင်များဆီမှ အချက်ပေးတံပိုးခရာသံများ ဆူညံစွာထွက်ပေါ်လာပြီး စစ်သည်တို့ ယောက်ယက်ခတ် ပြေးလွှားနေကြသည်ကို သူတို့ဆီမှ မီးဖိုမီးရောင်ဖြင့် လှမ်းမြင်နေရလေ၏။

ကျွန်ုပ်တို့ ထွက်ပြေးလွတ်မြောက်သွားသည်ကို သိသွား





သဖြင့် အချက်ပေးတံပိုးခရာများမှုတ်ကာ သတိပေးပြီး ကျွန်ုပ်တို့ကို သူတို့ ယောက်ယက်ခတ်ရှာဖွေနေကြခြင်း ဖြစ်ပေလိမ့်မည်။

ခဏအကြာတွင်မူ ယင်းတို့အထဲမှ သမန်းနက်စစ်သည်သုံးလေးဦးသည် ကျွန်ုပ်တို့ခိုတွယ်ခဲ့သည့်ကြိုးကို ခိုတွယ်လျက် ကျွန်ုပ်တို့ကဲ့သို့ ကူးလာနေကြသည်ကို လရောင်မှုန်ဝါးဝါးအောက်တွင် တွေ့ရှိလိုက်တော့၏။

''ဟိုမှာ . . ဟိုမှာ . . . သူတို့တွေ ဒီဘက်ကူးလာနေပြီ''

ဟု . . . ကျွန်ုပ်က အော်ဟစ်ပြောလိုက်ပြီး ထိုသူများ ကူးလာရာဆီသို့ လက်ညှိုးညွှန်ပြလိုက်ရာ သမန်းဖြူစစ်သည်တို့မှာ လန့်ဖျပ်လှမ်းကြည့်လိုက်ကြရင်း ရုတ်တရက်မို့ ကြောင်နေကြတော့၏။

ဤတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ရှေ့တွင်ရပ်နေသော သမန်းဖြူစစ်သည်တစ်ဦး၏ခါးမှ ဓားမြှောင်ကို ဖျတ်ခနဲဆွဲယူလိုက်ပြီး ချောက်ကမ်းပါးဆီသို့ တစ်ဟုန်ထိုးပြေးသွားတော့၏။

ယင်းအချိန်ဝယ် နောက်ထပ်သမန်းနက်စစ်သည်များပါ ကြိုးကိုထပ်ခိုပြီး လိုက်ပါလာကြရာ ကြိုးမှာအိကျနေပြီး ရှေ့ဆုံးမှ စစ်သည်မှာ ချောက်၏အလယ်သို့ပင် ရောက်လာခဲ့ပြီ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ တုံ့ဆိုင်းမနေတော့ဘဲ ချောက်အစပ်မှ ကျောက်တုံးကျောက်ဆောင်များကြားဝယ် ညှပ်ချိတ်ငြိတွယ်နေသည့် သံချိတ်ကောက်နှင့်ဆက်ထားသောကြိုးကို ဓားမြှောင်အသွားဖြင့် အားစိုက်လှီးဖြတ်တော့၏။

ကူးလာနေသူတို့၏ ကိုယ်အလေးချိန်ကြောင့် ကြိုးသည် တင်းနေကာ မာကျောလွန်းသဖြင့် လှီးဖြတ်ရခက်လျက်ရှိစဉ် ရှေ့ဆုံးမှ သမန်းနက်စစ်သည်မှာ ဤမှာဘက်ချောက်ကမ်းပါးသို့ ရောက်လုလုဖြစ်လာတော့၏။

သမန်းနက်စစ်သည်တို့သည် ဒေါသတကြီး အော်ဟစ်ရင်း ချောက်ကြီးကိုဖြတ်ကျော်လျက်ရှိကြရာ သူတို့သည် လရောင်ဖြင့် ကျွန်ုပ်ကိုတွေ့မြင်သွားပြီး ပို၍ဒေါသကြီးစွာ အလျင်အမြန်ပင် ကြိုးကိုနိတွယ်ကူးလာလျက် ရှိတော့၏။

ကျွန်ုပ်သည် ဓားသွားဖြင့်ကြိတ်ကာ ကြိုးကိုလှီးဖြတ်ရာ သည်မှာဘက်ချောက်ကမ်းပါးဆီသို့ ရှေ့ဆုံးမှ စစ်သည်ရောက်လုလုမှာပင် ကြိုးမှာ ထောင်းခနဲပြတ်သွားပြီး ...

"အား"

ဟူသော ငယ်သံပါအောင် အော်ဟစ်သံကြီးများနှင့် အတူ သမန်းနက်စစ်သည်တို့မှာ ပြတ်သွားသည့်ကြိုးနောက်





ပါသွားပြီး အသူရာချောက်ကြီးထဲသို့ ဖောက်ထိုးမိုးမျှော် ပြုတ်လွင့်ကျကုန်တော့၏။

သမန်းနက်တို့၏ရန် အေးသွားမှ ကျွန်ုပ်သည် သမန်းဖြူတို့ရှိရာသို့ လှမ်းလျှောက်လာပြီး လက်ထဲမှဓားမြှောင်ကို သမန်းဖြူစစ်သည်တို့လက်သို့ ပြန်လည်ပေးအပ်လိုက်လေ၏။

ထိုအခါ ယင်းစစ်သည်တို့၏ အကြီးအကဲဖြစ်ဟန်ရှိသော စစ်သူကြီးက ရှေ့သို့လှမ်းထွက်လာကာ ကျွန်ုပ်၏ပခုံးနှစ်ဖက်ကို လက်ဖဝါးတို့ဖြင့် ရင်းနှီးစွာ ဆုပ်ကိုင်လိုက်လျက် ...

"သင့်ကို ကျုပ်တို့ ယုံသွားပါပြီ၊ သင်သာ အခုကိစ္စကို သတိပေးဆောင်ရွက်ခြင်းမရှိရင် ရန်သူတွေဟာ ကျုပ်တို့ဘက်ကို တိတ်တဆိတ်ကူးလာပြီး အလစ်မှာ စီးနင်းတိုက်ခိုက်ကြမှာ အမှန်ပဲ၊ အဲဒီလိုဆိုရင်တော့ ကျုပ်တို့ဆွေမျိုးစုတွေရဲ့ဘဝဟာ မတွေးဝံ့စရာပဲ၊ ကျုပ်တို့ကလည်း သင်တို့ဆီကိုပဲ အာရုံရောက်နေတော့ ချောက်ကိုကူးတဲ့ကြိုးဘက် မကြည့်မိကြတော့ဘူးလေ"

ဟု ပြုံးလျက်ပြောလိုက်ရာ ကျွန်ုပ်က ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

"ကျုပ်ကလည်း ဒီလိုမျိုးအဖြစ်မခံနိုင်ပါဘူး၊ အဲဒီချောက်ကိုဖြတ်ကူးတဲ့ကြိုးကို ကျုပ်တို့နှစ်ယောက် ပြုလုပ်ခဲ့တာပါ၊ ဒီကြိုး

ခုနစ်စဉ်ကြယ် စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုအသုံးပြုပြီး သူတို့တစ်တွေ ကူးလာနိုင်လို့ သင်တို့ဆွေမျိုး တွေ ဒုက္ခရောက်ရတယ်ဆိုရင် ကျုပ်တို့မှာလည်း တာဝန်မကင်း ပါဘူး၊ ဒါကြောင့် ဒီလိုအဖြစ်မျိုး ကျုပ်တို့ အဖြစ်မခံနိုင်ဘူး''

ဟု ပြတ်သားစွာပြောလိုက်ရာ ယင်းစစ်သည်အကြီးအကဲ မှာ များစွာသဘောကျသွားဟန်ဖြင့် တဟားဟားရယ်လိုက်ပြီး ကျွန်ုပ်၏ပခုံးကို ဖက်လိုက်ကာ ...

''ကဲ ... ကဲ ... သင်တို့ကို ကျုပ်တို့က အကျဉ်းသား အဖြစ် သဘောမထားတော့ပါဘူး၊ ကျုပ်တို့ရဲ့အကျိုးကို လို လားတဲ့ မိတ်ဆွေတွေအဖြစ် သဘောထားပါတယ်၊ ဟို အသင် လုလင်လည်း လက်မြှောက်ထားဖို့ မလိုတော့ပါဘူး''

ဟု ဒေါက်တာရန်နိုင်စိုးကို လက်ညှိုးညွှန်ပြီး ပြုံးရွှင်စွာ လှမ်းပြောလိုက်မှ ဒေါက်တာရန်နိုင်စိုးမှာ လက်မြှောက်ထားရ သောဘဝမှ လွတ်မြောက်သွားပါတော့၏။

ယင်းစစ်သည်တို့သည် ကျွန်ုပ်တို့ကို လွန်စွာယုံကြည် သွားပြီဖြစ်သဖြင့် ကျောပိုးအိတ်များကို ပြန်ပေးရာ ကျွန်ုပ်တို့ လွယ်လိုက်ရပြီး သူတို့ခေါ်ဆောင်ရာနောက်သို့ လိုက်သွားရပါ တော့သတည်း။

* * *



## တောတွင်းဘုရင်မ၏ ယုံကြည်မှု

သမန်းဖြူဘုရင်မမှာ ဂူနန်းဆောင်၏အဝဝယ် ရပ်လျက် ရှိပြီး သူမ၏စစ်သည်တို့ခေါ်ဆောင်လာသည့် ကျွန်ုပ်နှင့်ဒေါက်တာ ရန်နိုင်စိုးတို့ကို စူးစိုက်စွာ အကဲခတ်ကြည့်ရှုလျက်ရှိလေ၏။

သူမသည် ဖြူလွလွ ဇာပါးပါးဝတ်စုံကို ဝတ်ဆင်ထားရာ ဂူနန်းဆောင်၏အတွင်းဝယ် ထွန်းညှိထားသည့် ကညင်ဆီမီး၏ အလင်းရောင် နောက်ခံပြုလျက် သူမ၏ကိုယ်လုံးအလှက ထင် ရှားစွာပေါ်လွင်နေသည်မှာ ရင်သပ်ရှုမောဖွယ် ရှိလွန်းလှချေ၏။

စစ်သည်များ ကိုင်ဆောင်လာသည့် ကညင်ဆီမီးတုတ် များ၏ အလင်းရောင်နှင့် လမင်း၏အလင်းရောင်တို့ ပေါင်းကာ သမန်းဖြူဘုရင်မ၏ လွန်စွာလှပသည့်မျက်နှာမှာ ရှုမငြီးနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းတင့်လျက်ရှိလေ၏။

ကျွန်ုပ်သည်ပင် သမန်းဖြူဒေဝီ၏ ရင်သပ်ရှုမောဖွယ် အလှကို ခံစားကြည့်ရှုရင်း မှင်တက်မိသွားသည်ဖြစ်ရာ နဂိုကပင် သူမကို အဝေးမှကြည့်ပြီး စွဲလမ်းနေမိသည့် ဒေါက်တာရန်နိုင်စိုး မှာမူ ဆိုဖွယ်ရာမရှိတော့ချေ။

ကျွန်ုပ်က ဒေါက်တာရန်နိုင်စိုးကို အသာငဲ့ကြည့်အကဲ ခတ်လိုက်ရာ ဒေါက်တာရန်နိုင်စိုးမှာ အသက်ရှုရန်ပင် မေ့နေ သလားထင်ရလောက်အောင် သမန်းဖြူဒေဝီ၏ မျက်နှာငွေလ ရွှန်းပပကို မျက်တောင်မခတ်စတမ်း အငေးသားကြည့်နေပါတော့ ၏။

သို့သော် ကျက်သရေကြီးမားလှသည့် သမန်းဖြူဒေဝီသည် ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့၏ ခေါ်တောတစ်ထောင်အား အကြည့်ကို မသိကျိုးကျွံပြုပြီး သူမ၏စစ်သည်အကြီးအကဲက ကျွန်ုပ်တို့နှင့်ပတ်သက်သည့် အကြောင်းခြင်းရာများ တင်ပြ လျှောက်ထားနေသည်ကိုသာ နားစိုက်ထောင်လျက်ရှိလေတော့၏။

အဆိုပါစစ်သည်အကြီးအကဲမှာ သူတို့၏ ရိုးရာဘာသာ စကားဖြင့် တင်ပြပြီးနောက် သမန်းဖြူဒေဝီက တစ်စုံတစ်ရာ အမိန့်ပေးလိုက်ပြီးလျှင် ဂူနန်းထဲသို့ လှည့်ဝင်သွားတော့၏။





သူမ၏ လှပလွန်းသော အချိုးအဆစ်ကျသည့် နောက် ပိုင်းအလှကို ဒေါက်တာရန်နိုင်စိုးမှာ ရူငေး၍မဆုံး ဖြစ်နေပြန်ရာ ငါ့လူတော့ခက်ပြီဟု ကျွန်ုပ်မှာ စိတ်ထဲမှ မှတ်ချက်ချနေမိတော့၏။

ဂူနန်းအဝမှ သမန်းဖြူဒေဝီ၏ အရိပ်အရောင် လုံးဝ ကွယ်သွားသည်တွင် စစ်သည်အကြီးအကဲသည် ကျွန်ုပ်တို့ကို ပြုံးကြည့်လိုက်ပြီး ...

“သင်တို့ရောက်ရှိလာပုံနဲ့ ရန်သူတွေရဲ့ရန်က သင်တို့ ကာကွယ်ပေးခဲ့ပုံကို ကျုပ်တင်ပြလိုက်လို့ ဘုရင်မက သဘောကျ သွားပြီဗျ။ ကဲ ... သင်တို့ကို ဘုရင်မရဲ့အမိန့်အတိုင်း ဂူလိုဏ် တစ်ခုဆီ လိုက်ပို့မယ်၊ အဲဒီဂူလိုဏ်ကို အထူးဧည့်ဆောင်အဖြစ် သဘောထားပြီး ဒီညအဖို့ စိတ်ချမ်းသာလက်ချမ်းသာနဲ့ အိပ်စက် ခံမြန်းပါတော့ဗျာ”

ဟု ဖော်ရွေရင်းနှီးသောအသံဖြင့် ပြောလိုက်လေ၏။

ထို့နောက် သူသည် ကျွန်ုပ်တို့ကို ဘုရင်မ၏ဂူနန်းနှင့် မကွာဝေးလှသော ကျောက်ဂူတစ်ခုဆီသို့ခေါ်သွားပြီး နေရာချ ထားပေးလေ၏။

ယင်းကျောက်လိုဏ်ဂူမှာ သပ်ရပ်သန့်ပြန့်ပြီး ကျောက် သားခုတင်နှစ်ခုလည်း ခင်းထားကာ ယင်းကျောက်ခုတင်တို့



www.burmeseclassic.com

www.burmeseclassic.com



ထက်၌ သားမွေးကော်ဇောနှင့် ဖဲခေါင်းအုံးများပါ ချထားသည်ဖြစ်၍ လွန်စွာသက်သောင့်သက်သာ ရှိလှပေ၏။

''ကဲ ... ဒီညအဖို့တော့ မိတ်ဆွေကြီးတို့ အေးဆေးစွာစံမြန်းပါဗျာ၊ မနက်မှပဲ ဘုရင်မက သင်တို့ကိုတွေ့ဆုံပြီး မေးစရာရှိတာ မေးပါလိမ့်မယ်''

ဟုပြောပြီးနောက် သဘောကောင်းသော စစ်သည်အကြီးအကဲကြီးမှာ ကျွန်ုပ်တို့ကို ပြုံးရွှင်စွာနှုတ်ဆက်ပြီး ဂူလိုဏ်ထဲမှ ထွက်ခွာသွားပါတော့၏။

ကျွန်ုပ်တို့၏ ဂူလိုဏ်ထဲတွင် ကညင်ဆီမီးခွက်တစ်ခုကို ထွန်းညှိထားပြီး ဂူအဝ၌ အစောင့်အကြပ်ချထားခြင်း မရှိချေ။

ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့မှာ သားမွေးမွေ့ရာပေါ်၌ သက်သောင့်သက်သာ လှဲလျောင်းလိုက်ကြပြီး ကျွန်ုပ်က ကျောပိုးအိတ်ထဲမှ ဒန်းဟေးလ်ဆေးတံကိုထုတ်ကာ ဆေးဖြည့်လျက် မီးညှိဖွာရှိုက်နေစဉ် ဒေါက်တာရန်နိုင်စိုးမှာ ဂူအမိုးမျက်နှာကြက်ကို ငေးမောကြည့်ရင်းမှ ...

''အာစရိရေ ... ကျွန်တော်မျှော်လင့်ထားတာထက် သမန်းဖြူဒေဝီက ပိုလှနေပါလားဗျ၊ ကျွန်တော့်ရဲ့ဘဝမှာဖြင့် သူ့လောက်လှသူကို မတွေ့ဖူးပါဘူးဗျာ၊ ဒီလိုအလှမျိုးလေးနဲ့သာ





ရွှေလက်တွဲခွင့်ရမယ်ဆိုရင် ကမ္ဘာတည်သရွေ့ ဘယ်လိုနေရာဒေသမှာ နေရနေရ, ဘယ်လိုဒုက္ခမျိုးကိုပဲ ခံရခံရပါဗျာ''

ဟု ရင်ခေါင်းထဲမှလာသော လှိုက်လှဲသည့်အသံကြီးဖြင့် ပြောလျက်ရှိရာ ကျွန်ုပ်မှာ ဆေးတံကို ပါးစောင်မှချွတ်ကာ ငေါက်ခနဲထထိုင်လိုက်ပြီး ...

''တန့်ပါ ကိုရင်၊ ကိုရင်ပြောတဲ့စကားတွေက ကိုရင်ရဲ့စွဲလမ်းတပ်ငြိမှုကိုသာ သမန်းဖြူဒေဝီက လက်ခံလိုက်ရင် ဒီသမန်းဖြူဒေသမှာပဲ ခေါင်းချတော့မယ်လို့ ဆိုလိုတာပေါ့ ... ဟုတ်လား''

ဟု ငေါက်ဆတ်ဆတ်မေးလိုက်ရာ ဒေါက်တာရန်နိုင်စိုးမှာ ပြုံးဖြီးဖြီးဖြင့်လှည့်ကြည့်ရင်း ...

''သူသာ ကျွန်တော့်ရဲ့အချစ်ကို လက်ခံလိုက်ရင်ဖြင့် ဒီမှာပဲ အရိုးထုတ်ဖို့ဆုံးဖြတ်ရမလိုဖြစ်နေပြီ ဆရာသမားရဲ့ .. ဟဲ .. ဟဲ''

ဟု ရယ်သွမ်းသွေးရင်းပြောလိုက်ရာ ကျွန်ုပ်မှာ ကျဲမြီးတိုသွားပြီး ...

''ရှုးလည်းရှုးပါ့ ငါ့လူရာ၊ ဒီလောက်တိုးတက်နေတဲ့ ပြင်ပကမ္ဘာကြီးကလာတဲ့, နိုင်ငံတကာကို လှည့်လည်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်ရင့်လို ခေတ်ပညာတတ်ပုဂ္ဂိုလ်က ဒီလိုတောကြီးမျက်မည်းထဲမှာများ ဘဝကိုမြှုပ်နှံရမယ်လို့ ... စဉ်းစဉ်းစားစားလည်း လုပ်ပါဦး''

ဟု စိတ်ပျက်စွာပြောလိုက်ရာ ဒေါက်တာရန်နိုင်စိုးမှာ မယ်ဉမ္မာ၏အလှကို တွေ့မြင်မိသော သိဒ္ဓိဘုရင်လို ချစ်စိတ်မွှန်နေသဖြင့် ခေါင်းကိုခါယမ်းလိုက်ပြီး ...

''အချစ်စိတ်ကို အသိပညာတို့, ဆင်ခြင်တုံတရားတို့နဲ့ တားဆီးလို့မရဘူးဆိုတာကို ကျွန်တော်လက်ခံလိုက်ပြီ ဆရာသမား၊ သူ့ကို ကျွန်တော် ဟိုးဘက်ချောက်ကမ်းကနေ မှန်ပြောင်းနဲ့ ကြည့်ကြည့်နေကတည်းက စွဲလမ်းပြီး ချစ်နေမိတာပါ၊ ခုညလို အနီးကပ်တွေ့လိုက်ရတော့ သူလေးဟာ ဇာတ်တော်တွေထဲမှာ ကြားဖူးတဲ့ ဉမ္မာဒန္တီ, ပပဝတီတို့ထက်တောင် လှလိမ့်ဦးမယ်ဗျ ... ဒီတော့လည်း ကျွန်တော်က စွဲလမ်းမိပြီပေါ့ဗျာ''

ဟု ဇွတ်တိုးပြောလျက်ရှိရာ ကျွန်ုပ်မှာ စိတ်အချဉ်ပေါက်လာပြီး ...

''အေး ... စွဲလမ်း .. စွဲလမ်း .. မောင်ရင် ဘယ်လောက်ပဲစွဲလမ်းစွဲလမ်း ကျုပ်ကတော့ ဒီတောဒီတောင်ထဲမှာ ဘဝအဆုံးမခံနိုင်ဘူး .. ပြန်ရမှာပဲ၊ မောင်ရင့်ကိုလည်း ရအောင်





ပြန်ခေါ်ရမှာပဲ''

ဟု ခပ်ပြတ်ပြတ်ပြောကာ ကျောက်ခုတင်ထက်ဝယ် ပြန်လည်လှဲလျောင်းလိုက်ပြီး မျက်စိမှိတ်ကာ အိပ်စက်လိုက်ပါတော့၏။

*

နံနက်ဦးလေပြည်က နှင်းပွင့်တို့ကို သယ်ဆောင်လာသည်မို့ မြမြလေး အေးစိမ့်လျက် ရှိချေ၏။

တောတန်းတို့ကြား တောအုပ်တို့ထိပ်ဖျားသို့ လုတက်နေသည့် နေခြည်မျှင်တို့က နှင်းကမ္ဘလာကိုထွင်းဖောက်ကာ သည်မှာဘက် ချောက်ကမ်းပါးပေါ်သို့ ဖြာကျစပြုနေ၏။

နံနက်၏ အလင်းပျပျအောက်ဝယ် ဇာဝတ်စုံဖြူလွလွ ဝတ်ဆင်ထားသည့် သမန်းဖြူဒေဝီ၏အလှက နှင်းပွင့်လေးများနှင့်အပြိုင် ဖြူဆွတ်လှပနူးညံ့လို့နေသည်။ သူမသည် လက်ဖွဲ့လည်ဟိုက် ခါးစည်းကျပ်ကျပ် ဝတ်စုံဖြူကို ဝတ်ဆင်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပုလဲလုံးလေးများ ဝိုက်ကာစီခြယ်ထားသည့် ပတ္တမြားသရဖူကို ဦးခေါင်းထက်၌ ဆောင်းထားကာ ဆံပင်ရှည်လျားလျားတို့ကို ဖားလျားချထားသဖြင့် ဆံနွယ်တို့နှင့် ဝတ်စုံဖြူ၏အဖျားတို့မှာ လေဝယ် ဖျတ်ဖျတ်လွင့်လျက်ရှိချေ၏။

သမန်းဖြူဒေဝီသည် ပုလဲလည်ဆွဲ၊ ပုလဲနားတောင်းတို့ကို ဆင်မြန်းထားပြီး လက်ကောက်ဝတ်တို့မှာမူ ပတ္တမြား လက်ကောက်တို့ကို ဝတ်ဆင်ထားလေ၏။

ခါးဝယ် ရွှေခါးစည်းကိုပတ်ထားကာ ခါးစည်း၏ရှေ့ တည့်တည့်၌ ပတ္တမြားကို ပုလဲတို့ရံထားသည့် ခါးစည်းခေါင်း သည် လှပစွာရှိနေ၏။

ထိုခါးစည်းခေါင်းမှ ဇာပဝါဖြူတစ်စက ရှေ့သို့ ရှည်လျား စွာကျလျက်ရှိရာ ဂါဝန်သဏ္ဍာန် ဇာဝတ်စုံပွပွ၏ အနားသားတို့နှင့် အတူ မြေ၌ပုံကျနေသဖြင့် သူမ၏ခြေထောက်တို့ကိုမူ မမြင် တွေ့ရချေ။

သမန်းဖြူဘုရင်မသည် သူမ၏ ဂူနန်းအဝရှေ့၌ ညက လိုပင် ကြွန့်ရှရပ်လျက် သူမ၏ရှေ့ဝယ် ရပ်နေကြသည့် ကျွန်ုပ်တို့နှစ်ဦးကို စူးစူးစိုက်စိုက် အကဲခတ်ကြည့်လျက်ရှိလေ၏။

အညိုရောင်ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားသည့်



သူမ၏စစ်သည်လေးဦးမှာ လှံရှည်တို့ကိုစွဲကိုင်ပြီး ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းဝယ် ရပ်နေကြလေ၏။ အဖြူရောင်ဝတ်စုံများ ဝတ် ဆင်ထားသည့် ဘုရင်မ၏ ရံရွေတော်အပျိုစင်များနှင့် ဂျပ်ခုတ် ထည်တို့ကို ဝတ်ဆင်ထားကြသော အခြားဆွေမျိုးနွယ်စု ယောက်ျား၊ မိန်းမ၊ ကလေး၊ အဘိုးအို၊ အဘွားအိုတို့မှာ အဝေး လှမ်းလှမ်းမှ ဝိုင်းကြည့်နေကြလေ၏။

မြန်မာစကားကို ကောင်းစွာတတ်သော သမန်းဖြူဘုရင် မက ကျွန်ုပ်နှင့် ဒေါက်တာရန်နိုင်စိုးတို့ကို တစ်လှည့်စီ အကဲ ခတ်ကြည့်လိုက်ပြီးနောက် ...

''သင်တို့ဟာ ... ကျွန်ုပ်တို့ရဲ့ဒေသဆီ ဘယ်လိုရောက် ရှိလာတယ်ဆိုတာ ပြောပြပါဦး''

ဟုဆိုလိုက်ရာ ကျွန်ုပ်ကပင် ကျွန်ုပ်တို့ တွေ့ကြုံဖြစ်ပျက် ခဲ့သမျှ ဇာတ်လမ်းအစအဆုံးကို အတိုချုံးပြီး ပြောပြလိုက်ရ လေ၏။

အတန်ငယ်ရှည်လျားသည့် ကျွန်ုပ်၏စကားအဆုံးဝယ် သမန်းဖြူဘုရင်မသည် ဒေါက်တာရန်နိုင်စိုးဘက်သို့ လှည့်ကြည့် လိုက်ပြီး ...

''ကျွန်ုပ်ကို အဝေးကနေ ပစ်ခတ်လုပ်ကြံမယ့် သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လက်နက်ကို သင်ကယူဆောင်လာတယ်ပေါ့ . . . ဟုတ်လား၊ အဲဒီလက်နက် ဘယ်မှာပါလဲ''

ဟု တည်ငြိမ်စွာမေးလိုက်ရာ ဒေါက်တာရန်နိုင်စိုးက သူ၏အင်္ကျီအတွင်းအိတ်ထဲမှ ခြောက်လုံးပြူးသေနတ်အနက်ကလေးကို ထုတ်ပြလိုက်လေ၏။

ယင်းခြောက်လုံးပြူးအနက်ကလေးကို သမန်းဖြူဘုရင်မသည် သေချာစွာ ကိုင်တွယ်ကြည့်ရှုပြီး . . .

''ဒါကို ဘာခေါ်တယ်''

ဟု ဒေါက်တာရန်နိုင်စိုးကို မေးလိုက်လေ၏။

''ခြောက်လုံးပြူးသေနတ်လို့ ခေါ်ပါတယ်ဒေဝီ၊ သူဟာ မြားတစ်ပစ်ထက် သုံးလေးဆမက ဝေးကွာတဲ့ပစ်မှတ်ကို ထိအောင် ပစ်နိုင်ပါတယ်၊ ဒီခြောက်လုံးပြူးသေနတ်ကို ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်ရှိတဲ့ သမန်းနက် သက်တော်ရှည်ဘိုးဘိုးဟာ ပြင်ပကမ္ဘာကနေ ကျည်ဆံတွေနဲ့အတူ ယူဆောင်လာပြီး သမန်းနက်ဘုရင်မရဲ့ လက်ထဲ ဆက်သအပ်နှင်းပါတယ် . . .။

သမန်းနက်ဒေဝီဟာ ဒီခြောက်လုံးပြူးကို ပစ်တတ်အောင် လျှို့ဝှက်လေ့ကျင့်နေပြီး သူ့လက်ကို သူယုံပြီဆိုမှ ဒေဝီ့ကို ဟိုဘက်ချောက်ကမ်းပါးထိပ်ကနေ ပစ်ခတ်လုပ်ကြံဖို့ စီစဉ်ထားတာပါ . . .။

ကျွန်တော်က သူနဲ့ ရင်းနှီးအောင်ပေါင်းခဲ့လို့ သူ့ဆီက အဲဒီလျှို့ဝှက်ချက်ကိုသိရှိပြီး ဒီလိုအကြမ်းဖက်လုပ်ကြံမှုမျိုး မပြုလုပ်နိုင်အောင် တားဆီးတဲ့အနေနဲ့ ဒီသေနတ်ကို သူ မသိအောင် ယူလာခဲ့တာပါ''

''ဒီသေနတ်ရဲ့စွမ်းရည်ကို သင်ပြနိုင်မလား''

''ပြနိုင်ပါတယ် ဒေဝီ''

ဤတွင် ဒေါက်တာရန်နိုင်စိုးသည် ခြောက်လုံးပြူးသေနတ်၏ မောင်းဆုံထဲသို့ ကျည်တစ်တောင့်သွင်းလိုက်ပြီး မောင်းဆုံကိုလှည့်ကာ သေနတ်ကို လက်ယာလက်ဖြင့်ဆုပ်ကိုင်လျက် ချောက်ကမ်းပါးကြီး၏ တစ်ဖက်ကမ်းရှိ သစ်ပင်တစ်ပင်၏ထိပ်ဖျားကို ချိန်ရွယ်လိုက်ပြီး သေနတ်မောင်းကို ညှစ်ဆွဲချလိုက်တော့၏။

'ဒိုင်း'

ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံနှင့်အတူ ကျယ်ပြောလှသော ချောက်ကမ်းပါးတစ်ဖက်ရှိ သစ်ပင်ထိပ်ဖျားမှာ ပြတ်ကျသွားတော့၏။

သေနတ်သံနှင့် သေနတ်၏စွမ်းအားကို မြင်တွေ့လိုက်





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကြရသော ဆွေမျိုးစုဝင်တို့မှာ လန့်ဖျပ်သွားကြလေ၏။

သမန်းဖြူဘုရင်မကိုယ်တိုင် မျက်တောင်ကော့ကြီးများရှိသည့် မျက်ဝန်းညိုညိုတို့ ဝိုင်းစက်သွားပြီး သန္တာရောင်နှုတ်ခမ်းနုနုလေးမှာ ဝလုံးသဏ္ဌာန် ဝိုင်းသွားရှာလေ၏။

သူမက လှပစွာပြုံးလိုက်ပြီး မှတ်ချက်ချလိုက်လေ၏။

''အတော်အစွမ်းထက်တဲ့ လက်နက်ပါလား''

''ဟုတ်ပါတယ် ဒေဝီ၊ ဒီလိုအစွမ်းထက်တဲ့လက်နက်နဲ့ မြားတစ်ပစ်မမီတဲ့ ဟိုဘက်ကမ်းဒေသကနေ လှမ်းပြီးပစ်ခတ်လုပ်ကြံရင် ပစ်မှတ်ဟာ လွဲနိုင်စရာမရှိပါဘူး ...။

ဒါကြောင့် ဒီလိုပစ်ခတ်လုပ်ကြံဖို့ သမန်းနက်ဒေဝီ ကြံစည်နေတုန်းမှာ ကျွန်တော် ယူဆောင်ထွက်ပြေးလာခဲ့တာပါ...။

''ကျွန်ုပ်ကတော့ ဒီလို လူတစ်ယောက်ကို သွေးအေးအေးနဲ့ ချောင်းမြောင်းလုပ်ကြံဖို့ စိတ်ကူးမရှိပါဘူး အမောင်''

''ကောင်းပါတယ် ဒေဝီ၊ အဲဒီလို သူရဲဘောကြောင်တဲ့အလုပ်မျိုးကိုလည်း ကျွန်တော်မလုပ်လိုပါဘူး၊ အားလည်း မပေးပါဘူး၊ ဒီသေနတ်ကိုယူလာရတဲ့အကြောင်းရင်းက ကျွန်တော်တို့ရဲ့ စွမ်းဆောင်မှုအပေါ် ဒေဝီယုံကြည်လာအောင် ယူလာပြခြင်းဖြစ်ပါတယ်၊ ဒီသေနတ်ကို ဒေဝီအသုံးပြုမယ်ဆိုလည်း ကျွန်တော်ကန့်





ကွက်မှာပါ ...။

ဒါကြောင့် ဒီသေနတ်ကို ဘယ်သူမှအသုံးမပြုနိုင်စေဖို့ ဟောဒီကျည်ဆံတွေကို ဖျောက်ဖျက်ပစ်လိုက်ပါ့မယ်

ဟုပြောကာ သေနတ်ကျည်ဆံတို့ကို ချောက်ကြီးထဲသို့ လွှင့်ပစ်လိုက်ပါတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## လွတ်ရာလွတ်ကြောင်း

ဤသို့ဖြင့် ကျွန်ုပ်တို့အပေါ် သမန်းဖြူဒေဝီမှအစ ဆွေမျိုးစုဝင်အားလုံးက ယုံကြည်မှုရှိရာ ကျွန်ုပ်တို့မှာ သူတို့၏ ကျောက်တောင်လိုဏ်ဂူများအကြားဝယ် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ရလျက် ရှိလေ၏။

ဤဒေသနေသူတို့မှာ အသားအရေ ဖြူဆွတ်ကြပြီး သွားလာနေထိုင်ပြောဆိုရာ၌ သမန်းနက်တို့ထက် ယဉ်ကျေးသိမ်မွေ့မှုရှိကာ စည်းကမ်းရှိသူများဖြစ်သည်ကို တွေ့ရလေ၏။

သူတို့သည် စည်းကမ်းဖောက်သူ၊ ပရမ်းပတာ နေထိုင်တတ်သူတို့ကို နှစ်သက်လေ့မရှိရာ ထိုသူတို့ကို ရှုတ်ချအပြစ်တင်ဒဏ်ခတ်လေ့ရှိလေ၏။





အချို့ဆွေမျိုးနွယ်တို့သည် ဤဒေသမှ ထွက်ခွာသွားကြသည်ဆိုရာဝယ် အမှန်မှာမူ စည်းကမ်းကို လိုက်နာနိုင်ခြင်းမရှိသဖြင့် ပဋိပက္ခဖြစ်ကာ ထွက်ခွာသွားရသူက များသည်ဟု သိရလေ၏။

သူတို့မှာ များသောအားဖြင့် သဘောကောင်းကြသူများဖြစ်ပြီး သမန်းနက်တို့ကဲ့သို့ ရက်စက်ကြမ်းတမ်းဟန် မရှိချေ။

''ကျုပ်တို့က သမန်းနက်တွေလို ရန်မလိုပါဘူးဗျာ၊ သူတို့ကသာ ကျုပ်တို့တွေကို ရန်ငြိုးထားပြီး လာလာတိုက်ခိုက်နေတာပါ၊ သူတို့လာကိုက်တော့လည်း ကျုပ်တို့က ပြန်ပြီးတိုက်ခိုက်ရတာပေါ့''

ဟု စစ်သည်ကြီးတစ်ဦးက ကျွန်ုပ်ကို ပြောပြလေ၏။

အသက်အရွယ် အိုမင်းလှပြီဖြစ်သော အဘိုးအိုတစ်ဦးကမူ ဝါးဆေးတံကိုဖွာရင်းမှ ...

''ပဌမမြောက်သမန်းနက်ဘုရင်ဟာ တကယ်တော့ ကျုပ်တို့ရဲ့ ဘုရင်မလောင်းလျာမင်းသမီးလေးကို သိမ်းပိုက်ပြီး ကျုပ်တို့ရဲ့နယ်ပယ်ကိုပါ အပိုင်စီးဖို့ရည်ရွယ်ချက်နဲ့ ရောက်လာသူပါ။

သူက စပြီးကျူးကျော်လာလို့ ကျုပ်တို့က တွန်းလှန်ချေ



www.burmeseclassic.com

www.burmeseclassic.com



မှန်းလိုက်ရတာ၊ ဒါကို သူတို့ဆွေစဉ်မျိုးဆက် မကျေမချမ်းနိုင်ဖြစ်ပြီး ကျုပ်တို့ကို သွေးကြွေးဆပ် ကလဲ့စားချေဖို့ချည်း ကြံစည်နေခဲ့ကြတော့တာပါပဲ''

ဟု ညည်းညူသလိုပြောရှာလေ၏။

မည်သို့ဆိုစေ သမန်းဖြူတို့မှာလည်း သမန်းနက်တို့ကဲ့သို့ပင် ပြင်ပကမ္ဘာမှ လူစိမ်းဖြစ်သော ကျွန်ုပ်တို့ကို ပြန်လွှတ်လိုဟန် မရှိချေ။ သူတို့သည် ဆွေမျိုးစုအလိုက် အလွန်လျှို့ဝှက်စွာ နေထိုင်ကြသည်ဖြစ်ရာ ပြင်ပကမ္ဘာနှင့် ဆက်နွယ်ရှုပ်ယှက်ရမည်ကို လုံးဝလိုလားခြင်း မရှိကြချေ။

သို့ကြောင့် ကျွန်ုပ်သည် သူတို့၏သဘောကို စောကြောမိပြီဖြစ်ရကား ကျွန်ုပ်တို့ကို ပြန်ခွင့်ပြုပါရန် တောင်းဆိုခြင်း လုံးဝမပြုတော့ဘဲ သူတို့နှင့် ရေလိုက်ငါးလိုက်နေတာ မိမိတို့၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုသာ နေ့စဉ်ရှာကြံလျက်ရှိတော့၏။

ဤသို့ လွတ်လမ်းကိုရှာကြံရာ၌ ဒေါက်တာရန်နိုင်စိုး၏ ထုံးကိုနှလုံးမူကာ ကျွန်ုပ်သည် ဒေသခံတို့နှင့် ရောနှောခြင်းပြုလေ၏။

ဒေသခံစစ်သည်တို့ တောထဲဝယ် အမဲလိုက်ပါက





ကျွန်ုပ်ပါ အတူလိုက်လေ၏။ ဒေသခံပျိုဖြူတို့ ရေကြောင်းဝယ် ရေခပ်ဆင်းသည့်အခါ၊ တောထဲ ဟင်းရွက်ခူးထွက်သည့်အခါ ကျွန်ုပ် လိုက်ပါကူညီ ခူးဆွတ်ပေးလေ၏။

ထိုသို့ ကျွန်ုပ်သည် သွားလာလှုပ်ရှားရင်း သူတို့ဒေသ၏ ပထဝီဝင်အနေအထားကို လေ့လာစူးစမ်းခြင်းပြုလေ၏။

ဒေသခံပျိုဖြူတို့နှင့် ရောရောနှောနှောနေသည်ကို ဒေသခံလုလင်တို့က မနာလိုဖြစ်ခြင်းမရှိဘဲ သူတို့က ကျွန်ုပ်တို့ကို သူတို့၏လုပျိုဖြူတို့နှင့် ရည်ငံကာ လက်ဆက်စေလိုသောဆန္ဒပင် ရှိပုံရလေ၏။

မည်သို့ဖြစ်စေ ကျွန်ုပ်သည် ဒေသခံလုလင် လုံမတို့နှင့် ရောနှောကာ ရေလိုက်ငါးလိုက်ဆက်ဆံရင်း သူတို့၏ဒေသဝန်းကျင်ကို လေ့လာသည်တွင် မြန်မာပြည်တွင်းသို့စီးဆင်းသည့် ချောင်းတစ်ခု ရှိသည်ကို သိရှိခဲ့ရလေ၏။

ထိုချောင်းမှာ ကျောက်ဆောင်ရေတံခွန်တို့ ပေါ်များပြီး ရေစီးကြမ်းကာ မြန်မာပြည်တွင်းသို့ တောင်ကြားလမ်းမှ စီးဆင်းဝင်ရောက်လျက်ရှိကြောင်း တွေ့ရှိရလေ၏။

''အင်း ... အဲဒီချောင်းကနေ ဖောင်နဲ့စုန်ဆင်းပြေး[illegible] သင်းတို့ရဲ့လက်က လွတ်နိုင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ကြံစည်စိတ်ကူးပြီးနောက် ကျွန်ုပ်သည် ဒေသခံလုလင်တို့နှင့် တောလည်ထွက်ရင်း မသိမသာလမ်းခွဲထွက်ကာ ယင်း ချောင်း၏ကမ်းစပ်နံဘေး တစ်နေရာ၌ ဝါးပိုးဝါးတို့ကိုခုတ်ပြီး ဖောင်ဖွဲ့ခြင်းပြုလေ၏။

ဤသို့ဖြင့် တောလည်ထွက်တိုင်း ဝါးဖောင်ကို တဖြည်းဖြည်းချင်းဖွဲ့ရာ ရက်ပေါင်းနှစ်ဆယ်ကျော်ခန့်ဝယ် ဝါးဖောင်မှာ ဖွဲ့၍ပြီးစီးသွားတော့၏။

ထို့နောက် ကျွန်ုပ်သည် ရိက္ခာခြောက်များကိုလည်း လျှို့ဝှက်စွာစုဆောင်းပြီး အမဲလိုက်ဓားနှစ်လက်၊ လှံတိုတစ်လက်တို့ကိုပါ ချောင်းကမ်းစပ်မှ ချုံတစ်ခုနောက်တွင် ဝှက်ထားလိုက်လေ၏။

ကျွန်ုပ်၏ဘက်မှ အရာရာအဆင်သင့်ဖြစ်ချိန်ဝယ် ဒေါက်တာရန်နိုင်စိုးအား ထွက်ပြေးကြရန် ဖွင့်ဟတိုင်ပင်ရာ . . .

"အာစရိ . . . ဘယ်လိုပြောရမလဲ . . . ခုဆိုရင် ကျွန်တော်နဲ့ သမန်းဖြူဒေဝီတို့ဟာ သိပ်ကိုရင်းနှီးနေပြီဗျ၊ ကျွန်တော်ကလည်း သူ့ကို တစ်နေ့ထက်တစ်နေ့ တိုးပြီးချစ်နေမိပြီ၊ အဲဒီသံယောဇဉ်ကို ကျွန်တော် ဘယ်လိုဖြတ်နိုင်မှာလဲ၊ ဖြတ်လို့ရမှာလဲဗျာ"

---





ဟု ချစ်စိတ်မွှန်သံကြီးဖြင့်ပြောရာ ကျွန်ုပ်မှာ စိတ်ပျက်စွာခေါင်းယမ်းလိုက်ပြီး . . .

"မဖြစ်နိုင်တာကို စိတ်ကူးမယဉ်ချင်ပါနဲ့ ကိုရန်နိုင်စိုးရာ၊ သူတို့ရဲ့ဘဝအခြေအနေနဲ့ ကျုပ်တို့ရဲ့ဘဝအခြေအနေ ရည်ရွယ်မျှော်မှန်းချက်တွေက တူတာမဟုတ်ဘူး၊ မတူညီတဲ့ဘဝနှစ်ခုကို ပေါင်းစပ်ဖို့ မလွယ်ပါဘူးဗျာ၊ ဒီတော့ ဒီတောထဲက ရအောင်ထွက်ပြီး ကိုယ့်ဒေသဆီ ကိုယ်ပြန်ရအောင်ပါ"

ဟု ကျွန်ုပ်ကဖွင့်ပြောရာ ဒေါက်တာရန်နိုင်စိုးကလည်း သူပါ လိုက်ပါရမည့်အရေးကို တွင်တွင်ငြင်းဆန်လျက်ရှိလေ၏။

နောက်ရက်များတွင်လည်း ဒေါက်တာရန်နိုင်စိုးမှ နံနက်လင်းသည်နှင့် သမန်းဖြူဒေဝီ၏ ဂူနန်းသို့သွားပြီး ဘုရင်မနှင့်အတူ လမ်းလျှောက်ထွက်ကာ တောင်ကြောတစ်ဖက်အောက်ရှိ စမ်းချောင်းနံဘေးဝယ် သွားထိုင်ကြလျက် ရောက်တတ်ရာရာ စကားတို့ကို ပြောမဆုံးပေါင် ကောသုံးတောင်ဖြစ်နေပြီး သူတို့နှစ်ဦး ရယ်ရယ်မောမော ရင်းရင်းနှီးနှီး ဖြစ်နေကြသည်ကိုသာ တွေ့မြင်နေရရာ ကျွန်ုပ်မှာ သက်ပြင်းမောကိုသာ အခါခါချနေမိရပါတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## နှုတ်ဆက်ည

တစ်နေ့ညတွင်မူ ...

ကျွန်ုပ်သည် သည်းခံနိုင်ခြင်းမရှိတော့ဘဲ ကျွန်ုပ်၏ ကျောပိုးအိတ်ကိုပြင်ကာ ဒေါက်တာရန်နိုင်စိုးကို အပြတ်ပြောရတော့၏။

"ဒီမှာ ကိုရန်နိုင်စိုး ... ဒီညပဲ ဒီကထွက်သွားတော့မယ်ဗျာ၊ ကျုပ်မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်ဗျ၊ ဒီတောထဲမှာ ဘယ်လိုမှ ဆက်မနေနိုင်တော့ဘူး၊ ဒီတော့ ခင်ဗျားလည်း ကျုပ်နဲ့ တစ်ပါတည်းလိုက်ခဲ့ပေတော့ ...။

ရန်ကုန်မှာကျန်ရစ်ခဲ့တဲ့ ခင်ဗျားရဲ့အမွေအနှစ်တွေက နည်းတာမဟုတ်ဘူး၊ ဒါတွေကို ခင်ဗျား အလဟဿစွန့်ပစ်တော့





မှာလား ...။

အဲဒီအမွေအနှစ်ငွေတွေကို ထုတ်ယူပြီး လောကလူ့ရွာကောင်းကျိုးအတွက် ခင်ဗျား လုပ်ဆောင်စီစဉ်ပြီးမှ ဒီတောထဲပြန်လာချင်ရင်လာဗျာ၊ ခုတော့ တစ်ပါတည်းလိုက်ခဲ့ပါ"

ကျွန်ုပ်က ယင်းစကားကို အထပ်ထပ်ပြော်ရာ ဒေါက်တာရန်နိုင်စိုးမှာ တွေဝေငေးငိုင်လာပြီး တွေတွေကြီး ငြိမ်သက်စွာ စဉ်းစားလျက်ရှိတော့၏။

ညဥ့်အတော်နက်စပြုလာမှ သူသည် သက်ပြင်းမောကြီးချပြီး တစ်စုံတရာ ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်ကာ ...

"ကောင်းပြီ ဆရာသမား၊ ကျွန်တော် ဆရာသမားနဲ့ အတူလိုက်ပါ့မယ်၊ ဒါပေမဲ့ ကျွန်တော်သိပ်ချစ်ရတဲ့ ချစ်သူလေးကိုတော့ နှုတ်ဆက်သွားပါရစေ၊ ကျွန်တော် သူ့ကို နောက်ဆုံးတွေ့ခြင်းအဖြစ် သွားတွေ့လိုက်ပါဦးမယ်"

ဟု ဖြည်းလေးစွာပြောကာ ကျွန်ုပ်တို့၏ဂူလိုဏ်ထဲမှ ခြေလှမ်းတစ်လှမ်းချင်း လှမ်းထွက်လိုက်ရာ ...

"နေဦး ကိုရန်နိုင်စိုး ... ကျုပ်တို့ထွက်ပြေးမယ့် အကြောင်းကိုတော့ သမန်းဖြူဒေဝီ လုံးဝမရိပ်မိစေနဲ့နော်၊ နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်စကားတွေ ဘာတွေ သွားပြောမနေနဲ့ဦး၊ သူ့ကို သွားတွေ့ ရုံ တွေ့ပါ''

ဟု လှမ်းသတိပေးပြောကြားလိုက်ရာ သူက ဦးခေါင်းကို ဆတ်ပြပြီး ထွက်ခွာသွားပါတော့၏။

ကျွန်ုပ်လည်း ကျောပိုးအိတ်ထဲသို့ ထည့်စရာရှိသည်ကို ထည့်ပြီး အသင့်ပြင်ကာ ဒေါက်တာရန်နိုင်စိုး ပြန်လာသည်ကို စောင့်နေလိုက်တော့၏။

အတန်ကြာသည်တွင် ဒေါက်တာရန်နိုင်စိုးမှာ ဘုရင်မ၏ ဂူနန်းဆောင်မှပြန်လာပြီး ဆိတ်ငြိမ်စွာသာ သူ၏ကျောပိုးအိတ်ကို ပြင်ဆင်လျက်ရှိလေ၏။

မျက်နှာကမူ သိပ်မကောင်းလှချေ။

ကျွန်ုပ်မှာလည်း သူ့ကိုကြည့်ရင်း စိတ်မကောင်းဖြစ်လျက် ရှိလေ၏။ သူတို့၏ချစ်ခြင်းကို မခွဲလိုသော်လည်း သူ၏ ဘဝကိုတော့ တောထဲတောင်ထဲဝယ် ထာဝရ မနစ်မြုပ်စေလိုပါ။ သူပိုင်ဆိုင်သော အမွေအနှစ်တို့ကိုလည်း ဘဏ်ထဲ ထာဝရ ထည့်ထားပြီး အလဟဿဆုံးရှုံးရမှာမျိုး မဖြစ်စေချင်ပါ။

သို့ကြောင့် မြို့သား, ခေတ်ပညာတတ်, သူဌေးသား ပေါက်စလေး, သူ့ကို ဤကဲ့သို့ တိုင်းခြားမြေခြား တောကြို





မျက်မည်းထဲမှ ဆွဲထုတ်ရန် ကြိုးစားရခြင်းသာ ဖြစ်ပါ၏။

ကျွန်ုပ်တို့သည် အားလုံးအဆင်သင့်ဖြစ်သည်နှင့် ကျောပိုးအိတ်တို့ကိုလွယ်ကာ လိုဏ်ဂူထဲမှ ထွက်ခဲ့ကြပြီး မှောင်ရိပ်တို့ ခိုလျက် ကျောက်တောင်တို့၏ အနောက်ဘက်ရှိ တောင်ကြောပေါ်မှ သစ်တောကြီးထဲ တိုးဝင်ခဲ့ကြပါတော့၏။

လရောင်ကိုအားပြုပြီး တောလမ်းခရီးကို ဖြတ်သန်းသွားခဲ့ကြရာ၌ ကျွန်ုပ်မှာ သွားရမည့်ခရီးလမ်းကို ကြိုတင်မှတ်သားထားသူဖြစ်သဖြင့် ရှေ့မှ ကျွမ်းကျင်စွာ ဦးဆောင်သွားရလေ၏။

ဒေါက်တာရန်နိုင်စိုးမှာ ကျွန်ုပ်၏နောက်မှ တိတ်ဆိတ်စွာ ထပ်ကြပ်လိုက်ပါလာခဲ့လေ၏။

ကျွန်ုပ်တို့သည် ညဉ့်ဝက်ခန့်သွားပြီးနောက် ရည်မှန်းချက်ထားရာ ချောင်းစပ်သို့ ရောက်ရှိသွားလေတော့၏။

''ကျုပ်တည်ဆောက်ထားတဲ့ ဝါးဖောင်က ဒီချုံကြီးအောက်မှာပဲ ကိုရန်နိုင်စိုး၊ လာဗျာ ... ကျုပ်တို့ဖောင်ကို ရေချကြစို့''

ကျွန်ုပ်တို့နှစ်ဦးသည် ဝါးဖောင်ကြီးကို ချောင်းစပ်သို့ ဆွဲချလိုက်ပြီး ထိုးဝါးကိုယ်စီကိုင်ကာ ဖောင်ပေါ်တက်လိုက်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသည်ကား ရေစီးလွန်စွာသန်သည်ဖြစ်ရာ ရေထဲမျောပါသွားသည်နှင့် ဖောင်မှာ ချာလပတ်လည်သွားတော့၏။

သို့သော် ကျွန်ုပ်တို့သည် ထိုးဝါးဖြင့်ထောက်ကာထိန်းရင်း ကျောက်ဆောင်တို့ကို ရှောင်ကွင်းလျက် မျှောချလာခဲ့လေ၏။ ကြမ်းတမ်းသော ရေလှိုင်းခတ်သံများ ဆူညံနေသည့်ချောင်းထဲဝယ် ကျွန်ုပ်တို့၏ဖောင်လေးမှာ တငြိမ့်ငြိမ့်မျောပါလိုက်၊ လူးလူးလဲလဲမျောပါလိုက်ဖြင့် နံနက်လင်းလုလုတွင် တောင်ကြားလမ်းသို့ရောက်ရှိလာခဲ့လေ၏။

တစ်ညလုံး ဖောင်ကိုထိန်းကာ မျှောလာခဲ့ရသဖြင့် ကျွန်ုပ်မှာ လွန်စွာနွမ်းလျလျက်ရှိရာ ကျွန်ုပ်ကို ဒေါက်တာရန်နိုင်စိုးက ကြင်နာစွာကြည့်ရင်း ...

''ဆရာသမား ... ဒီတောင်ကြားလမ်းက လွန်ရင် ရေစီး သိပ်မကြမ်းတော့ပါဘူး၊ ကျွန်တော်တစ်ယောက်တည်း ထိုးဝါးနဲ့ထိန်းပြီး မျှောသွားပါ့မယ်၊ ဆရာသမား ခဏမှေးလိုက်ပါဦး''

ဟုပြောရာ ကျွန်ုပ်သည်လည်း သမန်းဖြူတို့၏ဒေသနှင့် မိုင်များစွာဝေးကွာခဲ့ပြီး စိတ်ချရသည့်ဒေသသို့ရောက်ပြီဟု ယူဆသဖြင့် စိတ်ကိုလျှော့ကာ ဖောင်ပေါ်သို့ ပက်လက်လှဲချလိုက်ရာ






မကြာမီမှာပင် ပုခက်လှုပ်သလို လှုပ်ခတ်လျက်ရှိသည့် ဖောင်ပေါ်ဝယ် ချက်ချင်းဆိုသလို အိပ်ပျော်သွားပါတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အချစ်ကိုဦးစားပေးသူ

ကျွန်ုပ်သည် မည်မျှအိပ်ပျော်သွားသည် မသိ။ ငှက်မြည်သံများ စိုးစိုးစီစီကြားရမှ ဖျတ်ခနဲလန့်နိုးလာရာ နေရောင်ခြည်တစ်စသည် ကျွန်ုပ်၏မျက်နှာပေါ်သို့ ထိုးကျလျက်ရှိလေ၏။

ဖောင်သည်လည်း ရွေ့လျားမှုမရှိဘဲ ငြိမ်သက်လျက်ရှိသည်ကို သတိပြုမိရာ ကျွန်ုပ်သည် လဲလျောင်းနေရာမှ လူးလဲထပြီး ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်တော့၏။

ကျွန်ုပ်တို့၏ ဝါးဖောင်လေးသည် ချောင်းစပ်ရှိ သဲသောင်ခုံပေါ်ဝယ် မေးတင်လျက်ရှိပြီး ဖောင်မှဆက်သွယ်ထားသောကြိုးတစ်ချောင်းမှာ ချောင်းကမ်းစပ်သဲသောင်ခုံပေါ်မှ ကျောက်ဆောင်တစ်ခုဝယ် ချည်ထားသည်ကို သတိပြုမိလေ၏။





ရေစီးညင်သာသောနေရာဖြစ်သဖြင့်လည်း ဖောင်မှာ ကြိုးချည်ထားသည့်တိုင် ရုန်းခြင်းမရှိဘဲ လှိုင်းကြက်ခွပ်များကြောင့် လှုပ်တုတ်လှုပ်တုတ်သာ ဖြစ်လျက်ရှိလေ၏။

ဝန်းကျင်သည်မူ တိတ်ဆိတ်လျက်ရှိပြီး တင်ကျီးငှက်တစ်ကောင်သည် ဖောင်ပေါ်လာနားနေကာ ချောင်းစပ်ရှိ တောအုပ်ထဲမှ ငှက်ကလေးတို့၏ တေးဆိုသံသာ တကျိုကျို တစီစီ ထွက်ပေါ်လျက်ရှိလေ၏။

“ဟင် ... ကိုရန်နိုင်စိုးရော”

ကျွန်ုပ်သည် ဒေါက်တာရန်နိုင်စိုးကို ရှာဖွေကြည့်ရာ ဖောင်ပေါ်မှာရော ကမ်းစပ်သောင်ပြင်မှာပါ မတွေ့ရှိချေ”

“အင်း ... သူ ဖောင်ကိုကမ်းကပ်ပြီး တောထဲဝင်လို့ တပိုတပါးသွားလေသလား”

ကျွန်ုပ်သည် ထိုသို့တွေးရင်း ဖောင်ပေါ်သို့ပြန်ကြည့်လိုက်ရာ ဒေါက်တာရန်နိုင်စိုး၏ ကျောပိုးအိတ်ကို ဖောင်ကြမ်းပြင်ပေါ်ဝယ် တွေ့ရလေ၏။ ကျောပိုးအိတ်ပေါ်တွင် စာရွက်တစ်ရွက်ကို တင်ထားကာ ယင်းစာရွက်ပေါ်၌ ခဲလုံးတစ်လုံးဖိတင်ထားလေ၏။ ကျွန်ုပ်သည် အံ့အားသင့်သွားပြီး ခဲလုံးကိုဖယ်လျက် စာကို ကပျာကသီယူကာ လျင်မြန်စွာဖတ်ကြည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အာဓရီ ...

ကျွန်တော် အာဓရီနဲ့ ဆက်လက်မလိုက်ပါနိုင်တော့တာကို ခွင့်လွှတ်ပါ။

ကျွန်တော့်ရဲ့အသည်းနှလုံးကို တောကြီးမျက်မည်းထဲမှာ ဒီအတိုင်းမထားခဲ့ရက်လို့ အဲဒီအသည်းနှလုံးကိုက တောနက်ထဲ ပြန်သွားပါပြီ။

"တောက်"

ကျွန်ုပ်သည် စာကို ဆက်မဖတ်နိုင်လောက်အောင် ဒေါကန်သွားပြီး ထိုင်ရာမှခုန်ထကာ၊ ဖောင်ပေါ်မှနေ၍ ကမ်းပေါ်ခုန်တက်လိုက်တော့၏။

"ကိုရန်နိုင်စိုး ... ကိုရန်နိုင်စိုး"

ကျွန်ုပ်၏ ကမူးရှူးထိုး အော်ဟစ်ခေါ်သံက ချောင်းကမ်းစပ်ရှိ တောင်ကမ်းပါးယံများကို ပဲ့တင်ရိုက်ခတ်သွားတော့၏။

ကျွန်ုပ်သည် အတန်ကြာအော်ခေါ်သည့်တိုင် မည်သည့်တုံ့ပြန်သံမျှ မကြားရသဖြင့် စိတ်ပျက်စွာ ခေါင်းကိုယမ်းလိုက်မိတော့၏။

ထို့နောက် ကျွန်ုပ်သည် လက်ထဲမှစာရွက်ကို ဆက်ဖတ်ကြည့်လိုက်မိလေ၏။

---

ခု နစ် စဉ့် ကြယ် တာ ပေ



"ကျွန်တော့်ရဲ့ဘဝတစ်သက်တာမှာ တစ်ခါကြုံရတဲ့အချစ်ကို ကျွန်တော့်ရဲ့အသက်နဲ့ထပ်တူ တန်ဖိုးထားလို့ မစွန့်ပစ်ရက်တာကို အာဓရီ နားလည်ပေးပါဗျာ။

ဒီနေ့ည ဒေဝီကို နောက်ဆုံးတွေ့ဆုံပါရစေဖို့ အာဓရီကို ခွင့်ပန်ပြီး သွားတွေ့ခဲ့တယ်နော်။

အဲဒီကိုသွားမတွေ့ခင်ကအထိ ကျွန်တော့်ရဲ့စိတ်ကို မပိုင်းဖြတ်ရသေးပါဘူး အာဓရီ၊ အဲဒီအချိန်အထိလည်း သူ့ကို ကျွန်တော် ချစ်ရေးမဆိုရသေးပါဘူး အာဓရီ၊ ကျွန်တော် သူ့ကို သိပ်ချစ်ပေမယ့် သူက ဘုရင်မတစ်ပါးမို့ ချစ်ရေးမဆိုဝံ့ မဆိုရဲသေးတာပါ။

ဒီညမှာတော့ အပြီးတိုင်ခွဲခွာရမှာလား၊ မခွဲခွာဘူးလားလို့ ဒွိဟသံသယ ရှင်းသွားအောင် သူ့ကိုချစ်ရေးဆိုဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့တယ်၊ တကယ်လို့ သူက ကျွန်တော့်ရဲ့အချစ်ကို ငြင်းပယ်ခဲ့ရင် ကျွန်တော်ဟာ သူ့ကိုထားရစ်ခဲ့ပြီး အာဓရီနဲ့အတူ လိုက်တော့မယ်လို့ ဆုံးဖြတ်ခဲ့တယ်။

တကယ်လို့ ဒေဝီက ကျွန်တော့်ရဲ့အချစ်ကို လက်ခံရင် ဒေဝီနဲ့အတူ ရာသက်ပန် သစ္စာရှိရှိ လက်တွဲနေရမယ်လို့ သန္နိဋ္ဌာန်ချခဲ့တယ်။

အဲဒီလိုနဲ့ ကျွန်တော်က ဒေဝီကို ဒီညမှာပဲ ရင်ဖွင့်ပြီး ချစ်ရေးဆိုခဲ့တယ်။

---

ခု နစ် စဉ့် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီက ကျွန်တော့်အချစ်ကို လက်ခံခဲ့တယ်။

ဖြူစင်သန့်ရှင်းခဲ့တဲ့ သူမရဲ့ ဘဝတစ်လျှောက်မှာ ကျွန်တော့်ကိုပဲ သံယောဇဉ်ငြိတွယ်ခဲ့မိပါတယ်လို့ ဝန်ခံခဲ့တယ်။

သမန်းဖြူဒေဝီရဲ့အချစ်ဟာ သမန်းနက်ဒေဝီရဲ့အချစ်နဲ့ မတူဘူး။

သမန်းနက်ဒေဝီက ဖျတ်လတ်ရဲတင်းတယ်။ သူကပဲ အရာရာကို အနိုင်လိုချင်စိတ်ရှိတယ်။ သူဖြစ်ချင်တာ အရာရာဖြစ်ရမယ်ဆိုတဲ့ မာနရှိတယ်။ သူ့ရဲ့ရည်မှန်းချက်ပြည့်ဝစေဖို့ ဘယ်အရာကိုမဆို စတေးဖို့ ဝန်မလေးသူဖြစ်တယ်။ သူ့ရဲ့အတ္တအတွက်၊ ရက်စက်ဖို့ လက်မနှေးသူဖြစ်တယ်။ ပြီးတော့ သူ့ရဲ့အချစ်က အတ္တရမ္မက် ပြင်းပြတယ်။ ပူလောင်တယ်။ ကြမ်းတမ်းရိုင်းစိုင်းတယ်။ မေတ္တာထက် ဆန္ဒက လွှမ်းမိုးတယ်။

သမန်းဖြူဒေဝီကတော့ စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး ဆင်ခြင်တွေးတောဉာဏ်ရှိတယ်။ ကျင့်ဝတ်နဲ့ စည်းကမ်းရှိတယ်။ သနားတတ်တဲ့ စိတ် ရှိတယ်။ နူးညံ့ပျော့ပျောင်းမှု ရှိတယ်။ သူ့ရဲ့အချစ်က မေတ္တာကရုဏာ လွှမ်းခြုံပြီး အေးမြတယ်။ ပူလောင်ခြင်း မရှိဘူး။

ဒါကြောင့် ကျွန်တော်ဟာ သမန်းနက်ဒေဝီရဲ့ အချစ်စက်ကွင်းကနေ ရုန်းထွက်ပြီး သမန်းဖြူဒေဝီရဲ့ မေတ္တာရင်ခွင်ကို ခိုလှုံခဲ့တယ်။

ကျွန်တော့်ကြောင့် နဂိုကမှ အငြိုးအတေးကြီးတဲ့ သမန်းနက်ဒေဝီက သူ့ရဲ့အတ္တဒေါသပေါက်ကွဲပြီး သမန်းဖြူဒေဝီအပေါ် မဲမှာ သေချာတယ်။





ဒီတော့ ကျွန်တော့်ကြောင့် ကျွန်တော့်ရဲ့ချစ်သူလေး ဒုက္ခရောက်ရမှာကို မလိုလားဘူး။ သူ့ကို ကျွန်တော် အနီးကပ်ပြီး ကာကွယ်ပေးမှဖြစ်မယ်။

ဒီလိုအခြေအနေ အနေအထားအရပ်ရပ်ကြောင့် ကျွန်တော် သမန်းဖြူဒေဝီကို စွန့်ပစ်မထားခဲ့ရက်ဘူး အာစရိ။

ကျွန်တော့်ကို နားလည်ခွင့်လွှတ်ပါ။

ကျွန်တော့်ရဲ့ ကျောပိုးအိတ်ထဲမှာ ရန်ကုန်ကဘဏ်တွေမှာ ကျွန်တော့်ရဲ့ကိုယ်စား အာစရိ ငွေထုတ်ယူနိုင်စေဖို့ ကိုယ်စားလှယ်လွှဲစာတွေရေးပြီး လက်မှတ်ထိုးပေးခဲ့ပါတယ်။ အဲဒီငွေတွေထုတ်ယူပြီး ဘာသာသာသနာရဲ့ အကျိုး၊ လူမျိုးနဲ့တိုင်းပြည်ရဲ့အကျိုးကို ကျွန်တော့်ရဲ့ကိုယ်စား အာစရိ ပြုလုပ်ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်ဗျာ။

ကံမကုန်ရင် ပြန်ဆုံကြရပါစေ။

အာစရိရဲ့

ဒေါက်တာရန်နိုင်စိုး

BURMESE CLASSIC .com

ကျွန်ုပ်သည် ဒေါက်တာရန်နိုင်စိုး၏စာကို ဆုံးအောင် ဖတ်ပြီးနောက် ...

"သူ စိတ်ရူးပေါက်ပြီး ဒီလိုနေခဲ့ချင်တိုင်း နေခဲ့လို့ ရမလား ... မလိုက်လိုက်အောင် ပြန်ခေါ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြုံးဝါးအော်ဟစ်လိုက်ပြီးလျှင် သူ၏စာကို လုံးခြေလွှင့်ပေါက်လိုက်လျက် ဝါးဖောင်ပေါ်မှ ကျောပိုးအိတ်တို့ကို ဆွဲယူလွယ်ပိုးလိုက်ကာ ချောင်းစပ်မှ တက်ခဲ့တော့၏။

ကျွန်ုပ်သည် ရေစီးကြမ်းလှသောချောင်းကို ဖောင်ဖြင့်ဆန်တက်ရန် လုံးဝမဖြစ်နိုင်တော့သဖြင့် တောလမ်းခရီးမှသာ သမန်းဖြူတို့၏ဒေသသို့ ပြန်သွားရမည်ဖြစ်လေ၏။

ထိုသို့တောကိုတိုးသွားရင်း ရှေ့မှသွားနှင့်သော ဒေါက်တာရန်နိုင်စိုးကို တစ်နေရာရာ၌ သွားမီနိုင်သည်ဟု စိတ်ဝယ်ယူဆမိလိုက်လေ၏။

သို့ဖြင့် ကျွန်ုပ်သည် တောထဲသို့ စတင်ခြေလှမ်းဝင်လိုက်ရာ . . .

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

BURMESE CLASSIC .com

တောစပ်မှ ကျားဟိန်းသံကြီးတို့ကို ရုတ်တရက် ကျယ်လောင်စွာ ကြားလိုက်ရသဖြင့် လန့်ဖျပ်ပြီး နောက်သို့ဆုတ်လိုက်ရလေ၏။

ကျွန်ုပ်သည် ကျားဟိန်းသံများကို တောစပ်အနီးမှ ကြား





ရခြင်းဖြစ်သလား၊ အဝေးတစ်နေရာမှ လွင့်ပျံ့လာသောအသံကိုကြားရခြင်းဖြစ်သလားဆိုသည်ကို မဝေခွဲနိုင်ဘဲ ဟိုသည်ကြည့်လျက် ရှိလေ၏။

ထိုစဉ် ကျားဟိန်းသံများ ပို၍နီးလာသလိုလို စိတ်ဝယ်ထင်လာသဖြင့် . . .

"ဟာ မဖြစ်ဘူး၊ ဒီတောဟာ အန္တရာယ်ကြီးတယ်၊ ဖောင်မျှောပြီးပြေးတာပဲ ကောင်းမယ်"

ဟု တွေးကာ . . .

ကျွန်ုပ်မှာ ကြောက်လန့်တကြားဖြင့် ကျောက်ဆောင်ဝယ်ချည်ထားသည့် ဖောင်ကြိုးကို ဖြုတ်လိုက်လျက် ဖောင်ပေါ်ခုန်တက်လိုက်ပြီး ဖောင်ကို ချက်ချင်းမျှောချလိုက်ရတော့၏။

ဖောင်ဖံရလယ်သို့ရောက်မှ ကျွန်ုပ်မှာ ချောင်းကမ်းခြေတောစပ်သို့ လှည့်ကြည့်လိုက်ရာ တောစပ်ဝယ် ဖြူဖြူအရိပ်များတွေ့လိုက်ရသလိုလိုရှိရာမှ ဝတ်စုံဖြူများ ဝတ်ဆင်ထားသည့် ဖြူဝင်းလှပသော မိန်းမပျိုသုံးဦးရပ်လျက် ကျွန်ုပ်ကိုလှမ်းကြည့်နေသည်ကို တွေ့ရရာ ကျွန်ုပ်မှာ ကြက်သီးဖြန်းဖြန်းထသွားရပါတော့သတည်း။

ပရိသတ်ကြီးအတွက် ထာဝရကြိုးစားနေမယ်

ဓိကြာအာဂ

www.burmeseclassic.com

www.burmeseclassic.com

# စိတ္တဒုဂ္ဂ

သမုဒ္ဒယဂေါဇိ

BURMESE CLASSIC .com



www.burmeseclassic.com